
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၈၉၅.၈၃

ကြိုဝေကျ
မြောက်ကျွန်းသူ သူနှရီ / ကြိုဝေကျ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၃။
၂၇၇ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊
(၁) ကြိုဝေကျ

ထုတ်ဝေသူ ဦးအောင်မြင့်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၀၃ ခုနှစ်၊ (နိုဝင်ဘာလ)၊
အုပ်ရေ (၅၀၀)၊

# အမှာစာ

စာရေးသူတစ်ယောက်အနေဖြင့် စာအုပ်ကောင်းများ ရေးသားနိုင်ရန်အတွက် စာအုပ်စာတမ်း၊ အထောက်အကူပြုသော စာအုပ်စာတမ်း စုံလင်ရန် များစွာအရေးကြီးပါတယ်။

ကျွန်တော်မှာ ရှေးနှစ်ပေါင်း များစွာကတည်းက ဝါသနာအရ စုဆောင်းထားခဲ့သော ရှားပါးစာအုပ်ပေါင်း မြောက်မြားစွာ ရှိပါတယ်။

စာရေးသောအခါ ထိုစာအုပ်များမှ အချက်အလက်များကို ထုတ်ယူသုံးစွဲပြီး စာဖတ်သူအတွက် သုတရသများ ဝေငှပေးရပါတယ်၊ (တုပသူများကတော့ အဆင်သင့်စောင့်ပြီး ကူးချရုံသာ ရှိကြပါတယ်၊)

ယခုရေးသားသော "မြောက်ကျွန်းသူ သူနှရီ" ဝတ္ထု ရေးသားရန်အတွက် မြောက်မြားစွာသော စာအုပ်များကို ကြည့်ရှုလေ့လာပြီး ရေးသားခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

စာဖတ်သူများအတွက် တန်ဖိုးရှိသော သုတရသများ ရရှိစေကြမည်ဟု မျှော်လင့်မိပါတယ်။

ယခုစာအုပ်မှာ '(၂၇၇)အုပ်မြောက်' ရေးသားသော ဝတ္ထုဖြစ်ပါကြောင်းနှင့် ယခုအချိန်အထိ ကျွန်တော်စာအုပ်များကို လက်ခံအားပေးခဲ့သူ အားလုံးတို့အား များစွာ ကျေးဇူးတင်မိပါကြောင်း မမေ့မလျော့ ပြောလိုပါတယ်။

ရှေ့ကိုလည်း ဆက်လက်ကြိုးစားပါဦးမည်ဟု ဆန္ဒပြုရင်းဖြင့် စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေဟု ဆုတောင်းမေတ္တာ ပို့သပေးလိုက်ပါတယ်။

စာဖတ်သူများ မေတ္တာရိပ်အောက်မှ

(ဖြိုးစက္ကူ)

# ဒဿနလက်ဆောင်

❖ အချစ်ကို အပြစ်ဟု မြင်သောအခါ
အချစ်သည်...အချစ်မှန်သော်လည်း မရှင်သန်ပေ၊
အချစ်ကို အချစ်ဟု မြင်မှသာ
အချစ်သည်...ချစ်သူများအတွက် အချစ်ဖြစ်နိုင်ပေ၏။

❖ ကင်ဆာရောဂါဟာ အမြစ်တွယ်တတ်သဖြင့်
ကုသရတာ ခက်ခဲလှပါတယ်၊
ဒီလိုပါပဲ နိုင်ငံရေးမှာလည်း
ကင်ဆာလို အမြစ်တွယ်နေတဲ့ ပယောဂတွေရှိနေရင်
တိုင်းပြည်ပျက်ဖို့သာ ရှိပါတယ်၊
ရိုးရိုးကင်ဆာထက် နိုင်ငံရေးကင်ဆာက
ပိုပြီး ကြောက်ဖို့ကောင်းပါတယ်၊

❖ လူနှင့် ဘဝ ယှဉ်တွဲထားသောကြောင့်သာ
"လူ့ဘဝ"ဟူ၍ ဖြစ်လာရပေသည်၊
ဘဝသည် လူအတွက် ဘာမှ မလုပ်ပေးနိုင်ပါချေ၊
လူကသာ ဘဝအတွက် အမျိုးမျိုး ကြိုးစားဆောင်ရွက်
ပေးနေရခြင်း ဖြစ်ပါသည်၊

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ နေရောင်ခြည်ရမှ
ပဒုမ္မာကြာပန်း ပွင့်နိုင်သည်
လရောင်ဆမ်းမှ ကုမုဒြာကြာပန်း လန်းနိုင်သည်။
စိတ်ကူးကောင်းနှင့်တွေ့မှ
ဘဝအတွက် တိုးတက်မှုများ
ပွင့်လန်းလာနိုင်ပေသည်။

❖ လမ်းမှန်လျှောက်သူတိုင်း အခက်အခဲတွေ့ရသည်မှာ
မဆန်းပါချေ
စကားအမှန်ပြောသူအတွက်လည်း
သူ့အတွက် လိုက်ဖက်သော စကားလုံးက
ရှားပါလေသည်။

❖ အချစ်၏သဘောထား
လက်ထပ်ပေါင်းသင်းမှု၊
ဘာသာတရား ယုံကြည်သက်ဝင်မှုတို့သည်
စိတ်လှုပ်ရှားမှုကို အဓိကဖြစ်စေသော်လည်း
မှားယွင်းမှုမရှိစေရန်တော့ လိုအပ်ပါသည်။

## ဒဿနလက်ဆောင်

❖ ရူးသွပ်ခြင်းသည်
အတွေးအခေါ် မှားယွင်းမှုက အစပြုပါတယ်၊
အတွေးအခေါ် မှားယွင်းမှုမှာ
အချစ်ကြောင့်လည်း တစ်ခုအပါအဝင်
ဖြစ်နိုင်ပါတယ်၊

❖ ဘဝ၏ အဓိက ရည်မှန်းချက်ဟူသည်
တစ်ခုတည်းသာ ရှိသင့်ပါသည်၊
တိကျခိုင်မာသော အဓိက ရည်မှန်းချက်ကို
စူးစိုက်မှု၊ ကြိုးစားမှု
မဖြစ်မနေ ဆောင်ရွက်မှုတို့ဖြင့် ပံ့ပိုးပေးမှသာ
အောင်မြင်မှု ရနိုင်ပါသည်။

❖ အောင်မြင်မှုကို
စွမ်းရည်မှ တစ်ဆင့်ရနိုင်ပါတယ်၊
စွမ်းရည်ဆိုသည်မှာ
မဟုသုတနှင့် အသိဉာဏ်တို့ကို
ပေါင်းစပ်ထားခြင်း ဖြစ်ပါတယ်၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ အချစ်ရဲ့စွန့်ပစ်ခြင်းခံရလို့
ခံစားရတဲ့ ဝေဒနာထက်စာရင်
တစ်ခါမှ အချစ်နဲ့ မတွေ့ဖူးပဲ
စိတ်ကူးနဲ့ ရူးနေတာက
ပိုကောင်းမယ် ထင်ပါတယ်၊

❖ ချစ်သူနှစ်ယောက်ရဲ့ဘဝဟာ
လွတ်လပ်ခွင့်ရှိတယ် ဆိုပေမယ့်
တရားဝင် လက်ထပ်ထားတာ မဟုတ်သေးလို့
သိက္ခာနဲ့ သစ္စာရှိရပါတယ်၊
ဒါကို ဥပေက္ခာနဲ့ လဲရင်တော့
ဒုက္ခက အဆင်သင့် စောင့်နေလေရဲ့၊

❖ ချစ်ခြင်းမေတ္တာသည်
အထီးကျန် နှစ်ယောက်ရဲ့ရင်ထဲက ကွက်လပ်ကို
ပျော်ရွှင်မှုများဖြင့် ဖြည့်ဆည်းပေးနိုင်ပါတယ်၊
တစ်ခါတစ်ရံတော့လည်း
ဝေဒနာတွေကို ထားခဲ့တတ်ပါတယ်။

BURMESE CLASSIC .com


# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) လူမရောက်နိုင်သောမြင်းမိုရ်တောင်
အခန်း(၂) ဇောတိကနှင့်မြောက်ကျွန်းသူ
အခန်း(၃) သေမင်းနှုတ်ခမ်းပေါ်မှကြိုးတံတား
အခန်း(၄) ကမ္ဘာသစ်သို့မဟုတ်မဟာဂန္ဓာရီတက္ကသိုလ်
အခန်း(၅) ဆေးဖက်အဝင်ဆုံးဆေးပင်များ
အခန်း(၆) ဒေါက်တာကျွန်လီနှင့်တွေ့ရခြင်း
အခန်း(၇) ရုပ်ပြောင်းနာမ်ခွာလိပ်ပြာခွဲခြင်းပညာ
အခန်း(၈) အာယုဝဍ္ဎနပန်းသီးစားခွင့်ရခဲ့သူ
အခန်း(၉) မြောက်ကျွန်းသူသုန္ဒရီနှင့်ပဇောဦးပုဏ္ဏာ
အခန်း(၁၀) မဟာဂန္ဓာရီခရီးလမ်းညွှန်
အခန်း(၁၁) ကေလာသတောင်သို့ခရီးကြုံလိုက်ခွင့်ရခြင်း
အခန်း(၁၂) အတိဂမ္ဘီရဆန်သောပိုဘီသဲကန္တာရ
အခန်း(၁၃) ကျောက်စိမ်းဂူနှင့်ထူးခြားသောနေရာ
အခန်း(၁၄) မြောက်ကျွန်းသားတို့အကျဉ်းသားဖြစ်ရခြင်း
အခန်း(၁၅) သုန္ဒရီမဟုတ်သောသုန္ဒရီနှင့်ပြန်တွေ့ရခြင်း
အခန်း(၁၆) တစ်ဘဝစာအတွက်ချစ်ခွင့်ရလေသူ
အခန်း(၁၇) အန္တရာယ်ကျော့ကွင်းမှထွက်ပြေးကြရခြင်း
အခန်း(၁၈) မြောက်ကျွန်းသူသုန္ဒရီ


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

# လူမရောက်နိုင်သော မြင်းမိုရ်တောင်

မြင်းမိုရ်တောင်နှင့် ပတ်သက်သော အကြောင်းကို စိတ်ဝင်စားကြသူ အတော်များများ ရှိကြသည်။

အများအားဖြင့်တော့ ဗုဒ္ဓဘာသာဝင်များက မြင်းမိုရ်တောင်နှင့် ပတ်သက်သည့် အယူအဆများကို လက်ခံပြီး အလေးအနက်ထားမှုလည်း ရှိကြသည်။

ကျွန်တော်တို့ ငယ်စဉ်က မြင်းမိုရ်တောင်နှင့် ပတ်သက်သော အကြောင်းအရာအချို့ကို လူကြီးသူမများထံမှ ကြားသိခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

အလောင်းစည်သူမင်းကြီးသည် ဘုန်းတန်ခိုးနှင့် ပြည့်စုံသော မင်းတစ်ပါးဖြစ်သောကြောင့် သွားလိုသောနေရာသို့ လက်ညှိုးညွှန်ပါက ဖောင်စကြာသွားနိုင်သော ရေလမ်းပေါ်သည်. . ဟု အဆိုရှိပါသည်။

သို့ကြောင့်. . . ဖောင်စကြာဖြင့် မြင်းမိုရ်တောင်သို့အရောက် သွားလေသည်။

အလောင်းစည်သူမင်းကြီး ဘုန်းတန်ခိုးကြောင့် မြင်းမိုရ်တောင်သို့ ရောက်နိုင်သည်ကို မြင်သောအခါ သိကြားမင်းက ဆင်းတားလေသည်။

မြင်းမိုရ်တောင်သို့ သာမန်လူသားတို့ မရောက်စေလိုသောကြောင့် တားခြင်းဖြစ်လေသည်။

၎င်းက အဘိုးအိုယောင်ဆောင်ပြီး တားခြင်းဖြစ်သည်။

"အသင်မင်းကြီး ဘယ်အရပ်ကို သွားပါမည်နည်း"

"ငါ. . မြင်းမိုရ်တောင်ကို ရောက်လိုသောကြောင့် ခရီးထွက်လာခြင်းဖြစ်ပေတယ်"

"မြင်းမိုရ်တောင်ဟာ လူသားတွေ မရောက်နိုင်သောနေရာဖြစ်ပေတယ်၊ အသင်မင်းကြီး သွားလျှင်လည်း မြင်းမိုရ်တောင်အား တွေ့မြင်ခွင့်ရမည် မဟုတ်ပေ"

"ဘယ်သို့ ကြံဆောင်ရပါမည်နည်း"

"မြင်းမိုရ်တောင်အား တွေ့ခွင့်မရသော်လည်း. . ထိုနေရာမှ အသံကြားရသော နေရာသို့ ငါပို့ပေးပါမည်"





"ကောင်းပါပြီ၊ မရောက်နိုင်သော်လည်း အသံကြားရသည်ဆိုလျှင် ကျေနပ်ပါပြီ၊ ပို့ပေးပါလော့"

ဟုပြောသဖြင့် သိကြားမင်းတန်ခိုးဖြင့် မြင်းမိုရ်တောင်ခြေရောက်အောင် ပို့ပေးခဲ့သည်။

၎င်းတို့ကို ပို့ပေးသောနေရာမှာ မြင်းမိုရ်တောင်၏ တောင်ဘက်ခြမ်း ဖြစ်သည်။

ထိုနေရာရောက်သောအခါ. . ပတ္တမြားညိုရောင်များ တောက်ပလွန်းသောကြောင့် ဖောင်ပေါ်မှာ ပါလာသူတို့ မျက်စိဖွင့်နိုင်ကြပဲ ရှိလေသည်။

ပါလာသော ပဝါ ခေါင်းပေါင်းများဖြင့် မျက်စိကို ပတ်ထားကြရလေသည်။

သိကြားမင်းတန်ခိုးကြောင့် မြင်းမိုရ်တောင်ခြေသို့ ရောက်သောအခါ သိကြားမင်းက ပြောသည်။

"မင်းကြီး ယခုရောက်နေသော နေရာကား မြင်းမိုရ်တောင်၏ တောင်ဘက်ခြမ်း ဖြစ်ပေသည်၊ မျက်စိကို ပဝါဖြင့် စည်းထားပါ၊ အကယ်၍ မစည်းမိပါက မြင်းမိုရ်တောင်မှ ထွက်လာသော အလင်းရောင်ထိကာ မျက်စိနှစ်ကွင်း ပျက်စီးခြင်းသို့ ရောက်ပေလိမ့်မည်"

"ကောင်းလှပေပြီ"

"မြင်းမိုရ်တောင်၏ တောင်ဘက်တွင် ဇမ္ဗူသပြေပင်ရှိပါသည်၊ ထိုအပင်မှ အသီးကြွေသံကို နားဆင်ပါလော့"

ထိုအချိန်မှာ နားထဲသို့ သာယာသော အသံအချို့ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

"ရှီ..ရှီ..ရှီ..ရှီ"

"ပလုပ်..ပလုပ်..ပလုပ်..ပလုပ်"

"ဝုန်း.."

ဟူသောအသံများ ဖြစ်သည်။

နှဲသံကဲ့သို့ သာယာသော လေတိုးသံ၊

သပြေသီးကြွေသံနှင့် ဝုန်းဟူသော အသံပါ ကြားရသောကြောင့် မင်းကြီးက မေးလေသည်။

"ဘယ်လို အသံမျိုးတွေ ဖြစ်သနည်း"

"ပထမ ကြားရသော အသံက ဇမ္ဗူသပြေပင်ကို လေတိုးသောအသံ ဖြစ်ပါသည်၊ ဒုတိယကြားရသောအသံက ဇမ္ဗူသပြေသီးများ ရေထဲသို့ ကြွေကျသံဖြစ်ပါသည်၊ တတိယကြားရသော အသံကတော့ ရေထဲသို့ကျလာသော ဇမ္ဗူသပြေသီးကို ငါးကြီးအာနန္ဒာ ဟပ်စားသောအသံပင် ဖြစ်ပေသည်"

ထိုအသံများကြားရသောအခါ မင်းကြီး၏ စိတ်ထဲမှာ ကြည်နူးချမ်းမြေ့မှုများ ဖြစ်မိလေသည်။

သို့ကြောင့် မှတ်သားစေပြီး တိုင်းပြည်သို့ ပြန်ရောက်သောအခါ ထိုအသံတို့ကို အတုယူပြီး အလှူအတန်း ပြုသောအခါမှာ အသုံးပြုသည့် ဗျောသံကို စီမံစေခဲ့သည်။

"တီ..တီ..တီ..တီ"

"ပလုပ်..ပလုပ်..ပလုပ်..ပလုပ်..တုတ်..တုတ်..ဖြုန်း"





ဟူသောဗျောသံမှာ အလှူဒါနပြုသော ပွဲများနှင့် များစွာလိုက်ဖက်သော ဓမ္မတေးသွားအဖြစ် ယနေ့တိုင် အသုံးပြုနေကြပေသည်။

ထို့နောက်မှာတော့ လူမင်းဘုန်းကြီး နတ်မင်းမနေသာဆိုသော စကားအတိုင်း အလောင်းစည်သူမင်းကြီးသည် သာသနာပြု မင်းတစ်ပါး ဖြစ်လာမည်ကို မြင်သောကြောင့် ကူညီစောင့်ရှောက်ပေးရန် အကြံဖြစ်လေသည်။

ထို့ကြောင့် အဝန်းဆယ်ယူဇနာတိုင်အောင် မွှေးကြိုင်သင်းပြန့်သော သရက္ခန်သားကို ဖြတ်ယူလျက် မင်းကြီးအားပေးလေသည်။

"အရှင်မင်းကြီး ဤသရက္ခန်သားကား ဆယ်ယူဇနာတိုင်အောင် မွှေးကြိုင်သင်းပျံ့ခြင်း ရှိပေသည်၊ ဤသရက္ခန်သားကို မြတ်စွာဘုရား၊ ရုပ်ပွားတော် ထုလုပ်ကိုးကွယ်သည်ရှိသော် မြင်းမိုရ်တောင်ကို ရောက်ရသည်ထက်ပင် အကျိုးကျေးဇူး များစွာရပေလိမ့်မည်"

ဟုပြောဆိုပြီး ဥပနာထည့်ရန်အတွက် ဓာတ်တော်တို့ကိုပါ တစ်ပါတည်း ပေးလေသည်။

ရင်းတို့မှာ. . .

သီသဓာတ်တော်(၆)ဆူ၊ သီးချာဓာတ်တော်(၁)ဆူ၊ လက်ယာလက်မောင်းတော်မှဖြစ်သည့် ဓာတ်တော်(၁)ဆူ၊ နှလုံးတော်မှဖြစ်သော ဓာတ်တော်(၁)ဆူ၊ လက်ယာနားမွေးတော်မှဖြစ်သော ဓာတ်တော်(၁)ဆူ၊ ကျောက်ကပ်တော်မှ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော်(၁)ဆူ၊ သရီရဓာတ်တော်(၁)ဆူ စုစုပေါင်း ဓာတ်တော်(၁၂)ဆူအား ပေးအပ်လေသည်။

ထို့နောက်မှာတော့ သိကြားမင်းကပင် သရက္ခန်သားကို သရက္ခန်ရုပ်ပွားတော် (၅)ဆူနှင့် စူးဆောက်မှကျသော သစ်သားစများကို သစ်စေးသရိုးနယ်လျက် ထုလုပ်သော ရုပ်ပွားတော်(၁)ဆူ၊ စုစုပေါင်း ဗုဒ္ဓရုပ်ပွားတော် (၆)ဆူအား မင်းကြီးလက်သို့ ပေးအပ်ခဲ့သည်။

ဤကား မြင်းမိုရ်တောင်နှင့် ပတ်သက်သော မြင်းမိုရ်တောင်ရှိသည်ဆိုသော သာဓကအချို့ပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အလောင်းစည်သူမင်းကြီးကို သိကြားမင်း ထုလုပ်ပေးသော သရက္ခန်ဘုရားတို့မှာ ပခုက္ကူနယ်ဘက်တွင် လူအများ ကိုးကွယ်လျက်ရှိကြပြီး..၊ စည်သူရှင်သရက္ခန် ဘုရားနှင့်၊ ရွှေတန့်တစ်သရက္ခန်ဘုရားတို့မှာ လူသိများထင်ရှားသော ဘုရားများ ဖြစ်ကြလေသည်။

အခြားတစ်ခုမှာ မြတ်စွာဘုရား၏ အောင်ခြင်းရှစ်ပါးတွင် နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်မူသောအခန်း၌ မြင်းမိုရ်တောင်အကြောင်း ဖော်ပြထားသည်ကို တွေ့ရလေသည်။

နန္ဒောပနန္ဒ နဂါးမင်းသည် မြတ်စွာဘုရား တာဝတိံသာကြွသောလမ်းမှာရှိသော မြင်းမိုရ်တောင်ကို သူ၏ကိုယ်လုံးဖြင့်ရစ်ပတ်ဖုံးကွယ်ထားသောကြောင့် အရှင်မောဂ္ဂလ္လာန်က ဆုံးမတော်မူကြောင်း တွေ့ရမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်တို့အတွက် မြင်းမိုရ်တောင်သည် အငြင်းပွားဖွယ်ရာမရှိသော နေရာတစ်ခုပင် ဖြစ်ပေတော့သည်။





နိဗ္ဗာန်နှင့် နတ်ပြည်ကို မြင်ခွင့်မရသောကြောင့် သော်လည်းကောင်း၊ ငရဲရှစ်ထပ်ကိုလည်း မြင်ခွင့်မရသောကြောင့် မရှိပါဟု မငြင်းပယ်နိုင်ကြပေ။

ထို့အတူ မြင်းမိုရ်တောင်ကိုလည်း သာမန်လူတို့ မရောက်နိုင် မမြင်နိုင်သောကြောင့် 'မရှိနိုင်ပါ' ဟုဇွတ်ငြင်းမည့်သူမျိုး ရှိကြမည် မဟုတ်ပါချေ။

ဗုဒ္ဓကျမ်းစာများနှင့် မြန်မာစွယ်စုံကျမ်းတို့တွင် ဖော်ပြထားသော မြင်းမိုရ်တောင်နှင့် ပတ်သက်သည့် အချက်အလက်တို့ကို စာဖတ်သူတို့ လေ့လာနိုင်ပါရန် ဖော်ပြပေးပါမည်။

တောင်တကာတို့၏ မင်းဖြစ်သော မြင်းမိုရ်တောင်သည် မဟာသမုဒ္ဒရာမှ အပေါ်သို့ယူဇနာ ရှစ်သောင်းလေးထောင်မြင့်၍ မဟာသမုဒ္ဒရာအောက်၌ ယူဇနာရှစ်သောင်းလေးထောင် နစ်မြုပ်နေ၏။

မြင်းမိုရ်တောင်ထိပ် မြေအရပ်သည် အလုံးစုံသော မြေအရပ်တို့ မဖြစ်ပေါ်မီ ရှေးဦးပထမ ဖြစ်ပေါ်လာ၍ ယူဇနာရှစ်သောင်းလေးထောင်ကျယ်၏။

မြင်းမိုရ်တောင် ဦးစွာပထမဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်သည်။

ကမ္ဘာကြီးကိုမီးလောင်၍ စကြဝဠာကုဋေတစ်သိန်းလုံး အကုန်ဘာမျှ မကျန်အောင် ပျက်စီးသွားပြီးသည့်နောက် ကမ္ဘာမြှုပ်မိုးကြီး ရွာသဖြင့် အကုန်လုံးရေနှင့် ပြည့်၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရေတို့သည် အထက်ပဌမစျာန် ဗြဟ္မာ့ဘုံသုံးဘုံမှစ၍ တဖြည်းဖြည်း ခန်း၍ခန်း၍ လျော့ကျလာရာ မြင်းမိုရ်တောင်ဖြစ်မည့်နေရာ၌ ရေတို့သည် အလွန်ပျစ်ချွဲလာသည်။

ကာလအလွန်ကြာသောအခါ နွံ့ပျစ်ချွဲကြီးမှ နွံ့လွှာခဲကြီး ဖြစ်လာ၏။

ဤနွံ့လွှာခဲကြီးကား လှည်းဘီးကဲ့သို့ ဝိုင်းလျက်ရှိရာ စတုရန်း ယူဇနာရှစ်သောင်းလေးထောင် ကျယ်၏။

ယုဂန္ဓိုရ်တောင်သည် ယူဇနာ လေးသောင်းနှစ်ထောင် မြင့်၏။

နေလနက္ခတ်တို့သည် မြင့်မိုရ်တောင်ကို လက်ယာရစ်လှည့်၍ ယုဂန္ဓိုရ်တောင်ထိပ်နှင့်အမျှသော ယူဇနာ (၄၂၀၀၀) မြင့်သော ကောင်းကင်ပြင်၌ မြား၏လျင်ခြင်းထက် ဆယ်ဆမက သော လျင်ခြင်းဖြင့် သွားကြ၏။

ဣသိန္ဓိုရ်တောင်သည် ယူဇနာ(၂၁၀၀၀)မြင့်၍ ကရဝိကတောင်မှာ ယူဇနာ(၁၀၅၀၀)မြင့်သည်။

သုဒဿနတောင်သည် ယူဇနာ (၅၂၅၀)မြင့်၍ နေမိန္ဓရတောင်သည် ယူဇနာ(၂၆၂၅)မြင့်လျက် ဝိနတကတောင်သည် (၁၃၀၂) ယူဇနာနှစ်ဂါဝုတ် မြင့်သည်။

အဿကဏ်တောင်သည် (၆၅၆)ယူဇနာ တစ်ဂါဝုတ် မြင့်သည်။

မြင်းမိုရ်တောင်ကြီး၏ အရှေ့ဘက်ခြမ်းကား ငွေသားအတိပြီး၏။





မြောက်ဘက်ခြမ်းကား ရွှေသားအတိပြီး၏။

အနောက်ဘက်ခြမ်းကား ဖလ်သားအတိပြီး၏။

တောင်ဘက်ခြမ်းကား ပတ္တမြားညိုအတိပြီး၏။

ဤနွံ့လွှာခဲကြီး၏ နံ့ဘေးပတ်ဝန်းကျင် ရေစုကား အလွန်ကြည်၍ ကျဲ၏။

ထိုရေကြည်ရေကျဲတို့သည် တစ်ဖန်ခန်း၍ လျော့လာပြန်၏။

မြင်းမိုရ်နွံ့လွှာခဲကြီးကား မလျော့ကျဘဲ အောက်သို့ တိုး၍သာခဲလျက် ထူ၍ထူ၍ လာလေသည်။

နောက်ဆုံးတွင် မဟာသမုဒ္ဒရာ အပေါ်သို့ ယူဇနာ ရှစ်သောင်းလေးထောင် အမြင့်ဆောင်၍ တည်နေလေသည်။

၁။ ယုဂန္ဓိုရ်တောင်
၂။ ဣသိန္ဓိုရ်တောင်
၃။ ကရဝိကတောင်
၄။ သုဒဿနတောင်
၅။ နေမိန္ဓရတောင်
၆။ ဝိနတကတောင်
၇။ အဿကဏ်တောင်

အမည်ရှိသော တောင်စဉ် ခုနစ်ထပ်တို့သည် မြင်းမိုရ်တောင်ကို ဝိုင်းရံလျက် ရှိရာ တောင်ကွင်းကြီးများကဲ့သို့ ရှိနေလေသည်။

ထိုတောင်စဉ်ခုနစ်ထပ်တို့ အကြားအကြားတွင် သီဒါ



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်တန်တို့သည် အစဉ်အတိုင်း မြင်းမိုရ်တောင်ကို ဗဟိုပြု၍ ဝိုင်းရံလျက် ရှိကြပြန်သည်။

အဆိုပါ သီတာခုနစ်တန်တို့သည် အထပ်ထပ်ဝန်းရံလျက်ရှိရာ ရေကွင်းကြီးများကဲ့သို့ ရှိနေလေသည်။

ဖုန်မှုန့်မြေ၊ နွံ့မြေဟူ၍ မရှိချေ။

မြင်းမိုရ်တောင်မှ လေးပါးသော အရပ်မျက်နှာတို့၌ ကျွန်းငယ်ငါးရာစီ အခြံအရံနှင့်တကွ ကျွန်းကြီးလေးကျွန်းတို့ ဖြစ်ပေါ်ကုန်၏။

အရှေ့ကျွန်းနှင့် အနောက်ကျွန်းတို့ကား ယူဇနာခုနစ်ထောင်စီ ကျယ်၏။

မြောက်ကျွန်းကား ယူဇနာရှစ်ထောင်ကျယ်၍ တောင်ကျွန်းမှာ ယူဇနာတစ်သောင်း ကျယ်၏။

စကြဝဠာ တစ်ခုတစ်ခု၌ ဤကဲ့သို့ မြင်းမိုရ်တောင်ကို ဗဟိုပြု၍ သီဒါခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ်တို့ ဝန်းရံလျက် ရှိကြကုန်၏။

မြင်းမိုရ်တောင်၏ အရပ်လေးမျက်နှာတို့၌ ကျွန်းကြီးလေးကျွန်းရှိကြစမြဲ ဖြစ်သည်။

ရှေးအခါက မြန်မာတို့၏ ဆိုရိုးစကားများတွင်. . .

'လူမရောက် မြင်းမိုရ်တောင်'၊ 'သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်' ဟူ၍ ရည်ညွှန်းဖော်ပြချက်များ ပါရှိသည်။

လေးကျွန်းတစ်မြင်းမိုရ်ရှိသော ကမ္ဘာကြီးကို စကြဝဠာဟု ခေါ်သည်။





ဤသည်မှာ ဗုဒ္ဓဘာသာတို့၏ အယူအဆဖြစ်သည်။

ကျမ်းဂန်များအရ မြင်းမိုရ်တောင်သည် သမုဒ္ဒရာကြီးလေးစင်း၊ ကျွန်းကြီးလေးကျွန်းနှင့် တောင်စဉ်ခုနှစ်ထပ် အလယ်တွင် ရှိသည်ဟု မြင်းမိုရ်တောင်၏ တည်နေရာကို ဖော်ပြထားသည်။

စကြာဝဠာဟူသည် ဝန်းဝိုင်းသောတွင်းကြီးနှင့်တူသည်။

အပေါ်စီးမှကြည့်မြင်လျှင် တွင်းကြီးသဏ္ဌာန် အစွဲပြု၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် အောက်ပါအတိုင်းအတာ ရှိသည်။

(က). ထုတ်ချင်းခတ်အတိုင်းအရှည် ပမာဏ
(၁,၂၀၃,၄၅၀) ယူဇနာ
(ခ) လုံးပတ်အတိုင်းအတာ ပမာဏ
(၃,၆၁၀,၃၅၀) ယူဇနာ
(ဂ) မြေကြီးထုထည် ပမာဏ
(၂၄၀,၀၀၀) ယူဇနာ
(ဃ) မြေခံရေထု ပမာဏ
(၄၈၀,၀၀၀) ယူဇနာ
(င) မြေခံလေထု ပမာဏ
(၉၆၀,၀၀၀) ယူဇနာ

နေထွက်နေဝင်မှုမှာ စကြဝဠာအဝန်းအဝိုင်းမှ ထွက်ခြင်း၊ တက်ခြင်းကို ရည်ရွယ်၍. . ယင်းနေထွက်ရာ၊ ဝင်ရာကို စကြဝဠာတောင်ဟု တင်စားခေါ်ဝေါ်ထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမြုပ်၊ ရေပေါ် နှမ်ပြန်ရှိမှုကို. . .

"ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သည်. . ထို တောင်ထိပ်မှာ မိုးရပ်ချာ၌. . ."

ဟုဆိုထားသည်ကို "ကိုးခန်းပျို့" ၌ တွေ့ရှိရသည်။

တာဝတိံသာနတ်ပြည်သည် မြင်းမိုရ်တောင်ထိပ်အပြင် ယူဇနာတစ်သောင်းအရပ်၌ တည်ရှိသည်။

ထိုတာဝတိံသာနတ်ပြည်ကား စကြဝဠာတောင်နှင့် တစ်စပ်တည်း ကောင်းကင်၌ တည်၏။

မြင်းမိုရ်တောင်သည် ခုံလောက်(၃)ခုထက်၌ တည်ထားသော ထမင်းအိုးကဲ့သို့ ကျောက်ထွတ်သုံးခု အတွင်းသို့ ယူဇနာ လေးထောင်တိုင် ဝင်လျက် အထက်၌တည်၏။

ရာဇမတ္တကျမ်းအဆိုအရ လေ၌ရေတည်၊ ရေပေါ်၌ မြေတည်ပြီး၊ မြေပေါ်တွင် စကြဝဠာတောင် နူတ်ခမ်းသည် ဝန်းဝိုင်းကြောင်း၊ အလယ်ခေါင်တွင် မြင်းမိုရ်တောင်ပေါက်ကြောင်း၊ မြေပြင်တွင် လူ၊ တိရစ္ဆာန်၊ ပြိတ္တာစသည်တို့နေကြောင်း ဖော်ပြထားသည်။

မြင်းမိုရ်တောင်အထက်ပိုင်းတွင် တာဝတိံသာနတ်များ နေကြပြီး အောက်ပိုင်းမှ မြေပြင်အထိ စတုမဟာရာဇ်နတ်တို့ နေကြသည်။ သို့ဖြစ်၍ နေ၊ လ၊ နက္ခတ်တာရာစသည့် အနန္တသည် စတုမဟာရာဇ်နတ်တို့၏ နေရာဖြစ်သည်ဟု အဆိုရှိပေသည်။

ပံသုပထဝီ၌ ရတနာတို့ဖြင့် ပြီးသော သဲပြင်ဝယ် အသူ





ရာပြည် တည်ရှိသည်။

မြင်းမိုရ်တောင်မှာ ထက်ကောင်းကင်ပြင်တွင် ယာမာ စသော နတ်ပြည်လေးဘုံ အဆင့်ဆင့် တည်သည်။

အသုရာပြည်သည် မြင်းမိုရ်တောင်အောက်အထွတ်သုံးခုတို့အလယ်၌ ယူဇနာတစ်သောင်းရှိသော အရပ်၌ တည်၏။ ဝေပစိတ္တအသူရိန်မင်း မင်းပြုသည်။

မြင်းမိုရ်တောင်ကို လှည့်ပတ်သွားလာရာ နေလမ်းကြောင်း သုံးသွယ်ရှိသည်။

(က) မဇ္ဈေဝီထိ

(ခ) အန္တောဝီထိ

(ဂ) ဗာဟိရဝီထိတို့ဖြစ်သည်။

မဇ္ဈေဝီထိအရ ပျမ်းမျှမနီးမဝေး (၂၇၉,၈၆၂) ယူဇနာ (၂) ဂါဝုတ်ဖြင့် သွားသည်။

အန္တောဝီထိအရ အနီးဆုံးခရီး (၁၃၉,၉၃၁) ယူဇနာ (၁) ဂါဝုတ်ရှိသည်။

ဗာဟိရဝီထိအရ အဝေးဆုံးလမ်း (၄၁၉,၇၉၉) ယူဇနာ (၃) ဂါဝုတ်ဖြစ်သည်။

မြင်းမိုရ်တောင်၏ ပုံသဏ္ဌာန်သည် လေးထောင့်ပုံမဟုတ်ပေ။ ရိုးရိုးတောင်များကဲ့သို့ အချွန်အတက်တောင်မျိုး မဟုတ်။ အလုံးသဏ္ဌာန်ဟု မှတ်ရာ၏. . ဟု လုံးတော်ဆရာတော်က ရှင်းလင်းဖော်ပြသည်။

မြင်းမိုရ်တောင်တွင် အရပ်(၄)မျက်နှာ၊ အရောင်(၄)ပါး



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိသည်။

(က) အရှေ့မျက်နှာငွေရောင်
(ခ) တောင်မျက်နှာကြနီလာအောင်
(ဂ) အနောက်မျက်နှာဖန်ရောင်
(ဃ) မြောက်မျက်နှာရွှေရောင်

ရှိလေသည်။

ကျမ်းဂန်လာ ကျွန်းကြီး(၄)ကျွန်းကို ဖော်ပြပါမည်။

(၁) ဇမ္ဗူဒီပါတောင်ကျွန်းသည် လှည်းဦးသဏ္ဌာန်ရှိ၏။
(၂) အရှေ့ကျွန်းသည် လထက်ဝက်သဏ္ဌာန်ရှိ၏။
(၃) မြောက်ကျွန်းသည် လေးထောင့်အင်းပျဉ် သဏ္ဌာန်ရှိ၏။
(၄) အနောက်ကျွန်းကား လပြည့်ဝန်းသဏ္ဌာန်ရှိလေသည်။

သို့ဖြစ်၍ "လေးကျွန်းတစ်မြင်းမိုရ်" ဟုဆိုကြခြင်းဖြစ်သည်။

လေးကျွန်းသား၊ လေးကျွန်းသူတို့၏ မျက်နှာကား မိမိတို့နေထိုင်ရာ ကျွန်းသဏ္ဌာန်နှင့် တူကုန်၏။

ကျွန်းသူကျွန်းသားတို့၏အသက် အပိုင်းအခြားမှာ တစ်ကျွန်းနှင့် တစ်ကျွန်းမတူပေ။

(က) ဇမ္ဗူဒိပ်ကျွန်းသူကျွန်းသားတို့၏ သက်တမ်းသည် အမြဲမရှိပေ။ ရံခါဆယ်နှစ်တန်းရှိ၍ ရံခါအသေင်္ချေယျတန်းရှိတတ်၏။





(ခ) အရှေ့ကျွန်း(ပုဗ္ဗဝိဒေဟ)ကျွန်းသူ ကျွန်းသားတို့သည် အသက်ခုနှစ်ရာ နေရကုန်၏။
(ဂ) အနောက်ကျွန်း(အပရဂေါယာ)ကျွန်းသူကျွန်းသားတို့သည် အသက်ငါးရာ ရှိကုန်၏။
(ဃ) မြောက်ကျွန်း (ဥတ္တရကုရု) ကျွန်းသူကျွန်းသားတို့၏အသက်ကား တစ်ထောင်ရှည်၏။

ကျမ်းဂန်အရ အသက်(အာယုကပ်) ဆုတ်တက်မရှိ၊ မြဲနေသည်ကို ဆိုလိုသည်။

ကျမ်းဂန်လာ မြောက်ကျွန်းသူကျွန်းသား ဆိုသည်ကို ဖော်ပြပါမည်။

မြောက်ကျွန်းသူကျွန်းသားတို့သည် ဇမ္ဗူဒီပါတောင်ကျွန်းသားတို့ကဲ့သို့ ငါ့သမီး၊ ငါ့ဇနီး၊ ငါ့ကျွန် စသည်ဖြင့် သိမ်းဆည်းခြင်း မရှိပေ။

မြောက်ကျွန်းသူကျွန်းသားတို့သည် အိမ်ရာထောင်ခြင်း မရှိကြ၏။

သို့သော် (၇)ရက်သောနေ့၌သာ မေထုနသေဝနသည် ဖြစ်၏။

ဖွားသောသူငယ်တို့ကိုလည်း ဖွားရာအရပ်၌သာ ထား၍ အမိတို့သာ သွားကုန်၏။ သူငယ်တို့လက်ညှိုးမှ နို့ရည်ထွက်၍ သောက်စို့ရသောကြောင့် ချမ်းသာခြင်း၊ ကြီးခြင်းသို့ ရောက်ကြကုန်၏။

မြောက်ကျွန်းသားတို့ စုတေသော် ထိုကျွန်း၌လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ နတ်ပြည်၌လည်းကောင်း ဖြစ်ကုန်၏။

အထက်ပါ ဖော်ပြချက်တို့မှာ မြင်းမိုရ်တောင်နှင့် ပတ်သက်သော အချက်အလက်များကို ရေးသားဖော်ပြထားသည့် အချက်အလက်တို့ပင် ဖြစ်ပေသည်။

မြင်းမိုရ်တောင်နှင့်ပတ်သက်ပြီး ယခုထက်တိုင် သာဓကပြနိုင်သောအချက်မှာ ဗျောသံနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ယခုတိုင် လူအများကိုးကွယ်နေကြသော စည်သူရှင်ဘုရား၊ ရွှေတန့်တစ်ဘုရားအပါအဝင် သရက္ခန် ငါးဆူဘုရားတို့ပင် ဖြစ်ကြပေသည်။

ထိုရုပ်ပွားတော်ငါးဆူတို့မှာ မြင်းမိုရ်တောင်ခြေ၌ . . သိကြားမင်းက အလောင်းစည်သူမင်းကြီးကို သရက္ခန်သားဖြင့် ကိုယ်တိုင်ထုလုပ်ပေးခဲ့သော ရုပ်ပွားတော်ငါးဆူပင် ဖြစ်သဖြင့် မြင်းမိုရ်တောင်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလေးအနက်ထားကြသော နေရာတစ်ခုပင် ဖြစ်ပေသည်။







# အခန်း(၂)

# ဇောတိကနှင့်မြောက်ကျွန်းသူ

မြင်းမိုရ်တောင်အကြောင်း ရေးသားသောအခါ ၎င်းနှင့်ဆက်စပ်နေသော အခြားအကြောင်းများစွာတို့လည်း ရှိကြပေသည်။

ထိုအထဲတွင် ကျွန်ုပ်တို့နေထိုင်ကြသော ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းအပါအဝင် ကျွန်းကြီးလေးကျွန်းတို့အကြောင်းတို့လည်း ပါဝင်ပေသည်။

သာရတ္ထဒီပနီကျမ်း၌ ကျွန်းကြီးလေးကျွန်းတို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ထိုကဲ့သို့ ဖော်ပြထားသည်။

အရှေ့ကျွန်းဟုခေါ်သော ပြုဗ္ဗဝိဒေဟကျွန်းသည် လဝန်းပုံသဏ္ဌာန်ရှိပြီး ယူဇနာပေါင်း (၇၀၀၀) ကျယ်ဝန်းလေသည်။

အနောက်ကျွန်းဟုခေါ်သော အပရဂေါယာကျွန်းသည်လည်း လပြည့်ဝန်းပုံသဏ္ဌာန်ပင်ရှိပြီး ယူဇနာပေါင်း(၇၀၀၀) အကျယ်အဝန်း ရှိလေသည်။

မြောက်ကျွန်းဟုခေါ်သော ဥတ္တရကုရုကျွန်းသည် လေးထောင့်ပုံသဏ္ဌာန်ရှိပြီး ယူဇနာပေါင်း(၈၀၀၀) ကျယ်ဝန်းလေသည်။

ဇမ္ဗူဒီပါတောင်ကျွန်းမှာ လှည်းဦးကင်ပုံသဏ္ဌာန် သုံးထောင့်ပုံသဏ္ဌာန်ရှိပြီး ယူဇနာပေါင်း(၁၀၀၀၀) အကျယ်အဝန်း ရှိပေသည်။

ထိုကျွန်းကြီးလေးကျွန်းတို့သည် တစ်ကျွန်းနှင့်တစ်ကျွန်း ဆက်စပ်မှုရှိခဲ့ကြောင်း သာဓကများ ရှိခဲ့ပေသည်။

မြတ်စွာဘုရားပွင့်တော်မူစဉ်က မြတ်စွာဘုရားအား လာရောက်ဖူးမြော်ကြသူများထဲမှာ ဇမ္ဗူဒီပါတောင်ကျွန်းမှ ပရိသတ်များသာမက ကျန်သုံးကျွန်းမှ ပရိသတ်များ ပါဝင်ခဲ့ကြောင်း တွေ့ရပေသည်။

မြတ်စွာဘုရားပွင့်တော်မူစဉ်ကာလတွင် တစ်ဦးနှင့်တစ်ဦးဆက်သွယ်မှု ဆက်ဆံမှုရှိခဲ့ကြသည်။

ဤနေရာတွင် မြောက်ကျွန်းသူနှင့် လက်ဆက်ပေါင်း





သင်းခွင့်ရခဲ့သော ဇောတိကသူဌေးအကြောင်းကို သာဓက အနေဖြင့် ဖော်ပြပေးပါမည်။

ဇောတိက သူဌေးလောင်းလျာသည် ရှေးအတိတ်ဘဝက ကုသိုလ်ကောင်းမှုများစွာ အားထုတ်ခဲ့သောကြောင့် စုတေသောအခါ လူ့ပြည်နတ်ရွာ၌ ကြီးစွာသော လူချမ်းသာ နတ်ချမ်းသာကို ခံစားစံစားခဲ့ရသည်။

နောက်တွင် မြတ်စွာဘုရားပွင့်ခါနီးကာလတွင် ရာဇဂြိုဟ်ပြည်၌ သူဌေးတစ်ဦး၏အိမ်မှာ ပဋိသန္ဓေယူ၍ ကိုးလနှင့် တစ်ဆယ့်ငါးရက်ရှိသော် ဖွားမြင်လေသည်။

ဖွားသောနေ့မှာပင် ရာဇဂြိုဟ်ပြည်အလုံး၌ ရှိသော လက်နက်အသုံးအဆောင်တို့သည်လည်းကောင်း၊ အလုံးစုံသော ယောက်ျား၊ မိန်းမတို့၏ ကိုယ်တွင်ဆင်အပ်သော. . . တန်ဆာရတနာတို့သည်လည်းကောင်း၊ လွန်စွာတောက်ပလျက် အရောင်အလျှံတို့ကွန့်မြူးကြလေသည်။

ဖခင်သူဌေးလည်း ထိုနေ့နံနက်၌ မင်းခစားခြင်းငှာသွားလေလျှင် မင်းကြီးက. . .

"ယနေ့နံနက် လက်နက်ကိရိယာ တန်ဆာအရောင်တို့သည် တောက်လောင်ထွန်းပခြင်း အကြောင်းရင်းကား မည်သို့နည်း"

ဟုမေးလျှင် ဖခင်သူဌေးက ပြန်လည်လျှောက်ထားလေသည်။

"အရှင်မင်းကြီး မစိုးရိမ်လင့်၊ အကျွန်ုပ်တို့နေအိမ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အရှင်တို့၏ ကျွန်ယောက်ျားကို ဖွားမြင်သတည်း"

ထိုသို့လျှောက်သောအခါ မင်းကြီးက. . .

"အရှင်သူငွေး၊ သင်၏သားကား ထူးခြားလှပေစွ၊ သူခိုးသော်လည်းကောင်း ဖြစ်လတ္တံ့သလော သို့မဟုတ်လျှင် ငါ၏စည်းစိမ်ကို လုယက်အံ့သော မင်းလျာသော်လည်းကောင်း ဖြစ်လာနိုင်သလော"

ဟု မေးမြန်းလေသည်။

"အရှင်မင်းကြီး ထိုသို့ဖြစ်အံ့သောသူ မဟုတ်ပါချေ၊ ပုဗ္ဗာသမ္ဘာရရှိ၍ အတိုင်းမသိသော စည်းစိမ်ချမ်းသာတို့ကို ကောင်းစွာ ခံစားအံ့သောသူ ဖြစ်ပေသည်"

"သို့ဆိုပါက သင်၏သားကို ကောင်းစွာမွေးပါလော့"

ဟုပြောပြီး. . မင်းကြီးက နို့ဖိုးအတွက် အသပြာတစ်ထောင်ကို နေ့စဉ် ပေးအပ်လေသည်။

အမည်မှည့်သောအခါ လက်နက်တန်ဆာတို့သည် လွန်စွာတောက်ပသော ပတ္တဝနိမိတ်ကြောင့် 'ဇောတိက' ဟူသောအမည်ကို မှည့်လေသည်။

ဇောတိကသတို့သား အရွယ်ရောက်လတ်သော် မိဘတို့က သတို့သားနေရာ အိမ်ရာဆောက်လုပ်ပေးခြင်းငှာ သင့်လျော်သောနေရာကို ရှာဖွေရွေးချယ်ကြလေသည်။

ထိုအခါ ဇောတိကသတို့သား၏ ရှေးကပြုခဲ့သော ကုသိုလ်ကံတို့ကြောင့် သိကြားမင်းဆင်းလာပြီး အကူအညီပေးရလေသည်။ သိကြားမင်းက လက်သမားအသွင်ဖြင့် ရောက်လာ





ပြီး. . .

"အဘယ်အရာကို ရှာဖွေသနည်း"

ဟုမေးလေသည်။

"ဇောတိကသတို့သားနေထိုင်ရန် နေအိမ်ဆောက်လုပ်ရန် မြေနေရာရှာဖွေကြပါသည်"

"သင်တို့ရှာဖွေသော် တွေ့ရမည်မဟုတ်. . . သင်တို့ဆောက်သော နေအိမ်မှာလည်း သတို့သားနေ၍ ဖြစ်မည်မဟုတ်ပေ. . ဒီအတွက် ငါပြုလုပ်ပေးအံ့"

ဟုပြောဆိုပြီး မြေနေရာကို ရွေးချယ်သည်။

တစ်ဆယ့်ခြောက်မင်းပယ်သော မြေနေရာကိုအိမ်ဆောက်ရန်အတွက် သတ်မှတ်ခြားနားလေသော် မြေဌာနသည် တစ်ခဏချင်းမှာပင် ကသိုဏ်းဝန်းပြင်ကဲ့သို့ ညီညွတ်သန့်စင်စွာ ဖြစ်ပေါ်လေသည်။ ထို့နောက်မှ သိကြားမင်းက. . .

"ဤမြေဌာန၌ ရှေးကပြုခဲ့သော ကောင်းမှုနှင့် လျော်တန် ထိုက်တန်သော ဘုံဗိမာန်ပေါက်စေလော့"

ဆိုပြန်လေလျှင် မြေပြင်မှခွဲဖောက်လျက် ရတနာခုနစ်ပါးတို့နှင့် အတိပြီးသည့် ဘုံခုနစ်ဆင့်ရှိသော ပြသာဒ်သည် ထူးခြားစွာ ပေါ်ပေါက်လာပေ၏။

ထို့နောက်မှ တံတိုင်းတို့ကိုလည်း လှည့်ပတ်ကာ ကာရံပြန်လေသည်။

အရပ်ရှစ်မျက်နှာမှ တစ်ဂါဝုတ်စီကျယ်သော ရတနာခုနစ်ပါးတို့ဖြင့်ပြီးသည့် တံတိုင်းခုနစ်ထပ်တို့သည် တံခါးပေါက်



www.burmeseclassic.com

www.burmeseclassic.com



လေးမျက်နှာတို့နှင့် အတူပေါ်ပေါက်လေသည်။

တံတိုင်းတို့၏အကြားတွင် ထူးခြားလှပသော အ… ဆောက်အအုံတို့သည်လည်းကောင်း၊ အလိုရှိသော အသီး… အပွင့်၊ အသုံးအဆောင်ပစ္စည်းတို့ကို စိတ်ဆန္ဒရှိသမျှ ရစေနိုင်… သော ပဒေသာပင်တို့သည်လည်းကောင်း၊ ရှေးကပြုခဲ့သော… ကုသိုလ်ကောင်းမှုအဟုန်ကြောင့် ထန်းလုံးပမာဏရှိသော ကြာပင်… တို့သည်လည်းကောင်း၊ သိကြားမင်း၏ တန်ခိုးဖြင့် စီမံဖန်ဆင်း… ပေးလေသည်။

ကြာပင်တို့မှာလည်း ရိုးရိုးမဟုတ်ပဲ ကြာပဒေသာပင်များ… ဖြစ်ကြသည်။

ပြာသာဒ်လေးထောင့်တို့၏ အနီးမှာလည်း တစ်ဂါဝုတ်… နှစ်ဂါဝုတ်၊ သုံးဂါဝုတ်၊ တစ်ယူဇနာကြီးသော ရွှေအိုးကြီးလေးလုံး… တို့သည်လည်း ပေါ်ပေါက်လာကုန်၏။

ခုနစ်ထပ်သောတံတိုင်းတို့၌ တံခါးလေးမျက်နှာတို့တွင်… ပထမတံခါးမုခ်ဝ၌ "ယမကောလိ" မည်သောနတ်ဘီလူးသည်… အခြံအရံတစ်ထောင်နှင့်တကွ စောင့်ရှောက်လေ၏။

ဒုတိယတံခါးမုခ်ဝ၌ "ဥပ္ပလ"အမည်ရှိသောနတ်ဘီလူး… သည် အခြံအရံနှစ်ထောင်နှင့်တကွ စောင့်ရှောက်လေ၏။

တတိယတံခါးမုခ်ဝ၌ "ဝဇီရ" မည်သောနတ်ဘီလူး… သည် အခြံအရံ သုံးထောင်နှင့်တကွ စောင့်ရှောက်လေ၏။

စတုတ္ထတံခါးမုခ်ဝ၌ "ဝဇိရဗာဟု" အမည်ရှိသောနတ်… ဘီလူးသည် အခြံအရံလေးထောင်နှင့်တကွ စောင့်ရှောက်လေ…





…

ပဥ္စမတံခါးမုခ်ဝ၌"ကသန္တ" မည်သောနတ်ဘီလူးသည် …ခြံအရံငါးထောင်နှင့် တကွ စောင့်ရှောက်လေ၏။

ဆဋ္ဌမဖြစ်သောတံခါးမုခ်ဝ၌ "ကဋ္ဌ" မည်သောနတ် …လူးသည် အခြံအရံခြောက်ထောင်နှင့်တကွ စောင့်ရှောက်လေ …

သတ္တမဖြစ်သောတံခါးမုခ်ဝ၌ "ဒိသာပါမုခ" အမည်ရှိ …သော နတ်ဘီလူးသည် အခြံအရံဖြစ်သောနတ်ဘီလူး ခုနစ် …ထောင်နှင့်တကွ စောင့်ရှောက်လေ၏။

ယင်းကဲ့သို့ တံတိုင်းခုနစ်ထပ်၊ လေးရပ်သောရွှေအိုး၊ …ဒေသာပင်နှင့်တကွ ရတနာမယပြာသာဒ်သည် မြေမှပေါက် …သော သတင်းစကားကို ဗိမ္ဗိသာရမင်းကြီး ကြားသိလေသော် …ဇောတိကသတို့သားအား အဆက်ဆက်သော သူဌေးကြီးတို့ …ရာထောင်းမြဲဖြစ်သော ထီးဖြူကို ဆောင်နှင်းပေးလေသည်။

ဇောတိကသူဌေးနှင့် ရှေးကောင်းမှုပြုဘက်ဖြစ်သော …းမသည် ဥတ္တရကုရုကျွန်း (မြောက်ကျွန်း) ၌ ပဋိသန္ဓေနေ၏။

အရွယ်သို့ရောက်သောအခါ နတ်တို့က ဆောင်ယူလာ… ဇောတိကသတို့သား၏ ပြာသာဒ်၏အချက် ကျက်သရေရှိ …ာတိုက်၌ ထားလေသည်။

ထိုမိန်းမကား အကြိမ်တစ်ရာဖတ်အပ်သော လဲဝါဂွမ်း …ကဲ့သို့ နူးညံ့ထွက်သိမ်မွေ့လှသောကြောင့် "တူလကာရီ"ဟု အမည် …သသည်။



www.burmeseclassic.com

www.burmeseclassic.com



တူလကာရီနှင့်အတူ တစ်ကွမ်းစားသောဆန်နှင့် 'ဇော တိပါသာဏ' မည်သော မြခနောက်သုံးလုံးတို့လည်း အတူတက် ပါလေသည်။

တစ်ကွမ်းစားသောဆန်ကို ရွှေအိုး၌ထည့်ပြီး . . မြ ခနောက်ပေါ်တင်လျှင် တစ်ခဏချင်းပင် အငွေ့ချောင်းချောင်း တက်၍ ကျက်နပ်ပြီးနောက် အငွေ့တို့သည် ငြိမ်းစေသည်။

ထိုထမင်းကို စားလိုသမျှသော သူတို့သည် ခူးယူသော် လည်း ယောက်မရာမထင် ပြည့်မြဲပင် ပြည့်နေလေသည်။

ပါလာသော ဆန်တစ်ကွမ်းစားကို အလိုရှိသဖြင့် လှည်း တစ်ရာဖြင့် တိုက်သော်လည်း မကုန်ပဲ ပြည့်မြဲအတိုင်းသာ ရှိလေ သည်။

မြောက်ကျွန်းသူ တူလကာရီနှင့်အတူပါလာသော ဆန် တစ်ကွမ်းစားမှာ ၎င်းတို့နှစ်ဦး အသက်ထက်ဆုံး စားသော်လည်း မကုန်မခမ်းပဲသာ ရှိလေသည်။

ထမင်းချက်သောအခါမှာလည်း ထိုနည်းအတူ အလိုလို အငွေ့တက်ကာ ကျက်လေသည်။

ချက်သောအခါ ဇောတိပါသာဏ ကျောက်တို့၏ အ ရောင်ကြောင့် မြင်ရသူတို့က မီးပုံမီးလျှံ တောက်လောင်နေသကဲ့ သို့ ထင်မြင်ကြရပေသည်။

"ဇောတိကအား ဤမျှလောက်သော စည်းစိမ်ချမ်းသာ တို့သည် မြေမှပေါက်လာပေ၏"

ဟု ဇမ္ဗူဒိပ်ကျွန်းအလုံးမှ ကြားသိကြလေသော် များစွာ





သော လူအပေါင်းတို့သည် ရေကြောင်း၊ ကြည်းကြောင်း ဖြင့် ဘူးတက လာရောက်ကြည့်ရှု ကြရလေသည်။

လာသမျှသော လူအားလုံးတို့အားလည်း မြောက်ကျွန်း ပါလာသော ဆန်တစ်ကွမ်းစားဖြင့်သာ ချက်ကျွေးလေသည်။

ပဒေသာပင်၌ ဆင်ယင်အပ်သော အဝတ်တန်ဆာ၊ ဘဏ္ဍာအသုံးအဆောင်တို့ကိုလည်းကောင်း၊ တစ်ဂါဝုတ်ရှိသော ရွှေအိုးကြီးမှ မီးကျီးခဲကဲ့သို့သော ရွှေဆိုင်ရွှေတုံးတို့ကိုသော်လည်း ကောင်း အလိုရှိသမျှ ယူ၍ပြန်စေသည်။

ယူဆောင်သွားသော ရွှေအိုးတို့သည်လည်းကောင်း၊ ဒေသာပင်တို့သည်လည်းကောင်း၊ မူလရှိမြဲအတိုင်းသာ ရှိမြဲရှိ တ် အမြဲတစေ ပြည့်မြဲပြည့်နေလေသည်။

တစ်ရံရောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းသူ ပေါင်းတို့ သောင်းသောင်းညံမျှ အံ့ဩချီးမွမ်းကြသော အသံ ကြားသဖြင့် ဇောတိကသူဌေးဘုံဗိမာန်ကို ရှုမြင်လိုသောဆန္ဒ မိလေသည်။

သို့ကြောင့် ဇောတိက၏ ဖခင်သူဌေးကိုခေါ်ပြီး . .

"သင့်သားဇောတိက၏ ပြာသာဒ်ကို သွား၍အံ့"

ဟုဆိုလျှင် ဖခင်သူဌေးလည်း ဇောတိကသူဌေးထံသို့ န်စေလွှတ်လိုက်လေသည်။

ဗိမ္ဗိသာရမင်းကြီးလည်း များစွာသော စစ်သည်ဗိုလ်ပါ ပေါင်း ခြံရံလျက် ကြွတော်မူသောအခါ ရှေးဦးစွာ တွေ့ရသော ၌ အမှိုက်သိမ်းခြင်းငှာစောင့်နေသော အမျိုးသမီး ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ဗိမ္ဗိသာရမင်းကြီးအား ခရီးဦးကြိုပြုကာ လက်ကိုလှမ်းလေသည်၊

သွင်ပြင်မူရာ တန်ဆာအဝတ် လျော်ပတ်လှသောကြောင့် ဇောတိကသူဌေး၏ မယားပင်ထင်မှတ်သောကြောင့် လက်မလှမ်းဝံ့ပဲ ရှိလေသည်။

ထိုမှတစ်ဖန် တက်လေပြန်လျှင် ယခင်ကဲ့သို့ပင် ဒုတိယ တတိယစသော တံခါးမုခ်တို့၌လည်း စောင့်နေသောမိန်းမတို့သည် လက်လှမ်းကြသည်ကို မင်းကြီးက ဇောတိကမယားဟု ပင်ထင်မှတ်ကာ လက်မလှမ်းဝံ့ပဲ ရှိပေသည်။

သတ္တမမုခ်ဝသို့ ရောက်သောအခါမှ ဇောတိကလည်း ခရီးဦးကြိုဆိုလျက် ရိုသေစွာ ရှိခိုးပြီးလျှင် မင်းကြီး၏နောက်တော်မှလိုက်၍ တိုက်ခန်းတံခါးတို့ကို တစ်ခုပြီးတစ်ခု တစ်ခန်းပြီးတစ်ခန်း ဖွင့်ပြလေသည်။

ပတ္တမြားညိုဖြင့်ပြီးသော အခန်းသို့ရောက်သောအခါ အောက်သို့ကြည့်လေလျှင် အသုတရာနက်စွာသောချောက်သို့ ထင်သဖြင့် ရှေ့သို့ မလှမ်းဝံ့ပဲ ရပ်တံ့နေသည်။

"ရှင်ဇောတိကသည် ငါကိုသတ်ခြင်းအလို့ငှါ ဤနက်စွာသောချောက်ကို ထားသည်ဖြစ်ပေမည်"

ထိုသို့တွေးတောနေသည်ကို ဇောတိကသူဌေးသိသဖြင့်. . .

"အရှင်မင်းကြီး ဤကား တွင်းမဟုတ်ပါချေ၊ ကျွန်တော်မျိုးနောက်မှ ကြွတော်မူပါ"

ဟုပြောဆိုပြီး ဇောတိက,က ရှေ့မှသွားသောအခါ





မင်းကြီးလည်း နောက်မှ လိုက်ဝံ့လေသည်။

ထိုအချိန်က အဇာတသတ်မင်းသားသည် ခုနစ်နှစ်အရွယ်သာ ရှိပေသေးသည်။

မင်းကြီး၏ လက်တော်ကိုဆွဲလျက် နောက်မှပါသွားသည်နှင့် ဇောတိက၏ ပြာသာဒ်ဆောင်ကို တွေ့မြင်သောအခါ စိတ်ထဲမှ ဤသို့ဖြစ်မိလေသည်။

"ငါ၏ ဖခင်မင်းကြီးသည် များစွာမိုက်မဲဝေစွ၊ မိမိ၏ ကျေးကျွန်ဖြစ်သောသူဌေးသည် ရတနာခုနစ်ပါးအတိပြီးသော ပြာသာဒ်ဖြင့်နေလျက် မိမိတို့မှာ ပြည့်ရှင်မင်းဖြစ်ပါလျက် သစ်သားဖြင့်ပြီးသောအိမ်၌သာ နေရဘိသည်၊ ငါသာ မင်းဖြစ်မူကား ဤဇောတိကကိုသတ်ပြီး ပြာသာဒ်ကို ယူပေအံ့"

ဟူ၍ စိတ်မှာ ကြံစည်တွေးတောနေမိသည်။

ဗိမ္ဗိသာရမင်းကြီးသည် အထက်ပြာသာဒ်များကို လှည့်လည်ကြည့်ရှုနေစဉ်မှာပင် နံနက်စာစားချိန် တန်လေသည်။

သူဌေးလည်း. . .

"အရှင်မင်းကြီး နံနက်စာသုံးဆောင်တော်မူခြင်းငှာ ဤသို့ကြွပါ"

ဟုလျှောက်ထားပြီး တစ်ဆယ့်ခြောက်လုံးသော နံ့သာရေတို့ဖြင့် ချိုးစေပြီးသော် ရတနာအစုဖြင့်ပြီးသော အခင်းနေရာ ကောင်းစွာထားလေသည်။

အသပြာတစ်သိန်းထိုက်တန်သော ရွှေခွက်ဖြင့် နို့ယနာ့ တိုထည့်ပြီး လက်တော်ကို သန့်စင်မှုပြုစေရန် ကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက စားတော်ထမင်းကပ်သည်အထင်ဖြင့် စာ
သောက်ရန် ပြင်လေသည်။

"အရှင်မင်းကြီး ဤကား စားတော်မူရန်မဟုတ်ပါ လက်
ဆေးသန့်စင်ရန်သာ ဖြစ်ပါသည်"

ဟုလျှောက်ထားတော့မှ ရွှေခွက်ဖြင့် လက်ဆေးတော်
မူသည်။

နောက်မှရွှေစင်တစ်သိန်းထိုက်သော မနောလင်ပန်း
ဖြင့် မြောက်ကျွန်းသူ၏ အိုးမှဖြစ်သော နတ်သုဒ္ဓါ နှင့်တူသည်
ထမင်းသြဇာကို ဆက်သလေသည်။

မင်းကြီးလည်း အရသာထူးကဲလှပြီး ကောင်းမွန်လှ
သောကြောင့် များစွာစားလိုလှပေသည်။

ထိုအခါ ဇောတိကသူဌေးက တားသည်။

"အရှင်မင်းကြီး ဤမျှနှင့်ပင် တန်ချေပြီ၊ ထိုထက်သာ
လွန်၍ သုံးဆောင်တော်မူပါက အစာမကြေနိုင် ရှိပါလိမ့်မည်"

"အချင်းဇောတိက ဤထမင်းကို အဘယ်ကြောင့်အ
လေးပြုကာ စကားဆိုသနည်း"

"အရှင်မင်းကြီး ကျွန်ုပ်အလေးပြု၍ ဆိုသည်မဟုတ်
ပေ၊ ဤအိမ်၌ နေကုန်သောလူခပ်သိမ်းတို့အားလည်းကောင်း
ရောက်လာသမျှသော အာဂန္တုသည်အပေါင်းတို့အားလည်း
ကောင်း ဤထမင်းကိုသာ ကျွေးမြဲဖြစ်ပါ၏၊ သို့ရာတွင် အရှင်
မင်းကြီး နန်းတော်သို့ပြန်ရာတွင် ယမန်နေ့က ဇောတိကသူဌေး
ကျွေးသော အာဟာရကြောင့် မအီမသာ ငါရသည်ဟူသော





တဲ့ရဲ့စကားဆိုမည်ကိုသာ အကျွန်ုပ်ကြောက်ပါသည်"

ဟု လျှောက်ထားသော် မင်းကြီးလည်း စားလိုသောဆန္ဒ
ကို ရပ်တန့်လေသည်။

ထို့နောက် စားတော်ပွဲကို ယူစေ၍ နံ့သာဖြင့်ထုံအပ်
သော ရေကို သုံးဆောင်လေသည်။

ထို့နောက်တွင် မင်းနှင့်အတူပါလာသော မှူးမတ်၊ ဗိုလ်
ပါ ပရိသတ်အပေါင်းတို့အားလည်း ထိုထမင်းနှင့်ပင် ကျွေးမွေး
ဧည့်ခံပေးလေသည်။

ထမင်းစားပြီးသောအခါ မင်းကြီးက ချမ်းသာသော
စကားကို ပြောကြားရင်းနှင့် မေးသည်။

"အရှင်ဇောတိက သင်၏အိမ်၌ စည်းစိမ်ရှင်မ မရှိသေး
သလော"

"မြောက်ကျွန်းသူ သူဌေးမသည် ကျက်သရေတိုက်ခန်း
၌ ရှိပါ၏၊ မင်းကြီးကြွတော်မူသည်ကို မသိသဖြင့်သာ မဖူးမြင်
လာခြင်းဖြစ်ပါသည်"

ဟုလျှောက်လေသည်။

"သင်၏ ကြင်ဘက် မြောက်ကျွန်းသူအား ငါတွေ့မြင်လို
သည်"

ဟုပြောလျှင် ဇောတိကလည်း မြောက်ကျွန်းသူထံ သွား
လေသည်။

"စည်းစိမ်ရှင်မ ငါတို့၏ မင်းကြီးသည် ယခုငါတို့အိမ်သို့
ကြွလာပေ၏၊ သင်လည်း ဖူးမြင်ခြင်းငှာ မသင့်ပါသလော"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။

"အရှင်သူငွေး 'မင်း'ဟူသည်ကား အဘယ်သောသူ နည်း"

မြောက်ကျွန်းသူက ပြန်မေးလေသည်။

"ဤရာဇဂြိုဟ်ပြည်နှင့်တကွ ငါတို့ကိုအစိုးရသောသူပေ တည်း"

ထိုစကားကြားသောအခါ မြောက်ကျွန်းသူ သူဌေးမှာ စိတ်နှလုံး မသာမယာ ဖြစ်သောကြောင့် မြည်တမ်းလေသည်၊

"သြော်ငါတို့ကား ရှေးကကောင်းမှုပြုသောအခါ၌ သဒ္ဓါ တရားချို့တဲ့ခဲ့သောအမှုကြောင့် သူတစ်ပါးအစိုးရသော နေရာ ဌာနအတွင်းဝယ် ဆင်းရဲစွာဖြစ်လာရပေသည်"

"သင်အနေနှင့် မင်းကြီးအား ဖူးမြင်ရန်သင့်ပေသည်"

"မင်းကြီးထံ၌ ကျွန်ုပ်က ဘယ်ကဲ့သို့သောအမှုကို ပြုရ ပေမည်နည်း"

"ရတနာစီသော ထန်းရွက်ယပ်ဖြင့် ခတ်လှည့်လော့"

ဟု ပြောလေလျှင် မြောက်ကျွန်းသူလည်း လိုက်လာပြီး လျှင် မင်းကြီးအား ယပ်ခတ်ပေးလေသည်။

ထိုသို့ယပ်ခတ်ပေးနေစဉ် မင်းကြီး၏ မောင်းတော်မှ အနံ့လေသည် မြောက်ကျွန်းသူ၏ မျက်စိသို့ ရိုက်ခတ်မိလေရာ မျက်ရည်တွေ တွေကျလေသည်။

ထိုအခြင်းအရာကိုမင်းကြီးမြင်သောအခါ. . .

"ရှင်ဇောတိက မိန်းမတို့မည်သည်မှာ ပညာအလွန်





နည်း၏ ငါတို့စည်းစိမ်ကို မင်းကြီးယူလေအံ့ဟု တွေးတောစိုး ရိမ်သဖြင့် သင်၏ သူဌေးမ ငိုခြင်းဖြစ်ပေသည်"

ဟုဆိုလေသည်။

"အရှင်မင်းကြီးတွေးတောမိခြင်းမှာ မဟုတ်ပါချေ. . အကျွန်၏ သူဌေးမမှာ ပကတိသော မီးရောင်ဆီမီးရောင် တို့ကို မမြင်ဖူးပေ၊ ပကတိပတ္တမြားရောင်ဖြင့်သာ သွားလာခြင်း စား သောက်ခြင်း အမှုကို ပြုပေသည်၊

မီးရောင်၊ ဆီမီးရောင်တို့ထိခတ်သော အဝတ်တို့မှ အနံ့လေတို့ကို ထိသဖြင့် မျက်ရည်ကျရခြင်း ဖြစ်ပါသည်"

ဟုဇောတိက က လျှောက်ထားလေသည်။

"ဟုတ်မှန်ပေသည် ငါတို့က ဆီးမီးရောင်ဖြင့်သာ နေရ ပေသည်"

ဟုပြောလျှင် ဇောတိကသူဌေးက. . .

"အရှင်မင်းကြီး ယနေ့မှစပြီး မီးရောင်ဖြင့်မနေပဲ. . . ပတ္တမြားအရောင်ဖြင့်သာ နေတော်မူပါလော"

ဟုပြောပြီး လုံးပတ်သုံးထွာခန့်ရှိပြီး သခွားသီးပမာဏ အရွယ်ရှိသော ပြည်တန်ပတ္တမြားအား လက်ဆောင်အဖြစ် ပေး အပ်လေသည်။

"ငါ၏အဆွေ ဖြစ်သောဇောတိက၏ စည်းစိမ်ချမ်းသာ သည်ကား ဤကမ္ဘာလုံးပြောမဆုံးအောင်ပင် ကြီးကျယ်မြတ် ထွတ်လှပေစွတကား"

ဟု အံ့သြချီးမွမ်းတော်မူလျက် နန်းတော်သို့ ပြန်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့နောက်မှာတော့ ဗိမ္ဗိသာရမင်းကြီး တောင်းပန်လျှောက်ထားမှုကြောင့် မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူလေသည်။

ဇောတိကသူဌေးသည် မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ ရောက်တော်မူစကပင် ဘုရားသခင် အထံတော်သို့ ချဉ်းကပ်ပြီး တရားတော်ကို နာယူခွင့်ရသဖြင့် မြတ်သော ဥပါသကာအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ထို့နေ့မှစပြီး ပဥ္စသီလကို နိစ္စသုံးစွဲလျက် တစ်လလျှင် ရှစ်ရက် ရှစ်ရက်သောနေ့၌ အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်လေတော့သည်။

ကာလကြာပြီး မြတ်စွာဘုရား ဝါတော်နှစ်ဆယ်ပြည့်သောအခါ အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့် အပေါင်းအဖော်ရ၍ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီးလျှင် ထီးနန်းတိုင်းပြည်ကို သိမ်းပိုက်၍ မင်းလုပ်လေသည်။

မင်းအဖြစ်သို့ ရသောအခါ အဇာတသတ်မင်းသည် ခုနစ်သားအရွယ်ကပင် ကြံစည်ခဲ့သော အကြံအစည်ကို ပြုလုပ်ရန် ပြင်ဆင်လေတော့သည်။

အခြားမဟုတ်ပါချေ။

ဇောတိကသူဌေး၏ စည်းစိမ်ချမ်းသာကို လုယက်သိမ်းယူအံ့သော အကြံအစည်ဖြစ်သည်။

နိုင်ငံတော်အတွင်းမှ စစ်ခင်းရေးရာ၌ လိမ္မာသောအ





မတ်စစ်သူရဲတို့ကို စုရုံးစေလျက် မင်းကြီးကိုယ်တိုင် ထွက်တော်မူလေသည်။

ဇောတိကသူဌေး၏ ပတ္တမြားတံတိုင်းအနီးသို့ ရောက်သောအခါ ဆင်မြင်းဗိုလ်ပါနှင့်တကွ မိမိစစ်သည်တို့၏ အရိပ်သည် ပတ္တမြားတံတိုင်း၌ ထင်လေသော် ရှင်ဇောတိကသည် ငါ့အား ပြန်လည်စစ်ထိုးရန် ဆင်မြင်းဗိုလ်ပါနှင့်တကွ တံတိုင်းအပြင်မှ ထွက်စောင့်နေသည်ဟု ထင်သဖြင့် အနီးသို့ မကပ်ဝံ့ပဲ အဝေးမှသာ ဝန်းရံလျက်နေလေသည်။

ထိုနေ့၌ပင် ဇောတိကသူဌေးသည် ဥပုသ်ဆောက်သည် တည်သည်ဖြစ်၍ နံနက်စောစောပင် မြတ်စွာဘုရား သီတင်းသုံးနေသော ဝေဠုဝန်ကျောင်းတော်သို့သွားကာ တရားနာလျက် ချမ်းသာစွာဖြင့် နေလေသည်။

ထိုကဲ့သို့ စစ်ထိုးရန် ဝန်းရံလာသော အဇာတသတ်မင်းကို ပထမတံခါးမုခ်၌ စောင့်နေသော 'ယမကောဋ္ဌိ' မည်သော နတ်ဘီလူးမြင်သည်ရှိသော်. . .

"ယခုဝန်းရံလာသူကား အဘယ်သူနည်း ငါတို့အရှင်ကို ဘယ်သို့ထင်မှတ်၍ စစ်ခင်းကျင်းလာသနည်း လာသမျှ တစ်ယောက်မှ မကြွင်းကျန်အောင် ချက်ချင်းသေစေအံ့"

ဟု ကြောက်မက်ဖွယ်ကောင်းသော အသံဖြင့် ပြောဆိုကြိမ်းမောင်းပြီးနောက် နတ်ဘီလူးစစ်သည်တို့ဖြင့် ထွက်တိုက်လေရာ အဇာတသတ်မင်းနှင့် စစ်သည်ဗိုလ်ပါ အပေါင်းတို့မှာ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် တပ်ပျက်ကာ ဖရိုဖရဲဖြစ်ကာ ဘား



www.burmeseclassic.com

www.burmeseclassic.com



လွတ်ရာသို့ ထွက်ပြေးကြရတော့သည်။

အဇာတသတ်မင်းလည်း မြင်းဖြင့်ပြေးလေသော် မြတ်စွာဘုရား ကျောင်းတော်ဝန်းအတွင်းသို့ ရောက်လေသည်။

ထိုသို့ရောက်ရသည်မှာလည်း နောက်မှ ရန်ပြုရန် လိုက်လာကြသော နတ်ဘီလူးတို့ရန်ကို ကြောက်၍သဖြင့် ဝင်ပြေးခြင်းဖြစ်၏။ အဇာတသတ် ကျောင်းတော်ဝန်းအတွင်းသို့ ဝင်လာသည်ကို ဇောတိကသူဌေးမြင်သော် မေးလေသည်။

"အရှင်မင်းကြီး ဘယ်လိုအကြောင်းရှိသဖြင့် အခြွေအရံမပါပဲ ကြွလာတော်မူပါသနည်း"

"သင်သူဌေး စစ်ရေးမှာ လိမ္မာသော. . ကျေးကျွန်ယောကျာ်းတို့ကို ငါနှင့် စစ်ထိုးစေခြင်းငှာ မှာကြားထားပြီး သင်က ကျောင်းတော်မှာ အဘယ်ကြောင့် ဥပုသ်ဆောက်တည်ဟန် တရားနာဟန် ပြုနေပါသလော"

"ကျွန်ုပ်မသိပါ၊ အရှင်မင်းကြီးသည် ကျွန်ုပ်အား အဘယ်အကြောင်းကြောင့် စစ်ထိုးလိုပါသနည်း"

"သင်၏ဗိမာန်ပြာသာဒ်ကို အလိုရှိသဖြင့် ငါစစ်ထိုးခြင်းဖြစ်လေသည်"

"အရှင်မင်းကြီး ကျွန်ုပ်မပေးလိုခြင်းက ပြာသာဒ်ကို မဆိုထားဘိ မြိတ်ဆာချည်မျှင်အစကိုပင်. . . မင်း တစ်ထောင်မျှလောက်သော ရန်သူတို့သည် လုယက်ယူငင်၍ မရရှိနိုင်ပေ"

"သင်သူဌေးသည် ငါ၏ ဥစ္စာကို ငါသာအစိုးရသည်ဟု ထင်မှတ်နေပါသလော"





"အသင်မင်းကြီး လက်တွေ့သိပါလိုပါက ပြာသာဒ်ကို ယူဖို့မဆိုထားနှင့် ကျွန်ုပ်လက်၌ ဝတ်ဆင်ထားသော လက်စွပ်ကိုပင် ရရှိအောင် ချွတ်ယူတော်မူပါလော့"

ထိုအခါ အဇာတသတ်မင်းလည်း ချွတ်ယူလေသည်၊ မကျွတ်နိုင်ချေ။

ထိုမင်းသည် ခွန်အားကြီးသူဖြစ်၏။

ဆောင့်ကြောင့်ထိုင်လျက် အထက်သို့ခုန်သော် တစ်ဆယ့်ရှစ်တောင်၊ ရပ်လျက်ခုန်သော် အထက်သို့ အတောင် ရှစ်ဆယ်ကျော် လွန်အောင် ခုန်နိုင်၏။

အလျားလိုက်ခုန်သော် တစ်ဥသဘအထိ ရောက်နိုင်အောင် ခွန်အားကြီးသူဖြစ်သည်။

ထိုသို့ ခွန်အားကြီးသူ ဖြစ်ပါလျက် ဇောတိကသူဌေး လက်၌ ဝတ်ဆင်ထားသော လက်စွပ်ကွင်းနှစ်ဆယ်တို့ကို ထိုင်၍သော်လည်းကောင်း၊ ထ၍သော်လည်းကောင်း၊ အားကြီးမာန်တက် ချွတ်သော်လည်း တစ်ကွင်းမှမကျွတ်ပေ၊ မရပေ။

ထိုအခါ ချွေးသီးချွေးပေါက်တို့ကျနေသော အဇာတသတ်မင်းကိုကြည့်ပြီး ဇောတိကသူဌေးက ပြောသည်။

"အရှင်မင်းကြီး ဝတ်လဲတော်ကိုဖြန့်ပါ ကျွန်ုပ်ပေးပါမည်"

ဟု ပြောပြီး လက်ကိုစောင်းသော် ခရားမှ ရေသွန်ချသကဲ့သို့ လက်ဆယ်ချောင်းတို့တွင် ဝတ်ဆင်ထားသော လက်စွပ်နှစ်ဆယ်တို့မှာ အလွယ်တကူပင် လျှောကျလေသည်။

www.burmeseclassic.com



"အရှင်မင်းကြီး ကျွန်ုပ်ပိုင်ဆိုင်သော ဥစ္စာပစ္စည်းတို့သည် ကျွန်ုပ်ကမပေးလိုသော် ထောင်သောင်းမကသောမင်းတို့သည် စစ်သည်ဗိုလ်ခြေများစွာတို့ဖြင့် လာရောက်ယူငင်သော်လည်း ရမည်မဟုတ်ကြောင်း လက်တွေ့သိရပြီ မဟုတ်ပါလော"

ထိုအခါ အဇာတသတ်မင်းလည်း ပြုခဲ့ပြီးသောအမှုကိစ္စအတွက် လွန်စွာထိတ်လန့်သံဝေဂ ရမိလေသည်။

"အရှင်မင်းကြီး ကျွန်ုပ်သည် ဤစည်းစိမ်ချမ်းသာတို့ကို နှစ်သက်မှုမရှိပေ၊ ရဟန်းပြုခြင်းကိုသာ ခွင့်ပေးပါလော့"

ဟု ခွင့်တောင်းလေသည်။

အဇာတသက်မင်းလည်း ဇောတိကသူဌေး ရဟန်းပြုလေသော် ပြာသာဒ်နှင့်တကွသော စည်းစိမ်ဥစ္စာတို့ကို ထပ်မံသိမ်းယူလိုသော အကြံရှိသည်နှင့် မဆိုင်းမတွပင် ရဟန်းပြုခွင့်ပေးလိုက်လေသည်။

"သင်ရဟန်းပြုလိုသော် ပြုတော့. ."

ထိုကဲ့သို့ ခွင့်ပြုချက်ရသောအခါ ဝမ်းမြောက်ဝမ်းသာစွာဖြင့် မြတ်စွာဘုရားထံသွားကာ ရဟန်းပြုလေသည်။

ရဟန်းဖြစ်ပြီး မကြာမီမှာပင် အရဟတ္တဖိုလ်ကိုရ၍ ဇောတိကမထေရ်ဟု ထင်ရှားစွာ ဖြစ်ပေတော့သည်။

ဇောတိကသူဌေး ရဟန်းဖြစ်ပြီး အရဟတ္တဖိုလ်ရသောနေ့မှာပင် ရတနာပြာသာဒ်၊ ရွှေအိုးလေးလုံး၊ ပဒေသာပင်တို့သည် ကွယ်ပျောက်သွားခဲ့လေသည်။

တူလကာရီ ဟုအမည်ရှိသော မြောက်ကျွန်းသူကိုလည်း





နတ်တို့က ဆောင်၍ ဥတ္တရကုရုကျွန်းသို့ ပို့ကြလေကုန်သည်။

ထိုကား မြောက်ကျွန်းသူနှင့် ပတ်သက်သောအကြောင်းအရာတို့ပင် ဖြစ်ပေသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

# သေမင်းနှုတ်ခမ်းပေါ်မှ ကြိုးတံတား

ကမ္ဘာပေါ်ရှိနေရာအနှံ့အပြားတို့တွင် ပညာရပ်အမျိုးမျိုးတို့ကိုသင်ကြားပေးနေကြသော တက္ကသိုလ်များစွာတို့ ရှိကြလေသည်။ ထိုတက္ကသိုလ်ကြီးများတွင် သိပ္ပံပညာကို သင်ကြားပေးနေကြသော တက္ကသိုလ်ကြီးများနှင့် ဝိဇ္ဇာပညာဟု ခေါ်သော ယောဂဗ္ဗာရီပညာကို သင်ကြားပေးနေကြသော တက္ကသိုလ်ကြီးများ ရှိကြလေသည်။

ကမ္ဘာ့နေရာအနှံ့အပြားတို့တွင် သိပ္ပံပညာကို သင်ကြား



www.burmeseclassic.com

www.burmeseclassic.com



ပေးနေသော တက္ကသိုလ်ကြီးများ မြောက်မြားစွာ ရှိကြသော်လည်း ဝိဇ္ဇာပညာဟု ခေါ်ဆိုနိုင်လောက်သည့် မဟာဂန္ဓာရီပညာကို သင်ကြားပေးနေသော တက္ကသိုလ်ကြီးများမှာတော့ များများစားစား မရှိပေ။

လက်ချိုးရေ၍ ရလောက်အောင် နည်းပါးလှသည့် ကမ္ဘာပေါ်ရှိ ထင်ရှားသော မြို့ကြီးများတွင် သိပ္ပံပညာနှင့် ပတ်သက်ပြီး သင်ကြားပေးနေသော တက္ကသိုလ်များကတော့ မိုးနွယ်များနှင့် သက်ဆိုင်သော အထွတ်အမြတ်ထားသော နေရာတို့တွင် တစ်ခုလောက်သာ ရှိပေသည်။

ကမ္ဘာပေါ်တွင် မဟာဂန္ဓာရီ တက္ကသိုလ်အများဆုံး ပေါ်ပေါက်သောနေရာမှာ အိန္ဒိယဟုပင် ဆိုနိုင်ပေသည်။

ဟိမဝန္တာတောင်တန်းကြီးကို အခြေပြုပြီး မဟာဂန္ဓာရီ အချို့ ပေါ်ထွန်းလာခဲ့သည်။

အိန္ဒိယမှ မဟာဂန္ဓာရီ တက္ကသိုလ်၊ တရုတ်မဟာဂန္ဓာရီ တက္ကသိုလ်၊ တိဗက် မဟာဂန္ဓာရီတက္ကသိုလ်၊ အီဂျစ်မဟာဂန္ဓာရီ တက္ကသိုလ်ဟူ၍ နောက်ပိုင်းတွင် လူမျိုးနှင့် ဓလေ့ထုံးစံတို့ကို အခြေခံသော မဟာဂန္ဓာရီ တက္ကသိုလ်များ ရှိလာခဲ့ကြသည်။

မဟာဂန္ဓာရီ ပညာရပ်တို့မှာလည်း နောက်ပိုင်းတွင် အမျိုးအစား ကွဲပြားခဲ့ကြလေသည်။

ခေါမဂန္ဓာရီ၊ ရောမဂန္ဓာရီ၊ ကဗာလာဂန္ဓာရီ၊ မိကြာနီ အိန္ဒိယဂန္ဓာရီ၊ ဝတ်ကျောင်းသူရဲကောင်းဂန္ဓာရီ၊ ဆူဖိဂန္ဓာရီ မေဆင်ဂန္ဓာရီ ဟူ၍လည်း အမျိုးအစား ကွဲပြားခြားနားမှုများ





လည်း ရှိခဲ့သည်။

မဟာဂန္ဓာရီပညာနှင့် ပတ်သက်လာလျှင် ရှမ်ဗဲလား သည် အဓိကကျသောနေရာ ဖြစ်ပေသည်။

အိန္ဒိယနှင့် (ဟိမဝန္တာတောင်တန်းမြောက်ဘက်) တိဘက်ကုန်းမြေအနောက်ဘက် ချိုင့်ဝှမ်းတစ်နေရာတွင် ရှိနိုင်မည်ဟု ဂန္ဓာရီပညာရှင်တို့ ယူဆထားသော ရှမ်ဗဲလားသည် မဟာဂန္ဓာရီပညာရပ်များနှင့် ပတ်သက်လာလျှင် ပင်မနေရာ ဖြစ်သည်ဟုလည်း ယုံကြည်လက်ခံထားခဲ့ကြသည်။

"ရှမ်ဗဲလား" ကို "သူတော်စင်တို့၏စုံတောမြိုင်" ဟု အဓိပ္ပါယ်ဖွင့်ဆိုကြသည်။

သူတော်စင်တို့ တရားမွေ့ရာမှီးသည့် စုံတောမြိုင်သည် ဟိမဝန္တာတောင်၏မြောက်ဘက်ရှိ ကေလာသတောင်အနီးတွင် ရှိသည်ဟူသော အကြောင်းအချက်ကို ဘာ(ဂ)ဝါတာပုရာမ်ကျမ်း (Bhagavata Purana) တွင်လည်း ဖော်ပြထားလေသည်။

ရှမ်ဗဲလား(Shambhala) ဟူသော အဓိပ္ပါယ်သည် "ရှမ်" ဟူသော ဝေါဟာရနှင့် "လား"ဟူသော ဝေါဟာရကို ပေါင်းစပ်ဖွဲ့စည်းထားသော စကားလုံးဖြစ်လေသည်။

ရှမ်(Sham)ဟူသော အဓိပ္ပါယ်မှာ ငြိမ်းအေးခြင်း "စိတ်ဓာတ်တည်ငြိမ်ခြင်း" သဘောကို ဆောင်သည်။

လား(La)ဟူသည်မှာ "တောင်ကြား" ဟူသောအဓိပ္ပါယ်ရှိသည်ဟုဆိုသည်။

အမှန်မှာ ထိုစကားလုံးဝေါဟာရများ၏ ဖွင့်ဆိုချက်မှာ



www.burmeseclassic.com

www.burmeseclassic.com



တိဗက်ဘာသာအဓိပ္ပါယ် ဖြစ်လာသည်။

ဤ "ရှမ်ဗဲလား" ဟူသော သူတော်စင်တို့၏ စုံတော်မြိုင် ဝေါဟာရကို ပထမဆုံးဖွင့်ဆိုခဲ့သူမှာ (၁၇)ရာစု မဟာခရီးသည်ကြီးဖြစ်သော ပေါ်တူဂီ ကက်သလစ် သာသနာပြု စတက်ဖင်ကာဆဲလား(Stephan Cacella) ဖြစ်သည်။

ကာဆဲလားသည် အိန္ဒိယပြည်မြောက်ပိုင်းရှိ နီပေါ၊ ဘူတန်၊ လာဒက်နှင့် တိဗက်ပြည် တစ်နံတစ်လျားတွင် သာသနာပြုကြွခဲ့သည်။

တိဗက်ကျမ်းစာ၊ သက္ကတကျမ်းစာ၊ ဗုဒ္ဓဘာသာကျမ်းစာများကိုလေ့လာလျက် ထိုဒေသတွင် နေထိုင်ကြသည့် သူတော်စင်တို့ထံမှ ယင်း "ရှမ်ဗဲလား"ဟူသော ဝေါဟာရကို မှတ်သားခဲ့ရပြီး ရှမ်ဗဲလားကို ပေါ်တူဂီ ဘာသာအားဖြင့် သူတော်စင်တို့ တရားဓမ္မရှာမှီးသည့် စုံတော်မြိုင်(Dejune)ဟု သူ၏မှတ်တမ်းများတွင် ဖော်ပြခဲ့လေသည်။

ကက်သလစ်ဘုန်းတော်ကြီး စတက်ဖင်ကာဆဲလားနှင့် ခေတ်ပြိုင်ဖြစ်သော ဆွီဒင်အမျိုးသား မဟာခရီးသည် ဟီဒင်(Sven Hedin) ဆိုသူကလည်း ခိုတန်ပြည်မှတစ်ဆင့် ဟိမဝန္တာမြောက်ပိုင်းသို့ ရောက်ရှိလာခဲ့ပြီး "ရှမ်ဗဲလား" ဟူသော "သူတော်စင်တို့၏ တရားဓမ္မရှာမှီးသည့် ငြိမ်းချမ်းသောတော" သို့ ရောက်ရှိခဲ့သည်ဟူသောအကြောင်းကို သူ၏ခရီးသွားမှတ်တမ်းတွင် ဖော်ပြခဲ့သည်။

မြန်မာစာဖတ်ပရိသတ်ကြီးသည် ရှန်ဂရီလာ(သို့မ





ဟုတ်) ရှမ်ဗဲလားအကြောင်း အိုးဝေဂျာနယ်တွင် (၁၉၇၀) ပြည့်နှစ်ခန့်က ဆောင်းပါးတစ်စောင် ရေးခဲ့သည်ကို ဖတ်ရှုခဲ့ရသည်။

ဆရာမောင်ကျောက်တိုင်ကလည်း ကမ္ဘာ့မဟာဂန္ဓာရီဒါန်းစာအုပ်ကြီးတွင် "ရှမ်ဗဲလား"အကြောင်း ဖော်ပြခဲ့ပြီးလေပြီ။

သို့ဖြစ်၍ "ရှမ်ဗဲလား" ဟူသောအမည်သည် ကမ္ဘာ့စာပေပရိသတ် အပါအဝင် မြန်မာစာဖတ်ပရိသတ်ကြီးပါ သိရှိကြပြီး ဖြစ်ပါသည်။

"ရှမ်ဗဲလား" ကို "အရှေ့တိုင်း၏ လျှို့ဝှက်ဆန်းကြယ်သောနေရာ" "သူတော်စင်သူတော်ကောင်းတို့နေရာ" ဟု သဘောထားခဲ့ကြသည်။

အဆိုပါ "ရှမ်ဗဲလား" ကို ကမ္ဘာအရပ်ရပ်မှ စိတ်ဝင်စားသူများက ရှာပုံတော်ဖွင့်ခဲ့ကြသည်။

နိုင်ငံတကာ အထူးသဖြင့် ရုရှား၊ အီတလီ၊ ပြင်သစ်၊ အင်္ဂလိပ်၊ တရုတ်စသောနိုင်ငံများမှ ဂန္ဓာရီပညာစိတ်ဝင်စားသူများသည် အိန္ဒိယပြည် ဟိမဝန္တာနှင့် တိဗက်နိုင်ငံသို့ ဝင်ရောက်၍ ရှမ်ဗဲလား ရှာပုံတော်အမည်ဖြင့် သုတေသနကျမ်းများ ထုတ်ဝေခဲ့ကြသည်။

ကမ္ဘာကျော် ဂမ္ဘီရစာအုပ်များရေးသားသူ သုတေသနပညာရှင် အင်ဒရူးသောမတ်(စ်) (Andrew Thomas)၏ စုဆောင်းတင်ပြချက်အရဆိုလျှင် ရှမ်ဗဲလားရှာပုံတော် ကျမ်းစာအုပ်ပေါင်း(၆၄)အုပ် ထုတ်ဝေခဲ့သည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့စာအုပ်များမှာ အထောက်အထား ခိုင်ခိုင်လုံလုံနှင့် အချက်အလက် အပြည့်အစုံဖြင့် ရေးသားဖော်ပြခဲ့သော်လည်း ပညာရှင်ဆန်လွန်းသဖြင့် သာမန်စာဖတ်ပရိသတ်အဖို့ ငြီးငွေ့ဖွယ်ရာဖြစ်သည်။

အဆိုပါ ရှမ်ဗလား ရှာပုံတော်ကျမ်းများအနက် သာမန်စာဖတ်ပရိသတ်အဖို့ ဖတ်ရှုလေ့လာရန် အကောင်းဆုံးစာအုပ်မှာ ကယ်လီဖိုးနီးယားတက္ကသိုလ် အာရှစာပေလေ့လာရေးဌာနမှ ဒေါက်တာအက်(ဒ)ဝင်ဘန်(မ)ဘမ်း (Dr Edwin Bembum[illegible]) ရေးသားသော "ရှမ်ဗဲလားသို့သွားရာလမ်းခရီး" (The way To Shambhala) ဟူသော စာအုပ်ဖြစ်သည်။

၎င်းစာအုပ်သည် ထုတ်ဝေစဉ်က လူကြိုက်အများဆုံး နှင့် ဖတ်ရှုရန်အသင့်တော်ဆုံး ဖြစ်ခဲ့သည်။

ဤကဲ့သို့သော သုတေသနပညာရှင်များ၏ မှတ်တမ်းမှတ်ရာများအရ ရှမ်ဗဲလားအရပ်ဒေသသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း မွန်ဂိုလီးယားနယ်စပ်ရှိ ဂိုဘီသဲကန္တာရဖြစ်ကြောင်း ရှာဖွေတွေ့ရှိရသည်။

အချို့မှတ်တမ်းများအရမူ လူသူအရောက်အပေါက်နည်းသည့် တိဗက်ပြည်၏ တစ်နေရာတွင် တည်ရှိနေမည်ဟု ခန့်မှန်းဖော်ပြကြသည်။

တိဗက်ပြည်၏ အလယ်ပိုင်း ဒို(လ်)ပို (Dolpo)ဟူသော နေရာတွင် ကျောက်သလင်းတောင်ကြီးတစ်တောင် ရှိသည်ဟု ဆိုခဲ့သည်။





ယင်းတောင်ကြီး အနီးတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ ရှိလေသည်။

တိဗက် ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းထားပြီး လျှို့ဝှက်စွာထားရှိသော ယင်းတောင်ကြားကိုပင် "ရှမ်ဗဲလား"ဟု ခေါ်သည်ဟု ဆိုခဲ့ကြသည်။

မြန်မာစာဖတ်ပရိသတ်ကြီး ဖတ်ရှုပြီးဖြစ်သော တရုတ်သိုင်းဝတ္ထုများတွင် အခြေပြုရေးသားခဲ့သည့် ခွန်လွန်တောင်တန်းများရှိရာ ဒေသတစ်ဝိုက်တွင် ရှမ်ဗဲလားရှိသည်ဟု ခန့်မှန်းခဲ့ကြသည်။

နေရာဒေသ မတူကွဲပြားကြသော်လည်း "ရှမ်ဗဲလား" ဟူသည်မှာ သူတော်စင် သူတော်ကောင်းတို့ တရားဓမ္မ ရှာမှီးသည့် စံတောမြို့ဖြစ်ပြီး နေရာဒေသတစ်ခုတွင် တည်ရှိနေသည်ဟုမူ လူအများက လက်ခံထားကြသည်။

မဟာဂန္ဓာရီ တက္ကသိုလ်များတို့သည် ရှမ်ဗဲလားမ မြစ်များခံကာ ဖြစ်ထွန်းပေါ်ပေါက်လာသည်ဆိုသော အချက်ကိုတော့ အငြင်းပွားစရာ မရှိနိုင်ပါပေ။

ထို့ထက်ပိုပြီး စိတ်ဝင်စားဖွယ်ရာကောင်းသော အချက်တစ်ခုမှာ မဟာဂန္ဓာရီ တက္ကသိုလ်များထဲတွင် "ရှမ်ဗဲလားမဟာဂန္ဓာရီတက္ကသိုလ်" ရှိနေသည်ဆိုသော အချက်ကလည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

သို့ကြောင့် လူအများက ပိုမိုစိတ်ဝင်စားကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှမ်ဗဲလားတွင် သဒ္ဒမ္မသူတော်စင်အဖွဲ့ချုပ် တည်ရှိပြီး လောကကိုအကျိုးပြုစေမည့် ဂန္ဓာရီပညာရှင်များ မွေးထုတ်ပေးရာ မဟာရဂန္ဓာရီ တက္ကသိုလ်ကြီးရှိသည်။

မဟာဂန္ဓာရီတက္ကသိုလ် တည်ရှိသောနေရာမှာ ဟိမဝန္တာတောင်ကြောတစ်နေရာ၌ ဖြစ်ပြီး အသူတရာနက်လှသော ချောက်ကမ်းပါး(ကမ္ဘား)ကြီး ခြားထားသော တောင်စွယ်တစ်နေရာ၌ ဖြစ်သည်။

ထိုချောက်ကမ်းပါးကြီးကို တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းသို့ကူးရန် နွယ်ပင်များဖြင့် ပြုလုပ်ထားသော ကြိုးတံတားတစ်ခုရှိသည်။

ရှမ်ဗဲလား၏ တပည့်သာဝကများသည် ဆရာရှင်တို့၏ ညွှန်ကြားချက်အရ ရှမ်ဗဲလားသို့ လာရမည်ဆိုပါက ထိုကြိုးတံတားမှတစ်ဆင့် ဖြတ်သန်းလာကြရမည် ဖြစ်၏။

နွယ်ပင်များဖြင့် ပြုလုပ်ထားသော ကြိုးတံတားသည် အခြားနေရာများမှာ ပြုလုပ်ထားကြသည့် ကြိုးတံတားကြီးများကဲ့သို့ အခိုင်အခန့် ပြုလုပ်ထားခြင်းမျိုးတော့ မဟုတ်ပါချေ။

နွယ်ကြိုးများဖြင့် လူတစ်ယောက်သွားသာရုံမျှ... သာမန်မျှသာ ပြုလုပ်ထားသဖြင့် ထိုအပေါ်မှ လျှောက်လျှောက်လှုပ်ယမ်းနေလေသည်။

သတိအာရုံ မလစ်ဟင်းစေပဲ ဂရုတစိုက်ကူးမှသာ တစ်ဖက်ကမ်းသို့ ရောက်နိုင်ပေသည်။

အကယ်၍ စိတ်ဖြန့်လွင့်ခြင်း၊ ထိတ်လန့်ကြောက်ရွံ့စွာ





ဖြင့် ဖြတ်ကူးလျှင်တော့ ချောက်ထဲသို့ အချိန်မရွေး ပြုတ်ကျနိုင်သော အခြေအနေမျိုးဖြစ်သည်။

တစ်နေသ၌ ကြိုးတံတားတပ်ဆင်ထားသော နေရာသို့ ခရီးသည်သုံးယောက်တို့ ရောက်လာကြသည်။

၎င်းတို့သည် ဝေးလံသောအရပ်ဒေသမှ ခရီးစဉ် အဆင့်ဆင့်ကို ကျော်ဖြတ်ကာ ထိုနေရာသို့ ရောက်လာကြခြင်းဖြစ်ပေသည်။ ထိုသုံးယောက်မှာ အခြားသူများ မဟုတ်ကြပါချေ၊

ကျွန်ုပ်၏ဇာတ်လိုက်များဖြစ်ကြသည့် ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဇ္ဇနှင့် ဦးဇန်ကောင်းတို့ သုံးယောက်ပင် ဖြစ်ကြပေသည်။

ထိုနေရာသို့ ရောက်လာကြခြင်းမှာ ဆရာကြီးသူရဇ္ဇကို အကြောင်းပြုလျက် ရောက်လာခဲ့ကြခြင်းဖြစ်၏။

ဆရာကြီးသူရဇ္ဇမှာ မဟာဂန္ဓာရီပညာရပ်များကို နှစ်ပေါင်းများစွာ လေ့လာလိုက်စားနေသူဖြစ်ပြီး၊ ရှမ်းဗဲလားသို့ ဝင်ခွင့်ရစေရန် ကြိုးစားအားထုတ်နေသူဖြစ်သည်။

တစ်နေ့တော့ ရှမ်ဗဲလားမှ ပို့လွှတ်သော မေတ္တာစွမ်းအင်စက်ကွင်းကို ရခဲ့ပြီးနောက် ထိုခရီးစဉ်ကိုထွက်ရန် စီစဉ်ခဲ့ကြခြင်း ဖြစ်သည်။

(ဆရာကြီးသူရဇ္ဇထံသို့ ရှမ်ဗဲလားမှ ဆရာရှင်များက မေတ္တာစက်ကွင်းပို့လွှတ်ပုံ အဆင့်ဆင့်များအကြောင်းကိုတော့ အကျယ်မရေးတော့ပြီ၊)

ကြိုးတံတားရှိသော ချောက်ကမ်းပါးထိပ်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ နားကြလေသည်။ ဒေါက်တာမင်းထင်ကျော်က ချောက်ကမ်းပါးထိပ်၌ ရပ်ပြီးနောက် အခြေအနေကို ကြည့်သည်။

မြူနှင်းများ ငွေ့ဆိုင်းနေသဖြင့် အောက်ဖက်မှာရှိသော အခြေအနေတို့ကို အချို့လောက်သာ ဝိုးတဝါး မြင်ရပေသည်။

ထိုအတူ ချောက်ကမ်းပါး တစ်ဖက်ကမ်းမှာရှိသော အခြေအနေတို့ကိုလည်း ဝိုးတဝါး လှမ်းမြင်ရသည်။

ချောက်ကမ်းပါးထိပ်ပေါ်မှာ ကျောက်သားနံရံများကို ထွင်းထုကာ ဆောက်ထားဟန်ရှိသော အဆောက်အအုံအချို့တို့ကိုလည်း ဝိုးတဝါး လှမ်းမြင်ရလေသည်။

ချောက်ကတော့ အတော်ကျယ်လှသည်။

တစ်ဖက်နှင့်တစ် ဖက်ကူးရန် နွယ်ကြိုးတို့ကို တံတားအဖြစ် သွယ်တန်းထားသည်။

ခေတ်မီတံတားများကဲ့သို့ စနစ်တကျတော့ မဟုတ်ပေ။

ကချင်ပြည်နယ် မြောက်ဖျားဒေသတို့တွင် ဒေသခံများ တောင်ကြားများ၊ ချောက်ကမ်းတို့ကို ကျော်ဖြတ်သောအခါ အသုံးပြုလေ့ရှိသော သဘာဝကြိုးတံတားမျိုးသာ ဖြစ်သည်။

အလယ်နေရာမှာ လျော့ကျနေသဖြင့်. . ပစောက်ပုံသဏ္ဍာန်ကဲ့သို့ ဖြစ်နေသည်။

ချောက်ထဲမှာ တိုက်ခတ်နေသောလေက သာမန်ဆိုသော်လည်း တောထဲမှာထက်တော့ ပိုများသည်။

လေတိုက်သဖြင့် တပ်ဆင်ထားသော ကြိုးတံတားက





ပုခက်လွှဲသကဲ့သို့ လှုပ်ယမ်းလျက်ရှိသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို ကြည့်နေစဉ် ဆရာကြီးသူရဇ္ဇနှင့် ဦးဇန်ကောင်းတို့နှစ်ယောက်က အနားသို့ ရောက်လာကြသည်။

"ကျုပ်တို့သွားရမယ် နေရာကိုတော့ရောက်ပါပြီ၊ ဟိုဘက်ကမ်းမှာ မြင်နေရတဲ့ အဆောက်အအုံတွေပါပဲ"

ဆရာကြီးသူရဇ္ဇက ပြောပြသည်။

"ကျွန်တော်တို့ ပညာသင်ကြရမယ့် ရှမ်ဗဲလား မဟာစန္ဒာရီတက္ကသိုလ်ဆိုတာ အဲဒါလားဆရာကြီး"

ဦးဇန်ကောင်းက မေးလိုက်ရာ ဆရာကြီးက ခေါင်းညိတ်ပြလေသည်။

"ဟုတ်ပါတယ်"

"အင်း. . ဒီနေရာရောက်တဲ့အထိ လာရဖို့တောင် မလွယ်လှပါလား"

"ကျောင်းတော်ကြီးက ဆရာရှင်တွေက လမ်းပြမပေးရင် ဒါမှမဟုတ် သူတို့ခွင့်မပြုပေးဘူးဆိုရင် ဒီနေရာကို ဘယ်လိုမှ မတွေ့နိုင်ပါဘူး"

"မှန်ပါတယ်၊ အခုကျွန်တော်တို့တောင် အတော့်ကို ခက်ခက်ခဲခဲ လာခဲ့ကြရပါတယ်၊ ဆရာရှင်တွေက ဆရာကြီးကို ဘယ်လိုနည်းနဲ့ အဆက်အသွယ် ပြုကြပါသလဲ"

"မေတ္တာစက်ကွင်းစာတ်နဲ့ အဆက်အသွယ် ပြုကြပါတယ်၊ သိပ္ပံနည်းနဲ့ဆိုရင်တော့ မက်(စ်)စေ့ပို့သလိုမျိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာသခင်တွေဆီက ပို့လွှတ်တဲ့ မေတ္တာစက်ကွင်းတွေကို လူတိုင်းခံယူနိုင်ပါသလား ရနိုင်ပါသလားဆရာကြီး"

ဆရာကြီးသူရဋ္ဌက တစ်ချက်ပြုံးပြီးမှ ပြောပြသည်။

"မေတ္တာစက်ကွင်း ပို့လွှတ်ပေးတယ်ဆိုတာ မိုးရွာချသလိုပဲပေါ့၊ မိုးရွာတဲ့အခါ ခွက်နဲ့ရေခံထားတဲ့သူက မိုးရေရပြီး မခံတဲ့သူကတော့ ရမှာမဟုတ်ဘူး၊ ဥပမာတစ်ခုပြောရရင် မြတ်စွာဘုရားရဲ့ မေတ္တာဓာတ်တွေဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ သတ္တဝါတွေအပေါ်ကို ရည်စူးပြီး ပို့လွှတ်ပေးတာပါပဲ၊ ခံယူထိုက်တဲ့သူတွေက ရပြီး. . မခံယူထိုက်သူတွေက မရသလိုမျိုးပါပဲ"

"မှန်ပါတယ်ဆရာကြီး"

"ရှမ်ပဲလားမှာရှိတဲ့ သူတော်စင်တွေ ဆရာရှင်တွေက သူတို့ရဲ့မေတ္တာဓာတ်တွေ မေတ္တာစက်ကွင်းတွေကို အချိန်မှန်မှန် ပို့လွှတ်ပေးနေတာပါပဲ၊ အဲဒီမှာမှ မေတ္တာစက်ကွင်းနဲ့ ဆက်စပ်မှုရှိနေတဲ့သူတွေက သိနိုင်ပြီး ဆက်စပ်မှုမရှိသေးတဲ့သူတွေက မသိနိုင်ကြပါဘူး"

"သဘောပေါက်ပါပြီ ဆရာကြီး. . ၊ ဆရာကြီးအနေနဲ့ ကျောင်းတော်ကြီးက ဆရာရှင်တွေရဲ့ မေတ္တာဓာတ်နဲ့ ပို့လွှတ်တဲ့ လမ်းညွှန်မှုတွေ မရရင် ဒီလိုခရီးမျိုး ဒီလိုနေရာမျိုး ရောက်နိုင်ဖို့ မလွယ်ကူဘူးဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါပြီ"

ထိုသို့စကားပြောနေကြစဉ် ချောက်ကမ်းပါး၏ အခြားတစ်ဘက်မှာရှိသောအဆောက်အဦးများရှိသော နေရာဘက်မှ ကြေးစည်တီးသံ၊ ဖားစည်ထုသံများကို ခပ်သဲ့သဲ့ကြားကြရလေ





သည်။

နှင်းမှုန်များကြားမှာ သဲ့သဲ့သာကြားရသော်လည်း သာယာနာပျော်ဖွယ်ကောင်းသော အသံများဖြစ်သည်။

စိတ်ထဲမှာ ကြည်နူးချမ်းမြေ့သွားစေသော အသံများဖြစ်ကြသည်။

"ကျောင်းတော်ကြီးက အချက်ပေးသံတွေ ကြားနေရပြီး ဟိုဘက်ကို ကူးကြရအောင်"

ဟုပြောဆိုကာ ကြိုးတံတားမှတဆင့် တစ်ဖက်ကမ်းသို့ ရောက်အောင် ကူးကြလေသည်။

လှုပ်ယမ်းနေသော ကြိုးတံတားပေါ်မှ လျှောက်ရသည်မှာ သတိတစ်ချက် လစ်၍မရပေ။

သေမင်းနှုတ်ခမ်းပေါ်မှာ တားထားသော. . ကြိုးတစ်ချောင်းပေါ်မှ လျှောက်နေရသကဲ့သို့ စက္ကန့်မလပ် သတိကြီးစွာထားကာ ဖြတ်ကူးကြရခြင်း ဖြစ်ပေသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# ကမ္ဘာသစ်သို့မဟုတ် မဟာဂန္ဓာရီ

ရှမ်ဗလား၏ မဟာဂန္ဓာရီ ကျောင်းတော်ကြီးတည်ရှိသောနေရာမှာ. သာမန်ဖြင့် မရောက်နိုင်သော နေရာမျိုးဖြစ်သည်။ မတ်စောက်လှသော ကျောက်တောင်နံရံကြီး၏ အလယ်နေရာလောက်တွင် ရှေ့သို့ထိုးထွက်နေသည့် ကျောက်စွန်းပေါ်မှာ တည်ထားခြင်း ဖြစ်သည်။

အပေါ်မှာ ကျောက်တောင်နံရံအချို့က မိုးနေရာ. . . ကျောက်ထီး မိုးထားသကဲ့သို့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နံဘေးမှာလည်း ကျောက်တောင်နံရံများသာရှိပြီး အလယ်နေရာလောက်တွင် ကျောင်းတော်ကြီး တည်ရှိလေသည်။

ပတ်ဝန်းကျင်မှာတော့ ဆီးနှင်းများက မပြတ်ဖုံးနေပြီး အောက်သို့ကြည့်လျှင် နှင်းမှုန်များပြားမှ ထိုးထွက်နေသော. . ကျောက်စွန်း ကျောက်ချွန်များကိုသာ တစ်ခါတစ်ရံ တွေ့ရပြီး အောက်ခြေသို့ မမြင်နိုင်ပေ။

ရာသီဥတု သာယာပြီး နှင်းပါးသောအချိန်ရောက်မှသာ အောက်ဘက်၌ရှိသော တောအုပ်များ မြွေတစ်ကောင်ကဲ့သို့ ကွေ့ကွေ့ကောက်ကောက် စီးဆင်းနေကြသော မြစ်ချောင်းအချို့ကို တွေ့ရလေသည်။

ဒါကလည်း ရာသီဥတုသာယာသော တစ်ခါတစ်ရံမှသာ လှစ်ခနဲ မြင်ခွင့်ရပြီး အချိန်အတော်များများကတော့ နှင်းများမြူများ ပိတ်ဆီးထားကြလေသည်။

ကျောက်နံရံများမှာ တည်ဆောက်ထားသော. . အဆောက်အအုံများမှာ အင်္ဂလန်နိုင်ငံမှာရှိသော ရဲတိုက်ကြီးများကဲ့သို့သော်လည်းကောင်း။

အဓိက အဆောက်အအုံများကတော့. . တိဗက်ပြည် တရုတ်ပြည်၌ တွေ့ရလေ့ရှိသော ဘုရားကျောင်း၊ တရုတ်ဘုံကျောင်းနှင့်သော်လည်းကောင်း ပုံသဏ္ဍာန်တူပေသည်။

မဟာဂန္ဓာရီတက္ကသိုလ်၏ အဓိကကျသော အဆောက်အအုံကြီးမှာ တရုတ်ဘုံကျောင်းကဲ့သို့ ပုံသဏ္ဍာန်တူသော အဆောက်အအုံကြီးပင် ဖြစ်သည်။





ထိုအဆောက်အအုံကြီးကို 'ချွင်' ဟု အမည်ပေးထားသည်။

တရုတ်ဘုံကျောင်းနှင့်တူသော အဆောက်အအုံကြီးမှာ ဆောင်တစ်လုံးစာမျှကြီးပြီး မြင့်လည်းမြင့်သည်။

အောက်ပိုင်းက ကြီးမားကျယ်ပြန့်လျက် အပေါ်ပိုင်းက တဖြည်းဖြည်း သေးသွားကာ အတွင်း၌ အထပ်ပေါင်းများစွာ ရှိလေသည်။

မျှော်စင်ဘုံကျောင်းနှင့် ပုံသဏ္ဍာန်တူသော. . ချွင်အဆောက်အအုံကြီးထဲမှာ ကမ္ဘာနေရာအနှံ့အပြားမှ ပညာသင်ခွင့်ရသူတို့ကို ပညာသင်ကြားပေးသော နေရာပင်ဖြစ်၏။

ထိုနေရာမှာ တာဝန်ယူလျှက် ပညာသင်ကြားပေးနေသူများမှာ ရှမ်ဗဲလားမှ တာဝန်ပေးထားသော သဒ္ဓမ္မဆရာရှင်တို့ပင် ဖြစ်သည်။

ထိုဆရာရှင်တို့က ပညာသင်ကြားခွင့် ရသူတို့ကို ပထမအဆင့် ဒုတိယအဆင့် တတိယအဆင့်ဟူ၍ အဆင့်ခွဲခြားကာ ပညာသင်ပေးကြသည်။

ပထမအဆင့်တွင် သာမန်ရုပ်ခန္ဓာဖြင့် ပညာသင်ခွင့်ရသူတို့ကို သင်ကြားပေးသည်။

ရုပ်ခန္ဓာဖြင့် ပညာသင်ကြားခွင့်ရသူ အရေအတွက်ကတော့ အတော်ကလေး နည်းသည်။

ထိုနေရာနှင့်နီးသော ဘူတန်၊ လာဒတ်၊ ဆစ်ကင်၊ နီပေါ



www.burmeseclassic.com

www.burmeseclassic.com



ချီ၊ အိန္ဒိယ၊ တိဗက်၊ တရုတ်တို့ဖြစ်ကြသည်။

(မြန်မာနိုင်ငံမှ ပညာသင်ခွင့်ရသူ မရှိသလောက် နည်းပြီး ထိုအထဲမှာမှ ဒေါက်တာမင်းထင်ကျော် ဦးဗန်ကောင်းနှင့် ဆရာကြီးသူရဋ္ဌတို့သုံးဦး ပါဝင်ခွင့်. . သင်ကြားခွင့် ရခဲ့ခြင်းဖြစ်ပေသည်။)

ဟိမဝန္တာနှင့် ဝေးလံလှသောနေရာများမှ ပညာသင်ခွင့်ရသူများကတော့ ဒုတိယအဆင့်ရောက်မှ ပညာသင်ခွင့် ရကြလေသည်။

၎င်းတို့သည် မဟာဂန္ဓာရီတက္ကသိုလ်သို့ လာရောက်ပြီး ပညာသင်ကြရာထွင် ရုပ်ခန္ဓာများကို ထားခဲ့ပြီး လိပ်ပြာခန္ဓာဖြင့်သာ လာရောက်သင်ယူကြရခြင်း ဖြစ်ပေသည်။

အများအားဖြင့်တော့ ည(၁၁)နာရီမှ နံနက်(၄)နာရီအချိန်အတွင်း ရုပ်ခန္ဓာအိပ်ပျော်နေစဉ် လိပ်ပြာခန္ဓာဖြင့် ရောက်ရှိလာကာ ပညာသင်ယူကြခြင်းဖြစ်သည်။

တတိယအဆင့် အပါအဝင် ကျန်အဆင့်များကတော့ သဒ္ဓမ္မဆရာရှင်တို့က ဂိုဏ်းချုပ်ကြီးများထံမှာ လိုအပ်သောပညာရပ်များ ထပ်မံသင်ယူကြရသော အဆင့်ဖြစ်သည်။

ထိုအဆင့်မှာတော့ သာမန်အဆင့်ရှိသော သာဝကများ ပညာသင်ကြားခွင့် မရကြပေ။

ပညာသင်ယူမည့် သာဝကများကို ပထမအဆင့် ဒုတိယအဆင့်ခွဲပြီး ပညာသင်ယူကြရာတွင် သက်ဆိုင်ရာ ဘာသာရပ်တို့ကို သက်ဆိုင်ရာ အထပ်များ၌ လေ့လာသင်ကြားကြ





သည်။

'ချွင်' အဆောက်အအုံကြီးထဲမှာ ထိုကဲ့သို့သော ပညာသင်ကြားပေးသည့် အထပ်သုံးလေးထပ်သာ ရှိသည်။

ကျန်အထပ်များတွင် ပြတိုက်အထပ်၊ ဥယျာဉ်အထပ်၊ သုတေသနအထပ် စသည်ဖြင့် လုပ်ငန်းတာဝန်များ အဆင့်ဆင့်ခွဲခြားထားပြီး သဒ္ဓမ္မဆရာရှင်တို့က သက်ဆိုင်ရာ တပည့်သာဝကတို့ကို ပညာသင်ပေးကြသည်။

ဥယျာဉ်အဖြစ် ပြုလုပ်ထားသော အထပ်တွင် လူ့အသက်ကို ကယ်တင်နိုင်သော ဘယဆေးပင်များ၊ စိတ်ကိုပြောင်းလဲစေနိုင်သော ဘယဆေးပင်များနှင့် အခြားအစွမ်းသတ္တိ အမျိုးမျိုးရှိသော ဆေးပင်တို့ကို စိုက်ပျိုးထားလေသည်။

အချို့အပင်များမှာတော့ ယတြာဆင်သည့် သဘောဖြင့် အရပ်ဒေသတစ်ခု၏ အကျိုးအတွက် စိုက်ပျိုးထားသည်လည်းရှိသည်။ အချို့နေရာတွင် ကျောက်စားပွဲအရှည်လိုက်ကြီးပေါ်တွင် ကျောက်ပန်းအိုးတို့ဖြင့် စိုက်ပျိုးထားသော ရှားပါးလှသည့် သစ်ပင်၊ ဆေးပင်၊ အဆိပ်ပင်တို့လည်း ရှိလေသည်။

အချို့နေရာများမှာတော့ ကျောက်စားပွဲရှည်ကြီးများပေါ်မှာ ဆီမီးခွက်များ ရှိသည်။

သင်္ကေတတို့ကို မီးအလင်းရောင်တို့ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖော်ထားခြင်းပင်ဖြစ်၏။

နိုင်ငံတစ်နိုင်ငံ၊ မြို့ကြီးတစ်မြို့တွင် ကျရောက်လတ္တံ့သော ဘေးအန္တရာယ်ဆိုးများ ကင်းဝေးစေရန်၊ စီးပွားလာဘ်



www.burmeseclassic.com

www.burmeseclassic.com

လာဘ ကောင်းမွန်စေရန်၊ ဆန်ရေစပါးကောက်ပဲသီးနှံ ဖြစ် ထွန်းအောင်မြင်စေရန် မိုးတောက်များထွန်းလျက် ယတြာချေ ထားသော သင်္ကေတမီးရောင်များ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်မှာ တစ်ခု တည်းရှိနေသော ကြိုးတံတားဖြင့် တစ်ယောက်ပြီးတစ်ယောက် ကူးခဲ့ကြရာမှ ကျောင်းတော်ကြီးရှိသော တောင်စောင်းရှိရာဘက် သို့ ချောချောမောမော ရောက်ခဲ့ကြလေသည်။

ကျောင်းတော်ကြီးရှိရာ ဘက်မှာတော့ လူရိပ်လူခြည် မမြင်ရပဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

နှင်းမှုန်များအောက်မှာ ငြိမ်သက်စွာရှိနေသော. . ကျောင်းတော်ကြီးမှ ပကတိအိပ်မောကျနေသကဲ့သို့ ရှိသည်။

သုံးယောက်သား ဝင်ပေါက်တံခါးအနီးရောက်အောင် လျှောက်သွားကြရာ ထိုနေရာရောက်တော့ တိဗက်ဘုန်းတော် ကြီးများဝတ်သော ဝတ်ရုံရှည်ကြီး ဝတ်ဆင်ထားသူတစ်ယောက် ထွက်လာလေသည်။

၎င်းမှာ အသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိသေးပြီး အသားအရေမှာ ဖြူဝင်းလျက် သွက်လက်ရှင်ကြည်သော အရ အယာမျိုး ရှိလေသည်။

၎င်းက မနီးမဝေး ရောက်လာသောအခါ လက်အုပ်ချီ လျက် နှုတ်ဆက်စကား ဆိုလေသည်။

"ဝေးလံလှသော အရပ်ဒေသက ရောက်လာတဲ့ ဧည့် သည်တော်များကို မဟာဂန္ဓာရီတက္ကသိုလ်က ကြိုဆိုပါတယ်





ကျွန်ုပ်က လက်ထောက်ဆရာ 'ယင်' ဖြစ်ပါတယ်"

ထိုသို့ နှုတ်ဆက်စကားဆိုသောကြောင့် ဒေါက်တာ မင်းထင်ကျော်တို့ သုံးယောက်ကလည်း လက်အုပ်ချီကာ အရို အသေပေးလိုက်ကြသည်။

"ကျွန်တော်တို့က ပညာသင်ရန်အတွက် မြန်မာပြည်က လာကြသူတွေ ဖြစ်ပါတယ်"

ဆရာကြီးသူရဋ္ဌက ရောက်လာသူသုံးယောက်တို့၏ အမည်များကို ပြောပြလိုက်လေသည်။

"တစ်ဦးနဲ့တစ်ဦး မေတ္တာစက်ကွင်းချင်း ချိတ်မိထားပြီး တဲ့နောက်မှာတော့ နာမည်တွေက အဓိကမကျတော့ပါဘူး၊ သင် တို့ဟာ အမျှတ္တစွမ်းအင် မြင့်မားကြသူတွေဖြစ်ပါတယ်. . ၊ ဒါ ကြောင့်လည်း ရှမ်ဗဲလားရဲ့ မဟာဂန္ဓာရီတက္ကသိုလ်မှာ ပညာ သင်ကြားခွင့်ရစေရန် ရွေးချယ်ခံကြရခြင်း ဖြစ်ပါတယ်"

"ဒီအတွက် ကျွန်တော်တို့က အများကြီး ကျေးဇူးတင်ပါ တယ်"

ထို့နောက် လက်ထောက်ဂိုဏ်းချုပ်ဆရာ 'ယင်'က သူတို့ သုံးယောက်ကို ရှေ့မှဦးဆောင်ကာ ခေါ်သွားလေသည်။

တံခါးချပ်ကြီးများကိုဖွင့်ပြီး. . အတွင်းသို့ ဝင်ကြရပြီး နောက် ထိုတံခါးချပ်များကို ပြန်ပိတ်ထားလိုက်သည်။

အတွင်းသို့ ရောက်သောအခါ အခြားကမ္ဘာတစ်ခုသို့ ရောက်သွားသကဲ့သို့ ထင်ရလေသည်။

တံခါးမကြီး၏ အတွင်းပိုင်းမှာတော့ များပြားလှသော



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံများ၊ အသီးအပွင့်တို့ဖြင့် ဝေဝေဆာဆာ ရှိနေသော သစ်ပင်ပန်းပင်များ၊ မုံညင်း၊ ဂေါ်ဖီ၊ ဆလပ် အစရှိသော အသီးအရွက်တို့ကို သူ့နေရာနှင့်သူ စိုက်ပျိုးထားသော စိုက်ခင်းများ၊ ရေတွင်း၊ ရေကန် စသည်တို့ကို တွေ့မြင်ရလေသည်။

မဟာဂန္ဓာရီတက္ကသိုလ်အတွင်းမှာ သီးခြားနေရာတစ်ခုကဲ့သို့ ဖြစ်ပေသည်။

ယင်က သူတို့သုံးယောက်ကို သီးခြားဆောက်ထားသော အဆာက်အအုံ တစ်ခုရှိရာသို့ ခေါ်သွားလေသည်။

ထိုအဆောက်အအုံမှာ သစ်တောအုပ်များအနီး၌ ရှိကာ တောင်ခြေတစ်ခု၌ တန်းလျားသဖွယ် ဆောက်လုပ်ထားသော အဆောက်အအုံပင် ဖြစ်လေသည်။

ထိုနေရာရောက်တော့ လူအချို့ကို တွေ့ရသည်။ လူမျိုးပေါင်းစုံတို့ ဖြစ်သော်လည်း အိန္ဒိယ၊ တရုတ်နှင့် တိဗက်တို့လောက်သာသိပြီး ကျန်လူမျိုးများတော့ မသိကြပေ။

အချို့က စာဖတ်နေသည်. . အချို့က စာရေးနေကြသည်။ အချို့ကတော့ သီးနှံစိုက်ပျိုးသော စိုက်ခင်းများမှ ထ ရောက်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

သူတို့ ဝင်လာတာမြင်တော့ လက်အုပ်ချီလျက်၊ အပြုံးဖြင့် နှုတ်ဆက်ကြသည်။

ထိုအပြုံးများက အေးချမ်းမှုရှိကာ နှစ်လိုဖွယ်ကောင်းသောအပြုံးများ ဖြစ်ပေသည်။

တန်းလျားဆောင်ကြီးသို့ ရောက်သောအခါ 'ယင်'က





အခန်းတစ်ခန်းသို့ ပို့ပေးလေသည်။

ထိုအခန်းမှာ အခန်းကျယ်တစ်ခုဖြစ်ပြီး. . လူလေးယောက်စာအတွက် ခုတင်လေးလုံး ချထားလေသည်။

နံရံလေးခုတွင် တစ်နေရာစီ ခွဲချထားခြင်း ဖြစ်သည်။ အခန်းထဲမှာ အသုံးအဆောင်ပစ္စည်းအချို့လည်း အဆင်သင့်ရှိသည်။

ထိုအခန်းထဲ ရောက်သောအခါ 'ယင်'က ပြောပြသည်။

"ဒီအဆောင်က ရုပ်ခန္ဓာနဲ့ လာရောက် ပညာသင်ခွင့်ရတဲ့သူတွေကို ထားတဲ့အဆောင် ဖြစ်ပါတယ်၊ အခြားအခန်းတွေမှာလည်း သင်တို့လိုပဲ ပညာသင်တဲ့သူတွေ ရှိကြပါတယ်"

"သူတို့က ဘယ်အရပ်ဒေသတွေက လာရောက်ပြီး. . ပညာသင်ကြတာလဲဆရာ"

ဒေါက်တာမင်းထင်ကျော်က သိလိုက်သော အချက်ကို မေးလိုက်သည်။

"ကမ္ဘာ့အရပ်ရပ်မှာရှိတဲ့ ဝေးလံတဲ့အရပ်ဒေသတွေကတော့ ဒီနေရာကိုလာချင်ပေမယ့် မရောက်နိုင်ကြပါဘူး၊ ဒီနေရာမှာတော့ ရုပ်ခန္ဓာနဲ့ လာရောက်ပညာသင်ကြားနေကြတဲ့ သူတွေကတော့ ဘူတန်၊ တိဗက်၊ အိန္ဒိယ၊ တရုတ်၊ လာဒတ်၊ ဆစ်ကင်၊ ရှိဂတ်ချီ စတဲ့နေရာက ပညာသင်တွေ ဖြစ်ပါတယ်၊ မြန်မာပြည်က လာရောက်ပညာသင်ခွင့်ရတာကတော့ သင်တို့ ပထမဆုံး ဖြစ်ပါတယ်"

ထိုစကား ကြားသောအခါ ဒေါက်တာမင်းထင်ကျော်၏



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ များစွာကျေနပ်မှု ဖြစ်သွားလေသည်။

ထိုကဲ့သို့ အခြေအနေမျိုးရောက်အောင် အကူအညီပေးခဲ့သော ဆရာကြီးသူရဋ္ဌကိုလည်း များစွာကျေးဇူးတင်နေမိလေသည်။

"ဒီအတွက် အများကြီး ဝမ်းသာမိပါတယ်၊ ဒီနေရာမှာ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေကိုပဲ ရွေးချယ်ပြီး ပညာသင်ကြားခွင့်ပေးပါသလဲဆရာ"

"စိတ်ထားဖြူစင်ပြီး မေတ္တာစွမ်းအင်ရဲ့ အကျိုးတရားကို ယုံကြည်တဲ့သူတွေ ဒီတက္ကသိုလ်က သင်ပေးလိုက်တဲ့ ပညာရပ်တွေနဲ့ လူသားတွေရဲ့ ကောင်းကျိုးကို ဆောင်ရွက်ပေးနိုင်တဲ့သူမျိုးတွေကိုသာ ဆရာသခင်များက ရွေးချယ်ခေါ်ယူလေ့ရှိပါတယ်"

"ဒီမှာ ဘယ်လိုပညာရပ်မျိုးတွေကို သင်ပေးပါသလဲဆရာ"

"ဝိဇ္ဇာပညာရပ်ရော သိပ္ပံပညာရပ်ပါ နှစ်သက်ရာကို အကန့်အသတ်မရှိ သင်ယူနိုင်ပါတယ်"

"ကျွန်တော်တို့လို ရုပ်ခန္ဓာနဲ့ သင်ယူခွင့်ရတဲ့သူတွေအပြင် အခြားဘယ်သူတွေ သင်ခွင့်ရနိုင်ပါသေးသလဲ"

"ဝေးလံလှတဲ့ ကမ္ဘာ့နေရာအနှံ့အပြားမှာ ရှိကြတဲ့သူတွေက လိပ်ပြာခန္ဓာနဲ့ လာရောက်ပညာသင်ကြားပါတယ်၊ သူတို့က ညအချိန်ရောက်မှ သီးခြားလာရောက်ပြီး သင်ယူကြခြင်းဖြစ်ပါတယ်"





"ကျွန်တော်တို့ရော သင်ကြားခွင့် ရှိပါသလားဆရာ"

"မည်သူမဆို သင်ကြားခွင့်ရှိပါတယ်၊ သင့်အနေနဲ့ လိပ်ပြာခန္ဓာနဲ့ ပညာသင်ကြားချင်ရင် စိတ်စွမ်းအားကို မြှင့်တင်မှု အရင်ပြုလုပ်ရပါမယ်၊ စိတ်စွမ်းအားမြင့်လာတော့မှ လိပ်ပြာခန္ဓာကို လိုသလို အသုံးချနိုင်မှာ ဖြစ်ပါတယ်၊ ကြိုးစားမယ်ဆိုရင်တော့ ဘယ်အရာမဆို ရနိုင်ပါတယ်"

ဟုပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ တစ်နေ့ကျလျှင် ထိုအဆင့်မျိုးသို့ရောက်အောင် ကြိုးစားမည်ဟုသာ စိတ်ထဲမှ ဆုံးဖြတ်ထားပေသည်။

ထို့နောက် ဆရာကြီးသူရဋ္ဌက မေးပြန်လေသည်။

"ဒီကျောင်းတော်ကြီးနဲ့ ပတ်သက်ပြီး ပြုလုပ်ရမယ့် လိုက်နာရမယ့် စည်းကမ်းတွေရှိရင်လည်း ပြောပြပေးပါဆရာ"

ယင်က ဆရာကြီးသူရဋ္ဌထက် အသက်အရွယ် ငယ်သော်လည်း ဂုဏ်သိက္ခာအရ 'ဆရာ'ဟုပင် တလေးတစား ခေါ်လေသည်။

"လိပ်ပြာခန္ဓာနဲ့ ပညာသင်ကြားနေကြတဲ့သူတွေမှအပ ရုပ်ခန္ဓာနဲ့ ပညာသင်ကြားနေသူတွေအတွက်ကတော့ နေ့စဉ်ဆောင်ရွက်ရမယ့် ဝတ္တရားတွေရှိပါတယ်"

ဆရာယင်က ပြုလုပ်ရမည့် ဝတ္တရားများကို အချိန်နာရီနှင့်တကွ ပြောပြလေသည်။

နံနက်လေးနာရီတွင် အိပ်ရာမှထပြီး ကိုယ်လက်သန့်



www.burmeseclassic.com

www.burmeseclassic.com



စင်ပြီးနောက် တစ်ကမ္ဘာလုံးသို့ မေတ္တာပို့ပေးခြင်း၊ မေတ္တာတရားပွားများခြင်းတို့ကို ပြုလုပ်ရသည်။

(၅)နာရီထိုးသောအခါ အဆောက်အအုံကြီး၏ အပေါ်ဆုံးထပ်၌ရှိသော ဘုရားခန်းသို့တက်ရောက်ပြီး ဘုရားဝပ်ပြုကြရသည်။

ဘုရားဝတ်ပြုပြီးသည်နှင့် ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် လက်ထောက်ဆရာများက ဩဝါဒပေးခြင်းကို နာခံကြရသည်။ နံနက်ခုနစ်နာရီအချိန် ရောက်ပါက စားသောက်ဆောင်၌ နံနက်စာ စားကြရသည်။

ထိုသို့စားသောက်ပြီးသည်နှင့် မိမိတို့နှင့် သက်ဆိုင်သော စာသင်ခန်းများသို့ သွားရောက်ပြီး သက်ဆိုင်ရာ ပညာရပ်တို့ကို သင်ကြားလေ့လာကြရသည်။

နေ့လယ် (၁၁)နာရီခန့်တွင် စာသင်ခြင်းကို နားပြီး ရေမိုးချိုးခြင်း၊ ကိုယ်တော်သန့်စင်ခြင်း စသော လေ့ကျင့်ခန်းများ ပြုလုပ်ကြရပြီးနောက် နေ့လည်စာ စားကြရသည်။

နေ့လယ်စာ စာပြီးသည်နှင့် အနားယူလိုပါက နှစ်နာရီခန့် နားခွင့်ရသည်။

အနားမယူလိုပဲ အခြားလေ့လာမှုများ ပြုလုပ်လိုပါကလည်း မိမိဆန္ဒအလျောက် ပြုလုပ်ခွင့်ရသည်။

နေ့လယ် တစ်နာရီ နောက်ပိုင်းမှာတော့ သစ်သီးဆွတ်ခူးခြင်း ဂျုံ စပါး၊ စသော စိုက်ခင်းများ ပြုလုပ်ခြင်း၊ အခြားသီးနှံစိုက်ခင်းများကို စိုက်ပျိုးခြင်း၊ ပြုပြင်ခြင်းများကို လုပ်ကြရသည်။





ထိုမှရသော အသီးအနှံ အသီးအရွက်တို့မှာ ကျောင်းဆောက်ကြီးမှာရှိသူတို့ အာဟာရအဖြစ် စားသောက်ကြလေသည်။

သီးနှံစိုက်ခင်းတို့မှာ ဖြစ်ထွန်းသောကြောင့် ကျောင်းဆောက်ကြီးမှာရှိသူတို့ စားသုံးမကုန်အောင်ရှိလေသည်။

ညနေဦးပိုင်းအချိန်ရောက်သောအခါ ဘုရားခန်းသို့ တစ်ကြိမ်တက်ပြီး ဘုရားဝတ်ပြုကြရပြန်၏။

ညအချိန်ရောက်လျှင်တော့ မေတ္တာပို့သော အလုပ်နှင့် စိတ်စွမ်းအင် လေ့ကျင့်မှုကို ပြုလုပ်ကြရသည်။

နံနက်ပိုင်းတွင် လက်တွေ့သင်ကြားမှုများ ပြုလုပ်ကြရပြီး ညအချိန်မှာတော့ စိတ်စွမ်းအင်လေ့ကျင့်မှုများကို ပြုလုပ်ကြရခြင်း ဖြစ်ပေသည်။

ထို့နောက်မှာတော့ အိပ်စက်ရန် အချိန်ရောက်လျှင် စိတ်ဆိတ်ငြိမ်သက်စွာဖြင့် အိပ်ကြရသည်။

ညဆယ့်တစ်နာရီကျော်ပါက မအိပ်လိုသော်မှ လှုပ်ရှားမှုပြုပဲ အသံမထွက်အောင် နေပေးကြရသည်။

အဘယ်ကြောင့်ဆိုသော်. . .

ည (၁၁)နာရီမှ နံနက် (၄)နာရီအချိန်အတွင်းမှာ ကမ္ဘာအရပ်ရပ်မှ လိပ်ပြာခန္ဓာဖြင့် လာရောက်ပညာသင်ယူသူတို့ရောက်လာပြီး ပညာသင်ကြသော အချိန်ဖြစ်သောကြောင့်ပင်။

အထက်ပါ ပြောပြချက်များမှာ မဟာဂန္ဓာရီ တက္ကသိုလ်ကြီး၌ လာရောက်ပညာသင်ကြားခွင့်ရသူတိုင်း လိုက်နာပြုလုပ်ရသော အချက်များပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာယင်က သူတို့သုံးယောက်ကို အခန်းထဲသို့ လိုက်ပို့ရင်းနှင့် ပညာသင်သူတို့-လိုက်နာရသော အချက်တို့ကို ပြောပြပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ကမ္ဘာသစ်တစ်ခုသို့ ရောက်နေရသကဲ့သို့ထင်နေမိသည်။







# အခန်း(၅)

# ဆေးစက်အဝင်ဆုံးဆေးပင်များ

ဒေါက်တာမင်းထင်ကျော်ကတော့ သဘာဝတစ်သက်တာတွင် မျှော်လင့်ထားသော ကိစ္စတစ်ခုကို ပြုလုပ်ခွင့်ရသဖြင့် များစွာစိတ်လှုပ်ရှားနေသည်။

မျှော်လင့်ချက်များဖြင့် တက်ကြွမှုလည်း ဖြစ်နေမိသည်။

သို့ကြောင့် ညအချိန်မှာပင် အိပ်စက်ခြင်းမပြုပဲ မေတ္တာစွမ်းအင်ကို မြှင့်တင်ခြင်း၊ စိတ်စွမ်းအားများ တိုးတက်လာမှုရှိစေ



www.burmeseclassic.com

www.burmeseclassic.com



ရန် စတင်လေ့ကျင့်မှုများ ပြုလုပ်လေသည်။

(စိတ်စွမ်းအင် အဆင့်ဆင့် မြှင့်တင်မှုပြုလုပ်ခဲ့ပုံများကို တော့ နောက်အခန်းများ၌ အလျဉ်းသင့်ပါက ရေးသားဖော်ပြ ပေးပါမည်။)

နောက်တစ်နေ့ နံနက်ပိုင်းအချိန် ရောက်သောအခါ ကျောင်းတော်ကြီးရှိရာမှ ကြေးစည်သံ၊ ဖားစည်တီးသံများ ကြား ရလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး နှင်းမှုန်များဖြင့် ပိတ်ဆီးနေလေ သည်။ ထိုအချိန်မျိုးတွင် အခြားအသံများလည်း မကြားရပဲ ရှိ လေရာ တိတ်ဆိတ်ခြင်းကလည်း နေရာအနှံ့တွင် နှင်းမှုန်နှင်း စက်များကဲ့သို့ ကြီးစိုးထားလျက် ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က လက်မှနာရီကို ကြည့် လိုက်တော့ နံနက်လေးနာရီ ထိုးလေပြီ။

ကျောင်းတော်ကြီးမှ ချမှတ်ထားသော စည်းကမ်းအ တိုင်း မေတ္တာပို့ရမည့်အချိန် ရောက်လေပြီ။

နောက်တစ်ကြိမ် ကြေးစည်သံ၊ ဖားစည်တီးသံများကြား ရပြန်သည်။

ပထမတစ်ကြိမ်က အိပ်ပျော်နေသူများ အိပ်ရာမှ နိုးထ ရန်ဖြစ်ပြီး ဒုတိယအကြိမ်က တစ်ပြိုင်နက်တည်း မေတ္တာဓာတ် သို့လွှတ်ရန် အချက်ပေးသံပင်ဖြစ်၏။

ဖြူနှင်းများ ပိတ်ဆီးနေသော နံနက်ခင်း အချိန်မှာပင် ထိုကဲ့သို့ ကြေးစည်သံ၊ ဖားစည်တီးသံများ ကြားရခြင်းကပင်





စိတ်နှလုံးကို ချမ်းမြေ့သာယာစေပြီး မေတ္တာဓါတ်ကို ပိုမိုနိုးကြား လာစေပါသည်။

ထိုသို့ မေတ္တာပို့ပြီး (၅)နာရီထိုးသောအခါ မျှော်စင်ကဲ့သို့ ဆောက်ထားသော 'ချွင်' အဆောက်အအုံကြီး၏ အပေါ်ဆုံးအ ထပ်သို့ တက်ကြရသည်။

အတွင်းဘက်တွင် ကြောင်လိမ်လှေကားသဖွယ် ပြုလုပ် ထားသော လှေကားထစ်များမှ တစ်ထပ်ချင်းအပေါ်သို့ တက် သွားကြရခြင်း ဖြစ်သည်။

ကျောင်းတော်ကြီးမှ ဂိုဏ်းချုပ်ဆရာတော်ကြီး၊ ဂိုဏ်း ဆောက်ဆရာများ၊ သဒ္ဓမ္မဆရာများ၊ ပညာသင်ကြားနေကြသူ များ လှေကားထစ်များအတိုင်း ငြိမ်သက်စွာဖြင့် အပေါ်သို့ တက် သွားနေကြသည်။

အထပ်တိုင်း အထပ်တိုင်းတွင် အခန်းကျယ်ကြီးများ ရှိသော်လည်း တံခါးချပ်ကြီးများ ပိတ်ထားသည်။

ထိုအထပ်များမှာ သက်ဆိုင်ရာ ဘာသာရပ်များကို သင် ကြားပေးသော စာသင်ခန်းမကြီးများပင် ဖြစ်တော့သည်။

အပေါ်ဆုံးအထပ်မှာ ခန်းမကျယ်ကြီးဖြစ်သည်။

အရှေ့ဘက်တွင် စင်မြင့်တစ်ခုရှိပြီး ထိုစင်မြင့်အလယ် နေရာလောက်၌ ကျောက်ပလ္လင်တစ်ခု ရှိသည်။

ထိုကျောက်ပလ္လင်ပေါ်မှာ ဉာဏ်တော် လေးပေခန့်မြင့် သော ဗုဒ္ဓဆင်းတုတော်တစ်ဆူ ရှိသည်။

ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားဟန်ဖြင့် ရွှေရောင်များ



www.burmeseclassic.com

www.burmeseclassic.com



က ဝင်းလက်နေလေသည်။

ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ပန်းဖယောင်းတိုင်များ၊ ဆီမီးခွက်များနှင့် အမွှေးနံ့သာထည့်ထားသော ခွက်တို့ကို မီးထွန်းထားရာ နံ့သာနံ့များက အခန်းထဲမှာ ပျံ့နှံ့နေသည်။

ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ဂိုဏ်းချုပ်ဘုန်းကြီးက နေရာယူပြီး ၎င်းနောက်မှတော့ လက်ထောက်ဂိုဏ်းချုပ် ဆရာတော်များ ရှိသည်။

ထိုနောက်မှ သဒ္ဓမ္မဆရာရှင်များ၊ ပညာသင်ကြားနေသော တပည့်များက နောက်ပိုင်းနေရာများမှာ အဆင့်ဆင့်ထိုင်ကြရလေသည်။

ဘုရားရှိခိုးပြီးသောအခါ ဂိုဏ်းချုပ်ဆရာတော်ကြီးက အားလုံးကို ဩဝါဒစကား မိန့်ကြားလေသည်။

ဆရာတော်ကြီး မိန့်ကြားသော ဩဝါဒစကားများ၏ အနှစ်ချုပ်မှာ. . . .

ကိုယ်ကျင့်တရား ကောင်းမွန်ရမည်။

မေတ္တာတရားများ ပွားများရမည်။

မေတ္တာစက်ကွင်းကို တတ်စွမ်းသမျှ ကျယ်ပြန့်အောင် ဖြန့်ကြက်ပေးရမည်။

သင်ယူခွင့်ရသော ပညာရပ်တို့ကို တန်ဖိုးထားပြီး သင်ယူကြပြီးနောက် မိမိတို့နေရပ်သို့ ပြန်ရောက်ပါက ထိုပညာရပ်တို့ဖြင့် လူသားတို့၏ ကောင်းကျိုးကို ကြိုးစားဆောင်ရွက်ကြရမည်။

မြတ်စွာဘုရားနှင့် တရားတော်တို့၏ ဂုဏ်တော်များကို





စိတ်အာရုံမပြတ် ကိုးကွယ်ဆည်းကပ်ရမည်။

စသော. . အဓိကအချက်များ ပါဝင်လေသည်။

ဘုရားဝတ်ပြုပြီးနောက် ဆရာယင်က သူတို့သုံးယောက်ကို စားသောက်ခန်းမသို့ ခေါ်သွားလေသည်။

ကျယ်ဝန်းလှသော ခန်းမဆောင်ကြီးအတွင်း ရောက်တော့မှ မိမိတို့နှင့် ပညာသင်ဖော် ပညာသင်ဘက်တော်များနှင့် တွေ့ရသည်။

လူမျိုးစုံသလောက် စကားမျိုးစုံတို့ကိုလည်း ကြားရသည်။ စားသောက်ဆောင်မှ ကျွေးမွေးသော အစားအသောက်များကတော့ ယာဂု၊ ဆံပြုတ်၊ ဂျုံဖြင့်ပြုတ်ထားသော မုန့်မျိုးစုံ အစားအသောက် မျိုးစုံ၊ အသီးအရွက်ဖြင့် ချက်ပြုတ်ထားသော ဟင်းများ၊ စွပ်ပြုတ် စသည်တို့မှာ အသားဟင်း၊ ငါးဟင်း လုံးဝမပါသော အစားအသောက်များ ဖြစ်သော်လည်း စားသောက်ရသည်မှာ အရသာရှိလှသည်။

ခံတွင်းမြိန်လှသည်။

စားဖိုဆောင်မှာ တာဝန်ယူကာ ချက်ပြုတ်ပေးနေသူများက အလိုရှိသော အစားအသောက်များကို ထည့်ပေးလေသည်။ ၎င်းတို့မှာ ကမ္ဘာကျော် စားဖိုမှူးများကဲ့သို့ပင်အသီးအရွက်၊ ဂျုံ၊ ဆန်တို့ကို အသုံးပြုကာ ချက်ပြုတ်သော စားသောက်ဖွယ်ရာ အမျိုးမျိုးတို့မှာ အရသာရှိလှသည်။

အထူးခြားဆုံးမှာ အသီးအရွက်စိမ်းများဖြင့် ဖျော်ထားသော သစ်သီးဖျော်ရည်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီး၊ မုန်လာဥ၊ ငှက်ပျောသီး၊ ဂျင်း၊ ကြက်သွန်ဖြူ အပါအဝင် ဆေးဖက်ဝင် အသီးအရွက်မျိုးစုံတို့ကို ကြိတ်ထားသော သစ်သီးဖျော်ရည်ကိုတော့ အစားအစာ စားပြီးပါက.. ဖန်ခွက်တစ်လုံးစာမျှ သောက်ကြရသည်။ အားလုံး သောက်ကြရခြင်းဖြစ်သည်။

ထိုစားသောက်ခန်းထဲရောက်သွားတော့မှ ပညာသင်နေကြသူများ အပါအဝင် ကျောင်းတော်ကြီးအတွင်းမှာ ရှိကြသော လူအတော်များများတို့နှင့် တွေ့ရလေသည်။

ထိုကဲ့သို့ တွေ့သောအခါမှာလည်း တစ်ဦးနှင့် တစ်ဦး ရင်းရင်းနှီးနှီးဖြင့် ပြောဆိုနှုတ်ဆက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က သစ်သီးဖျော်ရည်တစ်ခွက် ထည့်ယူနေစဉ်မှာ သူ့နံဘေးသို့ လူတစ်ယောက်ရောက်လာသဖြင့် ပြုံးပြလိုက်သည်။

"ခင်ဗျားက ဗမာလူမျိုးတစ်ယောက်ပါလား"

"ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်နာမည်က ဒေါက်တာကျန်လီလို့ ခေါ်ပါတယ်၊ ကျွန်တော်က တရုတ်ပြည်က လာပြီး ပညာသင်ကြားခွင့်ရတာပါ"

ဟုပြောဆိုပြီး တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်သည်။

ထို့နောက် သစ်သီးဖျော်ရည်တစ်ခွက်စီ သောက်ရင်း





စကားပြောနေကြစဉ် နောက်ထပ် တစ်ယောက်က လာပြီး မိတ်ဖွဲ့ပြန်လေသည်။

ထိုသူ၏ အမည်မှာ 'လာစင်' ဖြစ်ပြီး သူက တိဗက်မှလာရောက်ကာ ပညာသင်ကြားနေသူဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အနေနှင့်တော့.. ကျောင်းတော်ကြီးသို့ သူတို့အရင် ရောက်နေသူများနှင့် ယခုလို မိတ်ဆွေဖြစ်ရသဖြင့် များစွာကျေနပ်ဝမ်းသာခြင်း ဖြစ်မိလေသည်။

"နေ့လယ်ဘက် အားလပ်တဲ့အချိန်ကျရင် ကျွန်တော်တို့ သုံးယောက် အေးအေးဆေးဆေး စကားပြောကြရင် မကောင်းဘူးလား"

လာစင်က ပြောသည်။

"ကောင်းတာပေါ့ဗျာ တစ်ယောက်နဲ့တစ်ယောက် ပညာချင်း ဖလှယ်ကြတော့ ပညာတိုးတာပေါ့"

လာစင်ပြောသည်ကို ဒေါက်တာကျန်လီကပါ သဘောတူသဖြင့် ပညာသင်ချိန်ပြီး၍ နားချိန်ရောက်ပါက တစ်နေရာမှာ တွေ့ဆုံကြရန် တိုင်ပင်ထားကြလေသည်။

နံနက်စာ စားသောက်ပြီးသောအခါ စာသင်ခန်းများရှိရာသို့ သွားကြရလေသည်။

မိမိသင်ယူလိုသော ဘာသာရပ်များ သင်ကြားပေးသော အခန်းများရှိရာသို့ သွားကြရသဖြင့် လူချင်းကွဲသွားကြလေတော့သည်။ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာ ဆေးပင်များကို ဥယျာဉ်သဖွယ် ပြုလုပ်ထားသောအလင်းသို့



www.burmeseclassic.com

www.burmeseclassic.com



တက်သွားပြီးနောက် ဆေးပင်များ ကို ကြည့်ရှုလေ့လာကြသည်။

ကမ္ဘာနေရာအနှံ့အပြားတွင် လူ့အသက်ကို ကယ်တင် ပေးနိုင်သော ဆေးပင်ပေါင်းများစွာ ရှိကြသည်။

မည်သည့်အပင်မှ ဆေးဖက်မဝင်သည်မျိုး မရှိပေ။ အဆိပ်ပင်သော်မှ ဆေးအဖြစ် အသုံးပြုတတ်ပါက အစွမ်းထက် လှသည့်ဆေးအဖြစ် ရနိုင်ပေသည်။

မသိသောကြောင့်သာ အသုံးမပြုနိုင်ကြခြင်း ဖြစ်ပေ သည်။

ကျယ်ဝန်းလှသော အထပ်ကြီးတစ်ခုလုံးမှာ ဆေးပင် များနှင့် ပြည့်နေပြီး ဥယျာဉ်ကြီးသဖွယ် ဖြစ်နေတော့သည်။

သူတို့အနေဖြင့် မြင်ဖူးတွေ့ဖူးသော ဆေးပင်များပါသ လို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသော ဆေးပင်အတော်များများ ကိုလည်း တွေ့ရသည်။

ထိုဥယျာဉ်မှာပင် သာမန်ဆေးပင်များက နေရာသပ် သပ်၊ အစွမ်းသတ္တိ ထူးခြားသော ဆေးပင်များက နေရာသပ်သပ် ခွဲထားသည့်အပြင် အဆိပ်ပင်များကိုတော့ နေရာသီးခြားထား လေသည်။

ထိုနေရာမှာရှိသော ဆေးပင်များ၏ အညွှန်း၊ အသုံးပြု ပုံ၊ ပျောက်ကင်းစေနိုင်သော ရောဂါများကိုတော့ စာအုပ်ကြီးများ ဖြင့် ရေးသားထားသည်။

ဘာသာမျိုးစုံဖြင့် ရေးသားထားသဖြင့် လူမျိုးမရွေး၊ ဘာ သာမရွေး လေ့လာနိုင်သော ဆေးအဘိဓာန်ကျမ်းကြီးများ ဆိုရ





ည်း မမှားပါချေ။

စာအုပ်များထားသောနေရာမှာ 'စရကသံဟိတာ' ဆေး ကျမ်းကဲ့သို့သော ရှားပါးလှသည့် စာအုပ်ကြီးများလည်း ရှိသည်။

ထိုစာအုပ်ကြီးများကတော့ သက္ကတဘာသာဖြင့် ရေး သားထားခြင်း ဖြစ်သည်။

ဆေးပင်များကို လေ့လာသင်ကြားကြသူများက သိလို သမျှ ရှာဖွေကြည့်ရှုပြီး မှတ်သားကြရသည်။

မရှင်းလင်းသော၊ မသိသောအချက်များရှိပါက ထိုအ ခန်းထဲမှာ ရှိနေကြသည့် 'သဒ္ဓမ္မဆရာရှင်' တို့ထံမှာ မေးမြန်းနိုင် သည်။

ဆရာရှင်တို့ကလည်း ဆေးပင်တစ်မျိုးချင်းစီကို အသေး စိတ် စိတ်ရှည်လက်ရှည် ရှင်းလင်းသင်ကြားပေးလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အတွက် တန်ဖိုးမဖြတ်နိုင် လောက်အောင် ရရှိသောမှတ်တမ်းမှာ ရှားပါးသောဆေးပင်များ၊ သာမန်ဖြင့် ရှာမတွေ့နိုင်သော ဆေးပင်တို့ကို မည်သည့်အချိန်၊ မည်သည့်ရာသီတွင် မည်သည့်နေရာ၌ သွားရောက်ရှာဖွေပါက တွေ့ရှိနိုင်သည်ဟု ရေးသားထားသော ဆေးကျမ်းများကို ဖတ်ရှု လေ့လာခွင့် ရခြင်းဖြစ်သည်။

"လူ့အသက်ကို ရှည်စေနိုင်သော 'အဆက်ကလူစီ' ဟု ခေါ်သော ဆေးပင်မှာ ဒန်းကြီးပင်၊ ပျားမြီးရွက်ပင်နှင့် ပုံသဏ္ဍာန် တူ၏။

အေးမြသောရာသီဥတု အေးမြသောနေရာရှိသော ထုံး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူများအတွင်း၌ ဝင်ရောက်ရှာဖွေပါက တွေ့နိုင်သော သည်. . ဟူသော အညွှန်းမျိုး ဖြစ်သည်။

တစ်ပင်လုံးဆူးရှိပြီး ရေအောက်၌ ပန်းရောင်အပွင့် ပွင့်သော ဆေးပင်သည် ဒူလာရောဂါနှင့် ဝမ်းရောဂါမှန်သမျှ ပျောက်ကင်းပေသည်။

ထို့ပြင်. . အနာဟူသမျှ ပျောက်ကင်းစေနိုင်သော. . 'အလ္လီယယ် ယယ်ဆတီဗယ်၊ ဗလစမောဒန် ဖြောင်မိရဟ' ဟူသော ဆေးပင်များကို ပုံနှင့်တကွ ရေးသားဖော်ပြထားပြီး အချို့ အမည်များမှာ သက္ကတဘာသာဖြင့် ရေးသားဖော်ပြထားခြင်း ဖြစ်ပေသည်။

အပင်ရှည်ပြီး အရွက်က ဝါကျင်ကျင်ရှိကာ ၎င်းဆေးပင် ကို အရည်ညှစ်ပြီး ခန္ဓာကိုယ်မှာ သုတ်လိမ်းထားရုံဖြင့် အဆိပ်ရှိ သော ပိုးမွှား၊ သတ္တဝါတို့ မကိုက်နိုင်ကြောင်း၊ ထိုဆေးပင်အမည် မှာ လက်တင်ဘာသာဖြင့် 'ဗက်ကောနိယာကော်ဒတ' (Beconia Cordata) ရေးသားထားသည်။

ထို့ပြင် မြောက်မြားလှစွာသော ဆေးပင်များအကြောင်း ကို ရေးသားထားပေရာ ထိုအကြောင်းများကိုတော့ ပြည့်စုံ အောင် ရေးသားဖော်ပြခြင်း မပြုနိုင်သည်ကိုတော့ နားလည်ခွင့် လွှတ်ပေးစေလိုပါသည်။

အဘယ်ကြောင့်ဆိုပါလျှင် ဆေးမှတ်တမ်းများကိုသာ ရေးသားနေပါက 'ဆေးကျမ်းစာအုပ်' ဖြစ်သွားနိုင်စရာအ ကြောင်းရှိသောကြောင့်ဖြစ်သည်။





ဆေးပင်များကို လေ့လာသူများက ဆေးပင်များကို လေ့ လာပြီး သိလိုသော အချက်တို့ကို ဆေးအဘိဓာန်ကျမ်းများ ရှာ ဖွေကြည့်ရှုကြရသည်။

မရှင်းသော အချက်များကိုတော့ ဆရာရှင်များထံမှာ သွားရောက်မေးမြန်းကြရသည်။

ဆေးဥယျာဉ်ခန်း တစ်နေရာမှာတော့ ဆရာရှင်ယင်ရှိ နေပြီး သူက မြက်ပင်များအကြောင်းကို ပြောပြနေသည်။

"မြက်ပင်ဆိုတာ ကမ္ဘာပေါ်မှာ ပထမဆုံး ပေါ်ပေါက် လာတဲ့ အပင်အမျိုးအစားပဲ ရေမြေလေမီးဓာတ်ကြီးလေးပါး ညီညွတ်မျှတပြီး သက်ရှိတွေနေနိုင်လောက်တဲ့ အခြေအနေမျိုး ပေါ်ပေါက်လာတာနဲ့ ကမ္ဘာမြေပေါ်မှာ ပထမဆုံးပေါ်ပေါက်လာ တာ မြက်ပင်ပဲ".

ဆရာရှင်ယင် ပြောပြနေသည်ကို ပညာသင်များက သေချာမှတ်သားနေကြသည်။

"ကမ္ဘာမြေပေါ်မှာ မြက်ပင်ပေါက်လာတဲ့နောက်မှာ. . ကျွန်းပင်၊ ညောင်ပင်၊ သပြေပင် စတဲ့ ကမ္ဘာဦး သစ်ပင်ကြီးတွေ ဟာလည်း အစဉ်အတိုင်း ပေါ်ပေါက်လာကြတာဖြစ်တယ်"

"မြက်ပင်က ဘယ်လိုဆေးဖက်ဝင်ပါသလဲဆရာ"

"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော စတဲ့ဓာတ်ကြီး လေးပါးကြောင့်ဖြစ်တဲ့ ရောဂါမှန်သမျှ မြက်ပင်ကို ဆေးအဖြစ် သုံးလို့ရတယ်၊ ရောဂါမှန်သမျှ ဓာတ်ကြီးလေးပါးကြောင့် ဖြစ်တာ ချည်းပဲ မြက်ပင်ကဓာတ်ကြီးလေးပါးကို တွန်းလှန်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြပေးပါဆရာ"

"မြက်ပင်ဆိုတာ ပထဝီဓာတ်ဖြစ်တဲ့ မြေကြီးနဲ့အုပ်ထား လည်း မသေဘူး၊ တော်ကြာ အညွန့်အရွက် ပြန်ထွက်လာတာပဲ တေဇောဓာတ်လို့ခေါ်တဲ့ မီးလောင်လည်း မသေဘူး၊ လေတိုက် လည်း မသေဘူး၊ ရေထဲနှစ်ထားလည်း မသေဘူး၊ ဒါကြောင့် ပထဝီတေဇော အာပေါ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးကို အန်တုနိုင်တာ မြက်ပင်တစ်မျိုးပဲရှိတယ်"

"သဘောပေါက်ပါပြီဆရာ"

"သက်ရှိသတ္တဝါတွေ၊ လူတွေမှာ ရောဂါဖြစ်တယ်ဆိုရင် အကြောင်းနှစ်မျိုးပဲရှိတယ်၊ အပူကြောင့်ဖြစ်တာနဲ့ အအေး ကြောင့်ဖြစ်တာပဲ၊ ဒီနှစ်မျိုးကိုအခြေခံပြီး ရောဂါအမျိုးအမည် ပေါင်းများစွာ ဖြစ်ကြတာပဲ၊ ဒီရောဂါနှစ်မျိုးကို မြက်ပင်က နိုင် စေတယ်"

"ဟုတ်ကဲ့ဆရာ"

"တိရစ္ဆာန်တွေအတွက် အကောင်းဆုံးနတ်ဆေးပင် ရှိ တယ်. . တခြားမဟုတ်ဘူး မြက်ပင်ပဲ၊ ခွေး၊ ကြောင်၊ ဆိတ်နွား စတဲ့ တိရစ္ဆာန်တွေ ဝမ်းထဲမှာ ရောဂါတစ်ခုခုဖြစ်နေရင် မြက်ပင် ကိုစားပြီး အန်ပစ်လေ့ရှိတယ် အဲဒီလိုအန်ချလိုက်ရင် ရောဂါ ပျောက်သွားတယ်"

"ကျွန်တော်တို့က မြက်ပင်တွေကို သာမန်လို့ပဲသဘော ထားခဲ့ကြတာပါ၊ ဆရာပြောပြမှပဲ မြက်ပင်တွေရဲ့ အစွမ်းသတ္တိ ကြီးမားပုံကို သိရပါတော့တယ်"





"မြက်ပင်တွေဟာ ကမ္ဘာကြီးရဲ့ သင်္ကေတဆိုရင်လည်း မမှားဘူး၊ ကမ္ဘာမြေမျက်နှာပြင်ပေါ်မှာ မြက်ပင်တွေ လုံးဝမရှိ တော့ဘူးဆိုရင် ဘယ်လိုဖြစ်လာမယ်လို့ သင်တို့ ယူဆကြသလဲ"

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဆရာယင်က ခေတ္တနားစွင့်ပြီးမှ ဆက်ပြောသည်။

"ကမ္ဘာမြေပြင်ပေါ်မှာ သစ်ပင်တွေ မရှိတော့ရင် သက်ရှိ သတ္တဝါတွေအတွက် အန္တရာယ်ဆိုးတွေနဲ့ တွေ့နိုင်ကြမှာ ဖြစ် သလို မြေမျက်နှာပြင်ပေါ်မှာ မြက်ပင်မရှိတော့ရင် ဘ. ..သတ္တဝါ မှ အသက်မရှင်နိုင်ကြတော့ဘူး"

ဆရာရှင်,ယင်၏ စကားသည် ရှေ့အနာဂတ်ကာလအ တွက် များစွာရင်လေးဖွယ်ရာကောင်းသော စက..းမျိုးပင် ဖြစ် သည်။

ရှေးအခါက ကမ္ဘာပေါ်တွင် သစ်တောကြီးများကနေရာ အတော်များများမှာ ဖုံးအုပ်ထားခဲ့သည်။

လူအပါအဝင် သက်ရှိသတ္တဝါတို့ အသက်ရှင်ခွင့် ရခဲ့ကြ သည်။ ယခုအခါ သစ်တောကြီးများကို အမှီပြုနေသူများက ထိုသစ်တောကြီးများကို ဖျက်ဆီးကြသဖြင့် အတော်များများ မရှိ တော့ပေပြီ။

ထိုအခါ သဘာဝဘေးအန္တရာယ်ဆိုးကြီးများ တစ်ခုပြီး တစ်ခု တစ်မျိုးပြီးတစ်မျိုး ရောက်လာသောကြောင့် လူပေါင်းများ စွာတို့ အစုလိုက်အပြုံလိုက် သေကျေပျက်စီးခဲ့ကြရသည်။

အကယ်၍သာ သစ်တောကြီးများ လုံးဝပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုပါက သစ်ပင်လုံး၀ မပေါက်သော အခြားကမ္ဘာဂြိုဟ်များကဲ့သို့ သက်ရှိတွေလည်း ရှိနိုင်ကြတော့မည် မဟုတ်ပါချေ။ ဆရာရှင်,ယင် ပြောသကဲ့သို့ ကမ္ဘာမြေမျက်နှာပြင်ပေါ်မှ မြက်ပင်များပါ ပျောက်ကွယ်သွားမည်ဆိုလျှင်တော့ သက်ရှိသတ္တ၀ါတို့၏ ကံကြမ္မာကား မတွေးရဲစရာပင် ဖြစ်ပေတော့သည်။





# အခန်း(၆)

# ဒေါက်တာကျန်လီနှင့်တွေ့ရှိခြင်း

မဟာဂန္ဓာရီ တက္ကသိုလ်သို့ ရောက်ခဲ့ကြသည်မှာ တစ်လကျော်ခန့် အချိန်ကြာခဲ့ကြပေပြီ။

ထိုကာလအတွင်းမှာ ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်အတွက် တန်ဖိုးမဖြတ်နိုင်သော ပညာရပ်များကို ရခဲ့ကြသသည်။

ဆရာကြီးသူရဠ ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ မြန်မာပြည်မှ လာစဉ်ကသာ ပီတိတူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တူဖြင့် အတူတကွ လာခဲ့ကြသော်လည်း မဟာဂန္ဓာရီ တက္ကသိုလ်သို့ ရောက်ကြပြီးနောက် ပညာသင်ရာမှာတော့ မတူကြတော့ပေ။ ဆရာကြီးသူရဇ္ဇက တစ်နေရာ၊ ဦးဗန်ကောင်းက တစ်နေရာ ဒေါက်တာ မင်းထင်ကျော်က တစ်နေရာစီ ဖြစ်သွားကြသည်။ သင်ယူသော ပညာရပ်ချင်း မတူကြသောအခါ နေရာချင်းလည်း မတူကြတော့ပေ။

ဆရာကြီးသူရဇ္ဇက စိတ်စွမ်းအင်အဆင့်ဆင့် မြှင့်တင်နိုင်စေသော ပညာရပ်များကို သင်ယူလေ့လာနေသည်။

နောက်မှ သိရသည်မှာ ဆရာကြီးသူရဇ္ဇမှာ နေ့ဘက်အချိန်များမှာသာမကပဲ ညအချိန်ရောက်လျှင်လည်း လိပ်ပြာခန္ဓာဖြင့်တစ်ဖန် တက်ရောက်ကာ ပညာသင်ပြန်လေသည်။

ထို့ပြင် . . . ရှမ်ဗဲလားမှ ဆရာရှင်တို့ ဦးဆောင်သော တတိယအဆင့်သို့ ဝင်ခွင့်ရစေရန် ကြိုးစားနေမှန်း နောက်မှ ဆရာကြီးက ပြောပြလေသည်။

ပထမအဆင့်တွင် ရုပ်ခန္ဓာဖြင့် ပညာသင်ယူသူတို့သည် သက်ဆိုင်ရာနေရာများတွင် သက်ဆိုင်ရာပညာရပ်တို့ကို လေ့လာသင်ယူကြရသည်။

ဒုတိယအဆင့်မှာတော့ ရုပ်ခန္ဓာဖြင့် ပညာသင်ယူသူများ မပါတော့ပဲ ကမ္ဘာနေရာအသီးသီးမှာ နာမ်ခန္ဓာဟုခေါ်သော လိပ်ပြာခန္ဓာဖြင့် လာရောက်ပညာသင်သူများသာ ဝင်ခွင့်ရကြပေသည်။

ရုပ်ဝေးမှ ရုပ်ခန္ဓာကိုပါ သယ်ဆောင်လျက် ဘယ်လိုမှ





မလာရောက်နိုင်ကြသည့် ပုဂ္ဂိုလ်တို့သည် ည(၁၀)နာရီကျော်သည်မှ နံနက်(၄)နာရီ အချိန်အတွင်း၌ လိပ်ပြာခန္ဓာဖြင့် လာရောက် ပညာသင်ကြားကြရလေသည်။

ထိုနေရာမှာတော့ ကျောင်းတော်ကြီး၌ ရုပ်ခန္ဓာရောက်ရှိ ပညာသင်ကြားနေရာမှ လိပ်ပြာခန္ဓာ ခွဲထုတ်နိုင်သော အဆင့်မျိုး ပြုလုပ်နိုင်ပြီဆိုပါက ဒုတိယအဆင့်သို့ တက်ရောက်ပညာသင်ကြားနိုင်ပေပြီ။

ဆရာကြီး သူရဇ္ဇကတော့ မူလကတည်းက အလေ့အကျင့် ကောင်းခဲ့လို့မို့ ဒုတိယအဆင့်ကိုပင် အလွယ်တကူ ကျော်ဖြတ်ကာ တတိယအဆင့်သို့ ဝင်ရောက်ခွင့်ရစေရန် ကြိုးစားနေသူ ဖြစ်ပေသည်။

တတိယအဆင့်မှာတော့ ရှမ်ဗဲလားမှ သူတော်စင်ပုဂ္ဂိုလ်များ ဂိုဏ်းချုပ်ကြီးများသာ တက်ရောက်ခွင့်ရပြီး လောကကောင်းကျိုး၊ တစ်ကမ္ဘာလုံးကောင်းအကျိုးအတွက် မေတ္တာပို့ပေးခြင်း၊ မေတ္တာစက်ကွင်းများ ဖြန့်လွှတ်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်းစသော အဆင့်မြင့်လုပ်ငန်းတာဝန်များ ပြုလုပ်ရာနေရာဖြစ်သဖြင့် သာမန်စွမ်းအင်မျိုးရရုံနှင့်တော့ ဝင်ရောက်နိုင်ခွင့်ရနိုင်သော နေရာလည်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအဆင့်ထိ . . မရောက်နိုင်သေးသောကြောင့် လိပ်ပြာခန္ဓာဖြင့် ဒုတိယအဆင့်တက်ရောက်နိုင်ရန်သာ ကြိုးစားနေရပေသည်။

သို့သော် . . ဆရာမရှိသေးသောကြောင့် မအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



သေးပဲရှိနေရာ တစ်နေ့တော့ နားနေသည့်အချိန်မှာ ဒေါက်တာ ကျန်လီနှင့် တွေ့ရလေသည်။

"ဘယ်လိုလည်း ဒေါက်တာမင်းထင်ကျော် ဒီကျောင်းကြီး ရောက်တာလည်း အတော်ကြာပြီဆိုတော့ ခင်ဗျားသင်ယူချင်တဲ့ပညာတွေ အတော်ရနေပြီလား"

"ရသင့်သလောက်တော့ ရပါပြီ၊ ဒါပေမယ့် ကျွန်တော် ရောက်ချင်တဲ့နေရာကို မရောက်နိုင်သေးဘူး ဖြစ်နေတယ်ဗျ"

"ခင်ဗျားက ဘယ်နေရာကို ရောက်ချင်နေလို့လဲ"

"ကျွန်တော်က လိပ်ပြာခန္ဓာနဲ့ ဒုတိယအဆင့်တက်ပြီး ပညာသင်ချင်နေတာဗျ"

ထိုသို့ပြောသောအခါ ဒေါက်တာကျန်လီက သဘော ကျစွာဖြင့် ပြုံးမှ ပြောသည်။

"ဒါက မဆန်းတော့ပါဘူး၊ ကျောင်းတော်ကြီးရောက်ပြီး ပညာသင်ခွင့်ရတဲ့သူတိုင်း ဒီလိုပဲ စိတ်ကူးပေါ်ကြတာချည်းပါပဲ၊ လိပ်ပြာခန္ဓာနဲ့ ပညာသင်တော့လည်း တခြားပညာရပ်တွေ မဟုတ်တာ၊ အခုကျွန်တော်တို့ ရုပ်ခန္ဓာနဲ့ သင်ယူနေတဲ့ ပညာရပ်တွေပဲဆိုတော့ သိပ်တော့မထူးဆန်းပါဘူး"

"ဒါထက် ခင်ဗျားရော အဲဒီလို လိပ်ပြာခန္ဓာနဲ့ ပညာသင်ဖူးသလား"

သူက ခေါင်းညိတ်ပြသည်။

"သင်ဖူးပါတယ်၊ ဒီပညာတွေပဲ သင်ပေးတာပါပဲ၊ နောက် တစ်ခုတော့ရှိတယ်၊ ကမ္ဘာအရပ်ရပ်က ရောက်လာပြီး ပညာသင်ယူကြတဲ့ လူမျိုးပေါင်းစုံတွေကိုတော့ တွေ့ဖူးမြင်ဖူးတာပေါ့"

"ဘယ်လိုလူမျိုးတွေလဲဗျ၊ ပြောပြပါဦး"

"လာတဲ့သူတွေကတော့ အများကြီးပေါ့၊ ဒီကမ္ဘာပေါ်ကချည်း မကဘူး၊ တခြားကမ္ဘာတွေ၊ ဂြိုဟ်တွေ၊ ကျွန်းတွေက လူတွေတောင် တွေ့ရတယ်"

ထိုစကားသည် ဒေါက်တာမင်းထင်ကျော်အတွက် များစွာစိတ်ဝင်စားဖွယ်ရာကောင်းသော စကားမျိုး ဖြစ်လေသည်။

"အခုကျွန်တော်တို့ ပညာသင်နေတဲ့ တက္ကသိုလ်ကျောင်းတော်ကြီးရှိတဲ့နေရာကို မိန်းမတွေ မလာနိုင်ကြဘူး၊ လိပ်ပြာခန္ဓာနဲ့ ပညာသင်တဲ့နေရာမှာတော့ မိန်းမတွေတောင် ရောက်လာနိုင်ကြတယ်"

"ဒါထက် ခင်ဗျားက လိပ်ပြာခန္ဓာခွဲတဲ့နည်းကို ဘယ်သူ့ဆီမှာ သင်ခဲ့တာလဲ"

"ဆရာရှင်,ယင်ဆီမှာ သင်ခဲ့တာပါ၊ သူ့ကိုပြောပြရင် ဆရာက သင်ပေးပါတယ်"

ဟုပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ အခွင့်သာလျှင် ဆရာရှင်,ယင်ထံမှာ ရုပ်ပြောင်းနာမ်ခွာနည်း သင်ကြားရန် စိတ်အားထက်သန်နေတော့သည်။

"ဒါထက် ခင်ဗျားကရော အခု ဘယ်လိုပညာရပ်တွေ သင်နေတာလဲ"

ဒေါက်တာမင်းထင်ကျော်က ပြန်မေးလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒေါက်တာဘွဲ့ရပြီးတဲ့နောက်ပိုင်းမှာ ဆေးပညာနဲ့ပတ်သက်တဲ့ လျှို့ဝှက်နက်နဲမှုတွေကို ဆက်ပြီးလေ့ လာခဲ့တယ်ဗျ၊ အဲဒီလို လေ့လာကြည့်တော့ သိပ္ပံပညာနဲ့ ဆက စပ်နေတဲ့ ဆေးပညာတွေရဲ့ ဇစ်မြစ်တစ်ခုကို လေ့လာတွေ့ခဲ့ရ တယ်"

"ဘာများပါလိမ့်"

"သိပ္ပံပညာနဲ့ ဖြစ်ထွန်းလာတဲ့ ဆေးတွေမှန်သမျှ သ ဘာဝတရားကပဲ အခြေခံခဲ့တာချည့်ပဲ၊ ဒါကြောင့် ဆေးပညာမှာ အခြေခံဖြစ်တဲ့ ဆေးပင်တွေနဲ့ ဆေးဝါးဖြစ်စေနိုင်တဲ့ သဘာဝ ပစ္စည်းတွေရဲ့ လျှို့ဝှက်မှုတွေကို အထူးပြုပြီး လေ့လာနေတာဗျ"

"ခင်ဗျားပြောတာ မှန်ပါတယ်၊ သဘာဝတရားက ဖေ ထားခဲ့တဲ့ ဆေးပင်တွေဟာ ကျွန်တော်တို့လေ့လာရင် လေ့လာ နိုင်သလောက် အကျိုးတရားတွေ ရရှိစေနိုင်ပါတယ်၊ ကျွန်တော် လည်း ဆေးပင်တွေအကြောင်းပဲ လေ့လာသင်ယူနေပါတယ်"

ဒေါက်တာကျန်လီက လက်ကမ်းပေးလိုက်သဖြင့် လက် ဆွဲနှုတ်ဆက်လိုက်လေသည်။

"အခုလို ဝါသနာတူချင်း ခင်မင်ခွင့်ရတာ ပိုကောင်းတာ ပေါ့ဗျာ၊ ကျွန်တော်က သဘာဝဆေးပင်တွေအပြင်ကို တခြား စိတ်ဝင်စားတာ ရှိသေးတယ်"

"ဘာများလဲ ပြောပါဦး"

"တစ်ခါစားရုံနဲ့ အသက်ရှည်စေနိုင်တဲ့ သစ်သီးတွေကို ရှာဖွေချင်တာဗျ၊ ဒါကြောင့် အဲဒီလိုသစ်သီးမျိုးတွေ ဘယ်နေရာ





ရှိတယ်ဆိုတာ ဒီမှာ ရှာဖွေနေတာဗျ"

"ခင်ဗျားပြောတဲ့ သစ်သီးမျိုးတွေ ရှိတယ်လို့တော့ ကြား ဖူးပါတယ်၊ တကယ်ကော ရှိပါမလား"

"ကျွန်တော်လည်း သိပ္ပံသမားတစ်ယောက်ပဲ လက် တွေ့အထောက်အထား မရှိရင် ဘာမှ မယုံပါဘူး၊ ကျွန်တော်တို့ မျိုးရိုးထဲမှာကို အသက်ရှည်စေတဲ့ သစ်သီးစားရတဲ့သူ တစ် ယောက်ရှိတယ်၊ သူ့ရဲ့နာမည်က ဝူးချင့်လီလို့ခေါ်တယ်၊ ကျွန် တော်တို့ရဲ့ အဘိုးတော်စပ်တော့ အားလုံးကတော့ အဘိုးလီလို့ပဲ ခေါ်ကြတယ်၊ အဘိုးလီဟာ အသက်ရှည်စေတဲ့ အာယုဝဍ္ဎနပန်း သီးကို နည်းနည်းလောက် စားခွင့်ရခဲ့တဲ့သူပဲ၊ အသက် (၃၀၀) ကျော်အထိ နေသွားခဲ့ရတယ်"

"စိတ်ဝင်စားစရာပဲ ဒါထက် သူက အဲဒီပန်းသီးကို ဘယ် နေရာမှာ ဘယ်လိုစားခဲ့ရတယ်ဆိုတာရော ပြောပြမသွားခဲ့ဘူး လား"

"ပြောပြသွားရုံမကဘူး၊ သူရေးမှတ်ထားတဲ့ ခရီးစဉ်မှတ် တမ်းတွေပါ ပေးထားခဲ့လို့ ကျွန်တော်ဆီမှာ ရှိပါတယ်"

"ဟန်ကျတာပဲဗျို့၊ နောက်ကြုံကြိုက်ရင်တော့ ခင်ဗျား ဆီက မှတ်တမ်းတွေကို ဖတ်ခွင့်ရရင် အဆင်ပြေမှာပဲ"

"ခင်ဗျား စိတ်ဝင်စားရင် ပြပါမယ်၊ ကျွန်တော်တို့ တရုတ် ပြည်မှာ လူ့အသက်ကိုရှည်စေတဲ့ သစ်သီးတစ်မျိုးရှိတယ်ဆိုတာ တော့ ခင်ဗျားလည်း ကြားဖူးချင် ကြားဖူးမှာပါ"

"ပန်းတောက်ဟွီလို့ခေါ်ကြတဲ့ အမတ သစ်တော်သီးကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ကြားဖူးပါတယ်၊ ကျမ်းစာတွေထဲမှာလည်း ဖတ်ဖူးပါတယ်"

"မှန်ပါတယ် ပန်းတာက်ဟွီဆိုတာ လူ့အသက်ကို ရှည်စေတဲ့ သစ်တော်သီးတစ်မျိုးပါ တရုတ်ပြည်မှာတော့ ဒီသစ်သီးအကြောင်းကို သိတဲ့သူ များပါတယ်"

တရုတ်နိုင်ငံမှ တရုတ်မဟာဂန္ဓာရီပညာရှင်များသည် ရှမ်ဗဲလားကို ရှာခဲ့ကြသည်။

တရုတ်ပြည်၏ အနောက်ဖျားသည် ဟိမဝန္တာတော နှင့် ဆက်စပ်လျက် ရှိနေသည်။

တရုတ်သိုင်းဝတ္ထုကြီးများတွင် ပါဝင်သော ခွန်လွန် တောင်တန်းသည် တရုတ်ပြည်မြောက်ဖျားရှိ စင်ကျန်နယ် အနောက်ဘက်တွင် ရှိသည်။

အမှန်အားဖြင့် ထိုတောင်တန်းသည် ဟိမဝန္တာတော ကြီးနှင့် ဆက်လျက် ရှိနေပေတော့သည်။

အိန္ဒိယပြည်သူအများသည် ဟိမဝန္တာကို အထွက်အ မြတ်ထားသကဲ့သို့ တရုတ်အမျိုးသားတို့သည် ခွန်လွန်တောင် အထွက်အမြတ် ထားခဲ့ကြသည်။

ဤခွန်လွန်တောင်တန်းတွင် ကျောက်စိမ်းတောင်ထွ ကြီး ရှိသည်ဟု တရုတ်သမိုင်းများ ဒဏ္ဍာရီများတွင် ဖော်ပြ ရှိသည်။

ဤကျောက်စိမ်းတောင်ထွတ်ကြီးတွင် သာယာတ ဆန်းသော နန္ဒဝန်ဥယျာဉ်တော်ကြီး တည်ရှိသည်ဟု ဆို





သည်။

ဤနန္ဒဝန်ဥယျာဉ်တော်ကြီးတွင် နှစ်ပေါင်း(၃၀၀၀)တွင် တစ်ကြိမ်သာသီးသော "အမတသစ်တော်သီးပင်ကြီး" ရှိသည်။

ထိုသစ်တော်သီးကို တရုတ်ဘာသာအားဖြင့် "ပန်းတောက်ဟွီ" ဟုခေါ် ဆိုသည်။

တရုတ်ပြည် တစ်ပြည်လုံးရှိ ဂန္ဓာရီပညာရှင်များ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များသည် အိုခြင်း၊ နာခြင်းကင်းသော "ပန်းတောက်ဟွီ" ခေါ် "သစ်တော်သီး" ကို မှီဝဲ၍ တရားဓမ္မရှာဖွေရန် နန္ဒဝန် ဥယျာဉ်တော်ကြီးသို့ လာရောက်လေ့ရှိသည်ဟု ဆိုကြသည်။

ထွက်ရပ်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးရှစ်ပါးတို့လည်း ဆင်း ခွန်လွန်တောင်တန်းရှိ ဥယျာဉ်တော်ကြီးသို့ လာရောက်ကြသည်။

ဤခွန်လွန်တောင်တန်းရှိ သူတော်စင်တို့ စုဝေးသော နေရာကိုပင် ရှမ်ဗဲလား ဖြစ်လေသလောဟု ပညာရှင်အများက ယူဆခဲ့ကြသည်။

"အမတပန်းတောက်ဟွီ" ခေါ် သစ်တော်သီးပင်ကြီးကို စောင့်ရှောက်တာဝန်ယူရသည့် ပုဂ္ဂိုလ်မှာ "မယ်တော်ရှီဝမ်းမူ" ဖြစ်သည်။

မယ်တော်ရှီဝမ်းမူသည် . . လာရောက်စုဝေးကြသည့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များကို အမတသစ်တော်သီးများ မှီဝဲဘုဉ်းပေးနိုင်ရန် စီမံဆောင်ရွက်ရသည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသားများထဲမှ ပထမဆုံး အထက်ဖော်ပြပါ ဥယျာဉ်တော်ကြီးသို့ သွားရောက်၍ မယ်တော်ကြီးရှိဝမ်းမူနှင့် တွေ့ဆုံရ သွားရောက်ခဲ့သူမှာ ဘီစီ(၆၀၀)ခန့်က နာမည်ကျော်ခဲ့သော. . "လာအိုဇူ"ဖြစ်သည်။

လာအိုဇူသည် 'တောက်ဝါဒ'ကို ထူတောင်သူ. . ဟော ပြောပို့ချသူဖြစ်၏။

ပိဋကတ်တိုက်မှူးအဖြစ် အမှုတော် ထမ်းရွက်နေရာ လူ့ဘောင်လောကီ အရှုပ်အထွေးကို ခင်တွယ်ခြင်းမရှိတော့ ဖြင့် ခွန်လွန်တောင်တွင် စံမြန်းနေထိုင်သူ မယ်တော်ရှိဝမ်းမူ ကျွဲစီး၍ ထွက်လာခဲ့လေတော့သည်။

ခွန်လွန်တောင် မဟာအနီးတွင် စောင့်ရှောက်ရန် တ ဝန်ယူထားရသော ယင်စီနှင့် တွေ့ဆုံခဲ့သည်။

ယင်စီသည် လာအိုဇူအား လက်ဖက်အဖန်ရည်ဖြ ဧည့်ခံ၍ မယ်တော်ရှိဝမ်းမူ ရှိရာသို့ လမ်းညွှန်ခဲ့သည်။

ထိုစဉ်ကပင် စတင်၍ တရုတ်လူမျိုးတို့သည် လက်ဖ အဖန်ရည်သောက်သောဓလေ့ကို ရရှိလာခဲ့ကြသည်ဟု ဆို သည်။

ယင်စီ၏ တောင်းပန်ချက်ကြောင့် လာအိုဇူသည်. . တောက်တီချင်းခေါ် တာအိုဝါဒအကြောင်း ကျမ်းစာအုပ် ရေးသားခဲ့၏။

ယင်းကျမ်းစာအုပ်သည် စာလုံးရေ ၅၀၀၀ ပါရှိ တရုတ်ပြည်တွင်ဘာသာရေးအဖြစ် ယုံကြည်ကိုးကွယ်လာ





သည်။

လာအိုဇူ၏ ကျမ်းတွင်မယ်တော်ရှိဝမ်းမူနှင့် သူတော်စင် တို့တရားဓမ္မရှာမှီးသည့် ဥယျာဉ်တော်ကြီးအကြောင်းကို တစ်ခေ တစ်စောင်း ဖော်ပြခဲ့သည်ဟု ဆိုကြသည်။

ထိုဥယျာဉ်တော်ကြီးရှိရာ စုံတောမြိုင်သည်ပင်လျှင်"ရှမ် ဗလား" ဖြစ်လေသလောဟု စဉ်းစားစရာ ဖြစ်လာခဲ့သည်။

လာအိုဇူ၏ တောက်တီချင်း (Tao Teaching)တွင် သူတော်စင်တို့ တရားရှာမှီးခဲ့ပြီး အာယုသိဒ္ဓိပြီးမြောက်အောင် ဉ်းပေးသုံးဆောင်ကြသည့် သစ်တော်သီးအပင်ကြီးအကြောင်း နှင့် မယ်တော်ရှိဝမ်းမူနှင့် သူတော်စင်များ တရားရှာမှီး၍ တရား ဆွေးနွေးရန် တွေ့ဆုံစည်းဝေးကြသည့် တရားသဘင်ကို. . ဤ ဥယျာဉ်ကြီးအတွင်းတွင် ကျင်းပသည်ဟု ဆိုလေသည်။

"ကျွန်တော် လေ့လာထားမိသလောက် ပြောရရင်တော့ ပန်းတောက်ဟွီလို့ခေါ်တဲ့ သစ်တော်သီးက သာမန်လူတွေ စား ခွင့်မရှိလို့ ရှာမတွေ့နိုင်ဘူးလို့ ကြားဖူးပါတယ်၊ သစ်တော်ပင်ကို စောင့်ရှောက်ပေးနေတဲ့ မယ်တော်ရှိဝမ်းမူကလည်း သိဒ္ဓိပေါက် မြောက်တဲ့ ပုဂ္ဂိုလ်တွေကိုသာ စားခွင့်ပြုတာဆိုတော့ ခင်ဗျား အဘိုးစားခဲ့ရတဲ့ အာယုဝဍ္ဎနပန်းသီးကရော ဒီလိုမျိုးပဲလား"

ဟု ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"အာယုဝဍ္ဎနလို့ခေါ်တဲ့ လူတွေရဲ့ အသက်ကိုရှည်စေ တဲ့ ပန်းသီးကို စားခွင့်ရတဲ့ ကျွန်တော့်အဘိုးကတော့ သာ မန်လူသား တစ်ယောက်ပါပဲ၊ သစ်သီးကို စားခဲ့ပြီးမှသာ သာ



www.burmeseclassic.com

www.burmeseclassic.com



မန်လူတွေထက် အသက်ပိုရှည်ခွင့်ရခဲ့တာ ဖြစ်ပါတယ်"

"သူ့မှတ်တမ်းတွေထဲမှာ ဘယ်လိုများ ရေးထားခဲ့သလ
ဗျ၊ နည်းနည်းလောက် ပြောပြပါဦး"

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာ မေးလိုက်
သည်။

"ကျွန်တော် အဘိုးက သစ်တောဌာနမှာ အမှုထမ်းခဲ့တဲ့
သူတစ်ယောက်ပဲ တာဝန်နဲ့ တောထဲတောင်ထဲသွားလာရင်း
သူ့ ဘဝမှာ မမေ့နိုင်စရာကောင်းလောက်တဲ့ အဖြစ်အပျက်တွေ
တွေ့ခဲ့ရတာပါပဲ၊ သူ့မှတ်တမ်းတွေ ကျွန်တော့်ဆီမှာပါလာ
တယ်၊ အားတဲ့အချိန်ရောက်ရင် ခင်ဗျားကို ပေးဖတ်ပါမယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်တော် ဒီကျောင်းတော်ကြီးမှာ ပညာသင်ခွင့်
အောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တာကလည်း တခြားအ
ကြောင်းကြောင့် မဟုတ်ပါဘူး. . ၊ ထူးဆန်းတဲ့ သစ်သီးတွေအ
ကြောင်းကို သိချင်လို့ လေ့လာချင်လို့ပါ"

ဟုဒေါက်တာကျန်လီက ပြောပြသည်။

"အခုဒီရောက်တာ လအတော်ကြာပြီဆိုတော့ ခင်ဗျား
လေ့လာချင်တဲ့ သစ်သီးတွေအကြောင်းကိုရော သိရပြီလား"

"သိတန်သလောက်တော့ သိရပါတယ်၊ ပန်းတောက်ဖ
သစ်တော်သီးလို အာယုဝဍ္ဎနသစ်သီးမျိုးတွေကိုတော့ မျက်စိ
တော့ မမြင်ရဘူးပေါ့၊ ဒီကျောင်းတော်ကြီး တစ်နေရာမှာ ရှိနေ
တယ်ဆိုရင်တောင်. . ကျွန်တော်တို့ တွေ့မြင်ခွင့်ရမှာ မဟုတ်ပ





"

"ဒါဖြင့် ဘယ်လိုနည်းနဲ့ သိရတာလဲ"

"ကျမ်းစာတွေထားတဲ့ ပြတိုက်ထဲမှာ ထူးဆန်းတဲ့ သစ်
းတွေအကြောင်းတွေ ရေးထားတဲ့ ရှေးဟောင်းကျမ်းစာတွေ
တယ်၊ အဲဒီကျမ်းစာအုပ်တွေထဲမှာ. . သစ်သီးတွေရဲ့ ပုံပန်း
ာန် တွေနဲ့ သူတို့ရဲ့ အစွမ်းသိဒ္ဓိအကြောင်းတွေ ရှိပါတယ်၊
ဒီမှာတွေ့ရတယ်"

"ကောင်းတာပေါ့ဗျာ"

"ဒါထက် ကျွန်တော်ပြောတဲ့အကြောင်းအရာတွေကို
ဗျား ဘယ်လိုသဘောရသလဲ ဒေါက်တာမင်းထင်ကျော်"

"ကျွန်တော်လက်ခံပါတယ်၊ ယုံကြည်တာ မယုံကြည်
ထက် ခင်ဗျားပြောတဲ့အကြောင်းအရာတွေ ဖြစ်နိုင်တယ်ဆို
တော့ လက်ခံပါတယ်"

"ဒါဖြင့် ခင်ဗျား စိတ်ဝင်စားမှု ရှိရဲ့လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ရင်း
က်တာကျန်လီကို တစ်ချက်ကြည့်လိုက်သည်။

"ဒီလိုမေးရတာ တစ်မျိုးတော့ မထင်ပါနဲ့ဗျာ ကျွန်တော်
မိသားစုတွေက အတော်လေးချမ်းသာကြပါတယ်၊ ဒါကြောင့်
န်တော်လုပ်ချင်တဲ့အလုပ်တွေကို နောက်ကြောင်းပြန်မကြည့်
လုပ်နေနိုင်တာပေါ့၊ ကျွန်တော့်မှာ ကြီးမားတဲ့ ရည်ရွယ်ချက်
ခုရှိတယ်ဗျ၊ တခြားတော့ မဟုတ်ဘူး. . ကျွန်တော့်အဘိုး
က်ခဲ့တဲ့ ခရီးစဉ်အတိုင်းသွားပြီး အာယုဝဍ္ဎန ပန်းသီးကိုရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေဖို့ပါပဲ၊ ဒါပေမယ့် ဒီကိစ္စမျိုးက ကျွန်တော်တစ်ယောက်တည်း နဲ့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်မှန်း သိပါတယ်၊ ဒီတော့ ဒီကို ဆောင်ရွက်ဖို့ စိတ်တူကိုယ်တူဖြစ်မယ့် အဖော်ကောင်း တစ် ယောက်တော့ လိုမယ်”

ထိုအခါမှ ဒေါက်တာကျန်လီ၏ စကားရည်ရွယ်ချက်ကို သဘောပေါက်သွားလေတော့သည်။

“ခင်ဗျားပြောတဲ့ကိစ္စကို ကျွန်တော် စိတ်ဝင်စားပါတယ် ခင်ဗျားအဘိုး ရေးထားခဲ့တဲ့မှတ်တမ်းတွေ ဖတ်ပြီးတဲ့အခါကျ တော့ ခင်ဗျားနဲ့ အေးအေးဆေးဆေးထပ်ပြီး ဆွေးနွေးတိုင်ပင် ကြသေးတာပေါ့ဗျာ”

“ကောင်းပါပြီဗျာ”

ထိုသို့ပြောဆိုပြီးနောက် နှစ်ယောက်သား လူချင်းခွဲ လိုက်ကြလေသည်။







# အခန်း(၇)

# ရုပ်ပြောင်းနာမ်ခွာ ထိပ်ပြာခွဲခြင်းပညာ

ဒေါက်တာမင်းထင်ကျော်အနေဖြင့် ရှမ်ဗဲလား မဟာ ဝိဟာရီကျောင်းတော်ကြီးသို့ ရောက်ခဲ့သည်မှာ လအနည်းငယ် ကြာခဲ့ပြီးနောက်မှာ သင်ယူလိုသော ပညာများကို အတော်အ သင့် ပြည့်စုံစွာ သင်ယူခွင့်ရခဲ့ပြီးဖြစ်သည်။

ထိုနေရာသို့ရောက်ခဲ့ပြီးနောက်ပိုင်း မိမိတို့ စိတ်အား ထက်သန်သော ပညာတို့ကို မိမိတို့သဘောအလျောက် ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



သင်ယူကြရသည်ဖြစ်ရာ အတူတူလာခဲ့သော သုံးယောက်ပင် တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီး တွေ့ခွင့်မရကြတော့ပေ။

ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်က သင်ယူသော ပညာရပ်ချင်းကလည်းတူသဖြင့် မကြာခဏ တွေ့ရသော်လည်း ဆရာကြီးသူရဋ္ဌကိုတော့ သိပ်မတွေ့ရတော့ပေ။

သူတို့နှစ်ယောက်က ရုပ်ခန္ဓာဖြင့်သင်ရသော ပထမအဆင့်မှာပင် ရှိကြသေးပြီး. . ဆရာကြီးသူရဋ္ဌက လိပ်ပြာခန္ဓာဖြင့်သင်ယူရသော ဒုတိယအဆင့်သို့ ရောက်နေပြီ ဖြစ်သောကြောင့်ပင်. . .။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်အနေဖြင့် လိပ်ပြာခန္ဓာဖြင့် ဒုတိယအဆင့်သို့ တက်ရောက်ပညာသင်ကြားရန် စိတ်အားထက်သန်လျှက် ရှိသည်။

ကြိုးစားမှုလည်း ပြုနေလေသည်။

ထိုအကြောင်းကို သဒ္ဒမ္မဆရာရှင်ယင်နှင့် တွေ့သောအခါ သူ၏ဆန္ဒကို ဖွင့်ပြောပြလေသည်။

"လိပ်ပြာခန္ဓာ ခွဲထွက်တဲ့ ကိစ္စက အထူးအဆန်းတော့ မဟုတ်ပါဘူး၊ လူတွေ အိပ်ပျော်နေတဲ့အချိန်မှာ လိပ်ပြာခန္ဓာက သင်တို့ရဲ့ခန္ဓာကိုယ်ထဲက အပြင်ထွက်ပြီး သူသွားချင်ရာသွား လုပ်ချင်ရာတွေ လုပ်ခဲ့တာပဲ၊ ဒါကို လူအတော်များများက အိပ်မက်လို့ ယူဆကြတယ်၊ သင့်ကိုနည်းလမ်းပြပေးတာနဲ့. . သင်သဘောပေါက်သွားပါလိမ့်မယ်"





ဟုပြောပြီးနောက် လိပ်ပြာခန္ဓာလွင့်ခြင်း အတတ်ပညာကို လက်တွေ့သင်ကြားပေးလေသည်။

"စွမ်းအားတစ်ခုကို ထပ်မံမြှင့်တင်ပြီး အဆင့်တက်ဖို့ ကြိုးစားမယ်ဆိုရင်တော့ မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုနဲ့သာ သွားရပေလိမ့်မယ်၊ လူတစ်ယောက်အတွက် အလေ့အကျင့်ကောင်းတွေဆိုတာ အဆင်သင့်ရှိနေဖို့ အမြဲလိုအပ်တယ်၊ ဒီလိုမလေ့ကျင့်မထားဘူးဆိုရင် သင့်ဘဝမှာ အခက်အခဲတွေနဲ့ တွေ့ကြုံရတဲ့အခါ နောင်တရစရာတွေနဲ့ တွေ့ကြရလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော် အာရုံထဲမှာ ဆရာရှင်ယင်၏ ပြောဆိုနေသော စကားသံတို့ကို ကြားနေရသည်။

သူ့အနေဖြင့် နောက်တစ်ဆင့် တက်နိုင်ရန်အတွက် စိတ်လေ့ကျင့်ခန်းတို့ကို စတင်လေ့ကျင့်သင်ကြားရသည်။

ဦးစွာ စိတ်လျှော့နည်းကို ဦးစွာလေ့ကျင့်ပေးရသည်။ ထိုသို့လေ့ကျင့်ရာမှာ ပက်လက်အနေအထားမျိုးဖြင့် လေ့ကျင့်ကြရသည်ဖြစ်ရာ အိပ်ရာပေါ်၌ မဟုတ်ပဲ ကျောက်သားကြမ်းပြင်ပေါ်၌အိပ်ပြီး လေ့ကျင့်ရခြင်းဖြစ်သည်။

"စိတ်ထဲမှာ မိမိရဲ့ခန္ဓာကိုယ်ကြီးတစ်ခုလုံး တောင်ထိပ်ခေါင်ကနေ ချောက်ထဲပြုတ်ကျလို့ ခြေလက်တွေနဲ့ တစ်ကိုယ်လုံးကျုံ့ကြသွားတဲ့အတွက် လှုံ့ဝလှုပ်မရတော့ဘူးလို့ သဘောထားပြီး စိတ်ကို လျှော့ချထားလိုက်ပါ"

ဆရာရှင်ယင် ပြောနေသောအသံက နားထဲမှတစ်ဆင့် အာရုံထဲအထိ ထိုးဖောက်ဝင်ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြွက်သားဆိုင်တွေ ပျက်စီးသွားပြီး၊ အကြောမျှင်တွေ ပြတ်တောက်ကုန်လို့ တစ်ကိုယ်လုံး လှုပ်မရတော့ဘူး၊ ကြွက်သား တွေက တဖြည်းဖြည်းနဲ့ ဆန့်ထွက်လာနေကြပြီး ခြေလက်တွေ လှုပ်မရဘူးဆိုတာ မှန်သလား၊ မမှန်ဘူးလား သိရအောင် ခြေ လက်တွေကို မ,ကြည့်ပါဦး"

ထိုအသံတွေကြောင့် ခြေလက်တွေကို လှုပ်ရှားကြည့် သည်။ ကြွလာစေရန် မကြည့်လေသည်။ စောစောက စိတ်ထဲမှာ ပေါ်နေသည့်အတိုင်း ခြေရောလက်ပါ လှုပ်မရတော့ပေ။

"လူတွေဟာ ပင်ပန်းလာရင် ခန္ဓာကိုယ်ကို အနားပေးဖို့ လိုအပ်တယ်၊ ကိုယ်ခန္ဓာကို အနားပေးဖို့ လိုအပ်သလို စိတ်ကို လည်း အနားပေးဖို့ လိုအပ်တယ်၊ ခန္ဓာကိုယ်မှာ တင်းနေတဲ့ အကြောတွေကို လျှော့ချလိုက်တဲ့အခါ လူဟာ ကြိုးပြတ်သွားတဲ့ အရုပ်လို ပုံကျသွားလိမ့်မယ်၊ ဒီလိုပဲ စိတ်ကို လျှော့ချလိုက်တဲ့ အခါမှာလည်း တစ်ကိုယ်လုံး လုံးဝလှုပ်မရအောင် ဖြစ်သွားလိမ့် မယ် ကြိုးစားကြည့်ပါ"

ဟူသောစကားသံများကို နားထဲမှာကြားနေရသဖြင့် ပြောသည့်အတိုင်း ကိုယ်ရောစိတ်ကိုပါ လျှော့ချထားလိုက်သည်။

"လူတစ်ယောက်မှာ အဓိက အရေးအကြီးဆုံးက ဦး ခေါင်းပိုင်းပဲ ဦးခေါင်းကစပြီး အကြောတွေကို လျှော့ချလိုက်ပါ ဦးခေါင်းပေါ်က အာရုံကြောတွေလျှော့ကျသွားရင် ပွင့်နေတဲ့ မျက်လုံးတွေ အလိုလို ပိတ်သွားလိမ့်မယ် စိတ်လျှော့ချထားပြီး တဲ့နောက်၊ မျက်လုံးမှိတ်မသွားသေးဘူးဆိုရင် တင်းနေတဲ့ အာရုံ





ကြောအချို့ ကျန်နေသေးတာကို သိရမယ်"

သူက ပြောသည့်အတိုင်း ဦးခေါင်းထဲမှာ ရှိနေသည့် အတွေးအားလုံးကို ဖယ်ထုတ်လိုက်ပြီးနောက် စိတ်ကိုလျှော့ချ လိုက်သောအခါ မျက်နှာပေါ်မှ အကြောများ ပြေလျှော့သွား သည်ကို သတိပြုမိလိုက်သည်။

ပြီးနောက် ပါးနှစ်ဖက် လျှော့ကျသွားသည်။

တင်းနေသည့် ပါးနှစ်ဖက်မှအကြောများ လျှော့သွား သောအခါ တင်းနေအောင်စေ့ထားသောပါးစပ်က ပွင့်လာလေ သည်။

လူသေတစ်ယောက်ကဲ့သို့ ဟသွားတော့သည်။

ထို့နောက် ခြေလက်တို့က လှုပ်မရတော့သလို ပုံကျ သွားလေပြီ။

အသက်မရှိတော့သော လူတစ်ယောက်ကဲ့သို့ ငြိမ်ကျ သွားသည့် အတွေးများလည်း ရပ်တန့်သွားလေသည်။

စိတ်တစ်ခုလုံး တစ်နေရာမှာ ငြိမ်သက်စွာ ခိုကပ်နေ သကဲ့သို့ ရှိလေသည်။

"အခုအချိန်မှာ ကိုယ်ခန္ဓာတစ်ခုလုံးမှာရှိတဲ့ အကြော တွေ ကြွက်သားတွေကို လျှော့ချထားလိုက်လို့ လှုပ်မရတော့ဘူး၊ လူသေတစ်ယောက်လို ဖြစ်နေပြီး စိတ်ကလည်း ငြိမ်သက်နေ သေပြီ"

"ဒီအချိန်မျိုးမှာ ရုပ်ခန္ဓာက ဘာမှအသုံးမဝင်တော့ဘူး၊ နာမ်ခန္ဓာလို့ခေါ်တဲ့ လိပ်ပြာခန္ဓာကို အပြင်ရောက်အောင် တ



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်း ခွဲထုတ်ယူပေတော့၊ ကျန်တဲ့ ခန္ဓာကိုယ်အတွက် ဘာမှကြောင့်ကြမနေနဲ့ သံယောဇဉ်တွယ်မနေနဲ့၊ ရုပ်နဲ့နာမ်ဆိုတာ တစ်နေ့ကျရင် မလွဲမသွေ ခွဲခွာကြရတာပဲ အဲဒီအချိန်ရောက်ရင် အပြီးအပိုင် စွန့်ခွာရတာမျိုးပဲ၊ အခုက သင့်ရဲ့ခန္ဓာကိုယ်ဟာ အသက်ရှင်နေသေးတယ် အိပ်ပျော်နေသလိုမျိုး ကျန်ခဲ့တာဆိုတော့ သူ့အတွက် ဘာမှနှောင့်နှေးမှုမဖြစ်နဲ့၊ ရုပ်ခန္ဓာကို အပြင်ကိုခွဲထွက်လာခဲ့တော့. . ရုပ်ခန္ဓာကိုအပြင်ထွက်လာခဲ့လော့. . ၊ ခွဲထွက်လာခဲ့လော့. . "

တစ်နေရာမှ ပြောဆိုနေသော ဆရာရှင်,ယင်၏ စကားသံများက တဖြည်းဖြည်း ဝေးသွားလေသည်။

သူ၏ နာမ်ခန္ဓာဟုခေါ်သော လိပ်ပြာခန္ဓာသည်လည်း ကိုယ်ခန္ဓာထဲမှ တဖြည်းဖြည်းနှင့် အပြင်သို့ ခွဲထွက်လာနိုင်ခဲ့ပေပြီ။

ထိုနည်းမှာ လိပ်ပြာခန္ဓာခွဲထွက်နည်း၏ အခြေခံလေ့ကျင့်ယူရမည့် နည်းအချို့ပင် ဖြစ်သည်။

ရုပ်ခန္ဓာသည် ရုပ်လောကတွင် လှုပ်ရှားသွားလာ ကျင်လည်ကျက်စားနိုင်ပေသည်။

ထို့အတူ နာမ်ခန္ဓာဟုခေါ်သော လိပ်ပြာခန္ဓာကလည်း ပရလောကသို့ လှည့်လည်ကျက်စားနိုင်ပေသည်။

ရုပ်မှနာမ်ကို ခွဲထုတ်နိုင်သောပညာမှာ ရှေးကတည်းက သူတော်စင်များ၊ ပညာရှင်များ အသုံးပြုခဲ့ကြသော ရုပ်ပြောင်းနာမ်ခွာပင်ဖြစ်သည်။





ပရလောက. . တစ်နည်းဆိုရသော် ဝိညာဉ်လောကသို့ ဝင်ရောက်လိုသူတို့သည် ရုပ်ခန္ဓာဖြင့် ဝင်ရောက်၍ မရသဖြင့် လိပ်ပြာခန္ဓာကို အသုံးချကာ ဝင်ရောက်ကြခြင်းပင် ဖြစ်၏။

ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာ ခွဲထွက်နည်းကို ရှေးပညာရှင်များကတော့ အမျိုးမျိုး အသုံးပြုခဲ့ကြလေသည်။

ဆေးဝါးဖြင့်သော်လည်းကောင်း၊ မန္တန်ဖြင့်သော်လည်းကောင်း၊ အိပ်မွေ့ချ၍သော်လည်းကောင်း၊ သိဒ္ဓိသမာဓိစွမ်းအားတို့ကို အသုံးပြုလျက် ခွဲထုတ်ခဲ့ကြသည်။

သိဒ္ဓိနှင့်သမာဓိစွမ်းအားကိုတော့ အထက်လမ်းပုဂ္ဂိုလ်များ အသုံးပြုကြပြီး အခြားနည်းများကိုတော့ မှော်ပညာကို လေ့လာလိုက်စားသူတို့ အသုံးများခဲ့ကြသည်။

ထို့ပြင် လိပ်ပြာခန္ဓာကို မိမိကိုယ်ခန္ဓာမှ ခွဲထုတ်ပြီး အသုံးချလိုသူတို့အနေဖြင့်လည်း ကိုယ်ခန္ဓာအစိတ်အပိုင်းရှိ ချက္ကရများကို လိပ်ပြာခန္ဓာခွာရန်အတွက် အဆင်သင့်ဖြစ်အောင် လေ့ကျင့်မှုများ၊ ခွာထွက်သွားသောအချိန်နှင့် ရုပ်ခန္ဓာသို့ လိပ်ပြာခန္ဓာပြန်လည်ဝင်ရောက်လိုသောအခါ မည်သို့မည်ပုံ ပြန်လည်ဝင်ရောက်ရမည့်နည်းများကိုပါ လေ့ကျင့်ထားရသည်။

တစ်ခါတစ်ရံ ရုပ်ခန္ဓာမှ ခွဲထွက်သွားသော လိပ်ပြာခန္ဓာသည် အကျပ်အတည်းများ၊ အန္တရာယ်များနှင့် တွေ့ကြုံရသည်မှာနှင့်လည်း ကြုံတွေ့ရတတ်သည်။

(ထိုအခါ အိပ်မက်ဆိုးများ မြင်မက်လေ့ရှိသည်)

ထိုကဲ့သို့ အန္တရာယ် အပိတ်အဆို့ အကျပ်အတည်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တွေ့သောအခါ လွတ်မြောက်အောင် ကြိုးစားရသည့်အခါ ရုပ်ခန္ဓာမှ မှတ်ဉာဏ်စွမ်းအားတို့ဖြင့် မလုံလောက်ပါချေ။

ပရလောကတွင် အစွမ်းထက်လှသော အလင်းဓာတ်များ၊ အသံလှိုင်းများနှင့် ကြုံတွေ့ရတတ်ပေရာ ၎င်းတို့မှ လွတ်အောင် ကြိုးစားရသောအခါ လိပ်ပြာခန္ဓာ၏ အလေ့အကျင့် အစွမ်းသတ္တိများဖြင့်သာ ကျော်လွှားနိုင်ပေသည်။

လိပ်ပြာခန္ဓာသည် အိပ်ပျော်နေသောအချိန်နှင့် သေဆုံးသွားသောအချိန်၌ အပြင်သို့ သီးခြားရောက်နေရာ. . ထိုအချိန်မှာ ကြုံတွေ့ရသောအန္တရာယ်များကိုတော့ မိမိတို့ဘာသာ ဖြေရှင်းရလေသည်။

တစ်ခုပဲ ကွာခြားပေသည်။

အိပ်ပျော်နေစဉ် ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာ ခွဲထွက်သွားသောအခါ ဝိညာဉ်ကြိုးဟုခေါ်သော ငွေကြိုးက အဆက်အသွယ် မပြတ်ပဲ ပါသွားလေသည်။

သေဆုံးသွားသောအခါ ထိုငွေကြိုးက ပြတ်တောက်သွားသောကြောင့် ခန္ဓာကိုယ်အတွင်းသို့ လုံးဝပြန်မဝင်နိုင်ကြခြင်းပင် ကွာခြားလေသည်။

ဝိညာဉ်ကြိုး မပြတ်သေးသရွေ့ ထိုလူမှာ အသက်ပြန်ရှင်နိုင်ခွင့် ရှိပေသေးသည်။

ဝိညာဉ်ကြိုး ပြတ်တောက်သွားလျှင်တော့ ဘယ်လိုနည်းနဲ့မှ ကုသ၍မရတော့ပဲ အပြီးတိုင် သေဆုံးကြရလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ဆရာရှင်,ယင်နှင့် လေ့





ကျင့်သင်ကြားခဲ့ရာမှ အလေ့အကျင့်ရလာပြီးနောက် လိပ်ပြာခန္ဓာ ခွဲထွက်နည်းကို ကောင်းမွန်စွာ ပြုလုပ်နိုင်ခဲ့ပေသည်။

သို့စေကာမူ ကျောင်းတော်ကြီးတစ်နေရာ၌ လိပ်ပြာခန္ဓာဖြင့် ပညာသင်ကြားနေသူများရှိသော နေရာကိုတော့ ဝင်ရောက်နိုင်ခြင်း မရှိသေးပေ။

သို့သော် ထိုနေရာနှင့် မနီးမဝေး ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ဝင်ထွက်သွားလာနိုင်ပြီဖြစ်သည်။

တစ်နေ့တော့. . ကျောင်းတော်ကြီးအနီးတွင် တစ်ယောက်တည်းရှိနေစဉ်. . အနောက်ဘက်မှ ခြေသံလိုလို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။ အသက်(၂၅)နှစ် ပတ်ဝန်းကျင်ခန့်ရှိပြီး ချောမောလှပသူ ဖြစ်ပေသည်။

သူမက ဒေါက်တာမင်းထင်ကျော် အနီးသို့ လျှောက်လာပြီး အပြုံးဖြင့် နှုတ်ဆက်လေသည်၊

" အခုလိုတွေ့ရတာ ဝမ်းသာပါတယ်ရှင်"

" ကျွန်တော်လည်း ဝမ်းသာပါတယ်"

"ဒါထက် ရှင့်ကြည့်ရတာ ဒီကျောင်းတော်ကြီးရောက်လာတာ မကြာသေးတဲ့ ကျောင်းသားသစ်ထင်ပါရဲ့ "

" မှန်ပါတယ် ကျွန်တော်တို့က ဒီနေရာကို ရောက်လာတာ မကြာသေးပါဘူး"

"ဒါထက် ဘယ်နေရာက လာကြတာလဲ"

"မြန်မာပြည်က လာတာပါ "



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာပြည်ဆိုတာ ဘယ်နေရာမှာရှိတာလဲ ကျွန်မ ... တာက တောင်ကျွန်းမှာရှိတာလား၊ အရှေ့ကျွန်းမှာလား၊ အ ... နောက်ကျွန်းမှာရှိတာလားလို့ မေးတာပါ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်စိတ်ထဲ ... မှာ အနည်းငယ် အံ့ဩသွားမိလေသည်။

"ဟို. . ဟို. . မြန်မာပြည်ဆိုတာ တောင်ကျွန်းမှာ ရှိ ... တာပါ၊ ဒါထက် ခင်ဗျားကရော ဘယ်နေရာက လာတာလဲဟင်"

"ကျွန်မက မြောက်ကျွန်းကလာပြီး ပညာသင်နေတာ ... ပါ"

မြောက်ကျွန်းဟူသော စကားကို ကြားရသဖြင့် စိတ် ... ထဲမှာ များစွာအံ့ဩသွားပြီး ယုံကြည်ရအခက်၊ မယုံကြည်ရ ... ခက်လည်း ဖြစ်သွားလေသည်။

" ဒါထက် ကျွန်တော် သိသမျှတော့ ဒီကျောင်းတော်ကြီး ... မှာ အမျိုးသမီးတွေ တက်ရောက်ခွင့်မရှိကြဘူးလို့ သိရပါတယ် ... ခင်ဗျားက ဘယ်လိုသင်ခွင့်ရတာလဲ"

"အမျိုးသမီးတွေက ရုပ်ခန္ဓာနဲ့ တက်ရောက်ခွင့် မရှိ ... မယ့် လိပ်ပြာခန္ဓာနဲ့တော့ မည်သူမဆို တက်ရောက်ခွင့် ရှိနိုင် ... တယ်၊ ဒုတိယအဆင့်မှာ ကျွန်မတို့လို တက်ရောက် ပညာသ ... နေကြသူတွေလည်း ရှိကြပါတယ်"

"ဒါဖြင့် အရင်ရက်တွေက ဘာကြောင့်မမြင်မိတာလဲ ..."

ထိုစကားကြားတော့ အမျိုးသမီးက သဘောကျစွာ ... ရယ်နေလေသည်။





"ဟိုရက်တွေက ရှင်က ရုပ်ခန္ဓာနဲ့ဆိုတော့ ကျွန်မတို့ ... ဘာတာ ဘယ်လိုမြင်ရမှာလဲ၊ အခုတော့ ရှင်က လိပ်ပြာခန္ဓာ ... ဘ၀မှာ ရှိနေပြီလေ၊ ဒီတော့ လိပ်ပြာခန္ဓာအချင်းချင်း တွေ့မြင် ... ခွင့်ရတာ ဘာများ ဆန်းကြယ်ပါတော့မလဲ"

သည်တော့မှ သဘောပေါက်သွားလေတော့သည်။

လိပ်ပြာခန္ဓာဘ၀ဖြင့် ရုပ်ခန္ဓာအပြင်သို့ လွတ်လပ်စွာ ... ထွက်လာခွင့်ရနေခြင်းကိုလည်း ကျေနပ်သဘောကျနေမိသည်။

"အခုလိုတွေ့ပြီး သိကျွမ်းခွင့်ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က ဇမ္ဗူဒီပါတောင်ကျွန်းမှာနေတဲ့ နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ကျွန်မကလည်း အခုလို မိတ်ဆွေဖြစ်ခွင့်ရတာ ဝမ်းသာပါတယ်၊ ကျွန်မနာမည်က သုန္ဒရီလို့ ခေါ်ပါတယ်၊ မြောက်ကျွန်း ... သူ သုန္ဒရီဆိုရင် ပိုပြီးမှန်ပါတယ်"

ဒေါက်တာမင်းထင်ကျော် စိတ်ထဲ၌ ကျမ်းဂန်များတဲ့တွင် မြောက်ကျွန်းသူများ၏ ပုံပန်းသဏ္ဌာန်ကို ဖတ်ဖူးထားပေရာ ... တွေ့မြင်နေရသော ပုံပန်းသဏ္ဌာန်နှင့် မတူသဖြင့် အံ့ဩနေ ... သည်။

"ရှင်က လိပ်ပြာခန္ဓာကို ခွဲထွက်လာနိုင်ပြီဆိုတော့ ကျွန်မ ... အတူ ဒုတိယအဆင့်မှာ လာရောက်ပညာသင်နိုင်ပြီပေါ့၊ ... တော့မှ ထပ်တွေ့ပြီး စကားပြောကြသေးတာပေါ့. . အခု ... ခွင့်ပြုပါဦးရှင်"

ဟု ပြောဆိုနှုတ်ဆက်ကာ သုန္ဒရီဆိုသော အမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com



သူ့အနီးမှ ပြန်လည်ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ သူကြုံတွေ့နေရသော အဖြစ်အပျက်များကို အံ့သြနေလေသည်။

'ငါက လိပ်ပြာခန္ဓာကို အသုံးပြုနိုင်ပြီဆိုတော့ သူတို့ ဒုတိယအဆင့်ကို တက်ရောက်ပြီး ပညာသင်မယ်ဆိုရင် သင်လို့ ရပြီးလို့ သုန္ဒရီဆိုတဲ့အမျိုးသမီးက ပြောသွားတယ်. . .

ငါ စာတွေထဲမှာ တွေ့ဖူးဖတ်ဖူးတဲ့ မြောက်ကျွန်းသူ တွေရဲ့ ပုံပန်းသဏ္ဌာန်က သူနဲ့မတူပါဘူး၊

သူကတော့ တောင်ကျွန်းသူတွေလိုပဲ ချောမောလှ လိုက်တာ. . သူပြောတာ ဟုတ်မှဟုတ်ရဲ့လား မသိဘူး၊

ဘာပဲဖြစ်ဖြစ်လေ ငါ့အနေနဲ့ လိပ်ပြာခန္ဓာနဲ့ ခွဲထွက်ပြီး ပညာသင်ခွင့်ရလာတော့ ကျေနပ်စရာပဲ. . .

အခုပဲသွားကြည့်လိုက်တာ ပိုကောင်းတယ်'

ဟု စိတ်ကူးကာ ကျောင်းတော်ကြီးတစ်နေရာ၌ လိပ်ပြာ ခန္ဓာဖြင့် လာရောက်ပညာသင်သူများအား ပညာသင်ကြားပေး နေသော အခန်းရှိရာသို့ တက်လာခဲ့လေတော့သည်။





# အခန်း(၈)

# အာယုဝဍ္ဎနပန်းသီးစားခွင့်ရခဲ့သူ

တရုတ်ပြည်မှ လာရောက်ပညာသင်ကြားနေသည့်. . ဒေါက်တာကျန်လီဆိုသူနှင့် တွေ့ရဆုံရသည်မှာ ဒေါက်တာမင်း ထင်ကျော်အတွက် သူ့ဘဝမှာ မျှော်လင့်မထားခဲ့သော ထူးဆန်း အံ့သြဖွယ်ကောင်းသော အဖြစ်အပျက်များနှင့် တွေ့ရမည့်အ ကြောင်းတစ်ရပ်လည်း ပါဝင်လေသည်။

နောက်ပိုင်းမှာတော့ ဒေါက်တာကျန်လီနှင့် ပိုမိုခင်မင် ရင်းနှီးခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာတူချင်း ဖြစ်သဖြင့် ပိုမိုခင်မင်သွားခြင်းဆိုတာ မမှားပါချေ. . .။

တစ်နေ့တော့ စာသင်ချိန်မရှိပဲ နားနေသောအချိန်တွင် ဒေါက်တာကျန်လီက ဒေါက်တာမင်းထင်ကျော်အား သူနေသောအခန်းသို့ ခေါ်သွားလေသည်။

"ကိုမင်းထင်ကျော် ခင်ဗျားကို ခေါ်လာခဲ့တာ တခြားအကြောင်းမဟုတ်ပါဘူး၊ ကျွန်တော်ရဲ့ အဘိုးမှတ်တမ်းဟောင်းတွေကို ပြချင်လို့ပါ. . . ဒီမှတ်တမ်းတွေပဲ"

ဟုပြောကာ သေတ္တာတစ်လုံးထဲမှာ ထည့်ထားသော ပေစာမှတ်တမ်းဟောင်းများကို ထုတ်ပြလေသည်။

မှတ်တမ်းများမှာ ပေရွက်များပေါ်မှာ တရုတ်ဘာသာဖြင့် ရေးသားထားခြင်း ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က မှတ်တမ်းများကို ကြည့်ပြီး. .

"ခင်ဗျားပြတာကတော့ ဟုတ်ပါပြီ၊ တစ်ခုခက်နေတာက ကျွန်တော်က တရုတ်စာကို မဖတ်တတ်ဘူးဗျ"

ဟုပြောလိုက်သည်။

ထိုစကားကြားတော့ ဒေါက်တာကျန်လီက ရယ်မောသည်။

"စိတ်မပူပါနဲ့ဗျာ ကျွန်တော်ဖတ်ပြီး ဘာသာပြန်ပေးမယ် ခင်ဗျားက နားထောင်ပေးရုံပါပဲ"

"ဒီလိုတော့လည်း ကောင်းတာပေါ့ဗျာ"





ထို့နောက်မှာတော့ ဒေါက်တာကျန်လီက အောက်ပါမှတ်တမ်းများကို ဖတ်ပြလေတော့သည်။

သက္ကရာဇ် (၁၇၀၀)ပြည့်ပတ်ဝန်းကျင်နောက်ပိုင်း တရုတ်ပြည်အဝှမ်းမှာ စစ်ဘေးစစ်ဒဏ်များ သင့်နေသောအချိန်ဖြစ်သည်။ ရှမ်ဟဲ၊ နန်ကင်း၊ ပီကင်း စသောမြို့နယ်များ၏ နယ်ခွန်များနဲ့ စစ်ဘေးစစ်ဒဏ်တို့ကြောင့် မငြိမ်မသက် ဖြစ်နေကြသည်။

ထိုအချိန်က 'ဝူးချင်လီ'သည် တရုတ်ပြည်နယ်တစ်ခုတွင် သစ်တောဌာနတစ်ခု၌ အမှုထမ်းနေသော အချိန်ဖြစ်သည်။ သူသည် အစိုးရထံမှာ ဝမ်းရေးအတွက် အလုပ်လုပ်နေရသော်လည်း ဝါသနာမပါလှပေ။

သူဝါသနာပါသည်က ထူးဆန်းသောနေရာများကို ရှာဖွေသွားလာခြင်း ဖြစ်သည်။

ထိုအချိန်က တရုတ်ပြည်နေရာအနှံ့အပြားမှာ 'ရှမ်ဗဲလား'ဟူသော အမည်နာမမှာ ရေပန်းစားနေသော အချိန်လည်းဖြစ်သည်။

လူအများက ရှမ်ဗဲလား ဆိုသောနေရာကို စိတ်ဝင်စားမှုရှိနေကြသည်။ အဘယ်ကြောင့်ဆိုသော်. . .

ရှမ်ဗဲလားသည် စစ်ဘေးစစ်ဒဏ်များနှင့် ကင်းဝေးပြီး အေးချမ်းစွာ နေနိုင်သော နေရာတစ်ခုဖြစ်သည်ဟု ကြားသိရသောကြောင့်ဖြစ်သည်။

ရှမ်ဗဲလားရှိသည်ဟု ယူဆရသောအနေရာမှာ တရုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြည်နှင့် မဝေးလှသော နေရာ၌ရှိသည်ဟု ဆိုကြပြန်သဖြင့် ရောက်ဖူးချင်သူများ ရှိသလို တကူးတကလိုက်လံရှာဖွေလိုသူတို့လည်း ပေါ်ပေါက်ခဲ့ကြလေသည်။

ရှေးအခါက ယခု ဂိုဘီသဲကန္တာရ ပေါ်ပေါက်လာသော နေရာမှာ ဂိုဘီပင်လယ်ပြင်ကြီး ဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် တဖြည်းဖြည်း တိမ်ကောလာကာ သဲကန္တာရကြီး ဖြစ်သွားခဲ့ခြင်းဖြစ်သည်။

ဂိုဘီပင်လယ်အတွင်း၌ ကျွန်းဖြူကလေးရှိခဲ့ပြီး ထိုကျွန်းကလေးပေါ်မှာ ရှမ်ဗဲလားမှ သူတော်စင်တို့ နေထိုင်ခဲ့ကြလေသည်။

နှစ်ပေါင်းများစွာကြာခဲ့ပြီး ဂိုဘီပင်လယ်ပြင်မှ ဂိုဘီသဲကန္တာရကြီး ဖြစ်လာသောအခါ သူတော်စင်တို့သည် ဟိမဝန္တာတောင်၊ ခွန်လွန်တောင်နှင့် အယ်လ်တိုင်တောင်တို့ကို ဖြတ်၍ တိဗက်ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

သို့ကြောင့် တိဗက်ပြည်နှင့် ခွန်လွန်တောင်တန်းကြီး အနီးတစ်နေရာတွင် သူတော်စင်တို့ တရားရှာမှီကြသည့် စုံတောမြို့ သို့မဟုတ် ရှမ်ဗဲလားရှိသည်ဆိုသော အယူအဆ . . ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းမှာတော့ စစ်ဘေးစစ်ဒဏ်ကို အလူးအလဲခံနေရသော တရုတ်ပြည်အဝှမ်းမှာ ရှမ်ဗဲလားဆိုသော ဝေါဟာရကို ယုံကြည်လက်ခံလာကြသည်။

ထိုနေရာသို့ သွားရောက်ရှာဖွေလိုသူအချို့ ပေါ်ပေါက်





လာကြလေသည်။

ထိုအထဲတွင် သစ်တောဌာနမှာ အမှုထမ်းနေသော ဒူးချင်လီလည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့လေသည်။

သူသည် တာဝန်ဖြင့် ဝေးလံလှသော သစ်တောကြီးများ အတွင်းသို့ လှည့်လည်သွားလာရင်းနှင့် ရှမ်ဗဲလားရှိသောနေရာကို မှန်းဆရှာဖွေခဲ့သည်။

သူသည် တောင်မြင့်ကြီးများ၊ တောနက်ကြီးများသို့ ရောက်တိုင်း ရှမ်ဗဲလားကို တွေ့ရလေမလားဟု ရှာဖွေနေခဲ့သူဖြစ်သည်။

တစ်နေ့တော့ တပည့်လက်သားအချို့နှင့် ရိက္ခာအပြည့်အစုံထည့်ကာ မြောက်ပိုင်းဘက်မှာရှိသော တောနက်ကြီးတစ်ခု အတွင်းသို့ သွားကြလေသည်။

တောမှာ နက်လှသောကြောင့် တောထဲရောက်သွားသည်နှင့် လမ်းပျောက်ကာ မျက်စိလည်သွားကြလေတော့သည်။ သူတို့သည် တောနက်ကြီးအတွင်းမှာ စမ်းတဝါးဝါးနှင့် လျှောက်သွားကြရင်းမှ ရက်အတော်ကြာသွားသောအခါ ယူဆောင်လာသော အစားအသောက်တို့မှာလည်း အနည်းငယ်မျှသာ ကျန်တော့သည်။

သို့ကြောင့် ကျန်နေသေးသော အစားသောက်တို့ကို ချွေတာစားသောက်ရင်းမှ ခရီးဆက်ကြရာ ဘယ်နေရာရောက်နေမှန်းပင် မသိရလောက်သော အခြေအနေမျိုး ရောက်သွားကြသည်။ တစ်နေ့မှာတော့ ထူးခြားဆန်းကြယ်သော သစ်တော



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်သို့ ရောက်သွားကြလေတော့သည်။

ထိုတောအုပ်၌တွေ့ရသော သစ်ပင်များမှာ တွေ့နေကျ သစ်ပင်၊ သူတို့မြင်ဖူးသောသစ်ပင်မျိုး မဟုတ်ကြပဲ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးသော သစ်ပင်၊ ပန်းပင်များပင် ဖြစ်ကြလေသည်။

အပင်များပေါ်မှာ သီးနေသော သစ်သီးများမှာလည်း မမြင်ဖူး မတွေ့ဖူးသော သစ်သီးများ ဖြစ်ကြသည်။

ဦးချင်လီနှင့် တပည့်နှစ်ယောက်တို့မှာ ဝင်းမှည့်နေသော သစ်သီးများကို တွေ့သော်လည်း မစားဝံ့ကြပေ။

အချို့ပန်းပွင့်ကြီးများမှာ ပုံပန်းသဏ္ဌာန်က မြေပြန့်မှာ မြင်ဖူးသော ပန်းများနှင့် တူသော်လည်း အရွယ်အစားက များစွာကွာခြားလှသည်။

စံပယ်ပန်းနှင့် တူသောပန်းပွင့်များမှာ ထန်းသီးလုံးခန့် ကြီးပြီး ရနံ့ကလည်း စူးစူးဝါးဝါးမွှေးကြိုင်လှသည်။ သစ်ပင်ပန်းပင်များသာမကပဲ ထိုတောအုပ်ထဲမှာ တွေ့မြင်ရသော ကျေးငှက်၊ တိရစ္ဆာန်တို့၏ ပုံပန်းသဏ္ဌာန်ကလည်း များစွာထူးဆန်းလှပေသည်။

"ဆရာ ဒီတောထဲမှာ တွေ့ရတဲ့ သစ်ပင်ပန်းပင်တွေက ထူးဆန်းသလို ငှက်တွေရဲ့ ပုံပန်းသဏ္ဌာန်ကလည်း တစ်မျိုးပဲနော်၊ မျက်နှာပုံသဏ္ဌာန်တွေက လေးထောင့်ပုံသဏ္ဌာန်မျိုးတွေလိုပဲ"

ဟု တစ်ယောက်ကပြောတော့မှ အသေအချာ ကြည့်





ကြလေသည်။

ထိုလူပြောသည့်အတိုင်းပင် ငှက်နှင့်တိရစ္ဆာန်တို့၏ မျက်နှာပုံသဏ္ဌာန်မှာ လေးထောင့်ပုံသဏ္ဌာန် ဖြစ်နေသည်ကို တွေ့ကြရသည်။

တစ်ညမှာတော့ ကျောက်ဂူတစ်ဂူထဲမှာ ဝင်အိပ်နေကြစဉ် ဦးချင်လီသည် ဆန်းကြယ်သော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် မျက်နှာကို အဝတ်ဖြင့်ဖုံးထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

၎င်းဝတ်ဆင်ထားသော အဝတ်အစားတို့မှာလည်း သာမန်နှင့်မတူပဲ ရှေးခေတ် နန်းတွင်းသူများ ဝတ်ဆင်သော အဝတ်အစားကဲ့သို့ ဝတ်ရုံရှည်ကြီး ဖြစ်သည်။

BURMESE CLASSIC .com

အသားအရေမှာလည်း ဝင်းဝါလျက်ရှိသည်။

"အသင်က ရှမ်ဗဲလားကို တွေ့မြင်ချင်၊ ရောက်ချင်လို့ ထွက်လာနေတာ မဟုတ်လား၊ ဒါပေမယ့် ရှမ်ဗဲလားဆိုတာ သူတော်စင်တို့သာ နေခွင့်ရှိသော နေရာဖြစ်သဖြင့် သင့်အနေဖြင့် ရောက်နိုင်ခွင့် မရှိသေးပေ"

"သင်က ဘယ်သူလဲ"

"ကျွန်ုပ်က ရှမ်ဗဲလားနဲ့ ဆက်စပ်မှုရှိတဲ့ ရှမ်ဗဲလားကို ကောင်းစွာသိနေတဲ့သူ တစ်ဦးပါပဲ"

ဦးချင်လီ စိတ်ထဲမှာတော့ သိဒ္ဓိရှင်မယ်တော်ရှိဝမ်းမူများ ဖြစ်နေရော့သလားဟု ထင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရှမ်ဗဲလားရောက်နိုင်ဖို့ရန် ဘယ်လိုများ ဆောင်ရွက်ရပါမလဲ"

"စိတ်ကို စင်ကြယ်အောင် အရင်ပြုလုပ်ပြီး မေတ္တာတရားနဲ့ နေနိုင်အောင်ကြိုးစားရမယ်၊ ဒီလိုကြိုးစားနေလို့ စိတ်ရောလူပါ သန့်စင်လာတဲ့တစ်နေ့မှာ မေတ္တာစက်ကွင်းဖြန့်ပြီး ရှမ်ဗဲလားမှာ ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပေးရမယ်၊ သူတို့နဲ့ မေတ္တာစက်ကွင်းချင်း ချိန်ဆက်မိတဲ့အခါ သူတို့က လိုအပ်တဲ့ အချိန်အခါရောက်ရင် သင့်ကို ခေါ်ယူကြလိမ့်မယ်၊

အဲဒီအချိန်ရောက်မှသာ သင်ရှမ်ဗဲလားကို ရောက်နိုင်ပေလိမ့်မယ်၊ မိမိကိုယ်နဲ့စိတ်ကို ဘာမှမပြုပြင်ရသေးပဲ ရှမ်ဗဲလားကို လိုက်ရှာနေလို့ကတော့ တွေ့ရလိမ့်မယ်မဟုတ်ပေ၊

ကောင်းမှုကုသိုလ်မရှိသေးပဲနဲ့ စိတ်က နိဗ္ဗာန်ချမ်းသာကို ရချင်နေသူကဲ့သို့ ဖြစ်ပေလိမ့်မည်"

ထိုသို့ရှင်းပြသောစကားကို ကြားသောအခါ ဝူးချင်လီတစ်ယောက် များစွာစိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။ သူ့အနေဖြင့် မျှော်လင့်ချက်ကြီးစွာနှင့် နှစ်ရှည်လများကြိုးစားခဲ့သမျှ အလဟဿ ဖြစ်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။ သူ့အမူအရာကို မြင်တော့ ထိုအမျိုးသမီးကပြောသည်။

"သင့်အနေနဲ့ ရှမ်ဗဲလားသို့ မရောက်နိုင်သေးပေမယ့် ကျွန်ုပ်အနေနဲ့ အကူအညီပေးနိုင်တာ တစ်ခုတော့ ရှိပါတယ်၊ တခြားတော့ မဟုတ်ပေ၊ သင့်အနေနဲ့ အသက်ရှည်လိုပါသလား"

"အသက်ရှည်ရန်အတွက် အသက်ရှိသူတိုင်း ကြိုးစားအားထုတ်နေကြတာပဲ၊ ကျွန်တော်လည်း အလိုရှိပါသည်"

"သင့်ကို အသက်ရှည်စေသော အာယုဝဍ္ဎနသစ်သီးရှိသော နေရာကို ပြပေးပါမည်၊ ထိုပန်းသီးကို စားပြီးပါက သင်၏အသက်သည် သာမန်လူတစ်ယောက် သက်တမ်းထက် များစွာပြီး ရှည်ပါလိမ့်မယ်၊ ကျွန်ုပ်နောက်ကသာ လိုက်ခဲ့ပါတော့"

ဟုပြောပြီး ခေါ်သွားလေရာ ဝူးချင်လီလည်း ထိုအမျိုးသမီးနောက်မှ လိုက်သွားလေတော့သည်။

သူသည် ထိုအမျိုးသမီး ခေါ်သွားသော ခရီးစဉ်အားစိတ်ထဲမှ ကောင်းစွာမှတ်သားထားလေသည်။

သူတို့သွားသောခရီးစဉ်မှာ ယခုရောက်နေသော နေရာမှ မြောက်ဘက်စူးစူးသို့ ဦးတည်သွားသော ခရီးဖြစ်လေသည်။ ဆောအုပ်မှလွန်သော် ကျယ်ပြန့်သောလွင်ပြင်ကြီးတစ်ခုကို ဖြတ်ကျော်သွားကြရသည်။

တစ်နေရာရောက်သောအခါ ဘော်အရောင်၊ ငွေသားအရောင် တောက်ပလျက်ရှိသော ကျောက်တုံးကျောက်သားများရှိသောနေရာသို့ ရောက်သွားလေသည်။

ထိုနေရာမှ တောင်ကုန်းတစ်ခုကို ကျော်သွားသောအခါ တောအုပ်တစ်ခုထဲသို့ ရောက်သွားကြသည်။

ထိုနေရာသည် စမ်းချောင်းနှင့်တကွ အသီးအပွင့်တို့ ပေဆာလျက်ရှိကာ သာယာလှပသော နေရာဖြစ်သည်။

တစ်နည်းဆိုရသော် နတ်တို့ဖန်ဆင်းထားသော ဥယျာဉ်ဗိမာန်တစ်ခုအတွင်းသို့ ရောက်သွားသကဲ့သို့ ရှိပေသည်။ ဝူးချင်





☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လီသည် ကြည်လင်သောရေကို မြင်သောအခါ အငမ်းမရ သောက်ရန်အတွက် အလျားထိုးလိုက်စဉ် ရေထဲသို့ ပြုတ်ကျလု မတတ်ဖြစ် သွားသောအခါ နောက်မှာရပ်နေသော အမျိုးသမီး ထံမှ ရယ်သံကြားရလေသည်။

ဝူးချင်လီက နောက်သို့လှည့်ကြည့်လိုက်ရာ ထိုအမျိုး သမီးမျက်နှာပေါ်မှ ဖုံးထားသော ပုဝါစအတွင်းမှ သူမ မျက်နှာကို တွေ့မြင်လိုက်ရလေသည်။

သူမ၏မျက်နှာမှ သာမန်မျက်နှာနှင့်မတူပဲ လေးထောင့် ပုံသဏ္ဍာန် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသောအခါများစွာ ထိတ်လန့်တုန်လှုပ်ကာ အိပ်မက်မှ လန့်နိုးလာလေတော့သည်။

နောက်တစ်နေ့ရောက်တော့ ထိုအိပ်မက်အကြောင်းကို အဖော်နှစ်ယောက်တို့အား ပြန်ပြောပြလိုက်လေသည်။

သူပြောသောအိပ်မက်အကြောင်းကို ကြားသောအခါ တစ်ယောက်ကပြောသည်။

"ဒီအိပ်မက်က သွေးလေကြောင့်မက်တဲ့ အိပ်မက်မျိုး တော့ မဟုတ်တန်ဘူး၊ နတ်တွေက လမ်းညွှန်ပေးတဲ့ အိပ်မက်မျိုး ဖြစ်နိုင်တယ်"

"ဟုတ်တယ် အသက်ရှည်စေတဲ့ သစ်သီးရှိတယ်ဆိုတာ ကြားဘူးတယ်၊ ကျွန်တော်တို့လည်း တောထဲမှာ ဘယ်ရောက်လို့ ဘယ်ခရီးပေါက်နေမှန်း မသိရမယ့်အတူတူတော့ ဆရာအိပ်မက် အတိုင်း လိုက်ရှာကြည့်ကြရင်မကောင်းဘူးလား"

ဟု အဖော်နှစ်ယောက်က စိတ်အားထက်သန်စွာဖြင့်





ပြောကြသောကြောင့် နောက်ဆုံးတော့ ဝူးချင်လီပါ စိတ်ပါလာပြီး ထိုဘက်သို့ ခရီးဆက်ရန် ပြင်ကြလေသည်။

သူတို့သုံးယောက်သည် ဝူးချင်လီ အိပ်မက်ထဲမှာ မှတ် သားထားခဲ့သော ခရီးစဉ်အတိုင်း သွားကြရာ အံ့ဩဖွယ်ရာ ကောင်းသော မြင်ကွင်းများကို တွေ့ကြရသည်။

အခြားမဟုတ်ပါချေ။

ညကအိပ်မက်ထဲမှာ မြင်တွေ့ခဲ့ရသော မြင်ကွင်းများ သည် အပြင်မှာလည်း တထေရာတည်းတူစွာ ရှိနေကြသော ကြောင့်ပင် ဖြစ်ပေသည်။

နောက်ဆုံး ဘော်ရောင်၊ ငွေရောင် တောက်ပနေသော နေရာသို့ ရောက်သွားကြပြီး အရောင်ထွက်နေသော ကျောက် တုံးများကို ကောက်ယူကြည့်သောအခါ ကျောက်တုံးမဟုတ်ပဲ ဘော်တုံး၊ ငွေတုံးများဖြစ်နေသည်ကို တွေ့မြင်ရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

"ဒီနေရာမှာ ဘော်တုံးတွေ ငွေတုံးငွေခဲတွေ ပြည့်နေ တာပဲ၊ ကျွန်တော်တို့သုံးယောက်တော့ ချမ်းသာပြီဗျို့"

"ဒီနေရာက ငါညက အိပ်မက်ထဲမှာ ရောက်ခဲ့တဲ့နေရာ ပဲ ဒီအတိုင်းဆိုရင် အာယုဝဍ္ဎန ပန်းသီးပင်လည်း မုချရှိနိုင်တယ်၊ ပန်းသီးကို အရင်လိုက်ရှာကြရအောင်"

ဟုပြောဆိုပြီး ရှေ့သို့ခရီးဆက်ခဲ့ကြရာ သူချော်လဲသော စမ်းချောင်းကလေးရှိသော နေရာသို့ ရောက်လာကြလေသည်။

"ငါညကရောက်ခဲ့တာ ဒီနေရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ညက သူ့ကိုခေါ်လာသော အမျိုးသမီးကို ထပ်တွေ့လိုတွေ့ငြား ရှာကြည့်တော့လည်း . အရိပ်ယောင်မျှ မတွေ့ရပေ။

သူတို့သည် စမ်းချောင်းကလေးအတိုင်း အပေါ်သို့တက်လာကြရာ ချောင်းက တဖြည်းဖြည်း ကျဉ်းလာသလို ကုန်းမြင့်ပိုင်းသို့ ရောက်လာကြသည်။

ထိုနေရာသို့ ရောက်လာသောအခါ သင်းပျံ့မွှေးကြိုင်လှသော သစ်သီးတစ်မျိုး၏ရနံ့ကို ရလာလေသည်။

လမ်းတစ်လျှောက်လုံး ပင်ပန်းမောပန်းလာသမျှ ဝမ်းဗိုက်ထဲမှ ဆာလောင်နေမှုများမှာ ထိုရနံ့ကို ရလိုက်သည်နှင့်ပင် ပြေပျောက်သွားခဲ့သလို ရှိလေသည်။

ဤသို့ဖြင့် ညနေစောင်းအချိန် ရောက်သောအခါ ရှေ့ဆက်ရန် မသင့်တော့သဖြင့် စမ်းချောင်းနှင့် မနီးမဝေးနေရာမှာပင် စခန်းချပြီး ပါလာသော အစားသောက်တို့ကို ခွဲဝေစားသောက်ရန် ပြင်သောအခါ ဝမ်းဗိုက်ထဲမှာ အစာစားပြီး သကဲ့သို့ ပြည့်နေသောကြောင့် မည်သူမှ မစားကြတော့ပေ။

ညအချိန်ရောက်တော့ မောမောနှင့် အိပ်ပျော်နေစဉ်မှာ ခေါင်းထဲမှာ ထူးထူးခြားခြား မွှေးရနံ့တစ်မျိုး ဝင်လာသောကြောင့် ဝူးချင်လီမှာ ပြန်နိုးလာသည်။

ထိုသို့နိုးလာပြီး ကြည့်လိုက်တော့ သူနှင့် မနီးမဝေးမှာ ရပ်နေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

စိတ်ထဲမှာ ကောင်းစွာ မှတ်မိနေသည်။





အိပ်မက်ထဲမှာ သူ့ကို ထိုနေရာရောက်အောင် ခေါ်လာခဲ့သည့် အမျိုးသမီးပင်ဖြစ်၏။

သူမ၏လက်ထဲမှာ ပန်းတစ်ပွင့်ကိုင်ထားပြီး ထိုပန်းရနံ့ကြောင့် နိုးလာရခြင်း ဖြစ်လေသည်။

သူနိုးလာတာမြင်တော့ ထိုအမျိုးသမီးက စမ်းချောင်းရှိရာဘက်ကိုလက်ညှိုးထိုးပြသဖြင့် အိပ်နေရာမှ ထကြည့်လေသည်။ ထိုအချိန်မှာပင် ထူးခြားသော သစ်သီးရနံ့တစ်မျိုးကို ရလေသည်။

ချောင်းထဲကြည့်တော့လည်း ဘာမှမတွေ့ရသေးပေ။ အတန်ကြာသည်အထိ ထိုနေရာမှာ ရပ်နေစဉ် သစ်သီးရနံ့ တစ်မျိုးက ပိုများလာသည်။

သို့ကြောင့် တသွင်သွင်စီးနေသော ချောင်းထဲသို့ လှမ်းကြည့်နေစဉ် ရေစီးနှင့်အတူ မျောပါလာသော အရာဝတ္ထုကို မြင်ရလေသည်။

ပထမတော့ ဘာမှန်း မသိရသဖြင့် ကြည့်နေစဉ် မနီးမဝေးရောက်တော့မှ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် ချောင်းဝမ်းစပ်သို့ ဆင်းကြည့်သည်။

ကောင်းကင်မှ ကျနေသော အလင်းရောင်ကြောင့် ရေနှင့် မျောပါလာသော အရာမှာ သစ်သီးတစ်လုံးဖြစ်မှန်း သိသဖြင့် ရေထဲသို့ ဆင်းကာ ဆယ်ယူလိုက်သည်။

ပန်းသီးက သာမန်တွေ့ဖူးသော ပန်းသီးတို့နှင့် အလုံးအရွယ်အစား ပိုကြီးပြီး ရနံ့ကလည်း သင်းပျံ့လှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အာယုဝဍ္ဎနပန်းသီး ဖြစ်ပါတယ်၊ ဒီပန်းသီး စားခွင့်ရတဲ့သူတိုင်း အသက်ကို ရှည်စေပါတယ်"

နောက်မှ လှမ်းပြောသံကြားရသည်။

သူက ပန်းသီးရသောအခါ အိပ်မောကျနေသော အဖော်နှစ်ယောက်ကိုပါ နှိုးပြီးကျွေးရန် အကြံပေါ်သောအခါ နောက်မှ ပြောသံကြားရသည်။

"သူတို့က အသက်ရှည်ဖို့ထက် ချမ်းသာဖို့ကို ပိုပြီးအလို ရှိနေကြတယ်၊ ဒီပန်းသီးက သင်နဲ့ထိုက်တန်ပါတယ်၊ သင်ပဲစား လိုက်ပါ သူတို့က ငွေတုံးငွေခဲတွေယူပြီး ပြန်ကြပါလိမ့်မယ်"

ဟု ပြောပြန်သဖြင့် ပန်းသီးကို စားလိုက်လေသည်။

အနံ့မွှေးသလောက်၊ အရသာကလည်း သာမန်သစ်သီး များနှင့်မတူပဲ ထူးကဲသောအရသာမျိုးရှိလေသည်။

ပန်းသီးကို ကုန်အောင်စားသောက်ပြီးသောအခါ မြ လည်းအိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည် မသိ သူပြန်နိုးလာသောအခါ အဖော်ပါလာသူနှစ်ယောက်ကို မတွေ့ ရတော့ပေ။

ထိုလူနှစ်ယောက်မှာ ချမ်းသာချင်သူများ ဖြစ်သော ကြောင့် ဂူးချင်လီကိုပင် အသိမပေးတော့ပဲ ငွေတုံးငွေခဲများ ရနိုင်သလောက်သယ်ယူကာ ပြန်ပြေးသွားခဲ့ကြလေပြီ။

နောက်မှာတော့ ဂူးချင်လီမှာ ထိုအမျိုးသမီးညွှန်ပြ သောလမ်းမှ ပြန်လေရာ မိမိနေရပ်သို့ ချောမောစွာဖြင့် ပြ





ည်ရောက်ခဲ့ပေသည်။

ထို့နောက်မှာတော့ ထိုနေရာဘက်သို့ရောက်အောင် သွားနိုင်သောခရီးစဉ် မှတ်တမ်း(မြေပုံ)တို့ကို အသေအချာ ရေး မှတ်ထားလေသည်။

ထိုအကြောင်းအရာများကို ဒေါက်တာကျန်လီက ဖတ် ပြပေးနေခြင်းဖြစ်ပြီး အားလုံးပြီးဆုံးတော့မှ ရပ်နားလိုက်လေ သည်။

"ခင်ဗျားဘယ်လို သဘောရသလဲ ကိုမင်းထင်ကျော်"

"ဒီမှတ်တမ်းတွေက ကိုယ်တွေ့ကြုံခဲ့တဲ့သူတစ်ဦး ရေး မှတ်ထားခဲ့တယ်ဆိုတာတော့ သေချာပါတယ်၊ မြေပုံမှတ်တမ်း တွေကိုလည်း အသေအချာ ရေးထားခဲ့တာပဲ၊ ဒါထက် ခင်ဗျားတို့ အဘိုးက အာယုဝဍ္ဎနပန်းသီး စားခဲ့ရတာဆိုတော့ သက်တမ်း ဘယ်လောက် ကြာအောင် နေသွားခဲ့ရသလဲဗျ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ကျွန်တော်တော့ ငယ်သေးလို့ သေသေချာချာ မသိ လိုက်တော့ဘူး၊ အဖေအမေတို့ ပြောပုံအရဆိုရင်တော့ နှစ်ပေါင်း ...လေးရာလောက် နေသွားရတယ်လို့ ပြောတယ်၊ အဘိုးက ကျန်းကျန်းမာမာနဲ့ အသက်ရှည်ကျန်နေခဲ့ပြီး ကျန်တဲ့သူတွေက အချိန်တန်ရင် သေသွားကြတော့ သူဘယ်လောက် အသက်ရှည် ...မှန်း ဘယ်သူမှ မသိတော့ဘူးပေါ့ဗျာ"

"အေးဗျာ ခင်ဗျားပြောတဲ့ အကြောင်းတွေကို ကျွန် ...တော် စိတ်ဝင်စားပါတယ် ခင်ဗျားဘယ်လိုလုပ်မယ်လို့ စိတ်ကူး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှိသလဲ"

"ကျွန်တော်ကတော့ ဒီမှတ်တမ်းတွေအတိုင်း အာ
ဝဋ္ဋနပန်းသီးရှိနိုင်မယ့် နေရာကို သွားပြီး ရှာဖွေချင်တယ်၊ ဒါ
မယ့် ကျွန်တော်တစ်ယောက်တည်းနဲ့တော့ မဖြစ်နိုင်ဘူး၊ အဖေ
လိုတယ်၊ ခင်ဗျားကကျွန်တော်နဲ့ ဝါသနာလည်းတူတယ်၊ စိတ်
ကိုယ်တူလည်းဖြစ်တော့ ကျွန်တော်တို့နှစ်ယောက် လက်တွဲပြ
သွားကြရင် ပိုမကောင်းဘူးလား"

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်
စားနေပြီးမှ ခေါင်းညိတ် သဘောတူလိုက်လေသည်။

ဒေါက်တာ မင်းထင်ကျော်က သဘောတူသဖြင့် ဒေါ
တာကျန်လီမှာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတေ
သည်။







# အခန်း(၉)

# မြောက်ကျွန်းသူ သုန္ဒရီနှင့်ပဟေဠိပုစ္ဆာ

ရှမ်ဗဲလား မဟာဂန္ဓာရီတက္ကသိုလ်တွင် ရုပ်ခန္ဓာဖြင့်
တ်ရောက်ပညာသင်ခွင့်ရသူက များများမရှိပါချေ။

မြို့တစ်မြို့ သို့မဟုတ် တိုင်းပြည်တစ်ခုမှသော်လည်း
ောင်း လာရောက်ပညာသင်ကြားနေသူ တစ်ယောက်နှစ်
ောက်သာ ရှိကြလေသည်။

တရုတ်ပြည်မှ တစ်ယောက်နှစ်ယောက်၊ တိဗက်မှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှစ်ယောက်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့သာ မြန်မာပြည်မှ သုံးယောက်ရောက်လာကြခြင်း ဖြစ်သည်။

အခြားနေရာများကတော့ ရှေးကဆိုခဲ့သည့်အတိုင်း တစ်ယောက်နှစ်ယောက် ထက်မပိုပေ။

ကျောင်းတော်ကြီး၌ လာရောက်ပညာ သင်ကြားနေသူအများစုမှာ ဝိညာဉ်ခန္ဓာဟုခေါ်သော လိပ်ပြာခန္ဓာသာ များလေသည်။ လိပ်ပြာခန္ဓာဖြင့် လာရောက်ကြသူတို့ မှာ ရုပ်ခန္ဓာဖြင့် လာရောက်သူများကဲ့သို့ မခက်ခဲလှပေ။

မည်မျှပင်ဝေးလံသော အရပ်ဒေသမှပင်ဖြစ်စေ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာပင် ကျောင်းတော်ကြီးရှိရာသို့ ရောက်လာနိုင်ကြလေသည်။

ရုပ်ခန္ဓာက နှစ်နှစ်ချိုက်ချိုက် အိပ်မောကျနေစဉ် ဝိညာဉ်ခန္ဓာက သွားလိုရာသွားပြီး၊ ပြုလုပ်လိုသမျှ ပြုလုပ်ခဲ့သည်ကို အိပ်ပျော်ရာမှ ပြန်နိုးလာသောအခါ အိပ်မက်မက်ခဲ့သည်ဟု ထင်မြင်ယူဆကြလေသည်။

လိပ်ပြာခန္ဓာဖြင့် လာရောက်ကြသူများမှ ဝေးလံသော အရပ်ဒေသများမှ အလွယ်တကူ လာရောက်ကြပုံတို့ကို မြောက်ကျွန်းမှ လာရောက်ပညာသင်ကြားနေသော သုန္ဒရီဆိုသော အမျိုးသမီးတို့ကို ကြည့်ရုံဖြင့် သိသာနိုင်ပေသည်။

မဟာဂန္ဓာရီ တက္ကသိုလ်တွင် ပထမအဆင့်၊ ဒုတိယအဆင့် ဟူ၍ ခွဲခြားထားပြီး မိမိသက်ဆိုင်ရာ အဆင့်များအလိုက်





သက်ဆိုင်ရာအထပ်များ၌ တက်ရောက်ပညာသင်ကြားကြရပေသည်။

ရုပ်ခန္ဓာဖြင့် ပညာသင်ကြားကြသူများက နေ့ဘက်အချိန် ဝိညာဉ်ခန္ဓာဖြင့် တက်ရောက်ပညာသင်သူတို့က ညအချိန်တွင်၌ အချိန် (ည(၁၁)နာရီမှ - နံနက်(၄)နာရီအတွင်း)ကိုတော့ သီးခြားသတ်မှတ်ပေးထားလေသည်။

သုတေသနပြုသော အထပ်မှာတော့ အလျားဆယ်ပေ အနံငါးပေခန့်ရှည်သော ဖန်သားမျက်နှာပြင်တစ်ခုရှိသည်။

(တီဗီမျက်နှာပြင်မျိုး ဖြစ်သည်။)

ထိုဖန်သားပြင်ပေါ်မှာ တစ်ကမ္ဘာလုံးမှာ ထူးထူးခြားခြား ဖြစ်ပျက်နေသော အကြောင်းအရာများ၊ အန္တရာယ်ဆိုးများကို တွေ့မြင်နိုင်ကြပေရာ သုတေသနပြုလိုသူများက ထိုအခန်းမှာ တက်ရောက်ကြည့်ရှုပြီး သုတေသနပြုကြရသည်။

ရေခဲတောင်များ ပြိုကျခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ ပင်လယ်မျက်နှာပြင်မှာ ကြီးမားသော လှိုင်းလုံးကြီးများ ကြွတက်လာခြင်းတို့ကို တွေ့မြင်နိုင်ကြသည်။

ထိုနေရာတွင် အဆင့်မြင့်သော သဒ္ဓမ္မဆရာရှင် တစ်ဦးက စောင့်ကြည့်နေပြီး သိလိုသော အချက်များကို ရှင်းလင်းပြောပြပေးလေသည်။

အကယ်၍ သူ့အနေဖြင့် မတတ်နိုင်သော အခြေအနေမျိုးရှိပါက ရှမ်ဗဲလားမှ ဆရာရှင်တို့ အကူအညီ ယူရသည်မျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိပေသည်။

ကမ္ဘာအရပ်ရပ်တွင် အဘယ်ကြောင့် ထိုကဲ့သို့အန္တရာယ်များလာသော အကြောင်းရင်းများလည်း ရှိကြပေသည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် လိပ်ပြာခန္ဓာကို ကောင်းစွာ ခွဲထွက်နိုင်ပြီး လိုအပ်သလို အသုံးချနိုင်သောအခါ ဒုတိယအဆင့်သို့ တက်ရောက်၍ ပညာသင်လေသည်။

ထိုသို့ ပညာသင်သောအချိန်တွင် မြောက်ကျွန်းမှ လာသည်ဆိုသော သုန္ဒရီနှင့်လည်း တွေ့ရလေသည်။

သုနေသန ပြုလုပ်ရာ အခန်းမှာ ညစဉ်တွေ့ကြရသောအခါ ခင်မင်ရင်းနှီးမှုလည်း ပိုရလာသည်။

တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်က ကမ္ဘာနေရာအနှံ့အပြားမှာ ကြုံတွေ့ရင်ဆိုင်နေကြရသော သဘာဝဘေးဆိုးအန္တရာယ်များကို ဆန်းစစ်လေ့လာနေရာမှ မရှင်းလင်းသော အကြောင်းအရာတို့ကို မနီးမဝေးမှာ အဆင်သင့်ရှိနေသည့် ဆရာရှင်ကို မေးမြန်းကြည့်လေသည်။

"ဘေးအန္တရာယ်ဆိုးများ မကြာခဏ ဖြစ်ပေါ်နေရခြင်း အကြောင်းရင်းတွေက ဘယ်လိုကြောင့်ပါလဲ"

"အကြောင်းနှစ်ချက်ကြောင့် ဖြစ်ပါတယ်၊ တစ်ချက်က အန္တရာယ်ဆိုးတွေကို အကာအကွယ်ပေးနိုင်တဲ့ ကမ္ဘာမြေပေါ်က သယံဇာတပစ္စည်းတွေ တဖြည်းဖြည်း ပျက်သုဉ်းကုန်တာကြောင့် ဖြစ်ပါတယ်၊

ဒီလိုပျက်သုဉ်းရခြင်းရဲ့ အကြောင်းရင်းကလည်း အခြား





အကြောင်းကြောင့် မဟုတ်ပါဘူး၊ ကမ္ဘာမြေပြင်ပေါ်မှာ မှီတင်းနေထိုင်ကြတဲ့လူတွေကပဲ ပြန်ပြီး ဖျက်ဆီးကြတာဖြစ်ပါတယ်၊ ဥပမာပေးပြီးပြောရရင် ကိုယ့်ကို လုံခြုံမှုပေးနေတဲ့ အိမ်ကို ကိုယ့်ဘာသာ ပြန်ပြီးဖျက်ဆီးပစ်နေကြတာနဲ့ တူပါတယ်"

"မှန်ပါတယ် ဆရာ"

"ကမ္ဘာဦးက မြေမျက်နှာပြင်ပေါ်မှာ သစ်ပင်တွေသစ်တောကြီးတွေရှိခဲ့တယ်၊ သစ်တောကြီးတွေက နေစရာပေးတယ်၊ စားစရာတွေပါပေးတဲ့အပြင် ဘေးအန္တရာယ်တွေကို အကာအကွယ် ပေးခဲ့ကြတယ်၊ နှစ်ပေါင်းများစွာ ကြာမြင့်လာတော့ လူတွေက သစ်တောကြီးတွေကို ဖျက်ဆီးပစ်ခဲ့ကြတယ်၊

ဒါကြောင့် . . . အခုမြင်တွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်တွေကို တစ်မျိုးပြီးတစ်မျိုး ခံနေကြရတာပဲ"

ဆရာရှင်က ဖန်သားမျက်နှာပြင်ပေါ်သို့ ညွှန်ပြသည်။ ဖန်သား မျက်နှာပြင်ပေါ်မှာ တီဗွီပြနေသကဲ့သို့ မြင်ကွင်းများက တစ်ခုပြီးတစ်ခု ပေါ်နေလေသည်။

မီးတောင်ပေါက်ကွဲခြင်းကြောင့်သော်လည်းကောင်း၊ မြေငလျင်လှုပ်ခြင်း၊ ရေခဲတောင်ပြိုကျခြင်း၊ လေမုန်တိုင်းများဖြစ်ပေါ်ခြင်း၊ လှိုင်းလုံးကြီးများ ဝါးမျိုခြင်းတို့ကြောင့် လူအများထောင်သောင်းမက အစုလိုက်အပြုံလိုက် သေကျေပျက်စီးကြပုံများကို မြင်တွေ့ရသည်။

စိတ်မကောင်းစရာ ဖြစ်သော်လည်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးနေကြခြင်းဖြစ်သောကြောင့် ဘာမှမတတ်နိုင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်က ဘာပါလည်းဆရာ"

"နောက်တစ်ချက်က မေတ္တာပျက်ခြင်းကြောင်း ဖြစ်ပါတယ်၊ လူတွေရဲ့ ရင်ထဲမှာ မေတ္တာဓာတ်တွေ သိပ်မရှိတော့ဘူး။ မေတ္တာစက်ကွင်းတွေလည်း လျော့ကျနေပြီ"

ကိုယ်ခန္ဓာရဲ့ အရောင်ထွက်နေပုံက နှစ်မျိုးရှိတယ်၊ တစ်မျိုးက မေတ္တာဓာတ်ဖြစ်ပြီး၊ နောက်တစ်မျိုးက မိစ္ဆာဓာတ် ဖြစ်တယ်၊ မေတ္တာဓာတ်လျော့နည်းလာရင် မိစ္ဆာဓာတ်တွေများလာမယ်၊ မေတ္တာဓာတ်ပွားများနိုင်ရင် မိစ္ဆာတွေ တဖြည်းဖြည်း လျော့ပါးသွားနိုင်ပါတယ်"

"မှန်ပါတယ်ဆရာ"

"မြတ်စွာဘုရားရှင်ဟာ မေတ္တာတရား အပွားများနိုင်ဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ မေတ္တာဓာတ်နဲ့ပဲ မိစ္ဆာတွေအားလုံးကို ဖယ်ရှားပစ်ခဲ့ပါတယ်"

"မှန်ပါတယ်"

"အခုလူတွေရဲ့ ရင်ထဲမှာ မေတ္တာဓာတ်နည်းနေပြီး လောဘ၊ ဒေါသ၊ မောဟနဲ့ မာန်မာနတရားတွေပဲ ရှိတော့တယ်၊ ဒါကြောင့် စစ်မက်အင်္ဂါတွေ များလာပြီး လူတွေအစုလိုက်အပြုံလိုက် သေကျေပျက်စီးမှုတွေ ဖြစ်လာရခြင်းပဲ ဖြစ်ပါတယ်"

သဒ္ဓမ္မဆရာရှင်က ကမ္ဘာမြေပြင်ပေါ်မှာ တဖြည်းဖြည်း ပျက်စီးလာသော အကြောင်းများကို တစ်ခုချင်း ပြောပြနေသည်။

ထိုနောက်မှာတော့. . . ဒေါက်တာမင်းထင်ကျော်က သုတေသနအခန်းထဲမှ ပြန်ထွက်လာခဲ့လေသည်။





အပြင်ဘက်ရောက်တော့ မြောက်ကျွန်းသူ သုန္ဒရီနှင့် တွေ့ရသည်။

သူမက အပြုံးဖြင့် နှုတ်ဆက်ရင်း ပြောသည်။

"ကျွန်မတို့ အပြင်ဘက်မှာ စကားပြောကြရအောင်"

ဟုပြောပြီး နှစ်ယောက်သား ကျောင်းအပြင်ဘက်သို့ ထွက်လာကြလေသည်။

"ကိုမင်းထင်ကျော်ကို ပြောစရာစကား ရှိလို့ပါ"

"ပြောပါသုန္ဒရီ"

"တခြားတော့ မဟုတ်ပါဘူး၊ လူတစ်ယောက်နဲ့ တိုင်ပင်ပြီးတော့ အာယုဝဍ္ဎနပန်းသီးရှာဖွေဖို့ သွားကြတော့မယ်ဆိုတာ မှန်ပါသလား"

ထိုစကားကြောင့် အနည်းငယ် အံ့ဩသွားလေသည်။

"သုန္ဒရီက ဘယ်လိုသိနေတာလဲ"

"ကျွန်မမှာလည်း သိနိုင်တဲ့ စွမ်းအားရှိပါတယ်"

"မှန်ပါတယ် အသက်ရှည်စေနိုင်တဲ့ အာယုဝဍ္ဎနပန်းသီးရှာဖွေဖို့ မကြာခင် ခရီးထွက်ကြတော့မလို့ပါ"

"အဲဒီပန်းသီးရှိတဲ့နေရာကိုရော သိပြီလား"

"ကျွန်တော့် မိတ်ဆွေဆီမှာတော့ ခရီးလမ်းညွှန်ရှိတယ်လို့ သိရပါတယ်"

"ရှင်တို့အလိုရှိတဲ့ အာယုဝဍ္ဎနပန်းသီးပင်က တခြားနေရာမှာ ရှိတာမဟုတ်ပါဘူး၊ ကျွန်မတို့ မြောက်ကျွန်းမှာပဲ ရှိတာပါ"

ထိုစကားကြောင့် စိတ်ထဲမှ အံ့ဩသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပထမရောက်ခဲ့တဲ့လူတွေကရော မြောက်ကျွန်းကို ရောက်ခဲ့ကြတာလား"

"မဟုတ်ပါဘူး၊ သူတို့ရောက်ခဲ့တာမြောက်ကျွန်း မဟုတ်ပါဘူး၊ တောင်ကျွန်းရဲ့ နယ်နိမိတ်အတွင်းမှာပဲ ရှိပါသေးတယ်"

"ဒီလိုဖြင့် သူတို့စားခဲ့ရတယ်ဆိုတာ အသက်ရှည်စေတဲ့ ပန်းသီး မဟုတ်ဘူးလား"

"ပန်းသီးကတော့ ဟုတ်ပါတယ်၊ မြောက်ကျွန်းသူတစ်ယောက်က ယူပြီး သူ့ကိုကျွေးခဲ့တာပါ"

သုန္ဒရီပြောနေသော စကားများကို ဒေါက်တာမင်းထင်ကျော်က များစွာစိတ်ဝင်စားမိလေသည်။

"ဒါဖြင့်သုန္ဒရီတို့နေတဲ့ မြောက်ကျွန်းက ဘယ်နေရာမှာ ရှိတာလဲ"

"ကိုမင်းထင်ကျော်က ရောက်အောင်လာချင်လို့လား"

"ကျွန်တော်စိတ်ဝင်စားပါတယ် ရောက်အောင်လာဖို့လည်း စိတ်ကူးထားပါတယ်"

"ဒီလိုဆိုရင် ရောက်အောင်လာခဲ့ဖို့ ကျွန်မက ဖိတ်ခေါ်ပါတယ်၊ တကယ်လို့ ရှင်ရောက်လာမယ်ဆိုရင် ကျွန်မ ဆီးကြိုနေပါ့မယ်"

"ဘယ်လိုလာရမယ်ဆိုတာလည်း ပြောပြနိုင်မလား"

"ရှင်လာမယ်ဆိုရင် ခရီးလမ်းညွှန်တစ်ခု ကျွန်မပေးထားခဲ့ပါ့မယ်၊ အဲဒီလမ်းညွှန်အတိုင်း လာခဲ့မယ်ဆိုရင် ကျွန်မတို့နေတဲ့ မြောက်ကျွန်းကို ရောက်လာနိုင်ပါတယ်ရှင်"





ဟု အပြုံးဖြင့် ပြောပြသည်။

"ကျွန်တော် ကျမ်းစာတွေထဲမှာ ဖတ်ဖူးတဲ့အတိုင်းဆိုရင် မြောက်ကျွန်းသူတွေရဲ့ မျက်နှာပုံပန်းသဏ္ဌာန်က တစ်မျိုးရှိကြတယ်လို့ တွေ့ဘူးပါတယ်"

"ဘယ်လို တွေ့ဖူးတာလဲ"

"စာထဲမှာတော့ မြောက်ကျွန်းက လေးထောင့်ပုံပန်းသဏ္ဌာန်ရှိနေလို့ အဲဒီကျွန်းမှာ ရှိတဲ့လူတွေရဲ့ မျက်နှာတွေကလည်း လေးထောင့်ပုံသဏ္ဌာန်တွေ ရှိနေကြတယ်လို့ တွေ့ဘူးတယ်"

ထိုစကားကြားတော့ သုန္ဒရီက သဘောကျစွာ ရယ်နေသည်။

"ရှင်တို့နေတဲ့ တောင်ကျွန်းမှာတော့ လူတွေ အမျိုးမျိုးနဲ့ ပုံပန်းသဏ္ဌာန်တွေ အမျိုးမျိုးရှိနေကြသေးတာပဲ၊ ကျွန်မတို့ မြောက်ကျွန်းမှာလည်း ပုံပန်းသဏ္ဌာန်မတူတဲ့သူတွေ ရှိကြမှာပေါ့ သူတိုင်းတော့ လေးထောင့်မျက်နှာတွေ မဟုတ်ကြပါဘူး"

ဒေါက်တာမင်းထင်ကျော်က များစွာ အံ့သြသွားလေသည်။

"ရှင်က ကျမ်းစာတွေထဲမှာ မြောက်ကျွန်းအကြောင်း ဖတ်ဖူးတယ်ဆိုတော့ ဇောတိကသူဌေးကြီးရဲ့ ကြင်ယာတော်က မြောက်ကျွန်းသူတစ်ယောက်ဖြစ်ပေမယ့် ရှင်ပြောသလို မျက်နှာက လေးထောင့်ဖြစ်နေတယ်လို့တော့ မပါဘူးမဟုတ်လား"

"အဲ. . အဲ. . ဒီလိုတော့ မတွေ့မိဘူး"

"ဒီလိုပါပဲ နေရာတိုင်းမှာ လူတွေအမျိုးမျိုးရှိကြသလို



www.burmeseclassic.com

ပုံပန်းသဏ္ဍာန်တွေလည်း အမျိုးမျိုးရှိကြမှာပဲပေါ့၊ ဘဝက်က ချပေးလိုက်တဲ့ ပုံပန်းသဏ္ဍာန်အတိုင်း လာကြရတာဆိုတော့ နေရာတူသော်လည်း လူမျိုးမတူ၊ လူမျိုးတူပေမယ့် ပုံပန်းသဏ္ဍာန်ချင်းကတော့ ဘယ်မှာတူနိုင်ပါတော့မလဲ"

ထိုသို့ပြောလာသဖြင့် သူမေးမိသော စကားအတွက် စိတ်မကောင်းပင် ဖြစ်သွားမိလေသည်။

"ဒါထက် ကျွန်တော့်ကို လမ်းညွှန်ပေးခဲ့မယ်ဆိုတာ အမှန်ပဲလား"

"ပေးထားခဲ့ပါမယ်. . ကျွန်မပြောတာကိုသာ အသေအချာ မှတ်သားထားပါ"

ဟု အောက်ပါအတိုင်း ပြောပြလေသည်။

※ ဒေါက်တာမင်းထင်ကျော်က လက်ဝါးတစ်ဖက်ကို ထောင်ပေးထားရင်းဖြင့် မျက်လုံးမှိတ်ထားလိုက်သည်။

ခဏကြာသောအခါ ဝါဂွမ်းတမျှ နူးညံ့သော လက်ဝါးတစ်ဖက်က သူ့လက်ဝါးပြင်သို့ လာရောက်ထိကပ်ထားသည်ကို သတိပြုမိလိုက်သည်။

သူ့စိတ်ထဲမှာ သံလိုက်စက်ကွင်းတစ်ခုနှင့် ကပ်ထားသကဲ့သို့ ထင်နေသည်။

အချိန်မည်မျှကြာသွားသည် မသိပေ။

လက်ဝါးချင်းကပ်ထားသော အငွေ့အသက်များ. . ပျောက်သွားတော့မှ မျက်စိဖွင့်ကြည့်လိုက်လေသည်။

သူ၏အနီးမှာ သုန္ဒရီ မရှိတော့ပေ။





အနီးပတ်ဝန်းကျင်သို့ ကြည့်တော့လည်း ဝေ့ဆိုင်းနေသော မြူနှင်းများသာတွေ့ရပြီး လူတစ်ဦးတစ်ယောက်မှ မတွေ့ရတော့ပေ။

သူက ယခုထိပူနွေးနေဆဲဖြစ်သော လက်ဝါးကိုအမှတ်တမဲ့ ဖြန့်ကြည့်လိုက်လေသည်။

ထိုအခါ. . လက်ဝါးပေါ်မှာ ထင်ထင်ရှားရှား ပေါ်နေသော စာကြောင်းများ၊ စာလုံးများကို တွေ့ရသဖြင့် အံ့သြသွားမိလေသည်။

"ဒါလက်ဝါးပေါ်မှာ စာလုံးတွေပေါ်နေပါလား၊ သက္ကတဘာသာလို အက္ခရာမျိုးနဲ့ ရေးထားတော့ ငါလည်း အဓိပ္ပာယ်မသိဘူး၊ ဒီစာတွေက သုန္ဒရီပေးထားခဲ့တဲ့ လမ်းညွှန်စာတွေပဲဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ်ဒီစာတွေပျောက်ပျက်လို့တော့ မဖြစ်ဘူး၊ ဒီစာတွေကို ဆရာကြီးသူရဋ္ဌကိုပြမှပဲ အဖြေသိရတော့မှာပဲ"

ဟု တွေးတောပြီး လက်ဝါးပြင်ပေါ်မှာ ပေါ်နေသော စာလုံးများကို လက်ဖြင့်တို့ကြည့်သော်လည်း မှင်ဖြင့်ရေးထားသကဲ့သို့ မပျက်ဘဲရှိလေသည်။

သို့ကြောင့် ချက်ချင်းပင် မိမိရုပ်ခန္ဓာထားခဲ့သော နေရာသို့ ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

# မဟာဂန္ဓာရီ ခရီးလမ်းညွှန်

ရုပ်ခန္ဓာနှင့် လိပ်ပြာခန္ဓာတို့ ပြန်လည်ပူးပေါင်းမိသွား
သာအချိန်တွင် အိပ်ပျော်နေရာမှ ပြန်နိုးလာလေသည်။ အချိန်
နံနက်လေးနာရီ ထိုးတော့မည်။

ကျောင်းတော်ကြီးရှိရာမှ ကြေးစည်သံ၊ ဖားစည်တီးသံ
ပေါ်ထွက်လာသည်။

ထိုအသံများကြားရသည်နှင့် အားလုံးအိပ်ရာမှ ထကြရ
တစ်နေ့တာ ဆောင်ရွက်ရမည့်ကိစ္စများကို စတင်ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ရသောအချိန်လည်း ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်အနေဖြင့် လိပ်ပြာခန္ဓာဖြ... တစ်ညလုံး ပညာသင်ကြားခဲ့ပြီးနောက် ယခု ရုပ်ခန္ဓာကို အသုံးပြု... ပြီး ပညာသင်ရမည့် နေ့ဘက်အချိန်သို့ စတင်ရောက်ရှိလာ... ပြီ။

အိပ်ပျော်ရာမှ ပြန်နိုးလာသော မိမိလက်ဝါးပြင်... ကြည့်လိုက်ရာ ညကအတိုင်းပင် စာလုံးများက ရှိနေဆဲပင်။

ထို့နောက်မှာတော့ ကိုယ်လက်သန့်စင်ခြင်း၊ ဘုရား... ပြုခြင်း မေတ္တာပို့အမျှဝေခြင်းများကို ဝတ္တရားမပျက် လုပ်... လေသည်။

ပြီးလျှင် နံနက်စာ စားသောက်ပြီးနောက် စာသင်ခ... များရောက်အောင် သွားရသည်။

စာသင်ခန်းထဲမှာ ဒေါက်တာကျန်လီနှင့် တွေ့သော... ခါ ညကကြုံတွေ့ခဲ့ရသော အကြောင်းများကို ပြောပြလိုက်... လက်ဝါးပြင်ပေါ်မှာ ပေါ်နေသော စာများကိုပါ ပြလိုက်... သည်။

သူက ဒေါက်တာမင်းထင်ကျော်လက်ဝါးပေါ်မှ စာ... များကိုကြည့်ပြီး အံ့သြနေလေသည်။

"ဒီစာလုံးမျိုးတွေတော့ တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူး... ဘူးဗျ၊ ဆရာရှင်တွေကို ပြကြည့်မှပဲ အဓိပ္ပာယ် သိရတော့မှာ..."

ဟု ပြောလေသည်။

ထို့နောက် နေ့လယ်ဘက် နားချိန်ရောက်သောအခါ...





...နှင့် ခင်မင်ရင်းနှီးနေသော ဆရာရှင်,ယင်ကို လိုက်လံရှာဖွေရာ ...ခန်းတစ်ခန်းထဲမှာ ပုတီးစိပ်နေသည် မြင်သဖြင့် ခွင့်တောင်း... အတွင်းသို့ ဝင်သွားလေသည်။

"ဘာများ မေးစရာရှိပါသလဲ"

"ဒီစာလုံးတွေရဲ့ အဓိပ္ပာယ်ကို သိချင်လို့ပါဆရာ"

ဒေါက်တာမင်းထင်ကျော်က သူ့လက်ဝါးကို ဆရာရှင်,...င် ရှေ့မှာ ဖြန့်ပြလိုက်သည်။

ဆရာရှင်ယင် စာလုံးများကိုမြင်တော့ အနည်းငယ်ပင် ...သြသွားသော အမူအယာဖြင့် ဒေါက်တာမင်းထင်ကျော် မျက်...ကို ကြည့်လေသည်။

"သင်က အတော်တိုးတက်နေမှုပဲကိုး၊ လိပ်ပြာခန္ဓာနဲ့ ...အောင် ပညာသင်နေပြီဆိုတော့ အတော်ကလေးကြိုးစားမှုရှိ ...လို့ ပြောရမှာပဲ၊ သင် မြောက်ကျွန်းဘက်က ပညာလာသင် ...သူတစ်ယောက်နဲ့တွေ့ပြီး သူပေးခဲ့တာမဟုတ်လား"

"မှန်ပါတယ်ဆရာ"

"ဒီစာတွေက မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေ ...သုံးပြုတဲ့ သင်္ကေတစာတစ်မျိုးပဲ"

"ဒါဖြင့် မြောက်ကျွန်းဆိုတာ တကယ်ရှိတာပေါ့နော်"

"သင်က ဘယ်လိုယူဆနေလို့လဲ၊ တကယ်မရှိတဲ့နေရာ ...နေရာကို စိတ်ကူးနဲ့ ချဲ့ထွင်ရေးထားတယ်လို့များ ထင်နေ ...သလား"

"ဒီလိုတော့ မထင်မိပါဘူး ကျွန်တော်ကို ဒီစာတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပါယ်တွေကို ပြောပြပေးပါဆရာ"

ထိုသို့ပြောသောအခါ ဆရာယင်က ဒေါက်တာမင်းထင်ကျော် လက်ဝါးပြင်ပေါ်မှာ ပေါ်နေသောစာလုံးများကို ကြည့်၍ အောက်ပါအတိုင်း အဓိပ္ပါယ်ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်က ဆရာပြောပြပေးသော အဓိပ္ပါယ်များကို မေ့ပျောက်သွားမည် စိုးသောကြောင့် စာရွက်တစ်ရွက်ပေါ်၌ ရေးမှတ်ထားရာ အောက်ပါအတိုင်း ဖြစ်ပေသည်။

"ခွန်လွန်တောင်တန်းကြီးကို ကျော်ဖြတ်ပြီး
ကေလာသ တောင်တော်ကို မျှော်ကြည့်ပါလော့
တိဗက်နယ်နိမိတ်ကိုကျော်ပါလျှင်
ဟိမဝန္တာတောင်ကို သင်မြင်ရပါလိမ့်မည်၊
ဂိုဘီသဲကန္တာရမှ သဲပွင့်ကလေးများ
လမ်းပြပေးရာသို့လိုက်သွားပါ
တောင်သုံးလုံးထိပ် ဆံမြိတ်ဖြေရာ
မဟာနဂါးကြီးမျက်နှာစာရောက်တဲ့အခါ
လက်ဝဲလက်ယာလမ်းကို ရွေးချယ်ပါလော့"

ဟူသော စာများပင် ဖြစ်ပေတော့သည်။

"ဒါက မြောက်ကျွန်းသူတွေနေတဲ့နေရာကို ရောက်မယ့် ဖြတ်လမ်းတစ်ခုပဲ"

ဟု လည်း ဆရာရှင်,ယင်ကို ပြောပြလေသည်။

"သင်အနေနဲ့ ထိုနေရာကို သွားလိုပါသလား"

"မှန်ပါတယ်ဆရာ သွားလိုပါတယ်"





"အန္တရာယ်များတဲ့ ခရီးလမ်းတွေကို ကျော်ဖြတ်သွားရလိမ့်မယ်"

"ကျွန်တော်အနေနဲ့ မြောက်ကျွန်းကိုသွားတဲ့အခါမှာ ကျောင်းတော်ကြီးက ခွင့်ပြုပေးပါသလား"

"ဒီနေရာကို လာခွင့်ရသူတွေက မိမိတို့သဘောဆန္ဒအတိုင်း ရောက်လာနိုင်ကြပြီး ပြန်မယ်ဆိုရင်လည်း ကိုယ့်သဘောဆန္ဒအလျောက် ပြန်ခွင့်ရှိပါတယ်၊ လူတစ်ယောက်ရဲ့ ကံကြမ္မာစေရာ လျှောက်သွားနေရတဲ့ခရီးလမ်းကို မည်သူတစ်ဦးတစ်ယောက်မှ ပိတ်ဆီးပိတ်ပင်နိုင်ခွင့် မရှိကြပါပေ၊ အားလုံး ကံကြမ္မာအတိုင်းသာ ရှိကြပေသည်"

"ကျေးဇူးတယ်ပါတယ်ဆရာ၊ လက်ဝါးပြင်ပေါ်မှာ ထင်နေတဲ့စာလုံးတွေကို ဘယ်လိုများ ပျက်အောင်ဖျက်ရပါမလဲ"

"ရေးတဲ့သူက စိတ်နဲ့ရေးပေးထားခဲ့တာ ဖြစ်သောကြောင့် သင့်စိတ်က ဒီစာတွေကို အလိုမရှိတော့ဘူးဆိုရင် သူ့အလိုလို ပျက်ပြယ်သွားပါလိမ့်မယ်"

ဒေါက်တာမင်းထင်ကျော်က ဆရာရှင်,ယင်ကို လက်အုပ်ချီလျက် အရိုအသေ ပေးလိုက်သည်။

"သင်သွားရာလမ်းခရီးတစ်လျှောက်မှာ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးရောက်စေဖို့ မေတ္တာပို့ပေးပြီး ဆုတောင်းပေးပါတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဆရာရှင်,ယင်ကို နှုတ်ဆက်ပြီး သူ့အနီးမှာ ပြန်ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သူလက်ဝါးပြင်ပေါ်မှာ ပေါ်သောစာ
များက ပျောက်သွားပြီး လက်ဝါးပြင်က ပကတိအနေအထား
တိုင်း ပြန်ဖြစ်နေချေပြီ။

ခရီးထွက်ဖို့ ဆုံးဖြတ်ပြီးသောအခါ ဒေါက်တာကျန်
ကိုပါခေါ်ပြီး ဆရာကြီးသူရဇ္ဇ ဦးဝန်ကောင်းတို့နှင့် တိုင်ပင်ဆွေ
နွေးရလေသည်။

ဒေါက်တာကျန်လီက တိဗက်မှလာသော လာစင်
ခေါ်လာလေသည်။

အားလုံးလူစုံပြီးသောအခါ ဒေါက်တာမင်းထင်ကျော်
သူကြုံတွေ့ခဲ့သော အကြောင်းများကို အလုံးစုံပြောပြလိုက်
နောက် မြေပုံအညွှန်းစာရွက်ကိုပါ ဆရာကြီးလက်သို့ ပေး
လေသည်။

"မောင်ထင်ကျော်က ဆန်းကြယ်တဲ့ခရီးမျိုးတွေကို
ဝင်စားသူ ဖြစ်လာလေတော့ ဒီလိုခရီးမျိုးသွားမယ်ဆိုတာ
လျော်ပါတယ်၊ အောင်မြင်ခဲ့ရင်. . တန်ဖိုးမဖြတ်နိုင်တဲ့ အ
အကြုံတွေ ရနိုင်တဲ့အပြင် ကိုယ်အတွက်လည်း အကျိုးကျေ
နိုင်ပါတယ်"

ဟု ထောက်ခံပြောဆိုလေသည်။

"ဆရာကြီးရော လိုက်နိုင်ပါ့မလား"

"ကျုပ်ကတော့ အသက်အရွယ်ကလည်း ကြီး
တော့ မလိုက်တော့ပါဘူး၊ နောက်တစ်ချက်က ဒီမှာ ရှမ်ပဲလ
ပုဂ္ဂိုလ်တွေနဲ့ တွေ့ခွင့်ရနေပြီးဆိုတော့ ဒီမှာပဲ နေခဲ့ပါတော့





ဦးဝန်ကောင်းသဘောကရော ဘယ်လိုရှိပါသလဲ"

"ကျွန်တော်ကတော့ မောင်ထင်ကျော်လည်း အဖော်ရ
သအောင် သူနဲ့ပဲလိုက်သွားပါမယ် ဆရာကြီး"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်
တ်ထဲမှာ အတော်အသင့် အားရှိသွားပြီး ဝမ်းသာသွားလေ
သည်။

ဒေါက်တာကျန်လီနှင့် လာစင်တို့ကလည်း နှစ်ယောက်
ဖြစ်သဖြင့် ခရီးထွက်ရန် လေးယောက်ဖြစ်သွားပေပြီ။

"ဆရာကြီး ဒီအညွှန်းကို ကျွန်တော်တို့ကို ပြောပြပေး
ပြီး"

ထိုအခါ ဆရာကြီးက သူရဇ္ဇက ဆရာရှင်,ယင် အမိပ္ပါယ်
ဖော်ပေးလိုက်သော စာသားများကို သေသေချာချာဖတ်ပြီး အ
နက်ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှပြောသည်။

"ခွန်လွန်တောင်တန်းကြီးရယ်၊ ဟိမဝန္တာတောင်တန်း
ကြီးရယ်၊ ကေလာသတောင်တန်းကြီးရယ် ပေါင်းဆုံတဲ့ အလယ်
နေရာကို ညွှန်းထားတာပဲ ဖြစ်နိုင်ပါတယ်၊ အဲဒီတောင်သုံးလုံးက
ဆုံနေရာကို မြင်နိုင်တယ်"

"ဟုတ်ကဲ့"

"တရုတ်ပြည်ရဲ့ အမိကရဖြစ်တဲ့ ခွန်လွန်တောင်တန်းရှိ
နေရာကို အရင်သွားကြရမယ်၊ ကေလာသတောင်တော်ကို
မြင်နိုင်လောက်တဲ့ နေရာအထိ ခရီးသွားကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ဆရာကြီးပြောပြနေသော ခရီးစဉ်များကို အသေအချာ ရေးမှတ်ယူထားလေသည်။

"အဲဒီလို ကေလာသတောင်တော်ကို မြင်နိုင်လောက်တဲ့ နေရာရောက်လျှင် တိဗက်နယ်နိမိတ်ကို ရောက်သွားကြလိမ့် မယ်၊ အဲဒီနေရာကိုသိဖို့က ဟိမဝန္တာတောင်တန်းကြီးတွေကို လှမ်းမြင်နိုင်လောက်တဲ့ နေရာအထိ သွားကြရမယ်"

"ဟုတ်ကဲ့"

ဆရာကြီး သူရဇ္ဇက ခေတ္တနားပြီးမှ စကားပြန်ဆက် သည်။

"ဟိမဝန္တာကို မြင်နိုင်လောက်တဲ့ နေရာကနေပြီး ဂိုဒ် သဲကန္တာရကို ဖြတ်ကြရမယ်၊ သူ့အညွှန်းထဲမှာ သဲပွင့်ကလေးတွေ လမ်းပြပေးတဲ့အတိုင်း သွားရမယ်ဆိုတာ ပါလေတော့ သဲကန္တာရ ထဲ ရောက်တဲ့အခါ ထူးခြားတဲ့ သင်္ကေတတွေ အမှတ်အသား တွေကိုတော့ ဂရုစိုက်ပြီး ရှာဖွေကြည့်ရှုသွားကြရမယ်"

"ဟုတ်ကဲ့"

"တောင်သုံးလုံးထိပ် ဆုံမြိတ်ဖြေရာဆိုတဲ့ စာရဲ့အဓိပ္ပါယ် က တခြားမဟုတ်ဘူး၊ တောင်သုံးလုံးဆိုတာ ခွန်လွန်တောင် ကေလာသတောင်နဲ့ ဟိမဝန္တာတောင်ကြီးသုံးလုံးရဲ့ အရိပ်ထိုးတဲ့ အလယ်နေရာကို ညွှန်းတာဖြစ်တယ်၊ မဟာနဂါးကြီးရဲ့ မျက် စာဆိုတာက မဟာတံတိုင်းကြီးရဲ့ အရှေ့ဘက်ကို ညွှန်းတာဖြစ် တယ်"

"ဟုတ်ကဲ့"





"သူညွှန်းတဲ့နေရာရောက်ရင် လမ်းခွဲရောက်တဲ့အခါ လက်ဝဲဘက်သွားတဲ့လမ်း၊ လက်ယာဘက်သွားတဲ့လမ်း တွေ့ရ လိမ့်မယ်၊ အဲဒါကိုတော့ အခြေအနေကြည့်ပြီး ရွေးချယ်ကြရလိမ့် မယ်"

"ဆရာကြီးရဲ့ သဘောဆိုရင် ဘယ်လိုရွေးချယ်မလဲ"

ဦးဗန်ကောင်းက မေးလိုက်သည်။

"မြောက်ကျွန်းနဲ့ သက်ဆိုင်တဲ့လမ်းဆိုရင်တော့ အရှေ့ ဘက်ကိုမျက်နှာမူပြီး လက်ဝဲဘက်လမ်းကိုပဲ ရွေးချယ်သင့်တာ ပေါ့"

ဆရာကြီးသူရဇ္ဇက စိတ်စွမ်းအားကောင်းသူဖြစ်သဖြင့် မဆိုင်းမတွပင် အဖြေပေးနိုင်လေသည်။

ဆရာကြီးက လမ်းညွှန်များကို ပြောပြပေးသည်ကို ဒေါက်တာအဆင်ပြေချောမွေ့အောင် ရေးသားပြီးနောက် ကျန် သုံးယောက်ကြားအောင် ဖတ်ပြလိုက်သည်။

"ဆရာကြီးပြောပြတဲ့အတိုင်းဆိုရင် ကျွန်တော်တို့ ကေ လာသတောင်တော်ကိုမြင်ရလောက်တဲ့အထိ ခွန်လွန်တောင် တန်းကြီးပေါ်က ကျော်ဖြတ်သွားကြရမယ်"

ထိုစကားကြားသောအခါ တရုတ်လူမျိုးတစ်ဦးဖြစ်သူ ဒေါက်တာကျန်လီက အားတက်သရော ဝင်ပြောလေသည်။

"အဲဒီဘက်သွားတဲ့လမ်းတွေကို ကျွန်တော်ကောင်း ကောင်းသိတယ်၊ ကျွန်တော်ငယ်ငယ်က အဘိုးနဲ့လိုက်သွားခဲ့ဖူး တယ်၊ ခွန်လွန်တောင်ပေါ်မှာ ပိုးကုန်သည်တွေ အသုံးပြုတဲ့ ကုန်



www.burmeseclassic.com

www.burmeseclassic.com



သည့်လမ်းနဲ့ တောင်ဘက်ဟိမဝန္တာဘက်ကလာတဲ့ လမ်းတစ်လမ်းရှိတယ်၊ အဲဒီလမ်းက ဘာသာရေးအတွက် ဘုရာဖူးတွေ အသုံးပြုတဲ့လမ်းဖြစ်တယ်"

"အဲဒီလမ်းကသွားရင်ကော ဘယ်အထိရောက်နိုင်သလဲ"

"ဇဝရက်တောင်ကြော၊ မနုဿရောဝ ရေကန်တော်ကြီးနဲ့ ကေလာသတောင်တော်အထိ ရောက်နိုင်တယ်"

"ဒါဆိုရင် အဲ့ဒီလမ်းကပဲ ရွေးပြီးသွားကြရမှာပေ့ါ"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဆက်ပြောပြသည်။

"ကျွန်တော်တို့သွားရမယ် ခရီးလမ်းက ကေလာသတောင်ရော ဟိမဝန္တာတောင်ကို မြင်နိုင်လောက်တဲ့ လမ်းကနေ ရွေးပြီးသွားကြရမှာ၊ အဲဒီကမှဂိုဘီသဲကန္တာရက ကျော်ဖြတ်သွားရမှာဖြစ်တယ်"

"ဆက်ပြောပါဦး"

"ဂိုဘီသဲကန္တာရကိုကျော်ရင် တောင်သုံးလုံးဝန်းရံနေတဲ့ မဟာရံတံတိုင်းကြီးရဲ့အရှေ့ဘက်မျက်နှာစာမှာ ကျွန်တော်တို့ သွားရမယ့်လမ်းကို ရွေးချယ်ကြရမှာဖြစ်ပါတယ်၊ ဒီလောက်သိရပြီဆိုရင်တော့ ကျွန်တော်တို့အတွက် အခက်အခဲ မရှိနိုင်တော့ပါဘူး"

ထိုသို့ပြောပြီးနောက် ခရီးထွက်ရန်အတွက် တိုင်ပင်ဆွေးနွေးကြလေသည်။





"ဆရာကြီးက ကျွန်တော်တို့နဲ့အတူ မလိုက်ခဲ့နိုင်ပေမယ့် စိတ်နဲ့တော့ မေတ္တာပို့ပေးပါ"

"ကောင်းပါပြီ ကျုပ် ညစဉ်ရောက်အောင် လာခဲ့ပါမယ်၊ ကျုပ်လိုက်လာရင် အဆင်သင့်တွေ့နိုင်အောင်လို့ မောင်ထင်ကျော်တို့ရဲ့ စိတ်တံခါးကိုလည်း အမြဲဖွင့်ထားပေးကြပါ"

"ဖွင့်ထားပါမယ်ဆရာကြီး၊ အခက်အခဲနဲ့တွေ့တဲ့အခါမှာလည်း လိပ်ပြာခန္ဓာနဲ့ ဆရာကြီးရှိရာကို အရောက်လာပြီး အသိပေး အကူအညီတောင်းပါမယ်"

ဆရာကြီးသူရဇ္ဇက ခေါင်းညိတ်ပြသည်။

"အခု မောင်ထင်ကျော်တို့သွားမယ့် ခရီးလမ်းကြောင်းက ဂမ္ဘီရဆန်တဲ့ ရှမ်ဗဲလားနယ်မြေထဲမှာ ရှိတယ်၊ သူတော်ကောင်းတွေရဲ့ မေတ္တာစက်ကွင်းတွေ ပြန့်နှံ့နေတဲ့နေရာလည်းဖြစ်တယ်၊ ဒီတော့ ဘယ်နေရာသွားသွား၊ ဘယ်နေရာရောက်ရောက် မေတ္တာများများ ပို့ပေးကြရမယ်၊ သူတော်ကောင်းတွေရဲ့ မေတ္တာကိုလည်း ခံယူကြရမယ်၊ သူတော်ကောင်းတွေရဲ့ မေတ္တာစက်ကွင်းနဲ့ ချိတ်ဆက်မိနိုင်ဖို့ မိမိဆီက မေတ္တာစက်ကွင်းတွေကိုလည်း ဖြန့်ကြက်နိုင်အောင် ကြိုးစားကြပေတော့"

"ကောင်းပါပြီဆရာကြီး"

ထို့နောက် လေးယောက်သားဆရာကြီး သူရဇ္ဇကိုရှိသေစွာကန်တော့ပြီး အခန်းထဲမှ ပြန်ထွက်လာကြသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ မဟာဂန္ဓာရီတက္ကသိုလ်သို့လာစဉ်က သုံးယောက်အတူတကွဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယခုဆရာကြီးနှင့် ခွဲခွာကြရမည်အတွက် စိတ်မကောင်းဖြစ်နေမိသည်။

ထို့အတူ တစ်ဖက်ကလည်း တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသော နေရာသစ်တစ်ခုသို့ ခရီးထွက်ရတော့မည်ဖြစ်သဖြင့် တက်ကြွလျက် ရှိနေလေသည်။





# အခန်း(၁၁)

# ကေလာသတောင်သို့ ခရီးကြုံလိုက်ခွင့်ရခြင်း

မြောက်ကျွန်းဒေသသို့ ဦးတည်လျက် ခရီးထွက်ကြမည့်သူများမှာ လေးယောက်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်း၊ ဒေါက်တာကျန်လီနှင့် လာစင်တို့လေးယောက်ပင်ဖြစ်သည်။

သူတို့လေးယောက်သည် ဦးဗန်ကောင်း တစ်ယောက်မှလွဲပြီး ကျန်သုံးယောက်မှာ အသက်အရွယ်ချင်းကလည်း မကွာလှပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် လေးယောက်စလုံး စိတ်တူကိုယ်တူ ဝါသနာတူများ ဖြစ်ကြသဖြင့် ယခုကဲ့သို့ ခရီးထွက်ကြမည်ဆိုသောအခါ တက်ကြွလျက် ရှိနေကြသည်။

ခရီးထွက်ခါနီးတော့ မဟာဂန္ဓာရီကျောင်းတော်ကြီးမှ ဂိုဏ်းချုပ်ဆရာတော်ကြီးကို ရှိခိုးကန်တော့ပြီး ခွင့်တောင်းကြရသည်။

ဆရာတော်ကြီးက ကြည်ကြည်ဖြူဖြူပင် ခွင့်ပြုပေးပြီး မေတ္တာပို့ပေးလေသည်။

ထို့နောက် သူတို့ကို အကူအညီပေးခဲ့သော သဒ္ဓမ္မဆရာရှင်,ယင်အား ရှိခိုးကန်တော့ပြီး နှုတ်ဆက်ကြသည်။

ဆရာရှင်,ယင်ကလည်း မေတ္တာပို့ပေးပြီး ဆုမွန်ကောင်းများတောင်ပေးလေသည်။

ထို့ပြင် ဆရာကြီးသူရဋ္ဌကိုပါ ရှိခိုးကန်တော့ပြီး နှုတ်ဆက်ကြသောအခါ ဆရာကြီးက လိပ်ပြာခန္ဓာဖြင့် လိုက်ပါစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း မှာကြားလိုက်လေသည်။

သူတို့ခရီးထွက်ခါနီးသောအခါ ဆရာရှင်,ယင်က လမ်းတစ်လျှောက်တွင်စားသောက်ရန်အတွက် ကြာရှည်အထားခံသော အစားအသောက်များအဖြစ် ထိခိုက်ဒဏ်ရာရလျှင်သော်လည်းကောင်း၊ ရောဂါတစ်ခုခုရလျှင်သော်လည်းကောင်း အသုံးပြုနိုင်ရန် ဆေးပင်၊ ဆေးဥများကိုပါ ထည့်ပေးလိုက်သည်။ အားလုံး အဆင်သင့်ပြင်ဆင်ပြီးသောအခါ နောက်တစ်နေ့နံနက်ပိုင်းအချိန်မှ စတင်ကာ ခရီးထွက်ခဲ့ကြလေသည်။





သူတို့သည် ဆရာရှင်,ယင် လမ်းပြပေးလိုက်သော လမ်းများမှ အသုံးပြုကာ ဟိမဝန္တာတောင်တန်းကြီးမြောက်ပိုင်းဘက်သို့ ဦးတည်ကာ ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့ဦးတည်ချက်မှာ တိဗက်နယ်သို့ ဝင်ရောက်သွားရန်ပင်ဖြစ်သည်။

ပထဝီအနေအထားအရ တိဗက်သည် တရုတ်ပြည်တောင်ဘက်၌ အိန္ဒိယနှင့် နီပေါနိုင်ငံတို့အကြား တည်ရှိသည့် ကုန်းပြင်မြင့်ကြီးဖြစ်ပြီး ပင်လယ်ပြင်အထက်ပေ(၆၀၀၀)အောက်နိမ့်သောနေရာ အလွန်ပင်နည်းလှသည်။

တောင်ဘက်နယ်နိမိတ်မှာ ဧဝရက်တောင်ထိပ်အပါအဝင် ဟိမဝန္တာတောင်တန်းကြီး ပိတ်ဆီးထားသည်။

မြောက်ဘက်၌မူ "ခွင့်လွင်" တောင်တန်းကြီးက တရုတ်ပြည်မကြီးနှင့် ပိုင်းခြားလျက်ရှိသည်။

မြေပြင်အနေအထားကလည်း မတ်စောက်နက်ရှိုင်းလှသော လျှိုမြောင်ကြီးများနှင့် မြစ်ချောင်းများ ပေါများလှပြီး မိုင်ပေါင်းများစွာ ကျယ်ပြောမြင့်မားလှသော ကျောက်တောင်ကတုံးကြီးများက အထပ်ထပ် တည်နေသည်။

မြေပုံအရဆိုလျှင် တိဗက်အရှေ့ဘက်ခြမ်းမှာ စိုက်ပျိုးနိုင်သဖြင့် လူနေအနည်းငယ်များပြီး အနောက်နှင့် မြောက်ဘက်ခြမ်းမှာမူ တောင်ထူထပ်၍ အပင်မပေါက်နိုင်သော ကျောက်သားမြေများသာဖြစ်၏။

လမ်းပန်းဆက်သွယ်ရေးမှာလည်း ကျောက်ခင်းပမ်း



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သာရှိ၏။

ထိုဒေသသို့ ခရီးပေါက်သော အဓိကလမ်းနှစ်သွယ်ရှိ၏။

တစ်လမ်းမှာ မြောက်ဘက် "ခွင့်လွင်" တောင်ကြော လမ်းဖြစ်၍ ကုန်သည်များ အသုံးများသည်။

နောက်တစ်လမ်းမှာ တောင်ဘက်ရှိ ဟိမဝန္တာတောင်ကြောလမ်းဖြစ်ပြီး ဘာသာရေးအတွက်လာသော ဘုရားဖူးသူများ သုံးလေ့ရှိသည်။

ထိုလမ်းမှသွားလျှင် ဘာသာရေးအရ အထွတ်အမြတ်ထားကြသော ဇဝရက်တောင်ကြော မနုဿရောဝကန်တော် ကေလာသတောင် စသည်တို့မှတစ်ဆင့် တရုတ် ဂန္ဓာရီပင်ရင်း ဒေသကြီးဖြစ်သော "ခွင့်လွင်" တောင်ကြောအထိ ပေါက်သည်။

(အချို့ကလည်း ခွန်လွန်တောင်တန်းဟု ရေးသားဖော်ပြကြသည်။)

ထိုနယ်မြေမှ ဖြတ်သန်းသွားသောအခါ ဒေါက်တာကျန်လီက လမ်းပြခေါ်ဆောင်သွားလေသည်။

တကယ်တော့ ထိုနေရာထိုဒေသတို့တွင် ခရီးသွားလာနေကြသူတို့မှာ သစ္စာတရား ရှာဖွေသူ၊ မေတ္တာတရား ရှာဖွေသူနှင့် အတွင်းအဓ္ဈတ္တအတွက် တကူးတက ခရီးနှင်နေကြသူများလေသည်။

ထိုလမ်းမကြီးအတိုင်း ဆက်သွားပါက တိဗက်တို့၏ လာဆာသို့ ရောက်နိုင်ပေသည်။





သူတို့သွားရမည့် ခရီးတိုလမ်းကြောင်းအတိုင်းတော့ တော့တ်ပါချေ။

"ဒီလမ်းမကြီးက အတော်လူသွားလူလာ များပေတာပဲ ဘယ်နေရာအထိ ခရီးပေါက်နိုင်သလဲ"

ဦးဗန်ကောင်းက မေးသောအခါ တိဗက်လူမျိုးဖြစ်သော လာစင်က ဝင်ပြောပြသည်။

"ဒီလမ်းမကြီးအတိုင်း ဆက်သွားမယ်ဆိုရင်တော့ တိဗက်ကို ရောက်နိုင်ပါတယ် ဆရာကြီး၊ ဒါပေမယ့် ရှေ့မှာတော့ လမ်းကနေ ခွဲထွက်သွားရမှာပါ"

"ဘယ်လိုကြောင့်လဲ"

"ကျွန်တော်တို့ခရီးစဉ်က ကေလာသတောင်အထိ ရောက်အောင်သွားရမှာမို့ပါ"

"ခရီး အတော်ဝေးသေးသလား"

"ဝေးပါသေးတယ်ဆရာကြီး ဒီအတိုင်းခြေလျင်သွားနေမယ်ဆိုရင်တော့ တော်တော်နဲ့ရောက်မှာ မဟုတ်ပါဘူး၊ ဒီတော့ လမ်းမကြီးဘက် ရောက်အောင်သွားပြီး ကေလာသတောင် ဘက် ဘုရားဖူးလာတဲ့ မော်တော်ကားတွေနဲ့ လူကြုံလိုက်ခွင့်ရရင်တော့ အတော်မြန်ပြီး ခရီးပေါက်သွားမှာပဲ"

ဟုပြောပြသည်။

လာစင်က တိဗက်နယ်တစ်ကြောမှာ အတော်ကလေး နဲ့စပ်စပ်ရှိဟန်ဖြင့် ပြောပြလေသည်။

"ဒီလိုဖြင့်လည်း လမ်းမပေါ်တက်ပြီးတော့ ခရီးကြုံ



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်မယ့်ကားကို စောင့်ကြည့်ကြတာပေါ့"

ထိုသို့ပြောပြီး လမ်းမကြီးရှိရာသို့ တက်လာကြသည်။ လမ်းမပေါ်မှာတော့ လူသွားလူလာအချို့ကို တွေ့မြင်ရသည်။ အချို့မှာ ဘုရားဖူးထွက်လာကြသော အုပ်စုများဖြစ်ပြီး အချို့ များများကတော့ ထိုနေရာနှင့် အနီးပတ်ဝန်းကျင်တို့တွင် နေထိုင် ကြသူတို့ သွားလာနေကြဟန်ရှိသည်။ လမ်းမကြီးပေါ်မှာ မော် တော်ကားအချို့ သွားလာနေကြသော်လည်း သူတို့လေးယောက် စလုံး လိုက်နိုင်လောက်သော ကားမျိုးတော့ မတွေ့ရသေး။

အချို့က ကိုယ်ပိုင်ကားများဖြစ်ပြီး အချို့ကတော့ ကု ပစ္စည်းနှင့် လူများ ပြည့်သိပ်နေအောင် တင်လာပြီး တအိအိ မောင်းလာသောကားမျိုးဖြစ်သည်။

ကားများမှာလည်း စုတ်ပြတ်လျက်ရှိရာ ဘယ်လိုမှ အား ကိုးမရသော ကားများဖြစ်ပေသည်။

"ကားကြုံရတော့လည်း ကားကြုံနဲ့သွားတာပေါ့။ ကား ကြုံမတွေ့တော့လည်း ကိုယ့်ခြေထောက်ကိုယ်အားကိုးပြီး ဖြည်းဖြည်း သွားကြရမှာပဲ"

ဟုပြောဆိုနေကြစဉ် လမ်းမပေါ်မှာ အရှိန်ဖြင့်မောင်း လာသော ဂျစ်ကားတစ်စီးကို လှမ်းမြင်ရသည်။

ကားရှေ့တွင် တရုတ်စစ်သားများ အသုံးပြုသော အလံ ကို ထိုးထားသောကြောင့် ထွက်မတားရပေ။

တားမိတော့မှ တရုတ်စစ်သားများ ဆင်းလာပြီး နှိပ်စက် နေလျှင် ခက်မည်ဟု တွေးမိသောကြောင့် မတားတော့ပဲ ဒီအ





တိုင်း လှမ်းကြည့်နေလိုက်ကြသည်။

အရှိန်မြင့်မောင်းသွားသော ဂျစ်ကားက အတော်ဝေး ရောက်သွားပြီးတော့မှ ရပ်တန့်သွားသည်။ ထို့နောက်. . နောက်ဘက် ပြန်ဆုတ်လာရာ သူတို့ထိုင်နေသောနေရာသို့ ပြန် ရောက်လာသည်။

"ဘယ်သွားကြမှာလဲ"

ကားမောင်းလာသူက ခေါင်းထွက်လာပြီး တရုတ်ဘာ သာစကားဖြင့် မေးလိုက်ရာ ဒေါက်တာကျန်လီက ထိုင်နေရာမှ ထသွားပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။

ထို့နောက်မှာတော့ ဒေါက်တာကျန်လီက ဝမ်းသာအား ရအမူအရာဖြင့်လှမ်းခေါ်ရာ ကျန်သုံးယောက်တို့လည်း နေရာ မှ ထသွားကြလေသည်။

"အဆင်ပြေသွားပြီ ကားပေါ်တက်ကြပေတော့"

ဟု ဝမ်းသာအားရပြောသဖြင့် ကားနောက်ဘက်မှတက် ကြလေသည်။

သူတို့ ကားပေါ်ရောက်သည်နှင့် ကားက အရှိန်ဖြင့် မောင်းထွက်သွားလေသည်။

ဂျစ်ကားရှေ့ပိုင်းမှာတော့ မမြင်ရပေ။

နောက်ပိုင်းမှာတော့ သူတို့လေးယောက်သာ ရှိသဖြင့် လွတ်လွတ်လပ်လပ် စကားပြောနေလေသည်။

"ကားသမားကို ဘယ်သူရပ်ခိုင်းလိုက်တာလဲ"

ကားပေါ်ရောက်တော့ ဦးဗန်ကောင်းက မေးသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



မေးသော အမိပ္ပာယ်ကိုကျန်သုံးယောက်က သဘောပေါက်
ဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။
နောက် ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်
လိုက်သည်။

"ကျွန်တော်ရပ်ခိုင်းခဲ့တာပါ"

"ဘယ်လိုနည်းမျိုး အသုံးပြုခဲ့တာလဲ မောင်ထင်ကျော်"

"စိတ်စွမ်းအင်နဲ့ သူ့စိတ်(ကားမောင်းနေသူ)ကိုထိန်း
ချုပ်ပြီး ကားကို ရပ်ခိုင်းခဲ့တာပါ"

ထိုစကားကြားတော့ ကျန်နှစ်ယောက်က ဒေါက်တာ
မင်းထင်ကျော်အား အထင်ကြီးသော အမူအရာဖြင့် ကြည့်လိုက်
ကြသည်။

ဦးဗန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီစိတ်စွမ်းအင်မျိုး အသုံးပြုတယ်ဆိုတာ သိပ်ပြီးအ
ကြီးတယ်၊ ဆန္ဒဒွိပါဒ်အားနဲ့ စူးစိုက်ပြီး ပုံဖော်တဲ့အခါမှာ အ
မသင့်ရင် အကျိုးသက်ရောက်မှုက ပြောင်းပြန်ဖြစ်သွားတာ
လည်း ရှိနိုင်တယ်"

"မှန်ပါတယ်"

ထိုအခါ လာစင်က ဝင်မေးလိုက်သည်။

"ဘယ်လိုပြောင်းပြန်လည်းအဘ ကားကို ရပ်ပေးရ
အစား လီဗာထပ်နင်းပြီး မောင်းပြေးသွားတာကို ပြောတာလား"

"မှန်တယ် လူတွေဟာ စိတ်ချင်းဆက်သွယ်မှု ရှိ
တယ်၊ စိတ်ကို ထိမ်းချုပ်ရတာမျိုးရှိသလို လွှတ်ပေးလိုက်ရ





လည်း ရှိကြတယ်၊ ဒါပေမယ့် အားကောင်းတဲ့ မေတ္တာစက်
င်းတွေကို အသုံးပြုနိုင်တာကတော့ အထိရောက်ဆုံးပါပဲ၊ အ
င့်အတန်းမြင့်တဲ့ စိတ်ချင်းဆက်သွယ်မှု မေတ္တာစက်ကွင်းချင်း
စပ်မှုရနိုင်တယ်ဆိုတာတော့ သာမန်စိတ်စွမ်းအင်ရှိရုံနဲ့ မလုံ
သာက်နိုင်ဘူး"

ဟု ဦးဗန်လောင်းက ရှင်းပြလေသည်။

အရှိန်မြင့်မောင်းနေသော ဂျစ်ကားက ရှင်းနေသော လမ်း
ါမှာ ဇက်ကြိုးလွှတ်ပေးထားသော မြင်းတစ်ကောင်ကဲ့သို့
စွမ်းကုန် ပြေးလွှားလျက် ရှိနေသည်။

နံဘေးမှ မြင်ကွင်းများမှ စက္ကန့်ပိုင်းအချိန်အတွင်းမှာ
ခနဲကျန်ခဲ့ကြလေသည်။

ကားသည် တောင်ပိုင်းလမ်းမကြီးပေါ်မှာ မှန်မှန်ပြေး
းလျက် အနောက်မြောက်ယွန်းယွန်းဘက်၌ ရှိသော 'မယွင်
' တောင်ကြားသို့ ရောက်လာတော့သည်။

ထိုနေရာရောက်သောအခါ မြစ်တစ်ခုကို ဖြတ်ကြရ
ည်။ ရေခဲများ ဖွေးဖွေးခဲနေသော တောင်ကြားနှစ်ခုကြားမှာ
သော မြင်ကွင်းများက စိတ်ချမ်းမြေ့စရာပင် ဖြစ်သည်။

ထိုဆိပ်ကမ်းအနီးမှာ ခရီးသည်များ နားရန်အတွက်
ဆာက်ပေးထားသော ဇရပ်တစ်ဆောင်ရှိသည်။

"ဟော်ချီးဇရပ်" ပင်ဖြစ်သည်။

အချိန်က နေဝင်ရီတရော အချိန်ရောက်နေပြီဖြစ်သော
ကြောင့် ထိုဇရပ်မှာပင် ကားလည်းနား၊ လူလည်းနားသဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ညနားကြသည်။

ကားမောင်းလာသူက တရုတ်လူမျိုးဖြစ်ပြီး တစ်ယောက် တည်းပင်ဖြစ်သည်။

ထို့ကြောင့် သူတို့မှာပါလာသော အစားအသောက်မျာ ကိုပင် ကျွေးမွေးကာ နားကြလေသည်။

ညအချိန် အိပ်ကြတော့ သူတို့မှာပါလာသော စောင်မျ အဝတ်အစားတို့ကိုပင် အသုံးပြုပြီး အအေးဒဏ်ကို ခံကြရသည် ဒေါက်တာမင်းထင်ကျော်မှာ တော်တော်နှင့်အိပ်မပျော်ပဲ နို ရာမှ ညဥ့်နက်ပိုင်းရောက်သောအခါ မှေးခနဲ အိပ်ပျော်သွား အိပ်မက်ထဲမှာ သုန္ဒရီနှင့် ပြန်တွေ့ရလေသည်။

"ကျွန်မ ကျောင်းတော်ကြီးရောက်သွားတော့ ရှင့် မတွေ့တော့လို့ လိုက်ရှာကြည့်နေသေးတယ်၊ နောက်ကျော တော်ကြီးက ဆရာရှင်တစ်ယောက်ကို မေးကြည့်တော့မှ ရှင် ခရီးထွက်သွားကြပြီဆိုတာ သိရတော့တယ်၊ ဒါကြောင့် လိုက် ကြည့်နေတာ အခုရှင်အိပ်ပျော်သွားပြီး ဝိညာဉ်ခန္ဓာအပြင် ထွ လာတော့မှ တွေ့ရတော့တယ်"

ဟုပြောပြလေသည်။

"ကျွန်တော်လည်း ခင်ဗျားနဲ့ပြန်တွေ့ရတာ ဝမ်းသာ တယ်၊ အစီအစဥ်ကတော့ ခင်ဗျားပေးခဲ့တဲ့လိပ်စာအတိုင် ခင်ဗျားတို့နေတဲ့မြောက်ကျွန်းကို ရောက်အောင်လာဖို့ပါပဲ"

"ကောင်းပါတယ်ရှင်. . ရှင်တို့ရောက်လာတော့ ကျွန် အတွက်လည်း ပိုကောင်းတာပေါ့"





"ဒါထက်မြောက်ကျွန်းမှာ အာယုဝဍ္ဎနပန်းသီးရှိတယ် ဆိုတာကရောအမှန်ပဲလား"

"အမှန်ပါပဲရှင်၊ ရှင်နဲ့အတူပါလာတဲ့ လူတစ်ယောက်ရဲ့ ဘိုးတော်သူတောင် စားဖူးခဲ့သေးတာပဲ၊ ကျွန်မကမဟုတ်ဘဲနဲ့ ရှင်တို့ကိုအကြောင်းမဲ့ခေါ်ပါမလား"

"ဒီလိုဆိုရင်လည်း ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် တို့လေးယောက်၊ ခင်ဗျားတို့ရှိတဲ့နေရာကိုရောက်အောင်လာခဲ့ မယ်"

"ဝမ်းသာပါတယ်ရှင် ကျွန်မမျှော်နေပါတယ်"

ဟု သုန္ဒရီ၏ပုံရိပ်က တဖြည်းဖြည်းနှင့် မှေးမှိန်ပျောက် ကွယ်သွားလေတော့သည်။

နောက်တစ်နေ့အိပ်ရာမှ နိုးသောအခါ ဒေါက်တာမင်း ထင်ကျော်က ညကအိပ်မက်ထဲမှာ သုန္ဒရီဆိုသောအမျိုးသမီးကို ပြန်တွေ့ရသောအကြောင်းကို အခြားသုံးယောက်တို့အားပြော ပြလိုက်လေသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော်တို့ လာခဲ့တဲ့လမ်း ရွေးချယ် တဲ့လမ်းတွေ မှန်နေတယ်လို့ ယူဆရမှာလဲ"

"ဘာကြောင့်လည်းဗျ"

"တကယ်လို့ လမ်းမှားနေရင် ညက လိပ်ပြာဝိညာဉ်ချင်း တွေ့တဲ့အခါမှာ သူကပြောပြသွားမှာပေါ့"

ဒေါက်တာကျန်လီက သူ၏ အယူအဆကို ပြောပြရာ ကျန်သူများကပါ လက်ခံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ ကားမောင်းသူက သူ၏ဂျစ်ကား အနည်းငယ်ပြုပြင်ပြီးနောက် ခရီးဆက်တော့မည့်အကြောင်း ပြောသဖြင့် ကားပေါ်ပြန်တက်ကြသည်။

သူတို့ကားပေါ်ရောက်သည်နှင့် ကားက ပြန်မောင်း ထွက်လာလေသည်။

"ရှေ့မှာ မနုဿရောဝ ရေကန်တော်ကြီးကို ဖြတ်သွားရ မယ်၊ အဲဒီနေရာရောက်ရင်တော့ နည်းနည်းတော့ သတိထား ရမယ်"

ဒေါက်တာကျန်လီက ပြောသည်။

"ဘယ်လိုကြောင့်လည်းဗျာ"

"မနုဿရောဝရေကန်တော်နဲ့ ကေလာသတောင် တော်ဟာ အိန္ဒိယ၊ နီပေါနဲ့ တရုတ်ပြည်ကလာတဲ့ ဘုရားဖူးတွေ များတယ်၊ သူတို့ရဲ့အထွတ်အမြတ်ထားတဲ့ နေရာတစ်ခုဆိုတော့ လည်း မမှားဘူး၊ ဘုရားဖူးတွေများသလို စစ်ဆေးရေးတွေလည်း များတယ်"

ဒေါက်တာကျန်လီပြောသလိုပင် လမ်းတစ်လျှောက် တွင် စစ်ဆေးရေးဂိတ် အတော်များများကို ကျော်ဖြတ်လာခဲ့ သည်။

တစ်နေရာရောက်တော့ ကားမောင်းနေသူက ကားကို ရပ်တန့်ပြီး ပြောသည်။

"ရှေ့မှာ နယ်ခြားစစ်ဆေးရေးဂိတ်ရှိတယ်၊ ကျုပ်က မ[illegible] လမ်းမကြီးအတိုင်း သွားလို့မဖြစ်ဘူး၊ ဒါကြောင့် တောလမ်းထဲက





နေ ဖြတ်မောင်းသွားရမယ်။ ခင်ဗျားတို့ လိုက်မယ်ဆိုရင်လည်း လိုက်ခဲ့ပေါ့"

"ကေလာသတောင်ရောက်မယ်ဆိုရင် ပြီးတာပါပဲ၊ ဘယ်လမ်းကသွားသွား ဖြစ်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သဖြင့် ကားကို ပြန်မောင်းထွက်ခဲ့လေသည်။

ကားမောင်းနေသော လူရွယ်သည် နယ်ခြားစစ်ဆေး ရေးဂိတ်သို့မရောက်မီ မိုင်ဝက်ခရီးမျှဝေးသော နေရာကပင် မိန်း လမ်းမကြီးမှ ကွေ့ဆင်းသွားသော တောလမ်းတစ်ခုသို့ ကားကို မောင်းဝင်လာခဲ့လေသည်။

ထိုလမ်းမှာ မှောင်ခိုသမားများ၊ နယ်စပ်ကို တရားမဝင် ဖြတ်ကျော်ဝင်ရောက်သူများ အသုံးပြုသောလမ်း ဖြစ်ပေရာ ချောချောမွေ့မွေ့တော့ မရှိလှပေ။

ကျောက်ခင်းလမ်း၊ မြေသားလမ်းများပေါ်မှ မောင်းရ သောကြောင့် အရှိန်မြင့်မောင်း၍ မရပေ။

ကားလမ်းဘေး တစ်ဖက်တစ်ချက်မှာရှိသော တော တောင်သဘာဝရှုခင်းများမှာလည်း လှပသာယာမှု ရှိပေသည်။

ထိုနေရာရောက်သောအခါ ထင်းရှူးတောများကြားမှ ကေလာသတောင်တော်ကြီးကို တစ်စွန်းတစ်စ လှမ်းမြင်နိုင်လေ ပြီ။

ထို့နောက်မှာတော့ နယ်ခြားဂိတ်ကို ကျော်လွန်သွား လောက်သော နေရာရောက်တော့မှ ကားမောင်းသူက တော



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှထွက်ပြီး ကားလမ်းပေါ်သို့ ပြန်တက်ကာ မောင်းပြန်လေသည်။ လမ်းမကြီးပေါ်သို့ ပြန်ရောက်လာသောအခါ ခြေလျင်သွားလာနေကြသော ဘုရားဖူးဧည့်သည် အချို့ကို လှမ်းမြင်ရပြန်လေသည်။

မနုသရောဝ ရေကန်တော်ကြီးမှာ ဘုရားဖူးဧည့်သည်တို့ အလေးအမြတ်ထားသောနေရာ တစ်နေရာပင် ဖြစ်လေသည်။

ရေကန်တော်ကြီးအနီးမှ ကားကိုဖြတ်မောင်းလာသောအခါတွင် ဘုရားဖူးများကို ပိုမိုများပြားစွာ တွေ့မြင်ရသည်။

၎င်းတို့သည် အချို့မှာ အုပ်စုလိုက်ကြီး သွားလာနေကြခြင်း ဖြစ်လေသည်။

လက်ထဲမှာ ဝါးလုံးရှည်ကြီးများ ကိုင်ထားပြီး ထိပ်တွင် အလံများ တပ်ဆင်ထားရာ အလံများက လေ၌ တလူလူတဖျပ်ဖျပ် လွင့်နေကြသည်။

"ဒါက ဘာလုပ်နေကြတာလဲ"

"သူတို့ကိုင်ထားတဲ့ အလံတွေက မေတ္တာပို့ရာမှာ အသုံးပြုတဲ့အလံတွေပဲ၊ သူတို့အသုံးပြုတဲ့ ခန္ဓာကိုယ်တွင်းက မေတ္တာစက်ကွင်းတွေကို အလံတွေနဲ့ သင်္ကေတပြတဲ့ ဓလေ့ဟာ တိဗက်မှာ နှစ်ပေါင်းရာပေါင်းများစွာကတည်းက ရှိခဲ့တယ်"

တိဗက်အမျိုးသား လာစင်က ပြောပြသည်။

"စိတ်ဝင်စားစရာကောင်းတဲ့ ဓလေ့တစ်ခုပါပဲ"

"လေတိုက်တဲ့အခါ အလံတွေက တဖျပ်ဖျပ်နဲ့ လှုပ်ရှား





နေကြတယ်၊ ဒီလိုလှုပ်ရှားနေတာနဲ့အမျှ သူတို့ကိုယ်တွင်းမှာရှိတဲ့ မေတ္တာစက်ကွင်းတွေလည်း အဆက်မပြတ်ထွက်နေတယ်လို့ ယုံကြည်မှုလည်းရှိခဲ့တယ်၊ ဘုရားဖူးဧည့်သည်တွေက သူတို့ဆီက မေတ္တာစက်ကွင်းဓာတ်တွေ လူတွေဆီကိုကူးစက်ပြန့်နှံ့စေဖို့ အလံတွေကိုလည်း ဝေငှပေးကြတယ်"

"အလံတွေပေါ်မှာ တိဗက်ဘာသာနဲ့ စာတွေရေးထားသေးတယ်မဟုတ်လား အဓိပ္ပာယ်က ဘာလဲ"

"လူတွေအားလုံး မေတ္တာခြံ၍ လုံပါစေ ဆိုတဲ့အဓိပ္ပာယ်ပဲ"

"ခင်ဗျားတို့ တိဗက်လူမျိုးတွေရဲ့ ဘာသာရေးအယူအဆမှာ နာမ်လောကနဲ့များ ဆက်စပ်မှုရှိနေသလား"

"နာမ်လောကဆိုတာ စိတ်ကိုပြောတာပဲ မဟုတ်လား၊ မေတ္တာပို့တဲ့အခါမှာပဲဖြစ်ဖြစ် မေတ္တာစက်ကွင်း ဖြန့်လွှတ်တဲ့အခါမှာပဲဖြစ်ဖြစ် စိတ်ကို အသုံးချရတာပဲမဟုတ်လား၊ ဒီတော့ တိဗက်တစ်နေရာထဲမှာမှ မဟုတ်ပဲ စိတ်ကိုအသုံးပြုတဲ့ နေရာတိုင်းမှာတော့ ဆရာပြောတဲ့ အယူအဆမျိုးတွေနဲ့ ပတ်သက်မှုရှိမှာပါပဲ"

ဟု လာစင်က ရှင်းပြလေသည်။

သူတို့ကို တင်ဆောင်လာသော ကားက ကေလာသတောင်နှင့် အနီးဆုံးဖြစ်သော ဒါချန်မြို့သို့ ရောက်သောအခါ၌ ခရီးစဉ် အဆုံးသတ်သွားလေတော့သည်။

ထို့ကြောင့် ကားပေါ်မှ ဆင်းလိုက်ကြသည်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းလာသောလူရွယ်ကို နှုတ်ဆက်စကားပြောရင်း ကျေးဇူးတင်ကြောင်း ပြောကြရသည်။

"အခုလိုကားနဲ့ တကူးတက တင်ခေါ်လာပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ လေးယောက်အတွက် ကားခကျသင့်တဲ့ငွေ ပေးပါရစေ"

ဒေါက်တာမင်းထင်ကျော်က ကျေးဇူးတင်စကား ပြောရင်းဖြင့် ဝတ္တရားရှိသည့်အတိုင်း ပြောလိုက်သည်။

ထိုစကားကြားတော့ ကားမောင်းသော လူရွယ်က ရယ်နေသည်။

"ပေးစရာမလိုတော့ပါဘူး၊ ဆရာတို့လေးယောက် အတွက် ကားခကို ရထားပြီးပါပြီ"

"ဟင်. . ဘယ်သူပေးလိုက်တာလဲ"

"လမ်းမှာ အမျိုးသမီးတစ်ယောက်နဲ့တွေ့တော့ သူက ကျွန်တော့်ကားကို တားပြီး ပြောလိုက်ပါတယ်၊ လမ်းမှာလူလေး ယောက်ကိုတွေ့ရင် ကေလာသတောင်ရောက်တဲ့အထိ ကားနဲ့ တင်ခေါ်သွားပါလို့ပြောပြီး ကားခပါ တစ်ခါတည်းပေးလိုက်ပါ တယ်၊ သူပေးလိုက်တဲ့ကားခက လိုတာထက်တောင် ပိုများနေပါ သေးတယ်"

ဟုပြောပြီး သူတို့ကို နှုတ်ဆက်ပြီး ထိုနေရာမှ ထွက်သွား လေတော့သည်။

ထိုအခါမှ လေးယောက်သား တအံ့တဩဖြစ်ကာ ကျန် ခဲ့ကြလေတော့သည်။





"ကားခပေးလိုက်တယ်ဆိုတာ ဘယ်သူများ ဖြစ်မလဲ"

"ဒီလိုနေရာမျိုးမှာ ကျွန်တော်တို့လေးယောက်ကို သိနေတာ မြောက်ကျွန်းသူ သုန္ဒရီပဲ ရှိမှာပေါ့၊ သူပဲဖြစ်မှာပါ"

"အံ့ဩစရာပဲ ဒီအတိုင်းဆိုရင်တော့ သုန္ဒရီဆိုတဲ့ အမျိုးသမီးကကျွန်တော်သွားမယ့်ခရီးတစ်လျှောက်လုံးများ လိုက်ပြီး အကူအညီပေးနေဦးမှာလား မသိဘူး"

"ဒီလိုလိုက်ပေးတော့လည်း ပိုပြီးအဆင်ပြေတာပေါ့ ဗျာ"

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်မှာ ကေလာသတောင်ခြေနှင့် အနီးဆုံးနေရာသို့ ရောက်အောင်သွားပြီး အခြားဘုရားဖူးများ စခန်းချနေသော နေရာမှာ ရောနှောကာ ယာယီတဲများထိုးကာ နားကြလေတော့ သည်။

မကြာခင် နေညိုချိန် ရောက်ပေတော့မည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

# အတိဂမ္ဘီရဆန်လှသော ဂိုဘီသဲကန္တာရ

မကြာမီ နေဝင်တော့ပေမည်။

အနောက်ဘက်မှာရှိသော တောင်တန်းများအပေါ်မှ
ပ်တက်လာသော ဆည်းဆာရောင်တို့သည် ကေလာသ
င်တော်ထိပ်သို့ ထိဟပ်နေကြလေသည်။

အနောက်ဘက် အလင်းရောင်များက ကေလာသ
င်ထိပ်သို့ လာရောက်ထိုးကျနေရာ အောက်ဘက်မှ ကြည့်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လျှင် ပိရမစ်တစ်ခုနှင့် ပုံသဏ္ဌာန်တူနေတော့သည်။

နေဝင်သွားသည်နှင့် ဆည်းဆာရောင်များက ပိုမို
တောက်ပလာချေသည်။

ထိုအချိန်မျိုးတွင် ဆည်းဆာရောင်များအောက်မှ ကေ
လာသတောင်တော်၏ မြင်ကွင်းမှာ တင့်တယ်လှပခြင်းရှိနေ
တော့သည်။ တစ်နည်းဆိုရပါမူ ဆည်းဆာရောင်များက တောင်
ထိပ်တစ်ဝိုက်တွင် ကွန့်မြူးယှက်ဖြာနေရာ စေတီတော်မှ ရောင်
ခြည်တော်ကွန်မြူးနေသည်နှင့် ပုံသဏ္ဌာန်တူလှသည်။

ထိုမြင်ကွင်းကို ကြည့်နေကြရင်းမှ လာစင်က ပြောပြ
သည်။

"ရှေးက ရာဇဝင်သမိုင်းကြောင်းတွေထဲမှာ ကေရာ
မင်းတွေဟာ ကေလာသတောင်တော်ရဲ့အစွယ်မှာ နေကွယ်
ရှုခင်းကို ကြည့်ရှုခံစားကြဖို့အတွက် မိုင်ထောင်ချီဝေးတဲ့ခရီးတွေ
က လှည်းတစ်တန် မြင်းတစ်တန်စီးပြီး လာခဲ့ကြရတယ်၊ ကေ
လာသတောင်တော်မှာ နံနက်ဆည်းဆာချိန်နဲ့ နေဝင်ဆည်းဆာ
ချိန်တွေရဲ့ အောက်မှာမြင်ရတဲ့ မြင်ကွင်းတွေက ရှုမြင်ရသူ
အာရုံတွေနဲ့ စိတ်အစဉ်ကို နိုးကြားဆန်းသစ်လာတယ်လို့ အယူ
ရှိကြတယ်"

လာစင် ပြောပြသည့်အတိုင်းပင်။

နေဝင်ဆည်းဆာ၏ လှပသောရောင်စုံများအောက်မှ
တွေ့မြင်နေရသော ကေလာသတောင်၏ မြင်ကွင်းမှာ အခြား
နေရာမှ မြင်ကွင်းများနှင့် မတူပဲ တစ်မူထူးခြားနေသည်ဟု စိတ်





ထဲမှာ ခံစားဖြစ်ပေါ်လာကြလေသည်။

ကေလာသတောင်အကြားတွင် လှမ်းမြင်နေရသော
တောင်ကုန်းအနိမ့်ပိုင်းများနှင့် တောင်ကြားတို့၌ရှိသော လျှို
မြောင်များအတွင်းမှာ ရောင်စဉ်အမျိုးမျိုး တောက်ပလျက်ရှိသော
ကေလာသတောင်ကြီးကို နောက်ခံပြုလျှက် အလင်းရိပ် အဆင့်
ဆင့်ကို စုပ်ယူလိုက်သကဲ့သို့ ဖြစ်သွားသဖြင့် အမှောင်ရိပ်များက
တဖြည်းဖြည်း သမ်းလာလေသည်။

အလင်းရောင်များ တဖြည်းဖြည်းလျော့ပါးလာသော
အခါ အမှောင်ရိပ်တို့ တဖြည်းဖြည်း တိုးပွားလာသောမြင်ကွင်းမှာ
ထူးခြားရသောပင်ဖြစ်ပြီး ကြည့်တတ်ပါက အဖျွတ္တအလင်းကို
ဖြစ်ပေါ်လာစေနိုင်ပါသည်။

ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်မှာ ထိုညက
ကေလာသတောင်ခြေမှာ နားကြသော်လည်း ကောင်းစွာမအိပ်
ကြပဲ စကားပြောနေကြသည်။

နေဝင်ဆည်းဆာအချိန်အောက်မှာ ကေလာသတောင်
တော်၏ ထူးခြားလှပသော မြင်ကွင်းကို တွေ့မြင်ခံစားခဲ့ရပြီး
နောက်တစ်နေ့ အရုဏ်တက်လာချိန်တွင် အရုဏ်ဦးဆည်း
ဆာအောက်မှာ ကေလာသတောင်တော်ကို ထပ်မံမြင်တွေ့ခွင့်ရ
မှုအတွက်လည်း စိတ်ဆန္ဒစောနေကြသည်။

ထို့ပြင် သူတို့ မနီးမဝေးမှာ ရှိကြသော ဘုရားဖူးအဖွဲ့
များရှိသောနေရာဘက်မှ ဘုရားစာ၊ တရားစာများ ရွတ်ဖတ်
သရဇ္ဈာယ်သံ၊ မေတ္တာပုံသံတို့ကို အဆက်မပြတ် ကြားနေရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း အိပ်မပျော်ကြခြင်း ဖြစ်ပေသည်။

နောက်တစ်နေ့ အရုဏ်တက်ချိန်မှာတော့ အိပ်ရာ ထပြီး အရုဏ်တက်ချိန် ဆည်းဆာအရောင်များဖြင့် တင့်တ လှပသော ကေလာသတောင်တော်၏ တင့်တယ်လှပပုံမျ ထပ်မံ ကြည့်ရှုကြပြန်လေသည်။

ညနေခင်း နေဝင်ချိန်တွင် တွေ့မြင်ရသော မြင်ကွင်း နံနက်ခင်း အရုဏ်ဦးအချိန်၌ တွေ့မြင်ရသည့် မြင်ကွင်းတို့ တစ်မျိုးတစ်သာသာစီ ခြားနားလှသည်။

တစ်မျိုးစီ တင့်တယ်လှပမှုလည်း ရှိလေသည်။

နံနက်လင်းလာပြီး ရှေ့သို့ခရီးဆက်ရန် ပြင်ဆင်နေ မှာပင် မြေပုံအညွှန်းကို တစ်ခေါက်ပြန်ဖတ်ကြည့်ကြလေသည်။

"မြေပုံအညွှန်းထဲမှာ ပါတဲ့အတိုင်းဆိုရင် 'ခွန်လွ တောင်တန်းကြီးကိုကျော်ဖြတ်ပြီး ကေလာသတောင်တော် မျှော်ကြည့်ပါလော့. . ဆိုတဲ့အညွှန်းအတိုင်းတော့ ကေလာ တောင်ခြေကို ရောက်ခဲ့ကြပြီ"

"ဟုတ်တယ်အဘ၊ ဒီနေရာအထိတော့ ကျွန်တော် ရွေးချယ်တဲ့လမ်းကြောင်း မှန်ကန်နေတယ်လို့ ဆိုရမှာပဲ"

"သက်ဆိုင်တဲ့သူကတောင် ကားနဲ့လမ်းကြုံလိုက်ခွင့် အောင် အကူအညီပေးမှတော့ လမ်းကြောင်းများစရာ မရှိဘေ ဘူး"

"ဒီတော့ မြေပုံအညွှန်းထဲမှာပါတဲ့အတိုင်း ကေလာ တောင်ကို မျှော်ကြည့်ပြီးပြီဆိုတော့ တိဗက်နယ်နိမိတ်ကို ရော





အောင်သွားကြရမှာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ ကေလာသတောင်တော် ခြေ ရင်းမှ တိဗက်နယ်နိမိတ်သို့ရောက်သည်အထိ ခရီးစဉ်အမျိုးမျိုး တို့ကို ကျော်ဖြတ်ကာ သွားကြရလေသည်။

တိဗက်နယ်နိမိတ်မှာ ကျယ်ဝန်းလှသော်လည်း အညွှန်း မှာပါသည့်အတိုင်း 'ဟိမဝန္တာတောင်တော်ကို မြင်ရသောနေရာ မှာတော့ များများမရှိပါချေ။

ထိုနေရာမှာ အိန္ဒိယပြည် ဟိမဝန္တာတောင်တန်းကြီး၏ မြောက်ဘက်စူးစူး၊ နီပေါနိုင်ငံ၏ အနောက်မြောက်ယွန်းယွန်း၊ တိဗက်နိုင်ငံ၏ အနောက်တောင်ဘက်၌ရှိသော နယ်နိမိတ် နေရာပင် ဖြစ်သည်။

ထိုနေရာသည် တိဗက်၊ နီပေါနှင့် အိန္ဒိယနိုင်ငံတို့၏ နိုင်ငံသုံးခုတို့၏ နယ်နိမိတ်ချင်းထိစပ်နေသော တစ်ခုတည်း သောနေရာပင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်နေသောနေရာမှ မြောက်ဘက်သို့ ဦးတည်ကာ ခရီးဆက်ရသော ခရီးလည်းဖြစ် ပေသည်။

ထိုနေရာမှာတော့ ဒေါက်တာမင်းထင်ကျော်တို့ ကျော် ဖြတ်သွားသော ခရီးစဉ်များအကြောင်းကို အသေးစိတ် မရေး တော့ပြီ။

အဘယ်ကြောင့်ဆိုသော် သူတို့သည် ဂိုဘီသဲကန္တာရသို့ ရောက်အောင်သွားကြရမည်ဖြစ်သဖြင့် ထိုနေရာမှ ထူးခြားခန်း



www.burmeseclassic.com

www.burmeseclassic.com



ကြယ်မှုများကို ရေးသားလိုသောကြောင့် ဖြစ်ပေသည်။

ဂျင်းတို့ဖြတ်ကျော်သွားခဲ့သော မြို့ရွာအချို့တို့မှာ ... ကင်၊ ပန်ဂျပ်၊ ကက်ရှမီးယား၊ လာဒက်(ခ)ကာရာကိုရမ်ခို ... ကစ်(ရှ)ဂါ၊ အယ်လတိုင်တောင်တန်း၊ မွန်ဂိုလီးယားမှတ ... ဂိုဘီသဲကန္တာရအထိ ရောက်အောင်သွားခဲ့ကြသော ခရီးရှည် ... ပင် ဖြစ်ပေတော့သည်။

ထိုခရီးလမ်းကြောင်းမှာ ရှမ်ဗဲလားကိုရှာဖွေရန် ထွ ... လာခဲ့သော ရုရှားအမျိုးသား ပန်းချီအနုပညာနှင့် ဂမ္ဘီရပညာ ... ကြီး နီကိုလပ်(စ်)ရိုးရစ်(ချ) (Nicholas Roerich)သွားခဲ့သော ... ခရီးလမ်းဟောင်းပင်ဖြစ်သည်။ နီကိုလပ်(စ)သည် ထိုလ ... ကြောင်းအတိုင်းပင် ဂိုဘီသဲကန္တာရသို့ရောက်သည်အထိ ခရီး ... ခဲ့သူ ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့လေးယောက်မှာ တက် ... လက်ညီနှင့်ပင် ထိုခရီးစဉ်အတိုင်း ခရီးဆက်ခဲ့ကြရာ နောက်ဆ ... မှာ ဂိုဘီသဲကန္တာရ အစပ်နားမှာရှိသော ရွာတစ်ရွာသို့ ရော ... သွားကြသည်။

ထိုရွာကလေးတွင် ထမင်းဟင်းစသော အစားသော ... များ ရောင်းချသော ဆိုင်အချို့ရှိပြီး ညအိပ်တည်းခိုရန်လည် ... အဆင်ပြေသဖြင့် ထိုနေရာမှာနားပြီး လိုအပ်သောရိက္ခာပစ္စ ... များ ထပ်မံဖြည့်ဆည်းရပေသည်။

အဘယ်ကြောင့်ဆိုသော် သဲကန္တာရအစပ်၌ ရှိသော ... ထိုရွာကလေးမှာ သူတို့နောက်ဆုံးတွေ့ကြရသော လူနေ ...





... သာရွာပင် ဖြစ်သောကြောင့်ပင်။

ရှေ့ခရီးမှာတော့ ဂိုဘီသဲကန္တာရကြီးနှင့် ပတ်သက်သော ... ထူးဆန်းဖွယ်ကောင်းသော အဖြစ်အပျက်တို့နှင့် တွေ့ခဲ့ကြရလေ ... သည်။

ဂိုဘီသဲကန္တာရကြီးမှာ ဂမ္ဘီရဆန်သော နယ်မြေတစ်ခုပင် ... ဖြစ်ပေတော့သည်။

"ဂိုဘီသဲကန္တာရ" (The Gobi Desert) ဟူသောစာ ... အုပ်ကို ရေးသားပြုစုခဲ့ကြသည့် မိုင်းဒရက်နှင့် ဖရင့်စက်စတာတို့ ... သည် တရုတ်ပြည်ရှန်စီပြည်နယ်တွင် နှစ်ပေါင်း(၂၀)ကျော် ... နေထိုင်ခဲ့ကြသူများ ဖြစ်သည်။

ထိုသူတို့သည် အရှေ့တိုင်း၏ ဒဿနနှင့် လျှို့ဝှက်ဆန်း ... ကြယ်သည့် ဂမ္ဘီရပညာရှင်များကို လေးစားကာ သက်ဝင်ယုံ ... ကြည်ကြသူများဖြစ်သည်။

လျှို့ဝှက်နက်နဲဆန်းကြယ်မှု အဓိပ္ပါယ်ဆောင်နေသည့် ... တော်စင်သူတော်မြတ်တို့ တရားရှာမှီးရာနေရာဖြစ်သော ... ရှမ်ဗဲလားကို ရှာပုံတော်ဖွင့်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

သူတို့နှစ်ဦး၏ ယုံကြည်ချက်မှာ ရှမ်ဗဲလားသည် အရှေ့ ... တိုင်း မဟာဂန္ဓာရီပညာ စတင်ထွန်းကားခဲ့သည့် မူလဇာတိဟု ... ပင်မာမာ ယူဆသည်။

ထိုမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ဂန္ဓာရီပညာများ ပျံ့နှံ့ ... သည်။ ရှမ်ဗဲလားသည် အမှန်ပင် မလွဲမသေ ရှိရမည်. ... မည်သည့်နေရာတွင် ရှိပါသနည်းဟု စဉ်းစားတွေးတော



www.burmeseclassic.com

www.burmeseclassic.com



ကြုံဆခဲ့ကြသည်။

အချို့ဂန္ဓာရီ ရှာပုံတော်ဖွင့်ခဲ့သူများသည် အိန္ဒိယနိုင်ငံ
တိဗက်နိုင်ငံ ရှီဂတ်ဆီမြို့သို့ ထွက်ခွာခဲ့ကြပြီး တိဗက်နိုင်ငံ
တွင်းရှိ ဒယ်(လ)ပိုဟူသော အရပ်ဒေသသို့ ရှာပုံတော်ဖွင့်ခဲ့သည်

အချို့ဂန္ဓာရီပညာ လိုက်စားသူတို့ကလည်း တရုတ်ပြ
ခွန်လွန်တောင်တန်းဒေသအနီးတွင် ရှမ်ဗလား ရှိနိုင်လော
သည်ဟု ယူဆ၍ ရှာပုံတော်ဖွင့်ခဲ့သည်။

အချို့အိန္ဒိယမှ ဂန္ဓာရီပညာ လိုက်စားသူတို့ကလည်
အိန္ဒိယနိုင်ငံ၊ နီပေါ၊ လာဒတ်မှ တစ်ဆင့် တိဗက်ပြည်တွင်း
ထိုးဖောက်ဝင်ရောက်၍ ရှာပုံတော် ဖွင့်ခဲ့ကြသည်။

ဤသုတေသနပြုချက်များအရ ရှမ်ဗလားရှိသည်
သော နေရာယူဆချက်မှာ ရှမ်ဗလားသည် တရုတ်နိုင်ငံ
နောက်မြောက်ပိုင်း မွန်ဂိုလီးယားနယ်စပ်ရှိ ဂိုဘီသဲကန္တာရ
တွင်းတစ်နေရာတွင် ရှိသည်ဟု ယူဆကြသည်။

ထိုဒေသသည် မွန်ဂိုလီးယား၏ အနောက်တော
ဘက်၊ တရုတ်နိုင်ငံ၊ ဆင့်ကျင်ပြည်နယ်၊ ခွန်လွန်တောင်ကုန်
မြောက်ဘက်၊ တိဗက်၏ အရှေ့မြောက်ဘက်တွင် တည်ရှိ
သည်ဟု ယူဆကြပြန်သည်။

ဤသို့သော အယူအဆကို အခိုင်အမာ ယုံကြည်သူ
မှာ ရုရှားနှင့် ဆိုက်ပေးရီးယားမှ ဘုန်းတော်ကြီးများ၊ မွန်ဂို
ယား၊ တရုတ်နှင့် တိဗက်မှ သူတော်စင်များဖြစ်ကြသည်။

အထက်တွင် ဖော်ပြခဲ့သည့် ဂိုဘီ သဲကန္တာရအကြော





သွားခဲ့ကြသော မိုင်းဒရက်နှင့် ဖရင့်စက်စကာတို့သည်လည်း
ဗလားသည် မလွဲမသွေ ဂိုဘီသဲကန္တာရအတွင်း၌ ရှိရမည်ဟု
ကြည်ကြသည်။

သူတို့နှစ်ဦး ရှန်စီပြည်နယ်တွင် နှစ်ပေါင်း(၂၀)ကျော်နေ
ခဲ့စဉ်အတွင်း ရှမ်ဗလားဒဏ္ဍာရီများနှင့် ပုံပြင်များစွာကို ကြား
ခဲ့ရသည်။

ဂိုဘီသဲကန္တာရအတွင်း ကြီးမားသည့် ရေအိုင်ကြီးရှိပုံ၊
ာ်စီးယိုယွင်းနေသည့် မြို့ဟောင်းကြီးကို ခရီးသွားများနှင့်
ာလိုက်မှုဆိုးများ တွေ့ကြရပုံ၊ အဖိုးမဖြတ်နိုင်သည့် ရတနာ
က်ကြီးနှင့် ရွှေများတွေ့ရပုံ စသည့်အကြောင်းများစွာကို ကြား
ကြသည်။

ထို့ပြင်ထူးဆန်းသည့် ဂန္ဓာရီပညာရှင်များနှင့် ဘုန်းတော်
များအကြောင်းကို ကြားရပြန်သည်။

“ဂိုဘီ” သဲကန္တာရဟူသော ဝေါဟာရသည် ရှမ်ဗလားနှင့်
တ်နွယ်နေပေသည်။

ခေါမပညာရှင်ကြီး ပလေတိုသည် လွန်ခဲ့သည့်နှစ်ပေါင်း
ောင်ပေါင်းများစွာက အတ္တလန္တိတ်ဟူသော တိုက်ကြီးတစ်
တ်ပေါ် ထွန်းခဲ့ဖူးသည်ဟု ဆိုခဲ့သည်။

ထိုအတ္တလန္တိတ် တိုက်သားများသည် အဖက်ဖက်မှ ထူး
ကြသူများဖြစ်ကြသည်။ ယဉ်ကျေးမှုအဆင့်အတန်းလည်း
မားကြသည်။

ဂန္ဓာရီပညာတွင်လည်း သူမတူအောင် ထူးချွန်ကြသူ



www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်လာသောအခါတွင် အတ္တလန္တိတ်တိုက်သားတို့သည် ဂန္ဓာရီပညာကိုအလွဲသုံးစား ပြု ကြကုန်၏။

ထိုသူတို့သည် စောင့်ထိန်းအပ်သော ကိုယ်ကျင့်တရား ပျက်ပြားလာကြသည်။ ကိုယ်ကျိုးရှာကြသည့် လောကီပညာရှင် များ ပေါ်လာသည်။ မှော်ပညာ၊ အောက်လမ်းပညာရှင်များ ဂန္ဓာရီပညာရပ်များကို အလွဲသုံးစား ပြုသူများ ပေါ်များလာ သည်။

ထိုအခါ လူ့လောက၊ လူ့ယဉ်ကျေးမှုကြီး ပျက်စီးတော့ မည်ကို သိရှိကြသည့် နတ်ဒေဝတာတို့သည် အတ္တလန္တိတ်တိုက် ကြီးကို ရေအောက်သို့ပို့ရန် စီမံကြကုန်သည်။

အတ္တလန္တိတ်တိုက်သားသူတော်စင်တို့သည် ရေနစ် တော့မည့် အတ္တလန္တိတ်တိုက်သား သူတော်ကောင်းများကို ခေါ် ဆောင်၍ ဘေးလွတ်ရာသို့ တိမ်းရှောင်သွားခဲ့ကြသည်။

အတ္တလန္တိတ်တိုက်ကြီး ရေနစ်မြုပ်သွားခြင်းသည် တစ် ပြိုင်တည်း နစ်မြုပ်သွားခြင်း မဟုတ်ပေ။ တစ်စတစ်စနစ်မြုပ် သွားခြင်း ဖြစ်သဖြင့် တိမ်းရှောင်သွားသူများသည် တစ်သုတ် ထွက်ခွာသွားကြခြင်း ဖြစ်သည်ဟုဆိုသည်။

ဤကဲ့သို့ ထွက်ခွာသွားကြသည့် လူမျိုးအုပ်စုများအနက် နောင်အခါတွင် အာရိယန်အမျိုးနွယ်စု ပေါ်ထွန်းလာမည့် အုပ်စု ကို သူတော်စင်ဂန္ဓာရီပညာရှင်ခေါင်းဆောင်၍ အရှေ့ဘက်သို့ ထွက်ခွာလာခဲ့ကြ၏။





အီရန်၊ အာဖဂန်နစ္စတန်၊ တာဂျစ္စတန်တို့ကို ဖြတ်ကျော် ကြပြီး ယခုမွန်ဂိုးလီးယားနှင့် ခွန်လွန်တောင်တန်းကြားရှိ ဂိုဘီ ပင်လယ်ကြီးသို့ ရောက်ရှိလာခဲ့သည်။

ထိုစဉ်က ဂိုဘီသည် ယခုကဲ့သို့ သဲအတိ ဖုံးလွှမ်းနေသော သဲကန္တာရကြီးမဟုတ်ပေ။ ရေဖုံးလွှမ်းနေသည့် ဂိုဘီပင်လယ်ပြင် ဖြစ်ခဲ့သည်။

ထိုစဉ်က ဂိုဘီပင်လယ်ပြင်သည် ရာသီဥတုမျှတသဖြင့် ပင်လယ်အတွင်းရှိ ကျွန်းများတွင် လူများမှီတင်းနေထိုင်ရန် သင့် လျော်လုံခြုံသော ဒေသဖြစ်သည်။

ထိုကျွန်းများအနက် ကျွန်းဖြူ (The white Island)ဟု ခေါ်တွင်သော ကျွန်းကြီးတွင် အထက်ဖော်ပြပါလူမျိုးစုများ နေ ထိုင်ခဲ့ကြသည်။

ဤကဲ့သို့ အတ္တလန္တိတ်တိုက်မှ ထွက်ခွာလာခဲ့သည့် ဂန္ဓာရီ ပညာရှင်များနေထိုင်သော ကျွန်းဖြူကြီးကို ရုရှားဒဏ္ဍာရီများတွင် ဗီလိုဘိုဒီရေး ရေဖြူဒေသ(Land of white waters) ဟုဖော်ပြ သည်။

ဂိုဘီပင်လယ်ရှိကျွန်းဖြူကြီးတွင် သူတော်စင်များ တရား အားထုတ်နေထိုင်ခဲ့ကြပုံကို ရုရှားအမျိုးသားစာရေးဆရာကြီးရှိရ ကော့(Shishkov)သည် (၁၉၂၅)ခုနှစ်တွင် ထုတ်ဝေသော ကြက် သွေးရောင် နှင်းပွင့်များ(Crimson snowheap)တွင် ရေးသား ဖော်ပြခဲ့သည်။

အထက်ဖော်ပြပါ ကျွန်းဖြူကြီးကိုပင်“ရှမ်ဗဲလာ” ဟု



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ဆိုခဲ့ကြသည်ဟု အချို့သောပညာရှင်များ၊ သုတေသီများက ယူဆခဲ့ကြသည်။

ဤထူးခြားသော ဂမ္ဘီရနယ်မြေအကြောင်းကို လူသိရှင်ကြား ပထမဆုံးရေးသားဖော်ပြခဲ့သူမှာ. . . မဟာခရီးသည်ကြီး "မာကိုပိုလို" ဖြစ်သည်။

မာကိုပိုလိုသားအဖနှင့် ဦးလေးဖြစ်သူတို့သည် (၁၂၇၁) ခုနှစ်တွင် အီတလီနိုင်ငံ၊ ဗင်းနစ်မြို့မှ တရုတ်နိုင်ငံသို့ ခရီးရှည်ထွက်ခဲ့ကြသည်။

ထိုစဉ်က မာကိုပိုလိုမှာ (၁၇)နှစ်သားအရွယ်ဖြစ်သည်။

မာကိုပိုလိုတို့ မိသားစုခရီးကား ကြမ်းတမ်း၍ အန္တရာယ်ထူပြောလှ၏။

ကုလားအုပ်၊ မြင်း၊ ယပ် ခေါ် နွားဝန်တင်တို့ဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း ခရီးပြင်းနှင်ခဲ့ကြသည်။

နှင်းခဲအတိ ဖုံးလွှမ်းနေသော ပါမီးရား တောင်မြင့်ကြီး အပါအဝင် သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်တို့ကို ကျော်ဖြတ်ခဲ့ကြရာတွင် နှင်းခဲအတိဖုံးလွှမ်းနေသော ပါမီးရားတောင်မြင့်ကြီး အပါအဝင် တောင်တန်းကြီးများနှင့် တရှိန်ရှိန်ပူပြင်းနေသည့် ဂိုဘီသဲကန္တာရကြီးတို့ ပါဝင်ခဲ့သည်။

ထိုခရီးစဉ်အတွင်း ပြည်နယ်များတွင် စစ်မက်အန္တရာယ်ကျရောက်နေသဖြင့် စောင့်ဆိုင်းနေခဲ့ရသည်လည်းရှိ၏။

တောင်ပြိုခြင်းကြောင့် ခရီးနှောင့်နှေးခြင်း၊ ခရီးစဉ်များကို ပြောင်းခဲ့ရခြင်းတို့လည်း ရှိခဲ့သည်။





မာကိုပိုလိုသည် တွေ့ကြုံရသည့် အခက်အခဲအမျိုးမျိုး၊ ဒုက္ခအဖုံဖုံကြားမှ ဗဟုသုတရှာမှီးလိုသော စိတ်ဓာတ်ပြင်းပြမှုကို မလျှော့ပဲ အန္တရာယ်များသည့် ခရီးလမ်းမှတ်တမ်းကြီးကို ရေးခဲ့သည်။

"မာကိုပိုလိုသည် လမ်းခရီးတွင် တွေ့ခဲ့ရသည့် လူအမျိုးမျိုး၊ ထူးဆန်းထွေလာ မြင်ကွင်းများနှင့် ထူးဆန်းသည့် ဝတ္ထုပစ္စည်းများကို မှတ်တမ်းတင်သည်။

ကျောက်မီးသွေး၊ ကျောက်ဂွမ်း၊ အုန်းသီး၊ ရေနံစသည်တို့ကို အသေးစိတ်မှတ်တမ်းတင်ခဲ့ပြီး ဂိုဘီသဲကန္တာရ၏ ထူးဆန်းအံ့ဩဖွယ်ကောင်းပုံ၊ ရှေးဟောင်းမြို့ပျက်ကြီးတစ်မြို့ ထူးထူးဆန်းဆန်းတွေ့ခဲ့ရပုံ၊ ထိုဂိုဘီသဲကန္တာရအတွင်း အလွန်ကြီးမားသည့် ပင်လယ်ပြင်တမျှရှိခဲ့သော အပြောကျယ်သည့် ရေအိုင်ကြီး တွေ့ခဲ့ရပုံ၊ ထိုဒေသရှိလူမျိုးတို့၏ ထူးဆန်းသည့် လောကီပညာ၊ ဂမ္ဘီရပညာရှင်များ၏ အစွမ်းများကို အံ့ဩဖွယ်ကောင်းလောက်အောင် မှတ်တမ်းတင်ထားခဲ့လေသည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်ခန့်က ရုရှားပြည်မြောက်ပိုင်းကို စထရိုမမြို့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည့် ရုရှား ခရစ်ယာန်ဘုန်းတော်ကြီး၏ မှတ်တမ်းတွင် အထက်ဖော်ပြပါ ဂိုဘီသဲကန္တာရအတွင်း ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် မြို့တော်ဟောင်းကြီးကို တွေ့ခဲ့ရသည်ဟု ဆိုသည်။

ဤမြို့တော်ဟောင်းကြီးတွင် သူရှာပုံတော်ဖွင့်ခဲ့သည့် ဆရာအရှင် သူတော်စင်များနှင့် တွေ့ခဲ့ရသည်ဟု ဖော်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာခရီးသည်ကြီးနှင့် ပန်းချီကျော်နီကိုလပ်(စ်)ရိုးရစ်သည် အဆိုပါ မှတ်တမ်းအကြောင်းကို "အာရှ၏နှလုံးသား" (Heart of Asia) စာအုပ်တွင် ရေးသားဖော်ပြထားခဲ့သည်။

ကမ္ဘာပေါ်တွင် လူသိများခဲ့သော အာရေဗျ သဲကန္တာရ ဆာဟာရသဲကန္တာရများနှင့် ဂိုဘီသဲကန္တာရသည် တူညီခြင်းမရှိပေ။

ပထဝီဗေဒပညာရှင်တို့၏ မှတ်တမ်းအရ ဂိုဘီသဲကန္တာရသည် စတုရန်းမိုင်ပေါင်း (၅၀၀၀၀၀)ကျော် ကျယ်ဝန်းသည်ဟု ဆိုကြသည်။

ကြီးမားသည့် အက်(တ)လပ်(ခ)တောင်တန်း၊ ဟိမဝန္တာတောင်တန်းကြီးများ ဝိုင်းလျက်ရှိပြီး မွန်ဂိုလီးယား သမ္မတနိုင်ငံ၏ ထက်ဝက်နီးပါး ကျယ်ပြန့်သည်။

၎င်းသည် ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း (၄၀၀၀)ကျော်အမြင့်တွင် တည်ရှိ၍ အပူချိန် (၁၀၀)ဒီဂရီမျှသာ ရှိပြီး ဆောင်းရာသီတွင် ဖာရင်ဟိုက်ဒီဂရီ (၄၀)ခန့် ရှိခဲ့လေသည်။ တစ်နှစ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ (၃)လက်မခန့်ရှိသည်။

ဂိုလီသဲကန္တာရရှိ သဲကုန်းတန်းကြီးများမှာ အခြားကမ္ဘာပေါ်ရှိ သဲကန္တာရများရှိ သဲကုန်းတန်းကြီးများနှင့်မတူပေ။ ဖုန်းဆိုးတောင်ကုန်းတောင်တန်းများနှင့် တူညီသည်ဟု ဆိုကြသည်။

ထိုဒေသတွင် အလွန်ကြီးမားသည့် ဆားငန်ရေအိုင်ကြီးများလည်း ရှိနေသဖြင့် အခြားသဲကန္တာရများနှင့် မတူညီဟုဆိုကြ





ခြင်း ဖြစ်လေသည်။

"အိုအေစစ်" ခေါ် သစ်ပင်များပေါက်ရောက်သည့် နေရာများတွင် ရေတွင်းရေကန်များ အများအပြား တွေ့ကြရပြီး ကျေးရွာအမြောက်အမြား ရှိခဲ့သည်။

ထိုဒေသတွင် နှစ်ပေါင်းများစွာက တည်ဆောက်ထားခဲ့သည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများကိုလည်း တွေ့ကြရသည်ဟု ဆိုသည်။

ဂိုဘီ သဲကန္တာရတစ်နံတစ်လျားတွင် ရှေးဟောင်းစေတီဗုထိုးပျက်များ၊ ရှေးဟောင်းအဆောက်အအုံနှင့် မြို့ပျက်ကြီးများကို အများဆုံးတွေ့ရသဖြင့် လွန်ခဲ့သော နှစ်ပေါင်းထောင်သောင်းများစွာက ယဉ်ကျေးမှုအမြင့်မားဆုံး လူ့အဖွဲ့အစည်းကြီးတစ်ဖွဲ့နေထိုင်ခဲ့ကြသည်ဟု ဆိုခြင်းကို မည်သူမျှ မငြင်းဆိုနိုင်ပေ။

မိုင်းဒရက်နှင့် ဖရင့်စက်စတာတို့သည် ယခင်မဟာခရီးသည်ကြီး မာကိုပိုလို ဗင်းနစ်မြို့မှ တရုတ်ပြည်ပီကင်းမြို့သို့ လာရောက်ခဲ့သည့် လမ်းအတိုင်း ထွက်ခွာခဲ့သည်။

၎င်းလမ်းမကြီးကို ယခင်က ပိုးလမ်းမကြီး (Silk Road) ဟု ခေါ်ခဲ့ကြသည်။

မိုင်းဒရက်တို့သည် ထူးခြားဆန်းကြယ်သည့် ရှေးဟောင်း မြို့တော်ပျက်ကြီးများဆီသို့ ရောက်ခဲ့ကြ၏။

ထို့ပြင် သာယာကြည်နူးဖွယ်ကောင်းသည့် အိုအေစစ်များကိုလည်း ရောက်ရှိတွေ့မြင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသည့် ရေအိုင်ကြီးများကိုလည်း တွေ့ရှိခဲ့ကြသည်။

သူတို့သည် ကမ္ဘာ့ပင်လယ်ပြင်အထက် . . ပေပေါင်း (၄၀၀၀)ကျော်မြင့်သော ဤသဲကန္တာရအလယ်တွင် လခြမ်းပုံသဏ္ဌာန်ရှိသော ရေအိုင်ကြီးတစ်အိုင်ကို တွေ့ကြရသည်။

ထိုရေအိုင်ကြီးကို လခြမ်းသဏ္ဌာန်ရေအိုင်ကြီး (The Crescent Moon) ဟု ခေါ်ဆိုကြသည်။

ဂိုဘီဘဲသန္တာရကြီးသည် အခြားသဲကန္တာရများနှင့်မတူပဲ ထိုဒေသတွင် မြင့်မားသည့် သဲတောင်ကုန်းများကို တွေ့ကြရသည်။

သဲမှုန်ကလေးများ၏ အရောင်မှာလည်း ထူးထူးဆန်းဆန်း တောက်ပဝင်းလက်လျက် ရှိနေသည်ဟု သူတို့၏ မှတ်တမ်းတွင် ဖော်ပြထားသည်။

မိုင်းဒရက်တို့အဖွဲ့သည် နာမည်ကျော် ဗုဒ္ဓရုပ်ပွားတော်ပေါင်း တစ်ထောင်ရှိသော လိုဏ်ဂူများရှိသည့် ရွာဟောင်းကြီးတစ်ရွာသို့ ရောက်ရှိခဲ့ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က တရုတ်ရဟန်းတော် မဟာခရီးသည်ကြီး ဆရာတော်ရွှင်ကျန် ရောက်ခဲ့သည့် ကျောင်းတော်ကြီး ဖြစ်ပေသည်။

ဆရာတော် ရွှင်ကျန်သည် သူ၏အနောက်ဘက်ဒေသ ဘုရားဖူးခရီးမှတ်တမ်း (The Journey to the west)တွင် ဤကျောင်းကြီးအကြောင်းကို ရေးသားဖော်ပြထားခဲ့လေသည်။





မိုင်းဒရက်တို့သည် ဒေသခံကျေးရွာသားများနှင့် တွေ့ဆုံကြပြီး ထိုဒေသ၏ ဒဏ္ဍာရီပုံပြင်များကို မှတ်သားခဲ့ကြသည်။

ဂန္ဓာရီပညာရှင်များအကြောင်း ဒဏ္ဍာရီများ၊ ခေတ်အဆက်ဆက် မဟာခရီးသည်တို့ ရှမ်ဗဲလား ရှာပုံတော်ဖွင့်ကြသည့် အကြောင်းများကို ကြားသိခဲ့ကြရသည်။

ဂိုဘီ သဲကန္တာရအတွင်းရှိ ကြီးမားသည့် မြို့ပျက်ကြီးအနီးတွင် ဒေသခံလူများ ရွှေ့ကျောင်းနေကြသည်ကိုလည်း တွေ့ကြရသည်။

ဤမြို့ဟောင်းကြီးအနီးရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွင် ဆင်ရုပ်တုများ ခံထားသည့်ဘုရားကြီးတစ်ဆူကို ဖူးမြော်ခဲ့ရကြောင်းကို ရေးသားဖော်ပြထားပေသည်။

ဂိုဘီသဲကန္တာရသည် တောင်နှင့်မြောက်မိုင်ပေါင်း (၁၂၀၀)ကျော် အပြောကျယ်၏။

ဤမျှကျယ်ဝန်းသော သဲကန္တာရအတွင်းခရီးသွားရသည်မှာ ခက်ခဲလှသည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်မီးကြီးကလည်း တရုတ်ပြည်သို့ ကူးစက်လာချိန်ဖြစ်သည်။

သို့ဖြစ်၍ မွန်ဂိုလီးယား သမ္မတနိုင်ငံ အပါအဝင် ရုရှားပြည်ထောင်စု(ထိုစဉ်က ဆိုဗီယက်ရုရှား)မှာလည်း စစ်မီးလျှံအခိုးအငွေ့များ သက်ရောက်လာခဲ့သည်။ မိုင်းဒရက်တို့အဖွဲ့သည် မွန်ဂိုလီးယား၊ ရုရှားနယ်စပ်အနီးမှပင် ခရီးမဆက်နိုင်တော့သဖြင့် ရှမ်ဗဲလား ရှာပုံတော်ကို လက်လျှော့၍ ပြန်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ မှတ်တမ်းများမှာ ရှေးနှစ်ပေါင်းများစွာကပင် ရှမ်ဗဲလား ရှာဖွေသူတို့သည် ဂိုဘီ သဲကန္တာရကြီးအတွင်းမှ ဖြတ် ကျော်သွားခဲ့ရပုံတို့ကို ရေးသားမှတ်တမ်းတင်ထားခဲ့ကြသည့် မှတ်တမ်းအချို့ပင် ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်မှာလည်း ဂို ဘီသဲကန္တာရအနီးမှာ တွေ့ရသော ရွာကလေးမှာ ခရီးတစ် ထောက်နားရင်းနှင့် ဂိုဘီသဲကန္တာရအတွင်းသို့ ကျော်ဖြတ်ရန်အ တွက် ပြင်ဆင်နေကြခြင်းပင် ဖြစ်တော့သည်။







# အခန်း(၁၃)

# ကျောက်စိမ်းဂူနှင့်ထူးခြားသောနေရာ

ထိုရွာကလေးမှာ ဂိုဘီသဲကန္တာရကြီး အစပ်၌ရှိသော ာက်ဆုံးတွေ့ရသောရွာကလေးပင်ဖြစ်ပေသည်။

ထိုရွာသို့ ရောက်သွားစက အချိန်မရှိတော့သဖြင့် ပတ် းကျင် အခြေအနေများကို သတိမပြုမိခဲ့ကြပေ။

နောက်တစ်နေ့နံနက်လင်းလာပြီး အလင်းရောင်များ လာတော့မှ ဝမ်းမြောက်ဖွယ်ရာမြင်ကွင်းကို တွေ့မြင်ကြရခြင်း ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပါချေ။

သူတို့ ယခုရောက်နေသောနေရာမှာ မြေပုံအညွှန်း
ပါသည့်အတိုင်း 'တောင်သုံးလုံးထိပ်၊ ဆံမြိတ်ဖြေရာ မဟာန
ကြီး မျက်နှာစာ' ဆိုသောအညွှန်းနှင့် ကိုက်ညီနေသောကြော
ဖြစ်ပေသည်။

ထိုနေရာမှ မျှော်ကြည့်သောအခါ နှင်းမှုန်များဝေ့ဆိုင်
နေသောကြားမှ တိဗက်ပြည်မှ ကေလာသတောင်တော်ကြီး
လည်း လှမ်းမြင်ရသည်။

မြူနှင်းများကြားမှာ လှိုင်းတွန့်များ ထနေသကဲ့သို့ရှိသေ
အိန္ဒိယပြည်မှ ဟိမဝန္တာတောင်တန်းကြီးကိုလည်း လှမ်းမြင်
သည်။

ထို့ပြင် တရုတ်ပြည်၏ အမိကရတောင်တန်းကြီးမြ
သော ခွန်လွန်တောင်တန်းကြီးကိုလည်း မြင်နေရသည်။

သူတို့ရောက်နေသောနေရာမှာ တောင်သုံးလုံးဆံမြိ
ဖြေရာဆိုသည့်အတိုင်း ထိုတောင်သုံးလုံးကို တစ်နေရာတည်
တစ်ပြိုင်နက် လှမ်းမြင်နိုင်သောနေရာ ဖြစ်လေသည်။

ထို့ပြင်ထိုနေရာမှ မျှော်ကြည့်ပါက အဝေးတွင် မဟာ
တိုင်းကြီးကိုလည်း လှမ်းမြင်နေရပြီ ဖြစ်သည်။

"ကျုပ်တို့ရထားတဲ့ မြေပုံအညွှန်းအတိုင်းဆိုရင် ဂို
သဲကန္တာရကိုဖြတ်ပြီး မဟာတံတိုင်းကြီးရဲ့ အရှေ့ဘက်ကို ရော
အောင် သွားကြရမယ်"

"ဟုတ်ပါတယ်"





"အခု ရောက်နေတဲ့ နေရာကလည်း မြေပုံအညွှန်းထဲက
အတိုင်း တောင်သုံးလုံး ဆံမြိတ်ဖြေရာဆိုတဲ့အတိုင်း တောင်သုံး
သုံးရဲ့ အရိပ်ထိုးရာ အလယ်မှာဆိုတော့ ရှေ့မှာ ဂိုဘီသဲကန္တာရ
ကြီးကိုဖြတ်ပြီးတော့ မဟာတံတိုင်းကြီးရဲ့ အရှေ့ဘက်ရောက်
အောင်သွားရင်တော့ မြေပုံညွှန်းတဲ့နေရာကို ရောက်သွားကြ
ယ်လို့ ထင်တာပဲ"

ကျန်သုံးယောက်ကတော့ ဟိုးအဝေးတွင် နှင်းမှုန်များ
ကြားတွင် ဝိုးတဝါး လှမ်းမြင်နေရသော မဟာတံတိုင်းကြီးရှိ
သော နေရာဘက်သို့ လှမ်းမျှော်ကြည့်နေကြသည်။

နေရောင်ခြည်က သဲကန္တာရအပေါ်မှ ကျော်တက်လာ
ပြီ။ နီရဲသော နေရောင်ခြည်က အရှေ့ဘက်၌ရှိသော ခွန်လွန်
တောင်တန်းကြီး ထိပ်ပေါ်မှ ကျော်တက်လာခြင်း ဖြစ်သည်။

နှင်းထုမကွဲသေးသော်လည်း နေရောင်ခြည်ရလာပြီ
ဖြစ်သဖြင့် အနွေးဓါတ်ရလာလေပြီ။

ဂိုဘီသဲကန္တာရကို ဖြတ်သန်းတိုက်ခတ်လာသောလေ
သည် အအေးဓါတ်များသာမက သဲမှုန့်ကလေးများကိုပါ တစ်
ပါတည်း သယ်ဆောင်လာလေသည်။

နေရောင်ခြည်ကြောင့် သဲမှုန်သဲပွင့်ကလေးများမှာ စိန်
ပွင့်ကလေးများသဖွယ် အရောင်တလက်လက် တောက်ပလျက်
ရှိနေသည်။

ဂိုဘီသဲကန္တာရတွင် ရှိကြသည့် သဲပွင့်ကလေးများမှာ
အခြားနေရာများ၌ တွေ့ရလေ့ရှိသော သဲပွင့်ကလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



မတူပေ။ နေရောင်ခြည်နှင့် ထိတွေ့သောအခါ သလင်းကျောက် ပွင့်များ၊ စိန်ပွင့်ကလေးများကဲ့သို့ အရောင်တလက်လက်တောက် ပမှု ပိုများလေသည်။

လေနှင့်အတူပါလာသော သဲပွင့်ကလေးများက ဆိုင်း တွင်းသို့ပင် ရောက်လာပြီး၊ စားပွဲများ၊ ကုလားထိုင်များနှင့် ခြံထား သော စောင်များပေါ်မှာ ပြန့်ကြဲလျက်ရှိနေသည်။

နေရောင်ခြည်မှတစ်ဆင့် ပြန့်နှံ့လာသော အလင်း ရောင်ဖြင့် ထိတွေ့သောအခါ ဘယ်နေရာကြည့်ကြည့် အရော တလက်လက် တောက်ပနေသည်။

"ရှေးကရေးခဲ့တဲ့ မှတ်တမ်းတွေအရဆိုရင် ဟိမဝန္တာ တောင်၊ ကေလာသတောင်နဲ့ ခွန်လွန်တောင်တန်းကြီးရေ ပေါင်းဆုံရာ အလယ်နေရာမှာ 'ရှမ်ဗဲလား' ရှိတယ်လို့ တွေ့ တယ်၊ အခုကျုပ်တို့ သွားမယ့်နေရာကလည်း တောင်သုံးလုံး အလယ်နေရာကို ရောက်နေပြီဆိုတော့ မြေပုံထဲမှာပါတဲ့ မြော ကျွန်းဆိုတာ သူတော်စင်တွေနေတဲ့ ရှမ်ဗဲလားကိုများ ညွှန်း များလားမသိဘူး"

"ဒါလည်းကောင်းတာပေါ့ အဘရယ်၊ ရှမ်ဗဲလားကိုရှာ ဖူးချင် ရောက်ဖူးချင်လို့ ရှာဖွေနေတဲ့သူတွေ အများကြီးရှိတာ ကျွန်တော်တို့က တကူးတက ရှာဖွေတာမဟုတ်ပဲနဲ့ မမျှော်လင့် ရောက်သွားရင်တော့ ပိုပြီးကောင်းတာပေါ့"

ဟု ဒေါက်တာမင်း ထင်ကျော်က ပြန်ပြောလိုက်သည်။

ထို့နောက်မှာတော့ ဆိုင်ရှင်ကိုတွေ့ပြီး သဲကန္တာရထဲ





လမ်းပြပေးနိုင်သူ ရနိုင်မလားဟု မေးကြည့်ရသည်။

"ရွာထဲမှာတော့ လမ်းပြပေးတဲ့သူတွေ ရှိပါတယ်. . နောက်ပြီး မြည်းဆွဲတဲ့ လှည်းတွေလည်း ငှားလို့ရပါတယ်"

ဟုပြောသဖြင့် ဝမ်းသာသွားကြလေသည်။

ထို့နောက်မှာတော့. . စားသောက်ဆိုင်ပိုင်ရှင်ကိုပင် ငွေပေးပြီး အကူအညီတောင်းရာ သူက ရွာထဲထွက်သွားလေ သည်။ ဒေါက်တာမင်းထင်ကျော်တို့ကတော့ ၎င်းတို့ပစ္စည်း များကို သိမ်းဆည်းထားကြလေသည်။

အတန်ကြာသောအခါ မြည်းနှစ်ကောင်ဆွဲသော လှည်း နှစ်စီးနှင့် လူနှစ်ယောက်ပါလာသည်။

"သူတို့က သဲကန္တာရထဲသို့ သွားနေကြလူတွေပဲ ခင်ဗျား တို့သွားချင်တဲ့နေရာကို ပြောပြရင် ရောက်အောင်လိုက်ပို့ပေး ကြလိမ့်မယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက်မှာတော့ လှည်းသမားနှစ်ယောက်အတွက် ရော စားသောက်ဆိုင်ရှင်ကိုပါ ကျသင့်ငွေများ ရှင်းပေးပြီး နံနက် စောစောအချိန်တွင် ခရီးထွက်ကြလေသည်။

လှည်းနှစ်စီးဖြစ်သောကြောင့် တစ်စီးလျှင် နှစ်ယောက်စီ စီးပြီး လိုက်နိုင်ကြသည်။

လှည်းသမားများက နေပူရှိန်မများခင် စခန်းချမည့်နေ ရာသို့ ရောက်အောင်သွားကြရမည်ဟု ပြောပြသည်။

ဂိုဘီသဲကန္တာရမှာ အခြားသဲကန္တာရများနှင့် မတူပေ။ ပင်



www.burmeseclassic.com

www.burmeseclassic.com



လယ်ပြင်မှ သဲကန္တာရအဖြစ် ပြောင်းလဲလာသည့်နေရာ ဖြစ်သဖြင့် သဲကန္တာရအတွင်းမှာ အရိပ်ရသော သစ်ပင်များနှင့် ရေအိုင်များရှိသည်။ ထိုသဲကန္တာရအတွင်းမှာပင် ရှေးဟောင်းမြို့ပျက်ကြီး တစ်ခု ရှိကြောင်းလည်း လှည်းသမားက ပြောပြသည်။

သူတို့သည် နေပူပြင်းသော နေ့အချိန်များတွင် အရိပ်ကောင်းသော နေရာများမှာ အိပ်စက်အနားယူကြပြီး ညအချိန်ရောက်သောအခါမှ ခရီးဆက်ကြလေသည်။

လှည်းသမားနှစ်ဦးစလုံးမှာ သဲကန္တာရအတွင်း၌ မကြာခဏ သွားလာခဲ့သူများဖြစ်သောကြောင့် အမှားအယွင်းမရှိ သူတို့သွားလိုသောနေရာသို့ လိုက်ပို့ပေးကြလေသည်။

လမ်းမှာ ညအိပ်ရသည်ဆိုသော်လည်း နေ့အချိန်များမှာသာ အိပ်ကြရပြီး ညအချိန်ရောက်သောအခါ ခရီးသွားနေရသောကြောင့် အိပ်မက်ထဲတွင် သုန္ဒရီနှင့် မတွေ့ရတော့ပေ ခရီးထွက်လာပြီး နှစ်ညအိပ်သုံးရက်မြောက်သောနေ့ နံနက်ပိုင်းအချိန်မှာတော့ ကြီးမားသောရေအိုင်ကြီးတစ်အိုင်ရှိရာသို့ ရောက်သွားကြသည်။

ရေအိုင်ကြီးနှင့် မနီးမဝေး၌ရှိသော အရိပ်ကောင်းသော နေရာ၌ နားကြစဉ် ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်

"ခင်ဗျားတို့က ဒီသဲကန္တာရထဲမှာ သွားလာနေကြတာဆိုတော့ ဒီသဲကန္တာရထဲမှာ မြို့ပျက်ကြီးတစ်ခု ရှိတယ်လို့ ကြားဖူးတယ်၊ ခင်ဗျားတို့ ရောက်ဖူးသလား"

"ကျုပ်တို့လည်း ကြားဖူးရုံပဲရှိပါတယ် တစ်ခါမှ မတွေ့





ဘူး. . မရောက်ဖူးပါဘူး၊ အဲဒီမြို့ပျက်ကြီးက တွေ့တဲ့သူသာ တွေ့ရပေမယ့် လူတိုင်းမတွေ့ရတဲ့ မြို့ပျက်ကြီးဆိုရင် မမှားဘူးဗျ"

"ဒါလည်းဖြစ်နိုင်ပါတယ် ဂမ္ဘီရဆန်တဲ့နေရာတွေက ဒီလိုပဲ ထူးခြားမှုတွေ ရှိတတ်ကြပါတယ်၊ ဒါထက် ရှမ်ဗဲလားဆိုတာရော ကြားဖူးသလား"

"ကြားတော့ကြားဖူးပါတယ် ဒါပေမယ့် ဘယ်နေရာမှာ ရှိမှန်းတော့ ကျုပ်တို့မသိပါဘူး"

လှည်းသမားက အမှန်အတိုင်းပင် ပြောသည်။

"ခင်ဗျားတို့က သဲကန္တာရထဲမှာ သွားလာနေတာဆိုတော့ တခြားဘာတွေများ ထူးခြားတာတွေ မြင်ဖူးကြားဖူးပါသလဲ"

ထိုအခါလှည်းသမားတစ်ယောက်ကပြောပြသည်။

"ဒီသဲကန္တာရက အကျယ်ကြီးဗျ၊ ဘယ်လောက်ကျယ်သလဲဆိုတာ ကျွန်တော်တို့လည်းမသိဘူး၊ ညဘက်ခရီးသွားတဲ့အခါတွေမှာတော့ တစ်ခါတစ်ရံသဲကန္တာရထဲမှာ မီးရောင်တွေ တွေ့ရတယ်၊ ကြေးစည်သံ၊ ဖားစည်သံတွေ ကြားရတာမျိုးတွေလည်း ကြားဖူးတယ်"

"အဲဒီလိုကြားရတော့ အသံကြားတဲ့ဆီ သွားကြည့်သေးသလား"

"သွားကြည့်ပါတယ် ဒါပေမယ့် ထူးထူးခြားခြားတော့ ဘာမှမတွေ့ခဲ့ရပါဘူး၊ တစ်ခုတော့ရှိတယ် အခုဆရာတို့သွားမယ့် တောင်တံတိုင်းကြီးရဲ့ အရှေ့ဘက်မှာတော့ ထူးခြားတဲ့မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့နေရာ ရှိတယ်လို့တော့ ပြောသံကြားဖူးတယ်"

"ဘယ်လိုထူးခြားတာလည်း ပြောပြပါဦး"

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကျုပ်တို့ရွာက လှည်း သမားတစ်ယောက် အဲဒီဘက်လိုက်သွားဖူးတယ်၊ လှည်းငှား သူက အမျိုးသမီးနှစ်ယောက်ပဲ၊ လှည်းငှားခကို ရွှေပြားတွေ တာနဲ့ လိုက်သွားတယ်၊ လှည်းငှားတဲ့ အမျိုးသမီးတွေက ခေါင်း ခြုံထားတော့ သူတို့မျက်နှာတော့ မမြင်ရဘူး"

"ပြောပါဦး"

"သူတို့ပြောတဲ့နေရာရောက်ပြီး လှည်းပေါ်က ဆင ခါနီးတော့မှ လေတိုက်လို့ ခြုံထားတဲ့ပဝါ လန်သွားတော့မှ အမျိုး သမီးနှစ်ယောက်ရဲ့မျက်နှာကို အမှတ်တမဲ့ မြင်လိုက်ရတယ် ကျုပ်တို့မျက်နှာတွေနဲ့မတူပဲ သူတို့မျက်နှာတွေက လေးထောင့် ပုံစံကြီးတွေလို့. . ပြန်ပြောပြတယ်"

"အထူးအဆန်းပါလား၊ နောက်ထပ်ရော တွေ့ဖူး သေးသလား"

"အဲဒီနောက်တော့ ထပ်တွေ့တယ်လို့ ပြောသံမကြား ရတော့ပါဘူး"

ထိုစကား ကြားရသောအခါ သူတို့အတွက်တော့ အား စရာပင် ဖြစ်သည်။ အနားယူနေကြစဉ် စားရင်းသောက်ရင်း ဒေါက်တာကျွန်လီက မေးလိုက်သည်။

"ကိုမင်းထင်ကျော် မဟာဂန္ဓာရီ တက္ကသိုလ်မှာတုန်း ခင်ဗျားတွေ့ခဲ့တဲ့ သုန္ဒရီဆိုတဲ့ အမျိုးသမီးရဲ့မျက်နှာက အဝိုင်း





လား. . လေးထောင့်လား"

"ကျွန်တော်နဲ့တွေ့တုန်းကတော့ လေးထောင့်မဟုတ် ပါဘူး၊ ကျွန်တော်တို့ မျက်နှာလိုပါပဲ"

"ကျမ်းစာတွေထဲမှာ တွေ့ဖူးဖတ်ဖူးတာတော့ မြောက် ကျွန်းသူ မြောက်ကျွန်းသားတွေဟာ သူတို့နေတဲ့ကျွန်းရဲ့ပုံ သဏ္ဌာန်အတိုင်း မျက်နှာက လေးထောင့်ပုံသဏ္ဌာန် ဖြစ်နေ တယ်လို့တော့ တွေ့ဖူးတာပဲ"

ထိုစကားကြားသောအခါ လာစင်က ဝင်ပြောသည်။

"မျက်နှာလေးထောင့်ပဲဖြစ်ဖြစ်၊ အဝိုင်းပဲဖြစ်ဖြစ် ကျွန် တော်တို့အတွက်သိပ်တော့ အရေးမကြီးလှပါဘူး၊ ကျွန်တော် တို့အတွက်က အာယုဝဍ္ဎနပန်းသီးစားခွင့်ရရင် ပြီးတာပါပဲ"

လာစင်စကားကြားတော့ ကျန်သုံးယောက်က သဘော ကျစွာဖြင့် ပြုံးလိုက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်မှာ တစ် ရက်ပြီးတစ်ရက် ခရီးဆက်ခဲ့ကြရာ ငါးရက်မြောက်သောနေ့သို့ ရောက်သောအခါ မဟာတံတိုင်းကြီး၏ မျက်နှာစာသို့ရောက် သွားကြလေသည်။

ထိုနေရာရောက်သောအခါ လှည်းသမားနှစ်ယောက် တို့ကို ပြန်လွှတ်လိုက်သည်။

တရုတ်ပြည်၏ အဓိကရ နေရာတစ်ခုဖြစ်သော မဟာ တံတိုင်းကြီးရှိသောနေရာမှာ သူတို့ရောက်နေသော နေရာ၏ တောင်ဘက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်သို့ မျက်နှာမူပြီး ရပ်ပါက လက်ယာဘက်၌ ရှိလေသည်။ ထိုနေရာတစ်ဝိုက်မှာ တောင်ကုန်းတောင်တန်းများနှင့် သစ်တောကြီးများက နေရာအနှံ့ ဖုံးလွှမ်းထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ခရီးစဉ်အတွက် နောက်ဆုံးရွေးချယ်ရမည့်နေရာသို့ ရောက်လာကြချေပြီ။

မဟာတံတိုင်းကြီး မျက်နှာစာရောက်သောအခါ လက်ဝဲ လက်ယာလမ်းကို ရွေးချယ်ပါဟူသော အညွှန်းပါလေရာ ထိုနေရာကို ရှာဖွေရမည် ဖြစ်သည်။

ထိုနေရာရောက်သောအခါ အရိပ်ကောင်းသောနေရာမှာ နားကြပြီး လက်ဝဲလမ်း လက်ယာလမ်း အဖြေကိုရွေးချယ်ကြည့်ကြသည်။

"တရားသဘောနဲ့ ကြည့်မယ်ဆိုရင် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံအားထုတ်တဲ့လမ်းက လက်ယာလမ်းဖြစ်တယ် တန်ခိုးကဗ္ဗိပါဒ်လမ်းက လက်ဝဲလမ်းဖြစ်တယ်။

ဒါမှမဟုတ် အဂ္ဂိရတ် သဘောနဲ့ ရွေးမယ်ဆိုရင်လည်း ရွှေဖြစ်ငွေဖြစ်က လက်ဝဲလမ်းဖြစ်ပြီး သိဒ္ဓိပေါက်တဲ့လိုင်းက လက်ယာလမ်းဖြစ်တယ်"

"ဟုတ်ကဲ့"

"နေမာတ် လမာတ်ကို ခွဲတဲ့နေရာမှာလည်း အပူအအေး သဘောအရ နေကလက်ယာလမ်းဖြစ်ပြီး လက လက်ဝဲလမ်းဖြစ်တယ်၊ ဒီတော့ အခုလောလောဆယ် ကျုပ်တို့လေးယောက်က တရားကျင့်ဖို့ လာတာမဟုတ်ဘဲ အသက်ရှည်ဖို့အတွက် လာကြတာဆိုတော့ ဘာပဲဖြစ်ဖြစ် လက်ဝဲဘက်ကိုပဲ ရွေးချယ်ရမှာပဲ အရှေ့ဘက်ကို မျက်နှာမူကြည့်ရင် လက်ဝဲဘက်က မြောက်ဘက်ကျတယ်၊ ဒါကြောင့် မြောက်ကျွန်းသူတွေနေတဲ့ နေရာဟာ လက်ဝဲဘက်မှာပဲ ရှိမှာသေချာတယ်"





ဦးဇန်ကောင်း၏ အယူအဆကို ကျန်သုံးယောက်ကလည်း လက်ခံသဘောတူကြသဖြင့် လက်ဝဲဘက်(မြောက်ဘက်) သို့သွားသောလမ်းကို ရွေးချယ်လိုက်ကြလေသည်။

ထို့နောက်မှာတော့ ၎င်းတို့လေးယောက်သည် စိတ်တူကိုယ်တူနှင့်ပင် မြောက်ဘက်လမ်းကို ရွေးချယ်ပြီး လိုက်ခဲ့ကြရာ တောအုပ်တစ်ခုနှင့် လွင်ပြင်ကျယ်တစ်ခုကို ကျော်ဖြတ်သွားပြီး နောက်မှာတော့ ကြီးမားသော ဂူပေါက်ဝတစ်ခုရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်သွားကြလေတော့သည်။

ထိုနေရာ ရောက်တော့မှ ပတ်ဝန်းကျင်အခြေအနေမှာ သူတို့တွေ့နေကျမြင်နေကျ မြင်ကွင်းမျိုးမဟုတ်တော့သည်ကို သတိပြုမိလာကြသည်။ အခြားမဟုတ်ပါချေ။

သူတို့ရောက်နေသည့် တောအုပ်အတွင်းနှင့် ပတ်ဝန်းကျင်မှ မြင်တွေ့နေရသော သစ်ပင်တို့မှာ ယခင်မြင်တွေ့နေကျ သစ်ပင်များနှင့် မတူလှဘဲ ပုံပန်းသဏ္ဍာန် ထူးခြားနေသည်။

ထိုပြင်ကျေးငှက်တိရစ္ဆာန် တို့၏ပုံပန်းသဏ္ဍာန်တို့မှာသည်းမတူပဲ ရှိလေသည်။

ဥပမာ မျောက်တစ်ကောင်၏ မျက်နှာဆိုလျှင် တွေ့နေကျ မျောက်မျက်နှာမျိုးမဟုတ်ဘဲ လေးထောင့်ပုံသဏ္ဍာန်မျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတော့သည်။ အခြားတိရစ္ဆာန်တို့၏ မျက်နှာပုံပန်းသဏ္ဌာန်တို့မှာလည်း တစ်မူထူးခြားလျက် ရှိသည်။

သစ်ပင်များမှာသီးပွင့်နေသော အသီးအပွင့်များမှာလည်း ပိုမိုကြီးထွားနေကြလေသည်။

"မောင်ထင်ကျော် ဒီနေရာမှာတွေ့ရတဲ့ သစ်ပင်တွေ အသီးအပွင့်တွေက မထူးခြားဘူးလား၊ နောက်ပြီး ကျေးငှက် တိရစ္ဆာန်တွေရဲ့ မျက်နှာပုံပန်းသဏ္ဌာန်တွေကရော ထူးခြားတယ်လို့ မထင်မိဘူးလား"

"ထူးခြားတယ်အဘ ဒီနေရာမှာတွေ့ရတဲ့ အသီးအပွင့်တွေက ပိုကြီးတယ်၊ ဟိုဘက်နားမှာ တွေ့ခဲ့ရတဲ့ ပန်းပွင့်ကြီးတွေဆိုရင် အုန်းသီးအလုံးလောက်ကြီးတယ်"

ထိုအခါ ဒေါက်တာကျန်လီကပါ ဝမ်းသာအားရ ဝင်ပြောလေသည်။

"ကျွန်တော်အဘိုးလီရဲ့ မှတ်တမ်းထဲမှာ ရေးထားတာတွေကလည်း အခုမြင်တွေ့နေရတဲ့အတိုင်းပဲ သစ်သီးတွေက အုန်းသီးအလုံးလောက်ကြီးနေပြီး၊ စံပယ်ပွင့်နဲ့တူတဲ့ ပန်းပွင့်တွေက ထန်းသီးအလုံး အရွယ်အစားလောက်အထိ ကြီးတယ်လို့ ပြောဘူးတယ်"

"ဒီလိုဆိုရင်တော့ ကျွန်တော်တို့တစ်တွေ အသက်ရှည်စေတဲ့ အာယုဝဍ္ဎနပန်းသီးပင်ရှိတဲ့နေရာကို ရောက်ကြတော့မယ် ထင်ပါရဲ့"

လာစင်ကလည်း အားတက်သရောဝင်ပြောလေသည်။





ထို့နောက်မှာတော့ လေးယောက်သား ထိုဂူပေါက်ကြီးအနီး ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံကြည့်ရှုကြရာ မနီးမဝေးတွင် တသွင်သွင်စီးနေသော စမ်းချောင်းတစ်ခုကိုပါ တွေ့ကြရသည်။

"ဟန်ကြပြီထင်ပါရဲ့၊ ဒီစမ်းချောင်းလေးက ကျွန်တော်အဘိုးလီရေသောက်ခဲ့တဲ့နေရာ ဖြစ်မယ်ဗျ သူ့ရေးထားခဲ့တဲ့ မှတ်တမ်းထဲက တံတိုင်းဆိုရင် အသက်ရှည်စေတဲ့ ပန်းသီးက စမ်းချောင်းအထက်က မျောပါလာတာဆိုတော့ ကျွန်တော်တို့ စမ်းချောင်း အထက်ပိုင်းကို လိုက်ရှာကြရမယ်"

"ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ နောက်တစ်နေ့မှပဲ ခရီးဆက်ကြတာပေါ့ ဒီကနေ့ညတော့ ဂူကြီးထဲမှာပဲဝင်ပြီး နားကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်"

ဟုပြောဆိုတိုင်ပင် မနီးမဝေးမှာရှိနေသော ဂူပေါက်အတွင်းသို့ အခြေအနေ ဝင်ကြည့်ကြသည်။

ထိုဂူအတွင်းမှာရှိသော ကျောက်နံရံများမှ အလင်းရောင်များ ထွက်နေသဖြင့် ဂူထဲမှာ အစိမ်းရောင်များ လင်းနေလေသည်။

တစ်နေရာမှ ဝင်လာသော အလင်းရောင်တစ်ခုက ကျောက်နံရံတို့ ထိုးဖောက်ဝင်လာရာမှ အစိမ်းရောင်များ လင်းနေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အလင်းရောင်ထွက်နေသော ကျောက်ဂူနံရံအခြေအနေကိုကြည့်ပြီး များစွာအံ့ဩသွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"အခြေအနေဘယ်လိုလည်း ကိုမင်းထင်ကျော်"

ဒေါက်တာကျန်လီက အနားလာပြီးမေးလိုက်သည်။

"အံ့ဩစရာတော့ အတော်ကောင်းတာပဲ၊ ဒီဂူကြီးက သာမန် မဟုတ်ဘူးဗျ၊ ကျောက်စိမ်းဂူကြီးပဲဗျ"

"ဟင်"

"ဟုတ်တယ်၊ အပြင်ဘက်က ထိုးဖောက်ဝင်ရောက်လာတဲ့ နေရောင်ခြည်ရဲ့ အလင်းရောင်က ကျောက်စိမ်းနံရံတွေကို ဖြတ်လာလို့ ဒီဂူထဲမှာ အစိမ်းရောင်တွေ ထွက်နေတာဗျ၊ နန္ဒဝန်ဥယျာဉ်ထဲက ကျောက်စိမ်းတောင်ထွတ်ကြီးများ ရောက်နေရော့သလား မသိဘူး"

ထိုစကား ကြားသောအခါ ဒေါက်တာကျန်လီက. . .

"ဒီလိုသာ မှန်ရင်တော့ ကျောက်စိမ်းတောင်ထွတ်ကြီးရှိတဲ့ နန္ဒဝန်ဥယျာဉ်တော်အတွင်းမှာ နှစ်ပေါင်း(၃၀၀၀)ကြာမှတစ်ကြိမ် အသီးသီးတဲ့ ပန်းတောက်ဟွီလို့ခေါ်တဲ့ အမတသစ်တော်ပင်ကြီးလည်း ရှိနေနိုင်တာပေါ့"

ဟု ဝင်ရောက်ပြောဆိုလေသည်။

ထို့နောက်မှာတော့ လေးယောက်သား ထိုကျောက်ဂူကြီးအတွင်းမှာပင် စခန်းချပြီး နားကြလေသည်။







# အခန်း(၁၄)

# မြောက်ကျွန်းသားတို့ အကျဉ်းသားဖြစ်ရခြင်း

ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်မှာ ကျောက်စိမ်းလိုဏ်ဂူကြီးအတွင်း၌ ခရီးပင်ပန်းလာသောကြောင့် အိပ်ပျော်နေကြစဉ် သင်းပျံ့သော ရနံ့တစ်ခုကြောင့် လေးယောက်စလုံး အိပ်ပျော်နေရာမှ လန့်နိုးလာကြသည်။

"ရနံ့က မွှေးလှပါလား"

"ကျွန်တော်အဘိုး မှတ်တမ်းထဲမှာတော့ အဲသည်ဖိုမွှေး



www.burmeseclassic.com

www.burmeseclassic.com



ရနံ့တွေ ရပြီးတဲ့အချိန်မှာ စမ်းချောင်းထဲမှာ ပန်းသီးတစ်လုံးမျော လာတာကို တွေ့ရတယ်လို့ပါတယ်။ စမ်းချောင်းထဲမှာ အသက်ရှည် စေတဲ့ ပန်းသီးများ မျောပါလာပြီလား မပြောတတ်ဘူး"

ဟုပြောရင်း ဒေါက်တာကျန်လီက အပြင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

အပြင်ဘက်၌ အလင်းရောင်အချို့ရှိသဖြင့် ပတ်ဝန်းကျင် ကိုမြင်နေရသည်။

"ခင်ဗျားတို့ဒီမှာနေခဲ့ ကျွန်တော်တို့နှစ်ယောက် အပြင်ဘက် ထွက်ကြည့်လိုက်ဦးမယ်"

ထိုသို့ပြောပြီးနောက် ဒေါက်တာကျန်လီနှင့် လာစင်တို့နှစ်ယောက်မှာ ဂူအပြင်သို့ ထွက်သွားကြလေသည်။

သူတို့အပြင်သို့ ထွက်သွားသောအချိန်အထိ ထူးခြားသော မွှေးရနံ့များကို ရနေဆဲပင် ရှိသေး၏။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်လည်း ထိုင်စကားပြောရင်းနှင့် စောင့်နေကြသည်။

အချိန်က သန်းခေါင်ယံကျော်ကျော်အချိန်ပင် ရှိသေးသည်။ အပြင်ဘက်မှာ နှင်းများကျနေသောကြောင့် ပတ်ဝန်းကျင်မှာ ဝေ့ဝါးနေသည်။

သစ်ရွက်များအပေါ်သို့နှင်းကျသံများကနေရာအနှံ့မှ ပေါ်ထွက်နေလေသည်။

အပြင်ဘက်၌ အအေးဓါတ်များသော်လည်း ဂူအတွင်း





မှာတော့ အနွေးဓာတ်၌ နေလေသည်။

ဒေါက်တာမင်းထင်ကျော်က စကားပြောနေရင်းမှပင် ဂူအပြင်ဘက်မှ အသံများကို နားစွင့်ကြည့်နေသော်လည်း ထူးထူးခြားခြား ဘာမှမကြားရပေ။

ဤသို့ဖြင့် တစ်နာရီခန့်ကြာသော်လည်း ဒေါက်တာကျန်လီတို့နှစ်ယောက် ပြန်ရောက်မလာသောကြောင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာသည်။

"သူတို့သွားတာ အချိန်အတော်ကြာသွားပြီ အခုထိ ပြန်မလာကြသေးပုံထောက်တော့ တစ်ခုခုများ ဖြစ်နေရော့လား"

"အနံ့ရတဲ့ဆီကို လိုက်ရှာနေကြပုံရတယ်"

"ဘယ်လိုလုပ်ရင် ကောင်းမလဲအဘ"

"သူတို့ အကြောင်းတစ်ခုခုဖြစ်နေရင် အကူအညီပေးလို့ရအောင် အပြင်ထွက်ကြည့်ရင် ပိုမကောင်းဘူးလား"

"အင်း.. ဒါလည်း ကောင်းတာပဲ"

သူတို့မှာ လက်နက်ကိရိယာတော့ မပါကြပေ။

သို့ကြောင့် တောင်ဝှေးအဖြစ် အသုံးပြုသော တုတ်တစ်ချောင်းစီနှင့် လက်နှိပ်ဓာတ်မီး၊ ဓားစသည်တို့ကိုယူပြီး အပြင်သို့ ထွက်ကြည့်ကြသည်။

အပြင်ဘက်၌ နှင်းများကျနေသည်။

သို့သော် ထူးခြားသော သစ်သီးရနံ့တစ်မျိုးကိုတော့ ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အပြင်ရောက်လာပြီး အခြေအနေ ကြည့်တော့ ထွက်သွားသူနှစ်ယောက်ကို အစအနမျှပင် မတွေ့ ရပေ။ ထို့ကြောင့် စမ်းချောင်းရှိသောနေရာအထိ ဆင်းခဲ့ကြ သည်။ ထိုနေရာရောက်တော့ မွှေးရနံ့က ပိုရလာသည်။

“လေက မြောက်ဘက်ကတိုက်နေတာဆိုတော့ အ ရနေတဲ့ သစ်သီးအနံ့က ချောင်းဖျားဘက်က လာတာဖြစ်မ သူတို့နှစ်ယောက် ချောင်းဖျားဘက်ကို လိုက်သွားကြတဲ့ပုံ ပေ တယ်”

ဦးဇန်ကောင်းက ပြောပြသည်။

“ဒီနေရာရောက်မှတော့ မထူးတော့ပါဘူး၊ ကျွန်တော် တို့လည်း လိုက်သွားပြီး အခြေအနေကြည့်ကြရင် မကောင်းဘူး လား”

“ကောင်းပါတယ် ထိုင်နေတာနဲ့စာရင် ထသွားတော့ ထူးခြားတာတွေ တွေ့တန်တွေ့ရတာပေါ့”

နှစ်ယောက်သား သဘောတူတိုင်ပင်ကြပြီး ချောင်းဖျား ပိုင်းသို့ တက်ခဲ့ကြသည်။

တိတ်ဆိတ်နေသော အချိန်ဖြစ်သောကြောင့် ချော ထဲမှ ရေစီးသံကို အတိုင်းသား ကြားနေရသည်။

ကျောက်တုံးကျောက်ခဲများကို ဖြတ်ဆင်းလာသော ေ စီးသံမှာ ဂီတသံတစ်ခုသဖွယ် သာယာနာပျော်ဘွယ် ကောင်း လေသည်။

နှင်းမှုန်များဖုံးနေသော ပတ်ဝန်းကျင်၏ မြင်ကွင်းများ





တဖြည်းဖြည်း ပြောင်းလဲလာလေပြီ။

ချောင်းဖျားပိုင်းသို့ ရောက်လေလေ မြင်ကွင်းက တစ် မျိုးပြောင်းလာလေလေ ဖြစ်၏။

သစ်ပင်များပင် တွေ့မြင်နေကျ သစ်ပင်မျိုး မဟုတ် တော့ပဲ ပုံပန်းသဏ္ဌာန်များ ပြောင်းလာလေသည်။

အပင်များပေါ်မှာ သီးပွင့်နေသော အသီးအပွင့်များမှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသေးသည့် ပုံသဏ္ဌာန်မျိုး ဖြစ်နေသည်။

ချောင်းနှင့် မနီးမဝေး ချောင်းကမ်းစပ်တစ်နေရာမှာ ပေါက်သော ဖြူဖြူဝိုင်းဝိုင်း အရာကြီးများကို တွေ့သောကြောင့် အနီးသွားကြည့်ရာ ကြီးမားသော မှိုပွင့်ကြီးများ ဖြစ်နေသည်ကို တွေ့ ရလေသည်။

မှိုပွင့်ကြီးများမှာ လင်ပန်းအရွယ်အစားခန့် ရှိကြလေ သည်။

“မှိုပွင့်ကြီးတွေ မနည်းပါလား ဒီနေရာတစ်ဝိုက်မှာရှိတဲ့ အသီးတွေ၊ အပွင့်တွေတင် မကဘူး မှိုပွင့်တွေတောင်မှ အတော် ထူးခြားတယ်၊ ဘယ်လိုနေရာမျိုးများ ရောက်နေကြသလဲ မသိ ဘူး”

“လိပ်ပြာဝိဉာဉ်ချင်းတွေ့ပြီး ခင်မင်ခဲ့တဲ့ မောင်ထင် ော်ရဲ့မိတ်ဆွေ သုန္ဒရီတို့နေတဲ့ မြောက်ကျွန်းဆိုတာ ဖြစ်မှာ ပါ”

“ကျွန်တော်က မြောက်ကျွန်းဆိုတာ သီးခြားရှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခုလို့ ထင်နေတာ”

“အလောင်းစည်သူမင်းကြီးတောင် ရောက်နိုင်သေးတာ ပဲ. . မမြင်သင့်လို့ မမြင်ရတဲ့ နေရာလိုမျိုးဖြစ်မှာပေါ့၊ ဥပမာ. . ရှမ်ဗဲလားလိုပေါ့၊ ကမ္ဘာမြေတစ်နေရာမှာ ရှိနေမှန်းသိပေမယ့် မထိုက်တဲ့သူတွေ ရှာလို့မတွေ့နိုင်တဲ့ နေရာမျိုးလည်း ဖြစ်နိုင်တာပေါ့”

“မှန်ပါတယ်”

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာ ရာ တဖြည်းဖြည်းနှင့် သူတို့တည်းခိုနေသော ကျောက်စိမ်း ကြီးနှင့် ပိုမိုဝေးလာပြီးနောက် ချောင်းဖျားဘက် ရောက်လာ သည်။ ထိုနေရာရောက်လာသည်အထိ ဒေါက်တာကျန်လီတို့နှ ယောက်၏ အရိပ်အယောင်ကို မမြင်ကြရသေးပေ။

သို့သော်လည်း ထူးခြားသော သစ်သီးရနံ့ကိုတော့ ရလာသည်။

“ကျုပ်တို့ရှေ့ကသွားတဲ့ နှစ်ယောက်လည်း ပန်းသီးမွှေး ရတဲ့ဆီနောက် လိုက်သွားရင်းနဲ့ တဖြည်းဖြည်း ချောင်းဖျားဘက် ရောက်သွားကြပုံရတယ်”

“ဟုတ်တယ်အဘ ဒီနေရာရောက်တော့ သစ်သီးနံ့ ပိုရလာတယ်၊ အပင်နဲ့ နီးလာတဲ့ပုံပဲ”

ထိုသို့ပြောရင်း ချောင်းရိုးအတိုင်း လျှောက်လာကြ တစ်နေရာရောက်တော့ လူသံကြားသဖြင့် ချုံထဲမှ ထွက်ခဲ့ သွားသော ယုန်တစ်ကောင်းကို လှမ်းမြင်လိုက်ရသည်။





ယုန်မှာ အကောင်အရွယ်အစား အတော်ကြီးပြီး မျက် နှာပုံသဏ္ဌာန်မှာ လေးထောင့်ပုံသဏ္ဌာန် ဖြစ်နေလေသည်။

လမ်းတစ်လျှောက်လုံးမှာ ထိုကဲ့သို့သော ထူးဆန်းသည့် သတ္တဝါများကို တွေ့ဖူးမြင်ဖူးခဲ့ကြသဖြင့် အဆန်းတကြယ်တော့ မဖြစ်မိကြတော့ပေ။

တစ်နေရာရောက်တော့ ချောင်းက ဆုံးသွားလေပြီ။ သူ တို့နှစ်ယောက်လည်း ရှေ့ဆက်သွား၍ မရတော့ပေ။ အဘယ် ကြောင့်ဆိုသော်. . .

အပေါ်ကို မမြင်နိုင်လောက်အောင် မတ်စောက်လှ သော ကျောက်နံရံကြီးတစ်ခုက ရှေ့မှပိတ်ဆီးနေပြီ ဖြစ်သော ကြောင့်ပင်။

ထိုနေရာတစ်ဝိုက်ကို အခြေအနေကြည့်ပြန်တော့ လည်း အခြားသွားစရာ လမ်းမတွေ့ရပေ။

သူတို့ရှေ့မှ ထွက်သွားသော နှစ်ယောက်မှာလည်း ဘယ်နေရာရောက်သွားသည်မသိပဲ အစအန ပျောက်နေလေ ပြီ။

ချောင်းအဖြစ် စီးဆင်းနေသော ရေက ကျောက်နံယံကြီး အောက်ခြေရှိ ကျောက်တုံးကြီးများအောက်မှ စိမ့်ထွက်နေခြင်း ပင်ဖြစ်၏။

သို့တိုင်အောင် မွှေးကြိုင်သော သစ်သီးရနံ့တစ်မျိုးက တော့ ထူးထူးခြားခြား ရနေဆဲပင် ရှိသေး၏။

“ရှေ့ဆက်သွားလို့ မရတော့ဘူး၊ ကျောက်နံရံကြီးပိတ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ”

“လမ်းမရှိတော့ပေမယ့် သစ်သီးနံ့ကတော့ ရနေသေးတယ်၊ ဒီနားတစ်ဝိုက်မှာများ သစ်ပင်ရှိမလားမသိဘူး။ လိုက်ရှာကြည့်ကြရင် မကောင်းဘူးလား”

“ထိုင်နေတာနဲ့စာရင် ထသွားတာက ပိုပြီး အကျိုးရှိတာပေါ့၊ ကြိုးစားလိုက်ကြတာပေါ့”

ဟုပြောဆိုပြီးနောက် ထိုနေရာတစ်ဝိုက်သို့ အခြေအနေ လိုက်ကြည့်ကြရာ တစ်နေရာရောက်သောအခါ သစ်သီးရနံ့က ပိုရလာလေသည်။

ထို့ကြောင့် စိတ်အားထက်သန်လာပြီးနောက် ဆက်လက်ရှာဖွေကြည့်ကြရာ ရေများ စိမ့်ထွက်နေသည့် နေရာတစ်ဝိုက်သို့ ရောက်သောအခါ လူတစ်ယောက် ဝင်သာရုံ ဟနေသော ကျောက်ချပ်ကြားတစ်ခုကို တွေ့ကြရလေသည်။

လေက ထိုနေရာမှတိုက်နေခြင်းဖြစ်ပြီး သစ်သီးရနံ့များကလည်း လေနှင့်အတူ ထိုနေရာမှ လာနေခြင်းဖြစ်သည်။

“ရနံ့တွေက ဒီကျောက်ကြားထဲက လာနေတာအဘ”

ဟုပြောပြီး မီးရောင်ဖြင့် ထိုးကြည့်သောအခါ အတွင်းမှာ လူတစ်ယောက်သွားသာရုံ လမ်းဖြစ်နေသည်ကို တွေ့ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ဒေါက်တာမင်းထင်ကျော်က ရှေ့မှဝင်သွားရာ ဦးဇန်ကောင်းက နောက်မှ ဝင်လိုက်လာလေသည်။

တကယ်တော့ . . သူတို့နှစ်ယောက် ဝင်သွားသော





ကျောက်နံရံကြီးမှာ ပြင်ပလောကနှင့် ကမ္ဘာခြားသကဲ့သို့ တားဆီးသော အတားအဆီးတစ်ခုပင်ဖြစ်ကြောင်း နောက်မှသိကြရလေသည်။

နှစ်ယောက်သား ကျောက်နံရံကြီးအတွင်းမှ လူတစ်ယောက်သွားသာရုံ လမ်းကလေးအတိုင်း ဝင်သွားကြရာ အတန်ကြာတော့ တစ်ဖက်သို့ ရောက်သွားလေတော့သည်။

မြင်ကွင်းက ကိုယ့်မျက်စိကိုပင် မယုံနိုင်လောက်အောင် ဆန်းကြယ်လှသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး မြူနှင်းများကတော့ ဖုံးအုပ်ထားနေဆဲပင် ရှိသေး၏။

သို့သော် အရှေ့ဘက် တောင်တန်းကြီးများ နောက်မှာတော့ အရုဏ်ဦးအလင်းရောင်များ တက်စပြုနေပြီ။

ထိုအလင်း ရောင်များက တောင်တန်းကြီးများအပေါ်မှ ကျော်ပြီး ကမ္ဘာမြေပြင်ပေါ်သို့ ဖြန့်ကြက်ဆင်းလာရန် အစပျိုးနေကြပြီ။

ဝေ့ဝါးနေသော ဝန်းကျင်တစ်ခုလုံးမှာတော့ ထူးခြားသော အဆောက်အအုံများ၊ တောင်ထိပ်တစ်ခုပေါ်မှာ တည်ဆောက်ထားသော အဆောက်အအုံအချို့ကိုပါ မြင်တွေ့ရလေသည်။

ထို့ပြင် မြင့်မားသော သစ်တောကြီးများ၊ သစ်ပင်ကြီးများ အပြင်လယ်ကွင်းများ၊ သီးနှံစိုက်ခင်းများလည်း တွေ့ရလေသည်။ နှင်းမှုန်များအောက်တွင် အဆောက်အအုံများစွာ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း လူရိပ်လူခြည်မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

"ဒီနေရာဟာ သီးခြားကမ္ဘာမြေတစ်ခုလို ဖြစ်နေတဲ့ နေရာတစ်ခုပဲ၊ ကျွန်တော်တို့နေတဲ့ လောကနဲ့ စည်းတစ်ခုခြားထားတဲ့ နေရာပဲ၊ ကျွန်တော်ကြားဖူးတဲ့အတိုင်းဆိုရင်တော့ ရှမ်ဗဲလားဖြစ်ချင်ဖြစ်. . မဟုတ်ရင်တော့ သုန္ဒရီတို့နေတဲ့ မြောက်ကျွန်းလို့ခေါ်တဲ့ သီးခြားနေရာတစ်ခုဖြစ်မှာတော့ သေချာတယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ပြောလိုက်လေသည်။

ထိုသို့ပြောရင်း ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ သူဖတ်ဖူးခဲ့သော စာအုပ်တစ်အုပ်မှ အကြောင်းအရာအချို့ကို သတိရမိလေသည်။

ထိုစာအုပ်ထဲမှာ ရေးသားထားသော ကိုယ်တွေ့မှတ်တမ်းအချို့မှာ ယခု သူတို့တွေ့ကြုံနေရသော အဖြစ်အပျက်များနှင့် တစ်ထပ်တည်း ကျနေလေသည်။

စာအုပ်ရေးသားသူမှာ ဒေါက်တာဘန်ဘမ်းဖြစ်ပြီး သူရေးသားခဲ့သော စာအုပ်အမည်မှာ 'ရှမ်ဗဲလား'သို့သွားရာခရီးလမ်း (The way To Shambala) စာအုပ်ဖြစ်သည်။

ထိုစာအုပ်ကြီးကို ရေးသားပြုစုရာတွင် အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေသော ဗုဒ္ဓဘာသာဘုန်းတော်ကြီး ရင်(မ်)ပိုချီ(Rimpoche)၏ အကူအညီ အများဆုံး ရရှိခဲ့သည်ဟု ဆိုသည်။

ဒေါက်တာဘန်ဘမ်းသည် ထိုအစာအုပ်ကြီးကို အခန်း





(၁၁)ခန်းခွဲ၍ ရေးသားခဲ့ပြီး ပထမအခန်း(၄)ခန်းတွင် သူ တိဗက်နှင့် ဆစ်ကင်းပြည်နယ်များကို ရောက်ရှိခဲ့စဉ်က 'ရှမ်ဗဲလား'ကို ရောက်ရှိခဲ့ပါသည်ဟူသော မုဆိုးများ၊ ကုန်ထမ်းသမားများနှင့် တွေ့ဆုံရာတွင် အသံသွင်းယူခဲ့သည့်အတိုင်း ဖော်ပြထားခဲ့သည်။

ယခင်ထုတ်ဝေခဲ့ပြီးဖြစ်သော 'ရှမ်ဗဲလား'အကြောင်း ရေးသားဖော်ပြသည့် စာအုပ်များသည် ဂန္ထဝင်ခရီးသည်ကြီးများ၏ မှတ်တမ်းများကိုသာ ဖော်ပြခဲ့ခြင်းဖြစ်သည်။

ပထမဆုံးသူတွေ့ဆုံ၍ မေးမြန်းစုံစမ်းခဲ့သူမှာ တိဗက်နိုင်ငံ ဒို(လ)ပို(Dolpo)ဒေသမှမုဆိုး ချိုပီဆာရင်း (Chope Tsering) ဆိုသူဖြစ်သည်။

သူ၏ ထုတ်ဖော်ပြောကြားချက်မှာ ဤသို့ဖြစ်၏။

ချိုပီသည် နီပေါပြည်အနောက်ပိုင်းသားတစ်ဦး ဖြစ်သည်။

တစ်နေ့တွင် ဓဝလာဂီရိ (Dhaulagiri)တောင်အနီး လှည့်လည်၍ တောတောင်များကို ရှာဖွေနေစဉ် အဝေးမှ စည်တီးသံများ၊ ဗုဒ္ဓကျမ်းစာရွတ်ဆိုသံများကို ထူးထူးခြားခြား ကြားရသည်။

ယခင်က. . ထိုနေရာသို့ ငယ်စဉ်ကပင် အကြိမ်ကြိမ်ရောက်ခဲ့ဖူးသော်လည်း ဤကဲ့သို့ ကျမ်းစာများရွက်ဖတ်သံကို တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ရပေ။

ထိုအသံများကို ကြားရသည့်အခါ သူတစ်ကိုယ်လုံးမှာလည်း ထူးဆန်းစွာ ကြက်သီးမွေးညင်းများ ထခဲ့သည်ဟု ဆို



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗုဒ္ဓရှင်တော်ဘုရား၏ တရားသုတ္တန်များ ရွတ်ဆိုပူဇော်သည့် အသံကြားရာသို့ တဖြည်းဖြည်း သွားရောက်ခဲ့ရာ ထူးထူးခြားခြား ကွဲအက်နေသော ကျောက်နံရံကြီးကို တွေ့ခဲ့ရလေသည်။

သူ့တစ်သက်တွင် ထိုနံရံကြီးကို ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် တွေ့ရခြင်းဖြစ်၏။

ထိုနံရံအပေါက်မှ မြင်ကွင်းကို မြင်လိုက်ရသည့် ချိုပီအဖို့ သူ့မျက်လုံးကိုပင် သူမယုံနိုင်။

မြင်ကွင်းမှာ ထူးဆန်းသော ဘုန်းတော်ကြီးကျောင်းကြီးနှင့် တမျှော်တခေါ်ကြီး မြင်ရသော လယ်ကွင်းများ၊ ဥယျာဉ်များနှင့် သစ်သီးခြံများကို တွေ့ရသည်။

ထိုနေရာ၌ နေထိုင်ကြသည့်သူများမှာလည်း ဘုန်းတော်ကြီးများနှင့်အတူ တရားဓမ္မရှာမှီး၍ အေးအေးငြိမ်းငြိမ်း နေကြပေသည်။

ထိုမြင်ကွင်းမှာ "ပျောက်ဆုံးသွားသော မိုးကုပ်စက်ဝိုင်း" ဝတ္ထုကြီးမှ ရှန်ဂရီလာ လူ့အဖွဲ့အစည်းအတိုင်း ဖြစ်နေလေသည်။

ထိုသူများက ချိုပီကို ယင်းတရားရိပ်သာတွင် နေထိုင်ရန် ခေါ်ကြသော်လည်း ချိုပီက သူ့မိသားစုကို ပြန်ခေါ်မည်ဟု အိမ်ပြန်ရန် ပြင်ဆင်နေသည်။

အဆိုပါဒေသမှ လူများက သူပြန်လာရန် မလွယ်၊ လမ်း





တွေ့ရန် ခဲယဉ်းပေလိမ့်မည်ဟု ဆိုကြသည်။

သူတော်ကောင်းများက မည်သို့ပင် ခေါ်ယူစေကာမူ ပါရမီ မရင့်ကျက်သော ချိုပီသည် သူ့ရွာသို့ ပြန်လာခဲ့သည်။

သူတွေ့ရသည့် ကျောက်နံရံအပေါက်ကြီးကို မှတ်မိရန် ချိုပီသည် သူ၏သေနတ်နှင့် ဖိနပ်တို့ကို ထားခဲ့သည်ဟုဆိုသည်။

ချိုပီသည် ဒုတိယအကြိမ် သူ့မိသားစုကိုခေါ်၍ နံရံအပေါက်ကြီးရှိရာသို့ ပြန်လာခဲ့သောအခါ သူ့သေနတ်နှင့် ဖိနပ်တို့ကို ပြန်တွေ့ရသော်လည်း နံရံအပေါက်ကြီးကို မတွေ့ရတော့ပေ။

သူ့မိတ်ဆွေတွေကမူ ချိုပီအား စိတ်ပျံ့လွင့်သူဟု ထင်ကြသည်။

မိတ်ဆွေအချို့ကလည်း ချိုပီသည် ရှမ်ဗဲလားကို မျက်ဝါးထင်ထင် မြင်ရသော်လည်း အချိန်မတန်သဖြင့် နေထိုင်၍ တရားဓမ္မ ရှာမှီးမှု မပြုနိုင်သေးခြင်းဖြစ်သည်ဟု ဆိုလေသည်။

ဒေါက်တာဘန်ဘမ်း ဒုတိယတွေ့ဆုံ၍ စုံစမ်းမေးမြန်း အသံသွင်းယူခဲ့သူမှာ လာဒက်မှ မုဆိုးတစ်ဦးဖြစ်သည်။

ထိုသူသည် သမင်တစ်ကောင်ကို လိုက်ဖမ်းခဲ့ရာမှ တောကျွံသွားခဲ့သည်။

သူသည် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော ဒေသသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ထိုဒေသတွင် ကေလာသတောင်ကြီးနှင့် ဒွါလာဂီရိတောင်ကြီးများကို တွေ့မြင်နေရသည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရောက်သွားသည့်နေရာတွင် . . ထူးထူးဆန်းဆန်း ကျောက်နံရံအကွဲကြီးကို တွေ့ရသည်။

ထိုကျောက်နံရံအကွဲကြီးမှ တစ်ဖက်တွင် ထူးခြားသော မြင်ကွင်းကို မြင်ရသည်။

ထိုမြင်ကွင်းတွင် ထူးခြားဆန်းကြယ်သည့် ဘုန်းတော်ကြီးကျောင်းနှင့် ယာတောများ၊ သာယာသည့်ဥယျာဉ်ခြံများ သွားလာနေကြသည့် လူများကို မျက်ဝါးထင်ထင် တွေ့ရသည်။

သူသည်လည်း သူ့မိသားစုကို ပြန်ခေါ်၍ ထိုနေရာသို့ ပြန်လာမည်ဟု စိတ်ကူးကာ ကျောက်နံရံကြီးကို တိတိကျကျ မှတ်သား၍ ရွာသို့ ပြန်ခဲ့သည်။

သို့သော် ဒုတိယအကြိမ် သူ့မိသားစုနှင့်အတူ ကျောက်နံရံကြီးကို ရှာဖွေသောအခါတွင် မတွေ့ရတော့ပေ။

ဒေါက်တာဘန်ဘမ်းအဖွဲ့နှင့်အတူ ပါဝင်သော ရှာပါ (Sherpa)တစ်ဦးကမူ သူသည် ဧဝရက်တောင်သို့ တက်ရောက်ခဲ့သည့် တောင်တက်သမားအဖွဲ့တွင် လမ်းပြအဖြစ် ပါဝင်ခဲ့ကြောင်း ရှင်းပြသည်။

တစ်နေ့တွင် ဧဝရက်တောင်စွန်းမှ ထူးခြားသော မြင်ကွင်းကို မြင်ခဲ့ရသည်။

ထိုမြင်ကွင်းအရ တောက်ပရွှန်းလဲ့နေသည့် နေရောင်ခြည်အောက်တွင် ထူးခြားဆန်းကြယ်သည့် ဘုန်းတော်ကြီးကျောင်းကို မြင်ရသည်။ လယ်တောများ၊ ဥယျာဉ်ခြံမြေများ ထွင်သွင်စီးနေသည့် စမ်းချောင်း၊ ဘုရားဂူကျောင်းနှင့် ပြသာဒ်





များကို မြင်ရသည်။

အဆိုပါ ရှာပါအမျိုးသားသည် သူ့မိတ်ဆွေများထံ အပြေးအလွှားသွား၍ ထိုမြင်ကွင်းအကြောင်းကို သတင်းပို့ခဲ့သည်။

ထို့နောက် တောင်တက်တစ်ဖွဲ့လုံး သူတွေ့ရသည့် ထူးဆန်းသော မြင်ကွင်းရှိရာသို့ ရောက်သောအခါတွင် ရေခဲပြင်ကြီးနှင့် ကျောက်ဆောင်ကျောက်တုံးကြီးများသာ တွေ့ရတော့သည်ဟု ဆိုသည်။

ဆစ်ကင်းအမျိုးသားတစ်ဦး၏ အတွေ့အကြုံမှာ ပို၍ဆန်းကြယ်သည်။

သူ၏ရက်(ခ)(Yak) ခေါ် နွားများကျောင်းနေစဉ် တွေ့ရသည့် အတွေ့အကြုံ ဖြစ်ပေသည်။

ထိုဆစ်ကင်းအမျိုးသားသည် နွားများ(Yak)နောက်သို့ လိုက်သွားခဲ့ရာ ထူးခြားသောနံရံကြီးကို တွေ့ရသည်ဟုဆို၏။

အဆိုပါနံရံကြီးရှိ အက်ကြောင်းမှ တစ်ဖက်သို့ ဝင်လိုက်သည့်အခါ ထူးခြားသည့် ဘုန်းတော်ကြီးကျောင်း၊ ယာတောနှင့် သစ်သီးခြံများ၊ ဥယျာဉ်များနှင့် ထူးဆန်းသည့် လူ့အဖွဲ့အစည်းတစ်ဖွဲ့ကို တွေ့ခဲ့ရသည်ဟု ရှင်းပြပါသည်။

ထိုလူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်တစ်ဦးက သူ့အား ဆန်(၇)စေ့ပေးခဲ့သည်။

ထိုနေရာမှ ပြန်လာပြီး နောက်တစ်ကြိမ် . . အဆိုပါ ကျောက်နံရံကြီးကို ရှာသည့်အခါ ရှာမတွေ့တော့ဟု ဆိုပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ လူပေါင်းစုံတင်ပြသည့် ဒဏ္ဍာရီများနှင့် မှတ်တမ်းများကို ဒေါက်တာဘန်ဘမ်းသည် သူ၏ "ရှမ်းဗလား လမ်းညွှန်း" စာအုပ်တွင် ဖော်ပြခဲ့ပေသည်။

ယခု ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ရောက်နေသော နေရာမှာလည်း ဒေါက်တာဘန်ဘမ်း ရေးသားခဲ့သော အတွေ့အကြုံများနှင့် တစ်ထပ်တည်း ကျနေလေသည်။ နှစ်ယောက်သား နှင်းတောထဲမှာ ရပ်နေရင်းနှင့် ထူးခြားသော မြင်ကွင်းများကို တအံ့တသြနှင့် ကြည့်နေကြစဉ်မှာပင် ဝေ့ဝါးနေသော နှင်းမှုန်များကြားမှ ထွက်လာသော လူအချို့ကို တွေ့မြင်ရလေသည်။

ဝတ်ရုံရှည်ကြီးများကို ဝတ်ဆင်ထားသော လူများက သူတို့နှင့် မနီးမဝေး ရောက်လာပြီးနောက် ပတ်ဝိုင်းထားလိုက်ကြလေသည်။

လူသုံးဆယ်ခန့်ရှိပြီး အချို့မှာ ဓား၊ လှံလက်နက်များကိုင်ထားကြလေသည်။

ထိုကဲ့သို့ လက်နက်များကို ကိုင်ထားသည်ကို မြင်ရုံနှင့်ပင် သူတို့ရောက်နေသောနေရာမှာ သူတော်စင်တို့နေသော ရှမ်ဗလား မဟုတ်မှန်း သဘောပေါက်ကြလေသည်။

အခြားသူများက လက်နက်များ အဆင်သင့်ကိုင်လျက် ပတ်ဝိုင်းထားစဉ် အသက်အရွယ်ကြီးလှပြီဖြစ်သော လူကြီးတစ်ဦးက ရှေ့သို့လျှောက်လာသည်။

အဖြူရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး ရှည်





လျားလှသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့မှာလည်း ဆွတ်ဆွတ်ဖြူလျက် ရှိနေသည်။

နှင်းမှုန်နှင်းစက်များ တွယ်ကပ်ထားသောကြောင့် နှင်းလူတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။

"ဘယ်နေရာက ရောက်လာတာလဲ"

သူမေးသောစကားအဓိပ္ပာယ်ကို နားမလည်သော်လည်း အမူအယာကို ကြည့်ပြီး ဒေါက်တာမင်းထင်ကျော်က ပြန်ပြောလိုက်သည်။

"တောင်ကျွန်းက လာတာပါ"

အံ့သြသွားဟန်ဖြင့် ဆက်မေးသည်။

"ဒီလောက်ခရီးဝေးတဲ့ အရပ်ဒေသကို ဘာအတွက် ရောက်လာကြတာလဲ"

"အာယုဝဍ္ဎနပန်းသီး အလိုရှိသဖြင့် လာကြခြင်း ဖြစ်ပါတယ်"

"ဒီသစ်သီးက ကျုပ်တို့ မြောက်ကျွန်းသားတွေ အထွတ်အမြက်ထားတဲ့ သစ်သီးဖြစ်တယ်၊ အုပ်ချုပ်တဲ့ဘုရင် ခွင့်ပြုချက်မရှိပဲ ဘယ်သူမှ စားခွင့်မရှိပါဘူး၊ ဒီသစ်သီးရှိကြောင်း ဘယ်လိုသိပါသလဲ"

"မဟာဂန္ဓာရီကျောင်းတော်ကြီးမှာ ပညာသင်နေရင်းနဲ့ သိရလို့ လာပြီး ရှာဖွေတာပါ"

"ဒါပေမယ့် ဒီနေရာက ခွင့်ပြုချက်မရှိပဲ ဝင်ရောက်ခွင့်မရှိတဲ့ နေရာပဲ၊ တကယ်လို့ ဝင်ရောက်လာပြီးရင်လည်း ပြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွင့် မရတော့ဘူး၊ ဒီတော့ ဘုရင့်ရွှေတော်မှောက်ကို သွင်းရမှာမို့ ကျွန်ုပ်တို့နောက်က လိုက်ခဲ့ပါလော့”

ဟုပြောပြီး လူအများဝန်းရံပြီး ခေါ်သွားရာ ဒေါက်တာမင်းထင်ကျော်တို့လည်း လိုက်သွားရလေတော့သည်။

အရှေ့ဦး အလင်းရောင်များက တဖြည်းဖြည်းနှင့်ထွန်းလင်းတောက်ပလာချေပြီ။





# အခန်း(၁၅)

# သုန္ဒရီမဟုတ်သော သုန္ဒရီနှင့် ပြန်တွေ့ရခြင်း

ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်အား အဆောက်အအုံများရှိသော မြို့တွင်းမှလမ်းအတိုင်း ခေါ်သွားခြင်းဖြစ်ပေသည်။ အလင်းရောင်လည်း ရလာပြီဖြစ်သောကြောင့် နေအိမ်အတွင်းမှ လူများထွက်ကြည့်ကြသည်။

လူများမှာ သူတို့ခန္ဓာကိုယ်ထက် ပိုမိုထွားကျိုင်းပြီး အရပ်အမောင်းကလည်း ဦးခေါင်းတစ်လုံးစာခန့် ပိုမြင့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျာ်းများရော မိန်းမများ၏ မျက်နှာပါ လေးထောင့်ပုံသဏ္ဌာန်ချည်း ဖြစ်နေကြလေသည်။

သို့ကြောင့် ထိုမျက်နှာမျိုးတွေ မြင်နေကျမဟုတ်သဖြင့် စိတ်ထဲမှာ အံ့ဩထိတ်လန့်မှု ဖြစ်မိလေသည်။

"မောင်ထင်ကျော် မြောက်ကျွန်းဆိုတာ တကယ်ရှိနေတာပါလား၊ စာတွေထဲမှာ တွေ့ရတဲ့အတိုင်းဆိုရင် မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေရဲ့ မျက်နှာက သူတို့နေတဲ့ ကျွန်းရဲ့ပုံသဏ္ဌာန်အတိုင်း လေးထောင့်ပုံသဏ္ဌာန်တွေလို့ တွေ့ဖူးတယ်"

"ကျွန်တော်တွေ့တဲ့ သုန္ဒရီဆိုတဲ့ အမျိုးသမီးရဲ့ မျက်နှာကတော့ သူလိုကိုယ်လို ကျွန်တော်တို့ကို မျက်နှာမျိုးပါပဲ၊ ဒီလိုမျက်နှာမျိုး မဟုတ်ပါဘူး"

"မောင်ထင်ကျော်က သူရဲ့ရုပ်ခန္ဓာ တွေ့ရတာမှ မဟုတ်တာ၊ လိပ်ပြာခန္ဓာဆိုတော့ သူဖြစ်စေချင်တဲ့ မျက်နှာမျိုး လုပ်ထားတာလား ဒါမှမဟုတ် တောင်ကျွန်းက အမျိုးသမီးရဲ့ မျက်နှာကိုယူသုံးထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဦးဗန်ကောင်းပြောသည်မှာ ဖြစ်နိုင်ချေရှိသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း ဘာမှပြန်မပြောတော့ပေ၊

သူတို့ကို ထွက်ကြည့်နေကြသည့် မြို့သားများ၏ လေးထောင့်ပုံသဏ္ဌာန်မျက်နှာများကို တွေ့သောအခါ သူတို့စိတ်ထဲမှာ တစ်မျိုးဖြစ်နေသကဲ့သို့၊ သူတို့ကလည်း မျက်နှာပုံသဏ္ဌာန်တစ်မျိုးဖြစ်နေသည့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မျက်နှာနှင့် ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး ပြုံးစေ့စေ့ ဖြစ်သူဖြစ်





ရယ်သူကရယ် နေကြတော့သည်။

မြတ်စွာဘုရား ပွင့်တော်မူစဉ်ကရော မပွင့်ခင်ကာလမှာပါ တောင်ကျွန်းနှင့် မြောက်ကျွန်းမှာ နေကြသောလူတို့သည် တစ်ဦးနှင့်တစ်ဦး တွေ့မြင်နိုင်ကြသည်။ မြေမှပေါက်သော ပဒေသာပင်ကို အတူတကွ ခူးယူစားသုံးကြရလေသည်။

ထိုစဉ်က တောင်ကျွန်းသား၊ မြောက်ကျွန်းသူရယ်လို့ ခွဲခြားမှုမရှိကြပဲ အတူတကွပင် ရောနှောနေ ထိုင်ကြလေသည်။

မြတ်စွာဘုရားပွင့်တော်မူပြီးနောက်တွင် လူတို့သည် လောဘဒေါသ မာန်မာနတရားတို့ တဖြည်းဖြည်းကြီးထွားလာကြပြီး တစ်ဦးနှင့်တစ်ဦး အပြစ်မြင်လာကြသည်။

ပဒေသာပင်မှာ လိုသလောက် ဆွတ်ယူစားသောက်ခွင့်ရှိသော အစားအသောက်တို့ကိုပင် နေ့ဖို့ညစာသိမ်းဆည်းရန်အတွက် လောဘဖြင့်ယူငင်ကြသဖြင့် ပဒေသာပင် ကွယ်ပျောက်ခဲ့ရသည်။

ထိုအခါ တစ်ဦးနှင့်တစ်ဦး အပြစ်ပြောရာမှ မိမိတို့ဒေသအသီးသီးသို့ ပြန်ကြရာမှာ တောင်ကျွန်း၊ မြောက်ကျွန်း၊အရှေ့ကျွန်း၊ အနောက်ကျွန်း ကွဲပြားသွားကြခြင်း ဖြစ်ပေသည်။

တောင်ကျွန်းကလူက မြောက်ကျွန်းမှလူကို မတွေ့ရ၊ မြောက်ကျွန်းမှလူက တောင်ကျွန်းမှလူကို မမြင်ကြရတော့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ကြပေပြီ။

ထိုကဲ့သို့ နှစ်ပေါင်းအတော်ကြာမှ ယခုကဲ့သို့ ပြန်တွေ့ကြရသောအခါ တစ်ဦးမျက်နှာတစ်ဦး ကြည့်ပြီး၊ တစ်ဦးပုံပန်း



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာန်တစ်ဦးက ကြည့်ကာ ရယ်စရာကဲ့သို့ ဖြစ်နေပေတော့သည်။

"ကျုပ်ကြားဖူးတာတော့. . နတ်တွေသိကြားတွေက တောင်ကျွန်းသားနဲ့ မြောက်ကျွန်းသားတွေကို မတွေ့မမြင်ရအောင် ကွယ်ထားကြတယ်လို့ ကြားဖူးတယ်"

"ဘယ်လိုဖြစ်လို့လဲ"

"တွေ့ရင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ရယ်နေကြတာနဲ့ တခြားဘာမှ မလုပ်နိုင်ကြဘူးလို့ ပြောသံကြားဖူးတယ် အခုပဲကြည့်ပါလား၊ သူတို့က ကျုပ်တို့ကြည့်ပြီး ရယ်နေကြသလို ကျုပ်တို့ကလည်း သူတို့ကိုကြည့်ပြီး ရယ်ချင်မနေဘူးလား"

ဒေါက်တာမင်းထင်ကျော်ပါ ထိုစကားကို ထောက်ခံသည့် သဘောဖြင့် ပြုံးစေ့စေ့ဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် အလင်းရောင်ရလာပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်ကို ကောင်းစွာမြင်ရလေပြီ။

လမ်းတစ်လျှောက်မှာရှိသော အဆောက်အအုံများမှာ သစ်သားကို အသုံးပြုလျက် ဆောက်ထားခြင်းမဟုတ်ပဲ ခေတ်ပုံသဏ္ဌာန်များအတိုင်း ကျောက်တုံးကျောက်ခဲများဖြင့် အသုံးပြုကာ ဆောက်လုပ်ထားခြင်း ဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ပျောက်ဆုံးနေသော ရှေးဟောင်းမြို့တော်ကြီးတစ်ခုသို့ ရောက်နေသကဲ့သို့ ထင်နေမိလေသည်။

သူတို့ကို ခေါ်လာသူများက တောင်ကုန်းတစ်ခုပေါ်မှ





တည်ဆောက်ထားသော နန်းတော်နှင့်တူသော အဆောက်အအုံရှိရာသို့ ဦးတည်သွားကြလေသည်။

ထိုအဆောက်အအုံကြီးမှာလည်း တည်ဆောက်ထားပုံ ဘင့်တယ်ခမ်းနားမှု ရှိလေသည်။

ထိုနန်းတော်ကြီးအတွင်းမှာလည်း လက်နက်ကိုင်ဆောင်ထားကြသည့် စစ်သားအများအပြား တွေ့ရသည်။

နောက်ဆုံးမှာတော့ နန်းတော်ခန်းမကြီးအတွင်းသို့ ခေါ်သွားပြီး ပလ္လင်ရှေ့မှာ ထိုင်ခိုင်းလေသည်။

ပလ္လင်ပေါ်မှာ ရှိနေသော ဘုရင်နှင့် မိဖုရားနှစ်ယောက်တို့က သူတို့နှစ်ယောက်ကို မျက်လုံးအပြူးသားနဲ့ ကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က မော့ကြည့်သောအခါမှာလည်း ဘုရင်နှင့်မိဖုရားတို့နှစ်ဦး၏ မျက်နှာမှာ အခြားသူများကဲ့သို့ လေးထောင့်ပုံသဏ္ဌာန် ဖြစ်နေပေသည်။

ဘုရင်၏ ဦးခေါင်းပေါ်မှာ ဆောင်းထားသော ဗကိုဋ်သရဖူကတော့ စိန်၊ ပတ္တမြားအစရှိသော တန်ဖိုးရှိသော ရတနာများဖြင့် စီခြယ်ပြုလုပ်ထားရာ အရောင်တလက်လက် တောက်ပနေသည်။ ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော အဝတ်အစားတို့မှာလည်း ပိုးသားပိုးချည်များကဲ့သို့ ပျော့ပျောင်းနူးညံ့လှသည်။

"သင်တို့ ဘယ်အရပ်က လာကြတာလဲ"

"တောင်ကျွန်းက လာတာပါ"

"တောင်ကျွန်းနဲ့ မြောက်ကျွန်းဆိုတာ အလွယ်တကူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နိုင်တဲ့ အရပ်ဒေသတွေ မဟုတ်ပါပဲ ဘယ်အတွက်ဒီနေ ရာ ရောက်လာကြတာလဲ"

"အာယုဝဍ္ဍနပန်းသီးကို အလိုရှိသဖြင့် လာရောက်ရှာဖွေကြခြင်း ဖြစ်ပါတယ်"

"လူတွေရဲ့ အသက်ကို ရှည်စေတဲ့ အာယုဝဍ္ဍနပန်းသီး ဆိုတာ မြောက်ကျွန်းသူ၊ မြောက်ကျွန်းသားတွေအတွက် နတ်ဒေဝတာတွေ ဖန်ဆင်းပေးထားတဲ့ သစ်သီးဖြစ်ပါတယ်၊ အခြားသူတွေ စားသုံးခွင့်မရှိပါဘူး၊ ဒီပန်းသီးအကြောင်းကို ဘယ်သူထံမှ သိတာလည်းဆိုတာ ပြောပြပါ"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က မဟာဂန္ဓာရီ တက္ကသိုလ်၌ မြောက်ကျွန်းသူသုန္ဒရီနှင့် တွေ့ရပုံနှင့် ၄င်းပြောပြသဖြင့် သိရပုံများအကြောင်းကို ပြောပြလိုက်လေသည်။

"သင်နဲ့တွေ့ခဲ့တဲ့ မြောက်ကျွန်းသူသုန္ဒရီဆိုတာ တခြားသူ မဟုတ်ဘူး၊ ငါ့ရဲ့သမီးတော်ပဲ အခုပဲ သင်မြင်တွေ့ရပါစေမည်"

ဟုပြောပြီး အထိမ်းတော်တစ်ယောက်ကို စေလွှတ်လိုက်ရာ အတန်ကြာတော့ ဦးခေါင်းပေါ်မှာ ပိုးပဝါခြုံထားသော အမျိုးသမီးတစ်ယောက် ရောက်လာလေသည်။

မျက်နှာပေါ်မှာ ပဝါခြုံထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိရသေးပေ။ စိတ်ထဲမှာတော့ ပုံပန်းသဏ္ဌာန် တူသည်ဟု ထင်မိလေသည်။

"သမီးတော် သူတို့ကို သိပါသလား"





ထိုအမျိုးသမီးက ဒေါက်တာမင်းထင်ကျော်ကို လှမ်းကြည့်ကာ ခေါင်းညိတ်ပြလေသည်။

"သိပါတယ် ဖခမည်းတော်"

"သူ့ကို အာယုဝဍ္ဍနပန်းသီးအကြောင်း ပြောပြခဲ့တယ်ဆိုတာမှန်ပါသလား"

"မှန်ပါတယ် ပြောခဲ့မိတယ်"

"ဒီနေရာအထိရောက်အောင် လာကြတာကိုတော့ ချီးကျူးရမှာပဲ၊ ဒါပေမယ့် အာယုဝဍ္ဍနပန်းသီးက ဒီကျွန်းမှာ နေခွင့်ရတဲ့သူတွေကိုသာ ကျွေးရတယ်ဆိုတာတော့ ဘာကြောင့်မပြောခဲ့တာလဲ"

ထိုအမျိုးသမီးက ဘာမှ ပြန်မပြောပဲ ခေါင်းငုံ့ထားလေသည်။

"ကောင်းပြီလေ သမီးတော်ခေါ်လို့ ရောက်လာမှတော့ သူတို့မှာ အပြစ်မရှိကြတော့ပါဘူး၊ ဒါပေမယ့် သမီးတော်အနေနဲ့ အာယုဝဍ္ဍနပန်းသီးကို ကျွေးချင်တယ်ဆိုရင်တော့ သူတို့ ဒီကျွန်းမှာပဲ အမြဲနေပါမယ်ဆိုတဲ့ သစ္စာရေ သောက်ကြရလိမ့်မယ်"

"သမီးတော်ကို သူတို့နဲ့ စကားပြောခွင့်ပေးပါ ဖခမည်းတော်"

"ကောင်းပြီလေ အမတ်ကြီးကိုယ်တိုင် ဧည့်ခန်းမဆောင်မှာ စီစဉ်ပေးလိုက်ပါ"

"မှန်လှပါ"

ထို့နောက်မှာတော့ သူတို့နှစ်ယောက်ကို ခန်းမကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိရာသို့ ခေါ်သွားပြီးနောက် နေရာချပေးလေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသော ခန်းမဆောင်ကြီးကို ကြည့်ကာ တအံ့တသြ ဖြစ်နေကြသည်။

ထိုအခိုက်မှာပင် ဦးခေါင်းပေါ်မှာ ပုဝါခြုံထားသော အမျိုးသမီး ရောက်လာပြီး မနီးမဝေးမှာ ဝင်ထိုင်လေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ပုံပန်းသဏ္ဍာန်ကြည့်ရသည်မှာ သုန္ဒရီဖြစ်မည်ဟု ထင်နေမိသည်။

"သုန္ဒရီ မဟုတ်လား"

"ဟုတ်ပါတယ် ကိုမင်းထင်ကျော်တို့ အခုလို ကျွန်မတို့နေဟဲ့နေရာကို ရောက်လာတာ ဝမ်းသာပါတယ်"

"ဒါထက် ဘာကြောင့် မျက်နှာပေါ်မှာ ပုဝါနဲ့ အုပ်ထားရတာလဲ"

"ကျွန်မရဲ့ မူလမျက်နှာက ကိုမင်းထင်ကျော်တွေ့ဘူးတဲ့ မျက်နှာမျိုးမဟုတ်လို့ပါ"

"ဟင်. . ဒါဖြင့် ကြည့်ပါရစေ"

ထိုအခါ သုန္ဒရီက ဦးခေါင်းပေါ်မှာ ခြုံထားသော ပဝါကို ဖယ်ချလိုက်လေသည်။

သူမ၏မျက်နှာမှာ ယခင်တွေ့ဘူးသော မျက်နှာမျိုး မဟုတ်ဘဲ လေးထောင့်ပုံသဏ္ဍာန်ကြီး ဖြစ်နေသည်ကို မြင်ရသောအခါ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

"ဟင်. . မင်းမင်း သုန္ဒရီရဲ့မျက်နှာလည်း မဟုတ်ပါလား"





ဟု အထိတ်တလန့် ရေရွတ်လိုက်သည်။

"ဒီမျက်နှာက မူလရှိတဲ့ကျွန်မရဲ့မျက်နှာပါပဲ၊ ကိုမင်းထင်ကျော်တွေ့တဲ့မျက်နှာက တောင်ကျွန်းသူတစ်ယောက်ရဲ့ မျက်နှာကို ယူသုံးခဲ့တာပါ"

ဦးဇန်ကောင်းယူဆတာနှင့် တစ်ထပ်တည်းကျနေသောကြောင့် သူမအတွက် စိတ်မကောင်း ဖြစ်သွားမိသည်။

"ဘာပဲဖြစ်ဖြစ် မင်းအတွက် စိတ်မကောင်းပါဘူး သုန္ဒရီ လူတစ်ယောက်ရဲ့ ကံကြမ္မာဆိုတာ ဘဝပေးကံအတိုင်းပဲ လက်ခံကြရတာပါ၊ ဒါထက် မင်းပြောခဲ့တဲ့ အာယုဝဍ္ဎနပန်းသီးကရော ဒီနေရာမှာ တကယ်ပဲရှိနေသလား"

"ရှိပါတယ်၊ ဒီကျွန်းမှာနေတဲ့သူတိုင်း အသက်ရှည်စေတဲ့ ပန်းသီးကို စားခွင့်ရကြပါတယ်၊ ဒီကျွန်းပေါ်မှာနေတဲ့သူတိုင်း ရောဂါဘယ ဘာမှမရှိဘဲ အသက်(၅၀၀)ကနေ (၇၀၀)အထိ နေခွင့်ရှိကြပါတယ်"

များစွာအံ့သြသွားကြလေသည်။

"ဒီတော့ ပန်းသီးစားခွင့်ရဖို့ ဘယ်လိုလုပ်ရမလဲ"

"ဒီကျွန်းသားအဖြစ်ခံယူပြီး ဒီကျွန်းမှာပဲ အမြဲနေရပါမယ်၊ ဘာကြောင့်လည်းဆိုတော့ ပန်းသီးစားခွင့်ရတဲ့သူက အသက်အများကြီးရှည်နေပြီး ကျန်တဲ့တောင်ကျွန်းသားတွေက အသက်တိုကြတော့ အထူးအဆန်းတွေ ဖြစ်နေကြမှာမို့ပါ"

ဟုပြောပြလေသည်။

သူမပြောတာလည်း အမှန်ပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကျွန်းသားတွေ၏ သက်တမ်းမှာ မွေးကင်းစအရွယ်မှ အသက်တစ်ရာအတွင်း သေကြရပေရာ အသက် (၅၀၀)-(၇၀၀)လောက် ရှည်သူရှိနေလျှင်တော့ အထူးအဆန်းဖြစ်နေမည်မှာ အမှန်ပင်ဖြစ်သည်။

"ဒါထက် ကျွန်တော်တို့နဲ့ အတူတူပါလာတဲ့ လူနှစ်ယောက်များ ဒီနေရာမှာ ရောက်နှင့်နေသလား"

"မကြားမိသေးဘူး၊ သူတို့ တစ်နေရာရောက်နေကြတာဖြစ်ပါလိမ့်မယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ကျွန်နှစ်ယောက်အတွက် စိတ်ပူသွားသဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကိုမင်းထက်ကျော်တို့အနေနဲ့ ရွေးချယ်ရမှာနှစ်လမ်းပဲ ရှိပါတယ်၊ အသက်ရှည်ရှည်နေချင်ရင်တော့ ဒီမြောက်ကျွန်းမှာပဲ တစ်သက်လုံးနေရပါမယ်၊ အဲဒီလိုနေမယ်ဆိုရင် အာယုဒွန်ပန်းသီးကိုလည်း စားခွင့်ရပါမယ် ဒါမှမဟုတ် တောင်ကျွန်းကို ပြန်မယ်ဆိုရင်တော့"

သုန္ဒရီက စကားမဆက်တော့ပဲ သူမျက်နှာကို ကြည့်နေလေသည်။

"ကျွန်တော် သဘောပေါက်ပါတယ်၊ ဒီကိစ္စအတွက်တော့ ချက်ချင်းမဆုံးဖြတ်ပါရစေနဲ့ ကျွန်တော်တို့ကိုလည်း စဉ်းစားဖို့ အချိန်ပေးပါ"

"ကောင်းပါပြီ၊ ကိုမင်းထင်ကျော်တို့ ဒီမှာရှိနေတဲ့အချိန်





နဲ့ ကာလအတွင်းမှာ ဘယ်လိုအနှောင့်အယှက်မှ မရှိစေပဲ ချမ်းသာစွာနေကြပါ။ နောက်ရက်တွေကျမှ မြောက်ကျွန်းမှာရှိတဲ့ ထူးခြားဆန်းကြယ်တဲ့ နေရာတွေကို လိုက်ပြပေးပါ့မယ်"

ဟုပြောဆိုကာ၊သုန္ဒရီက ဧည့်ခန်းအတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ထို့နောက်မှာတော့ အမတ်ကြီးဆိုသူက သူတို့နှစ်ယောက် တည်းခိုရမည့် အခန်းရှိရာသို့ လိုက်ပို့ပေးလေသည်။

ထိုအခန်းမှာလည်း သဘာဝအလင်းရောင်များဖြင့် လှပသော နေရာတစ်ခုဖြစ်သည်။ သူတို့ရောက်ပြီး မကြာမီမှာပင် အစေအပါးများက အစားအသောက်များ လာပို့ပေးသည်။

အသား၊ အသွေးဖြင့် ချက်ပြုတ်ထားသော အစားအသောက်များမပါပဲ ဆန်၊ ဂျုံ ပဲ၊ အသီးအနှံတို့ဖြစ်ပြုလုပ်ထားသော အစားအသောက်များသာ ဖြစ်သည်။

သူတို့ရောက်နေသောနေရာမှာ မီးကို လုံးဝအသုံးပြုခြင်း မရှိပေ။ မီးရောင်ဖြင့် မနေခြင်း. . အစားအသောက်များကို ရေပူတွင်းမှထွက်သော ရေနွေးငွေ့ဖြင့်သာ ပြုတ်ခြင်း၊ ပေါင်းခြင်းပြုလုပ်ကာ စားသောက်ကြသော နေရာဖြစ်ကြောင်း. . နောက်မှသိကြရပေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ လာပို့ပေးသော အစားအသောက်တို့ကို မြိန်ရေရှက်ရေ စားသောက်ကြလေသည်။

ထူးခြားသောအချက်မှာ ၎င်းတို့ယူလာသော သစ်သီး



www.burmeseclassic.com

www.burmeseclassic.com



များမှာ သာမန်တွေ့မြင်နေကျ သစ်သီးမျိုးမဟုတ်ပဲ ငှက်ပျောသီးတစ်လုံးပင်လျှင် တစ်တောင်ခန့် ရှည်လျားပြီး မွှေးကြိုင်သင်းပျံ့လျက် ရှိနေသည်။

"ဘယ်လိုလည်း မောင်ထင်ကျော် ဒီမှာနေတဲ့သူတွေ အသက်ရှည်တာလည်း မပြောနဲ့၊ အစားအသောက်တွေက အသက်ရှည်မယ့် အစားအသောက်တွေချည်းပဲ. ."

"ဟုတ်တယ်အဘ အသီးအနှံတွေကို မီးနဲ့ မချက်တော့ သဘာဝအာဟာရဓာတ်တွေကို အမြဲစားနေကြရမှတော့ ကျန်းမာပြီး အသက်ရှည်စေမယ့် အကြောင်းအချက်တွေနဲ့ ကိုက်ညီနေကြတာပဲလေ"

"ဒါထက် ကျုပ်တို့ ဘယ်လိုဆုံးဖြတ်ကြမှာလဲ၊ ဒီမှာ အမြဲနေပြီး သူတို့ကျွန်းသားအဖြစ် ခံယူမှာလား၊ အာယုဝဍ္ဎနပန်းသီးကို စားခွင့်ရမှ. . အသက်ရှည်ပြီး ဒီမှာ အမြဲနေကြမှာလား"

"ဒီလိုတော့ မဆုံးဖြတ်ရသေးပါဘူး၊ အခြေအနေ ကြည့်ပြီးတော့မှပဲ တစ်ခုခုဆုံးဖြတ်ကြတာ ပိုကောင်းမယ်ထင်တယ်"

"မောင်ထင်ကျော် အဆင်ပြေသလိုသာ ဆုံးဖြတ်ပေတော့၊ ကျုပ်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် လက်ခံပါတယ်"

ဦးဇန်ကောင်းကတော့ ထိုမျှသာပြောဆိုပြီး ငှက်ပျောသီးမှည့်တစ်လုံးကို အားရပါးရ စားသောက်နေတော့သည်။







# အခန်း(၁၆)

# တစ်ဘဝစာအတွက်ချစ်ခွင့်ရလေသူ

သူတို့မျှော်လင့်ထားသည့်အတိုင်းပင် ဖြစ်သည်။ ထိုနေရာမှာ နေကြသူအားလုံးမှာ မီးရောင်ကိုအသုံးမပြုကြပဲ သဘာဝအလင်းရောင်များဖြင့်သာ နေကြလေသည်။ သူတို့နေသောအခန်းတစ်ခုလုံးမှာပင် နံရံမှာကပ်ထားသော ကျောက်တုံးကျောက်ပြားတို့မှ အလင်းရောင်များထွက်နေလေရာ အခန်းတစ်ခုလုံး နေ့အချိန်ကဲ့သို့ လင်းနေလေသည်။

"ကျုပ်တို့တော့ ဇောတိကသူဌေးကြီးရဲ့ ကြင်ယာတော်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ကျွန်းသူနေတဲ့အခန်းလို ပတ္တမြားအလင်းရောင်နဲ့ နေရ သလို ဖြစ်နေပြီး၊ ဒီကျောက်တုံးတွေကိုက အလင်းရောင်တွေ ထွက်နေတာ"

"ဘယ်လိုကျောက်တုံးတွေလည်း မသိဘူး"

"စိန်တုံးကြီးတွေနဲ့ ဆောက်ထားတဲ့ အဆောက်အအုံ တွေများလားမှ မသိတာ စိန်နဲ့ဆောက်ထားတဲ့အိမ်မှာ နေဖူး တယ်ရှိအောင် ကြာကြာနေရရင်ကောင်းမယ်"

ဟု ပြောပြီး ရယ်နေကြသည်။

ညအချိန်ရောက်တော့အပြင်ဘက်မှ လေနှင့်အတူပါ လာသော ပန်းရနံ့များက အခန်းတစ်ခုလုံး မွှေးကြိုင်နေလေ သည်။

ဒေါက်တာမင်းထင်ကျော်လည်း ထွေထွေထူးထူး စဉ်း စားမနေတော့ဘဲ တစ်ရေးအိပ်လေရာ အိပ်ပျော်သွားသော အချိန်တွင် လိပ်ပြာခန္ဓာဖြင့် ဆရာကြီးသူရဋ္ဌကို ပြန်တွေ့ရလေ သည်။

"ဒီကနေ့ မောင်ထင်ကျော်တို့နဲ့ တွေ့ချင်လို့ ဒီကိုလာ ခဲ့တာပဲ ဒီမှာရောက်လာတော့ အဆင်ပြေကြရဲ့လား"

ထိုသို့မေးသောအခါ ဒေါက်တာမင်းထင်ကျော်က အ ခြေအနေကို ပြောပြလိုက်သည်။

"အဲသည်တော့ အသက်ရှည့်မယ့်လမ်းကို ရွေးမှာလား ဖြစ်တဲ့နည်းနဲ့ ကိုယ့်နေရာကိုယ် ရောက်အောင်ပြန်မှာလား"

"ဘယ်လိုလုပ်ရရင် ပိုကောင်းမလဲ ဆရာကြီး"





"အသက်ရှည်တယ်ဆိုတာ အမိပ္ပာယ်ရှိရှိနဲ့ အသက်ရှင် ရတာမျိုးက ပိုကောင်းတာပေါ့ သေမယ့် အချိန်ကို ဒီအတိုင်းထိုင် စောင့်နေရတဲ့ ဘဝမျိုးနဲ့ အချိန်အကြာကြီး အသက်ရှင်ခွင့်ရနေ လည်း မကောင်းဘူး"

"မှန်ပါတယ်"

"လူတွေက အသက်တိုတိုနဲ့သေကြရလို့သာ အသက် ရှည်ခြင်းကို အလိုရှိကြတာ၊ တကယ်လို့သာ သေချင်လို့တောင် သေခွင့်မရပဲ နှစ်ပေါင်းများစွာအသက်ရှင်နေရရင်လည်း ကြာ တော့ငြီးငွေ့လာကြမှာပါ၊ နောက်တစ်ခုက ကျုပ်တို့ရဲ့ ဘဝကံ ကြမ္မာက သူနဲ့ ထိုက်တန်တဲ့ သင့်လျော်မယ့်နေရာမှာ လူဖြစ်ခွင့် ပေးထားတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကိုယ်နဲ့သင့်လျော်မယ့်နေရာမှာ ကုသိုလ်ကောင်းမှုလုပ် ရင်း နောက်တစ်ဘဝကူးတော့ နိဗ္ဗာန်မရောက်သေးရင်တောင် ဒီထက်ပိုကောင်းတဲ့နေရာကို ရောက်နိုင်တာပေါ့ မဟုတ်ဘူး လား"

"ဆရာကြီးပြောတာကို ကျွန်တော် သဘောပေါက်ပါ တယ်၊ ဘဝကံက ကိုယ်နဲ့ထိုက်တန်လို့ ပေးထားတဲ့ နေရာကိုပဲ ပြန်ပါတော့မယ်၊ ဒါထက် ကျွန်တော်တို့နဲ့အဖော်ပါလာတဲ့ နှစ် ယောက်ရှိကြသေးရဲ့လား"

"သူတို့တစ်နေရာမှာ ရှိနေကြပါတယ် မကြာခင်တော့ ပြန်တွေ့ကြရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုပြီးနောက်ဆရာကြီးသူရဋ္ဌလည်း ပြန်သွားလေတော့သည်။ ထို့နောက် ပြန်လည်အိပ်ပျော်သွားလေတော့သည်။

နောက်တစ်ချိန်ကတော့ သုန္ဒရီနှင့် တွေ့ရခြင်းပင်ဖြစ်သည်။ ဒီတစ်ကြိမ် ပြန်တွေ့တော့ မဟာဂန္ဓာရီကျောင်းတော်ကြီး၌တွေ့ရသော ချောမောလှပသော မျက်နှာနှင့်ပင် ဖြစ်နေပြန်သဖြင့် အံ့သြသွားရလေသည်။

"သုန္ဒရီ အခုကျတော့ အရင်မျက်နှာမျိုးပြန် ဖြစ်နေပြန်ပါရောလား"

"လိပ်ပြာခန္ဓာနဲ့ဆိုရင် ကျွန်မနှစ်သက်တဲ့မျက်နှာကို ခေတ္တယူပြီးအသုံးပြုနေတာပါ၊ ဒီမျက်နှာက ကျွန်မရဲ့ကိုယ်ပိုင်မျက်နှာ မဟုတ်ပါဘူး၊ ဒီမျက်နှာပိုင်ရှင် အမျိုးသမီးက တစ်နေရာမှာ ရှိနေပါတယ်"

"သူကဘယ်နေရာမှာရှိတာလဲ"

"ဒီနေရာနဲ့မဝေးလှတဲ့ တိဗက်နယ်စပ်က ရွာလေးတစ်ရွာက အမျိုးသမီးတစ်ယောက်ပါ"

ဒေါက်တာမင်းထင်ကျော်က ချောမောလှပသော သူမမျက်နှာကို စိတ်မကောင်းစွာကြည့်ရင်း သက်ပြင်းချလိုက်လေသည်။

"ကျွန်မဒီကိုလာတာ မေးစရာရှိလို့ပါ၊ ကျွန်မရဲ့ဖခင်ပြောတဲ့ အချက်နှစ်ခုက ဘယ်အချက်ကို ရွေးချယ်မှာပါလဲ"

"ကျွန်တော်တို့က တောင်ကျွန်းရဲ့မလေ့စရိုက်အတိုင်းမွေးဖွားကြီးပြင်းလာကြတဲ့ သူတွေဆိုတော့ ဒီမှာ နှစ်ပေါင်းများစွာကြာအောင် မနေနိုင်ကြပါဘူး"

ထိုစကားကြားတော့ ဒီတစ်ခါမှာတော့ သုန္ဒာရီက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျွန်မလည်း ကိုမင်းထင်ကျော်ဆီက ဒီအဖြေမျိုး ကြားရမယ်လို့ မျှော်လင့်ထားပါတယ်၊ အမှန်အတိုင်းပြောရရင် ကိုမင်းထင်ကျော်ကို ဒီနေရာရောက်အောင်ခေါ်ရတဲ့. . အဓိကအကြောင်းရင်းက တခြားမဟုတ်ပါဘူး"

သုန္ဒရီက သူ့မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီးမှ ဆက်ပြောလေသည်။

"ကျွန်မ ကိုမင်းထင်ကျော်ကို တွေ့တွေ့ချင်း နှစ်သက်နေမိလို့ပါပဲ၊ ဒါကြောင့် ဒီမှာ အမြဲရှိနေစေချင်တဲ့ ဆန္ဒကြောင့်ခေါ်လိုက်တာပါ၊ ဒါပေမယ့် ကျွန်မရဲ့ မူလမျက်နှာပုံပန်းသဏ္ဌာန်ကို ပြန်တွေ့သွားရင် မနှစ်သက်နိုင်ဘူးဆိုတာလည်း ကြိုတွေးမိပါတယ်"

"ကျွန်တော်က အလှအပကိုနှစ်သက်ပေမယ့် မက်မောတတ်တဲ့သူမျိုး မဟုတ်ပါဘူး၊ တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ ရုပ်ခန္ဓာနဲ့ သိပ်မဆိုင်လှပါဘူး"

"ဒါဖြင့် ကိုမင်းထင်ကျော်က ကျွန်မရဲ့မေတ္တာကို အသိအမှတ်ပြုပေးနိုင်မှာလားဟင်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သူမ၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"မေတ္တာတရားဆိုတာ အသွားအပြန်ရှိပါတယ်၊ သုန္ဒရီက ကိုယ့်အပေါ်မှာ မေတ္တာထားသလို ကိုယ်ကလည်း သုန္ဒရီအပေါ်မှာ မေတ္တာထားနိုင်ပါတယ်၊ ပြောရရင်တော့ တွေ့မြင်စကတည်းက သုန္ဒရီအပေါ်မှာ စိတ်ဝင်စားမှု ရှိနေခဲ့တာပါ"

"ဒီစကားကြားရတော့ ဝမ်းသာပါတယ်မောင်ရယ်၊ ကျွန်မရဲ့ မူလမျက်နှာနဲ့ဆိုရင်ကော မောင်မေတ္တာထားနိုင်ပါ့မလားဟင်"

"ချစ်ခြင်းမေတ္တာဆိုတာ ကိုယ်ခန္ဓာက ဖြစ်တာမဟုတ်ပါဘူး အသည်းနှလုံးက ဖြစ်ပေါ်လာတဲ့အရာပါ၊ အသည်းနှလုံးချင်း နှစ်သက်မှုရှိကြရင် ပြင်ပရုပ်ခန္ဓာက အရေးမကြီးမားလှပါဘူး၊ သုန္ဒရီအနေနဲ့ ဘယ်လိုမျက်နှာမျိုးပဲ ဖြစ်နေပါစေ သုန္ဒရီအပေါ်ထားတဲ့မေတ္တာက မပျက်ပါဘူး"

"ဝမ်းသာလိုက်တာ မောင်ရယ်"

ဟုပြောကာ ရင်ခွင်ထဲသို့ တိုးဝင်လာသဖြင့် ဒေါက်တာမင်းထင်ကျော် သူမကိုယ်ကိုထွေးပွေ့ထားလိုက်လေသည်။

ဒေါက်တာမင်းထက်ကျော်က သူမနဖူးကိုနမ်းလိုက်ရင်းနှင့် တိုးတိုးပြောလိုက်သည်။

"သုန္ဒရီကို မောင်ချစ်ပါတယ် သုန္ဒရီ၊ မောင်နဲ့တောင်ကျွန်းကိုလိုက်ခဲ့ပါလားဟင်"

"ကျွန်မလိုက်လို့ မဖြစ်ပါဘူး မောင်ရယ်၊ ကျွန်မ သက်တမ်းက နှစ်ပေါင်းများစွာကျန်နေသေးတယ်၊ တကယ်လို့ မောင်က သက်တမ်းစေ့နေပြီး သေသွားတဲ့အခါ ကျွန်မဒုက္ခရောက်မှာ





ပေါ့၊ နောက်ပြီး မီးရောင်တွေနဲ့ ထိတွေ့ရင်လည်း ကျွန်မ ခံနိုင်မှာမဟုတ်ဘူး၊ ကျွန်မတို့အသားအရေက ဖယောင်းသားလို ဝါဂွမ်းသားလို နူးညံ့လှတော့ မီးရောင်တွေ ထိတွေ့လိုက်ရင် အရည်ပျော်ကျသွားမှာမို့ ကျွန်မ လိုက်ခဲ့လို့မရပါဘူး"

ထိုစကားကြောင့် စိတ်မကောင်း ဖြစ်သွားမိသည်။

"မောင်ပဲ ဒီမှာနေပါလားဟင် အသက်ရှည်တဲ့ ပန်းသီးစားပြီးရင် ကျွန်မနဲ့တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေသွားလို့ရပါတယ်"

ဒေါက်တာမင်းထင်ကျော်က ဦးခေါင်းကို ဖြည်းလေးစွာခါယမ်းပြလိုက်သည်။

"စိတ်မကောင်းပါဘူး သုန္ဒရီ၊ မင်းကိုချစ်ပေမယ့် ဒီမှာတော့ နှစ်ပေါင်းများစွာ မနေနိုင်တာ ခွင့်လွှတ်နားလည်ပေးပါ"

သုန္ဒရီက ရင်ခွင်ထဲမှာ ခေါင်းဝှက်ထားရင်းမှပင် ခေါင်းညိတ်ပြလေသည်။

သူမ၏ မျက်ရည်များက ဒေါက်တာမင်းထင်ကျော်ရင်ဘတ်မှာ စွန်းထင်သွားလေသည်။

"ကျွန်မ မောင့်ကို ဘယ်လောက်ပဲ ချစ်တယ်ဆိုပေမယ့် မတားရက်တော့ပါဘူး၊ ကျွန်မတို့နေရာကို ရောက်လာပြီးရင် ဘယ်သူမှ ပြန်ခွင့်မပေးပါဘူး"

"သတ်ပစ်တာလားဟင်"

"မဟုတ်ပါဘူး၊ ကျွန်မတို့လို ပုံပန်းသဏ္ဌာန်ပြောင်းပြီး ဒီမှာပဲ တစ်သက်လုံးနေကြရပါတယ်၊ အသက်ရှည်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အာယုဝဍ္ဍနပန်းသီး စားခွင့်ရပါတယ်"

"ဒါဖြင့် ဒီမှာရှိနေတဲ့ လူတွေထဲမှာ တခြားကလာတဲ့လူ တွေလည်း ရှိနေတာပေါ့နော်"

"ရှိကြပါတယ်၊ သစ္စာရေသောက်ပြီးတာနဲ့ မျက်နှာပုံ ပန်းသဏ္ဍာန်က ကျွန်မတို့နဲ့အတူတူ ဖြစ်သွားတာကြောင့် မသိရ တော့တာပါ"

ဟုပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုစကားကြားသောအခါ စိတ်ထဲမှာ စိမ့်ခနဲ ဖြစ်သွားလေသည်။

"ဒါပေမယ့် မစိုးရိမ်ပါနဲ့၊ မောင့်ကိုတော့ ဒီနေရာက လွတ်မြောက်အောင် ကျွန်မ အကူအညီ ပေးပါမယ်၊ ဒါပေမယ့် ချက်ချင်းတော့ မဟုတ်ဘူး၊ အားလုံး ယုံကြည်မှုရအောင် မောင် တစ်လလောက်တော့ ကျွန်မနဲ့အတူတူ နေပေးပါ"

"အခုလို အကူအညီပေးတဲ့အတွက် သုန္ဒရီကို ကျေးဇူး တင်ပါတယ်၊ ပြန်ခွင့်ရမယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် နေပေးပါ မယ်"

ဟုပြောပြီး သူမကို ထွေးဖက်ထားလိုက်သည်။

သူမကလည်း ပြန်လည်ဖက်တွယ်ထားလေသည်။

ချစ်သူဘဝဖြင့် နေရသော ကြည်နူးချမ်းမြေ့မှုများမှာ အသည်းနှလုံးမှာ စွဲထင်သွားသကဲ့သို့ရှိကာ ဘယ်သောအခါမှ မေ့ပျောက်နိုင်တော့မည် မဟုတ်ပါချေ။

နောက်တစ်နေ့ အိပ်ရာမှ နိုးလာသောအခါ သူ့တစ်





ကိုယ်လုံး သုန္ဒရီ၏ ကိုယ်သင်းရနံ့များက စွဲနေသည်ကို သတိပြု မိလေသည်။

အိပ်ရာမှ နိုးလာတော့ ဦးဇန်ကောင်းက မေးသည်။

"ညက ဆရာကြီးနဲ့တွေ့ရသေးသလား မောင်ထင် ကျော်"

"တွေ့ရတယ်အဘ"

"သူ့သဘောက ဘယ်လိုရှိသလဲ"

"တောင်ကျွန်းကိုပြန်ဖို့ လာပြောသွားတာပါ"

"ပြန်ထွက်လို့ရော လွယ်ပါမလား"

"အကူအညီပေးမယ့်သူ ရှိပါတယ်"

ဒေါက်တာမင်းထင်ကျော်က သုန္ဒရီပြောသွားသော အ ကြောင်းများကို ပြန်ပြောလိုက်လေသည်။

သူ့စကားဆုံးတော့ ဦးဇန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကြားရတာနဲ့တင် သူ့အတွက် စိတ်မကောင်းဖြစ်မိပါ တယ်၊ ဒါပေမယ့် ဘယ်တတ်နိုင်ပါမလဲလေ၊ ဓလေ့စရိုက်ချင်း အသွင်အပြင်ချင်းမှ မတူတာကိုး"

ဟု ရေရွတ်လိုက်လေသည်။

နေ့လယ်ဘက်မှာတော့ အမတ်ကြီးက လာခေါ်သဖြင့် နန်းတော်သို့ လိုက်သွားကြရသည်။

ထိုအချိန်တွင် သုန္ဒရီလည်း အနီး၌ ရှိနေလေသည်။

သူတို့ရောက်သွားတော့ ဘုရင်ကြီးက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သင်တို့နှစ်ယောက် ဒီမှာအမြဲနေဖို့ ဆုံးဖြတ်ချက်ချပြီး ကြပြီ မဟုတ်လား"

ထိုသို့မေးသောအခါ သုန္ဒရီကပင် ဝင်ပြောပြလေသည်။

"သူက သမီးတော်နဲ့ လက်ဆက်မည့်သူ ဖြစ်ပါတယ် ခမည်းတော် တစ်လပြည့်တဲ့နေ့မှာ လက်ထပ်ပွဲ ကျင်းပပေးတော့ မှ သူတို့နှစ်ယောက်ကို သစ္စာရေသောက်ပြီး မြောက်ကျွန်းသား အဖြစ် ခံယူစေချင်ပါတယ်"

"ကောင်းပြီးလေ သမီးတော်နှစ်သက်တဲ့သူ ဖြစ်နေ တော့ သဘောအတိုင်း ပြုလုပ်ပေးရပါမယ်၊ အမတ်ကြီး သူတို့ နှစ်ယောက်ကို လွတ်လပ်စွာဖြင့် နေထိုင်ရာအခန်းကို ပြန်ပို့ပေး လိုက်ပါ"

ဟု အမိန့်ချသဖြင့် မူလနေရာသို့ ပြန်ရောက်လာကြလေ သည်။

ညနေပိုင်းအချိန်တွင် သုန္ဒရီရောက်လာပြီး ခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်မှာ လိုက်သွားလေသည်။

သူ့ကိုနန်းတော်ကြီးနှင့် မနီးမဝေးနေရာသို့ ခေါ်သွား ခြင်း ဖြစ်လေသည်။

တစ်နေရာမှာတော့ မြူနှင်းများဝေ့ဆိုင်းနေသော နေ ရာတစ်ခုတွင် သစ်ပင်မြင့်ကြီးတစ်ပင်ကို တွေ့ရသည်။

အပေါ်ပိုင်းမှာ မြူနှင်းများ ဝေ့ဆိုင်းနေသောကြောင့် ထိပ်ဖျားအထိ မမြင်ရပေ။

အပေါ်ဘက်ရှိ အကိုင်းအခက်အချို့တွင် အသီးအချို့ သီးနေလေသည်။





ထိုသစ်ပင်ကြီး၏ အောက်ခြေမှာတော့ တံတိုင်းကြီးများ ဖြင့် အထပ်ထပ်ဝန်းရံထားသည်သာမကပဲ အစောင့်များလည်း ရှိကြသည်။

"ဒါ မောင်တို့အလိုရှိတဲ့ အာယုဝဍ္ဎနပန်းသီးပင်ပဲ၊ ဒီ အပင်က အသီးကိုစားရင် အနာရောဂါကင်းပြီး အသက်ရှည်စေ ပါတယ်"

"ဒီလောက်မြင့်လှတဲ့ သစ်ပင်ပေါ်ကို ဘယ်လိုတက်ခူးမ လဲ"

"ကြွေကျတဲ့အခါမှသာ စားသောက်ခွင့်ရပါတယ်၊ နတ်ဒေဝတာတွေ စောင့်ရှောက်ပေးနေတဲ့ နတ်သစ်ပင်ဖြစ်လို့ သာမန်လူတွေလည်း ခူးယူလို့ မရပါဘူး၊ သစ်ပင်ပေါ်မှ သစ်သီး ကြွေကျလာတဲ့အခါ မပျက်စီးရအောင် အောက်မှာ ဝါဂွမ်းတွေ အထပ်ထပ်ခံထားပါတယ်"

စောစောက သစ်ပင်ခြေ၌ ဖြူဖွေးနေသောအပုံကြီး အား နှင်းများပုံနေသည်ဟု ထင်မိရာမှ ယခုမှပင် ဝါဂွမ်းပုံကြီး မှန်း သိရပေတော့သည်။

"သစ်သီးကြွေကျလာတော့ ဘယ်လိုစီမံပါသလဲ"

"စောင့်ရှောက်နေတဲ့ နတ်တွေက လိုအပ်မှသာ သစ်သီး ကို ခြွေချပေးပါတယ်၊ ကြွေကျလာတဲ့ပန်းသီးကို အစောင့်တွေ က ကောက်ယူပြီး ဘုရင်ကို ဆက်သရတယ်၊ ဘုရင်က လိုအပ် တဲ့သူကို ကျွေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြရာ ဒေါက်တာမင်းထင်ကျော်က မြင့်မားလှသော သစ်ပင်ကြီးကိုမော့ကြည့်နေရာ. . လေတိုက်လာသောကြောင့် မွှေးကြိုင်သင်းပျံ့သောပန်းသီးရနံ့များကို ရလာလေသည်။

အသီးမစားရစေကာမူ ထိုရနံ့ကိုရှူမိသည်နှင့်ပင် စိတ်ထဲမှာ လန်းဆန်းလာလေသည်။

ထို့နောက် သုန္ဒရီက မြို့၏ နယ်နိမိတ်အစပ်ထိ ခေါ်သွားပြီးနောက် တစ်နေရာသို့ လက်ညှိုးထိုးပြလေသည်။

"ဟိုးရှေ့မှာ မြင်နေရတဲ့တောင်တန်းကြီးက အရှေ့ဘက်မှာရှိပါတယ်၊ အဲဒီနေရာကို အရောက်သွားပြီး တွင်းနက်ကြီးတစ်ခုကို ရှာဖွေရပါမယ်၊ တွင်းနက်ကြီးရဲ့အောက်ခြေရောက်အောင် ဆင်းသွားမယ်ဆိုရင်တော့ ဒီနေရာက လွတ်မြောက်နိုင်တဲ့ တစ်ခုတည်းသောထွက်ပေါက်ကို တွေ့ရပါလိမ့်မယ်၊ မောင်မှတ်ထားပြီး တစ်နေ့ကျရင် လွတ်မြောက်အောင် ကြိုးစားပါ"

"ကောင်းပါပြီ၊ ဒီလို လမ်းပြပေးတဲ့အတွက် သုန္ဒရီကို ကျေးဇူးတင်ပါတယ်"

"ကျွန်မကလည်း ကျွန်မစိတ်ထဲမှာ တစ်သက်တစ်ခါ ဖြစ်ပေါ်ခဲ့တဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့မိတဲ့မောင်နဲ့ အခုလို အတူတူ နေခွင့်ရတဲ့အတွက် မောင့်ကို ကျေးဇူးတင်ပါတယ်၊

မောင်တို့ ဒီနေရာက မပြန်ခင်မှာ တစ်နည်းနည်းနဲ့ အာယုဝဍ္ဎနပန်းသီးစားခွင့်ရအောင် ကျွန်မကြံစည်ပေးပါမယ်"

ဟု ပြောဆိုပြီး ထိုနေရာမှ ပြန်ခဲ့ကြသည်။





ထိုနေရာသည် မြို့၏နယ်နိမိတ်အစပ်ဖြစ်သဖြင့် ဒေါက်တာမင်းထင်ကျော်ကတော့ အရေးအကြောင်း ပေါ်လာပါက အသုံးပြုနိုင်ရန် အသေအချာ မှတ်သားထားလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

# အန္တရာယ်ကျောက်ကျွင်းမှ ထွက်ပြေးကြရခြင်း

ဒေါက်တာမင်းထင်ကျော် အနေဖြင့် သုန္ဒရီနှင့် အတူတူ နေခွင့်ရသော နေ့ရက်များ၊ အချိန်များမှာ သူ့အတွက်တော့ မမေ့နိုင်စရာ ဖြစ်ခဲ့လေသည်။

သုန္ဒရီမှာ မျက်နှာပုံပန်းသဏ္ဌာန်ချင်း မတူသည်မှ လွဲပြီး ကျန်သော ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးတို့မှာ တောင်ကျွန်း၌ရှိသော အမျိုးသမီးများနှင့် ဘာမှမကွာခြားပဲ ရှိနေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အသားအရေဆိုလျှင် တောင်ကျွန်းသူများထက်ပင် နူးညံ့သိမ်မွေ့လှသည်။

သူ့အပေါ်မှာလည်း လက်ထပ်ထားပြီးသော ယောကျ်ား တစ်ယောက်သဖွယ် အကောင်းဆုံး ပြုစုပေးလေသည်။

သူမအတွက် စားခွင့်ရသော ပန်းသီးအချို့ကို အများရှေ့၌ စားသောက်ဟန်ဆောင်ပြီးနောက် သို့ဝှက်ယူလာကာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်ကို ကျွေးသဖြင့် စားကြရသည်။

ထိုအခြေအနေကို မြင်သောအခါ သုန္ဒရီအနေဖြင့် သူ့အပေါ်၌ ဘယ်လောက်ချစ်ခင်မြတ်နိုးသည်ကို သိရသောအခါ စိတ်ထဲမှာ များစွာစိတ်မကောင်း ဖြစ်မိလေသည်။

ဆရာကြီးသူရဋ္ဌ ရောက်လာပြီး ဖျောင်းဖျပြောဆိုခြင်း မျိုးမရှိပါက ဘာပဲဖြစ်ဖြစ် သုန္ဒရီနှင့်အတူတူ မြောက်ကျွန်း၌ တစ်သက်လုံး နေသွားရန်ပင် စိတ်ကူးပေါ်မိလေသည်။

တစ်ညမှာတော့ ဒေါက်တာမင်းထင်ကျော်တို့နေသော အဆောင်သို့ မြောက်ကျွန်းသားများ ဝတ်ဆင်ကြသော အဝတ်အစားများ ဝတ်ဆင်ထားသည့် လူနှစ်ယောက် ရောက်လာကြသည်။

ဦးခေါင်းပေါ်မှ ပဝါများခြုံထားသောကြောင့် မည်သူမည်ဝါမှန်း မသိရသော်လည်း အခန်းတွင်း ရောက်သောအခါ ဦးခေါင်းပေါ်မှ ခြုံလာသော အဝတ်များကို ဖယ်ချလိုက်သည်။

"ဟင်"





မျက်နှာပုံပန်းသဏ္ဌာန်က လေးထောင့်ပုံပန်းသဏ္ဌာန် ကြီး ဖြစ်နေသော်လည်း မြင်ဘူးသော မျက်နှာများဖြစ်နေသောကြောင့် ဇဝေဇဝါဖြစ်သွားလေသည်။

"ကိုမင်းထင်ကျော်"

"ဟင် . . ခင် . . ခင်ဗျား ဒေါက်တာကျန်လီ မဟုတ်လား"

"ဟုတ်ပါတယ် ကျွန်တော်က ဒေါက်တာကျန်လီ . . သူက လာစင်ပါပဲ"

"ဘယ်လိုဖြစ်ပြီး အခုလိုမျက်နှာမျိုး ပုံသဏ္ဌာန်ပြောင်းသွားရတာလဲ"

"ခင်ဗျားတို့နဲ့ ခွဲပြီးထွက်လာတော့ ကျောက်ချပ်ကြားကြီးအထွက်မှာ သူတို့နဲ့တွေ့ပြီး အဖမ်းခံကြရတယ်"

"နန်းတော်က စစ်သားတွေက ဖမ်းတာလား"

"ဟုတ်ပါတယ်၊ အဲဒီလို ဖမ်းခေါ်သွားပြီး သူတို့တိုက်တဲ့ သစ္စာရေသောက်ရတယ်၊ နောက်တစ်နေ့မှာတော့ အခုလို မျက်နှာမျိုးတွေ ဖြစ်သွားခဲ့ရတာပါပဲ"

"တယ်လည်း ရက်စက်ကြပါလား"

"ဒီလိုမှ မသောက်ရင် ပြန်ခွင့်မပေးပဲ သတ်ပစ်မယ်ပြောလို့ သောက်ကြရတာပါပဲ၊ အခုတော့ ဘဝဆုံးပါပြီဗျာ၊ ဒီမျက်နှာပုံမျိုးကြီးနဲ့ တစ်သက်လုံးနေရတော့မယ် ထင်ပါရဲ့"

"အခုအခြေအနေမျိုးနဲ့ ပြန်လွတ်ခဲ့ရင်တောင် ဒီမျက်နှာမျိုးနဲ့ ကျွန်တော်တို့ အရပ်ဒေသကို ဘယ်လိုလုပ်ပြီး ပြန်လို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာလဲ၊ ဒါထက်ခင်ဗျားတို့လည်း ကျွန်တော်တို့လို အဖမ်းခံရတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့်. . ချက်ချင်း သစ္စာရေမတိုက်သေးပဲ ဘာကြောင့်ဒီလိုထားတာလဲဟင်"

"သုန္ဒရီကြောင့်ပေါ့ဗျာ၊ သူက အကာအကွယ် ပေးထားတဲ့အတွက် သစ္စာရေကို ချက်ချင်းမသောက်ရသေးပဲ တစ်လအချိန်ရနေတာဗျ"

"ခင်ဗျားတို့ သိပ်ကံကောင်းတာပေါ့ဗျာ၊ မဟုတ်ရင်တော့ ကျွန်တော်တို့လို မျက်နှာမျိုးဖြစ်နေတာ ကြာရောပေါ့. . ဒါထက် ခင်ဗျားတို့ အာယုဝဍ္ဍနပန်းသီးရော စားရပြီလား"

"သူကျွေးလို့ နည်းနည်းစီတော့ စားပြီးပါပြီ၊ ခင်ဗျားတို့နှစ်ယောက်ရော စားကြရပြီလား"

"စားရပါတယ်၊ သစ္စာရေသောက်ပြီး နောက်တစ်နေ့မှာ ကျွေးလို့ စားကြရပါတယ်၊ ဒါပေမယ့် ဒီလိုပုံပန်းမကျတဲ့ မျက်နှာမျိုးနဲ့တော့ အသက်မရှည်ချင်တော့ပါဘူး၊ ဖြစ်နိုင်ရင် အခုချက်ချင်းတောင် သေလို့ရရင် သေချင်နေပါပြီဗျာ"

ဒေါက်တာကျန်လီက ဝမ်းနည်းကြေကွဲသော အသံမျိုးဖြင့် ပြောလေသည်။

"ဒီလောက်လည်း စိတ်သောက ရောက်မနေကြပါနဲ့ဗျာ၊ တစ်နေ့ကျရင် ဒီဘဝကလွတ်မြောက်ဖို့လမ်း တွေ့ချင်တွေ့ရမှာလား"





"ကျွန်တော်တို့ ဒီလိုဖြစ်ရတာ တခြားကြောင့် မဟုတ်ဘူး၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးလို့ဖြစ်ရတာပဲ၊ သဘာဝက ကိုယ်နဲ့ထိုက်တန်တဲ့ နေရာကို ပေးထားတာကို မကျေနပ်နိုင်ပဲ ပိုပြီးလိုချင်ကြလို့ အခုလို ဒုက္ခမျိုးနဲ့ ကြုံတွေ့ကြရတာပါပဲ၊ ကျွန်တော်တို့နှစ်ယောက်ကတော့ ဘဝဆုံးသွားပြီဆိုတော့၊ ခင်ဗျားတို့ နှစ်ယောက်သာ ဒီနေရာကနေ လွတ်မြောက်ဖို့ကြိုးစားကြပါတော့ဗျာ"

ဟုပြောပြီး ဒေါက်တာကျန်လီက သူ့လက်မှာဝတ်ထားသော လက်စွပ်ကိုပေးသည်။

လာစဉ်ကသူ့လည်ပင်းမှာဆွဲ ထားသော ဘုရားပုံတော်ပါသည့် ဆွဲပြားတပ်ထားသော ပိုးကြိုးကို ဖြုတ်ပေးသဖြင့် ယူထားလိုက်ရလေသည်။

ထို့နောက်နှစ်ယောက်သား နှုတ်ဆက်ကာ ပြန်သွားကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်လည်း ခရီးအတူလာခဲ့ကြသော မိတ်ဆွေနှစ်ဦးအတွက် စိတ်မကောင်းဖြစ်မိသော်လည်း မည်သို့မျှ မတတ်နိုင်ကြတော့ပါပေ။

ရေစက်မကုန်သေးလျှင် ပြန်လည်ဆုံတွေ့ရန်နှင့် သူတို့နှစ်ယောက်ဘဝဆိုးမှ လွတ်မြောက်စေရန် ဆုတောင်းပေးရုံမှတစ်ပါး အခြားမရှိတော့ပါချေ။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ထိုနေ့ရာသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြသည်မှာ တစ်လပြည့်ခါနီးသော်လည်း အခြေအနေကတော့ မထူးလှသေးပေ။

တစ်နေ့မှာတော့ နန်းတော်ထဲမှာရှိသောလူများ ထူးထူးခြားခြားဖြင့် ဥဒဟိုသွားလာကာ အလုပ်ရှုပ်နေကြသည်ကို တွေ့မြင်ရသဖြင့် အစောင့်တစ်ယောက်ကို မေးမြန်းစုံစမ်းကြည့်သောအခါ ထိုသူက ပြောပြသည်။

"မနက်ဖြန် သခင်မလေးသုန္ဒရီရဲ့ လက်ထပ်မင်္ဂလာပွဲကျင်းပဖို့ ပြင်ဆင်နေကြတာပါ"

ထိုစကားကြားတော့ စိတ်ထဲမှာ စိုးရိမ်စိတ် ဝင်လာမိလေသည်။ အကယ်၍ မနက်ဖြန် သုန္ဒရီနှင့် လက်ထပ်ပြီးပါက မဖြစ်မနေ သစ္စာရေကို သောက်ရပေတော့မည်။

သစ္စာရေသောက်ပြီးလျှင်တော့ ဒေါက်တာ ကျန်လီတို့နှစ်ယောက်လိုဘဝမျိုး ရောက်ကြရပေတော့မည်။

သူတို့ကို လွတ်မြောက်အောင် ကယ်တင်ပေးမည်ဆိုသော သုန္ဒရီ၏ အရိပ်အယောင်ကိုလည်း ယခုအချိန်ထိ မတွေ့ရ မမြင်ရသေးပေ။

သူ့ကို အလိမ်မှာသုံးပြီး ဥပါယ်တံမျဉ်ဖြင့် ထားလေသလားဟုပင် စိတ်ထဲမှာ ထင်နေမိလေသည်။

သို့သော်လည်း သူထင်သလို မဟုတ်ပဲ ညဉ့်နက်ပိုင်းအချိန်တွင် သုန္ဒရီ ရောက်လာလေသည်။

သူမနှင့်အတူ အထုပ်တစ်ထုပ်ပါလာပြီး ထိုအထုပ်ထဲတွင် မြောက်ကျွန်းသားများ ဝတ်ဆင်လေ့ရှိသော အဝတ်အစား





နှစ်စုံ ပါလာလေသည်။

"ဒီအဝတ်တွေကို ဝတ်ပြီး မျက်နှာမမြင်ရအောင်အုပ်" ဟု ပြောသဖြင့် လဲလှယ်ဝတ်ဆင်ကြလေသည်။

ပြီးသောအခါ. . .

"ကျွန်မအနောက်က ဟန်မပျက်လိုက်ခဲ့ကြပါ"

ခေါ်သွားသဖြင့် နောက်မှလိုက်သွားကြလေသည်။ အစောင့်များက တားဆီးသောအခါ သုန္ဒရီက သူမ၏အမှတ်တံဆိပ်တော်ကို ပြသောအခါ အရိုအသေပေးပြီး သွားခွင့်ပြုကြလေသည်။

၎င်းတို့သည် နန်းတော်အတွင်းမှ ထွက်ခဲ့ကြပြီးနောက်၊ အာယုဝဍ္ဍနပန်းသီးပင်ကြီးရှိသောနေရာမှ ဖြတ်ကာ အရှေ့ဘက်မြို့ပေါက်ရှိရာသို့ လာခဲ့ကြလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး နှင်းမှုန်များ ပိတ်ဆီးနေသောကြောင့်လည်း သူတို့အတွက် အတန်အသင့် အကာအကွယ်ရလေသည်။

အရှေ့ဘက်မြို့ရိုးထွက်ပေါက်သို့ ရောက်သောအခါ အစောင့်များကို တစ်စုံတစ်ခု ပေးလိုက်ပြီးနောက် သမီးတော်၏ တံဆိပ်တော်ပြသောအခါ မြို့တံခါးဖွင့်ပေးသဖြင့် အပြင်သို့ထွက်ကြရသည်။

မြို့ရိုးမှာ မြင့်မားလှသော ကျောက်နံရံကြီးများဖြစ်ပြီး တံခါးမှာလည်း ထုထည်ကြီးသော ကျောက်တံခါးကြီးများ ဖြစ်သောကြောင့် မိမိဘာသာ အလွယ်တကူ ထွက်နိုင်လောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမျိုး မရှိပေ။

မြို့ရိုးပေါက်နှင့် အနည်းငယ်ဝေးသော နေရာရောက်သောအခါ ရပ်လိုက်ပြီး သုန္ဒရီက သူ့ရင်ခွင်ထဲသို့ တိုးဝင်လာသဖြင့် တင်းတင်းဖက်ထားလိုက်လေသည်။

ပြီးမှ တိုးတိုးပြောသည်။

"ကျွန်မမောင့်အပေါ်မှာ ဘယ် လောက်ချစ်မြတ်နိုးတယ်ဆိုတာ ဒါဟာ သက်သေပါပဲ၊ အချစ်ကို တန်ဖိုးထားတဲ့သူတွေဟာ ချစ်သူတွေအတွက်ဆိုရင် ဘာပဲဖြစ်ဖြစ် အနစ်နာခံနိုင်ကြပါတယ်၊ ကျွန်မရဲ့ အသည်းနှလုံးကိုသာ မောင်နဲ့အတူယူဆောင်သွားပါတော့"

"သုန္ဒရီရယ်၊ မင်းရဲ့ချစ်ခြင်းမေတ္တာကို မောင်နားလည်ပါပြီ သိလည်းသိပါပြီ"

"ကျွန်မ ဘယ်လောက်ချစ်တယ်ဆိုတာ မောင်သိပြီဆိုရင် ကျေနပ်ပါပြီ၊ ဒီကျေနပ်မှုအရသာလေးကိုပဲ တစ်သက်လုံးအဖော်ပြုပြီး ကျွန်မနေရတော့မှာပါ၊ ကျွန်မကိုဘယ်တော့မှ မမေ့ပါနဲ့ မောင်ရယ်"

"မတတ်သာလို့ ခွဲကြရပေမယ် သုန္ဒရီကို တစ်သက်လုံးမမေ့ပါဘူးလို့ ကတိပေးခဲ့ပါတယ်"

"ကောင်းပါပြီ မောင်တို့ သွားကြပေတော့၊ ဒီကနေ အရှေ့ဘက်မှာရှိတဲ့ တောင်တန်းကြီးရှိတဲ့နေရာကို အရောက်သွားကြပါ၊ ကြားထဲမှာ လွင်ပြင်ကျယ်ကြီးရှိတယ်၊ အရှေ့ဘက်ကအလင်းရောင်မလာခင် လွင်ပြင်ကျယ်ကြီးက ဖြတ်ကျော်သွားနိုင်





အောင် ကြိုးစားပါ၊ သူတို့လိုက်လာလို့ တွေ့သွားရင်မောင်တို့နောက်တစ်ကြိမ် ဒီလိုအခွင့်အရေးမျိုး မရနိုင်တော့ပါဘူး"

"ကောင်းပါပြီ"

"အရှေ့ဘက်တောင်တန်းကြီး ရောက်တဲ့အခါ အသူရာတွင်းနက်ကြီးကို တွေ့အောင်ရှာဖွေပြီး အဲဒီတွင်းထဲကို ဆင်းသွားပါ၊ အဲဒီတွင်းရဲ့ အောက်ခြေရောက်တဲ့အခါ အပြင်ရောက်နိုင်တဲ့အပေါက်ကို ရှာပြီး ထွက်သွားကြပေတော့"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က သုန္ဒရီကို ပွေ့ဖက်ပြီး အကြိမ်ကြိမ် နမ်းလေသည်။

ပြီးမှ ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။

သုန္ဒရီတစ်ယောက်ကတော့ မြူနှင်းများကြားမှာ ရပ်လျက်သား ကျန်နေခဲ့လေတော့သည်။

"နေရစ်ခဲ့ပေတော့ သုန္ဒရီရေ"

ထို့နောက်မှာတော့ ပိတ်ဆီးနေသော နှင်းများကြားမှာ အရှေ့ဘက်သို့ ဦးတည်ကာ ခပ်သုတ်သုတ် ထွက်လာကြလေသည်။

လွင်ပြင်ကျယ်ကြီးမှာ မည်မျှကျယ်ဝန်းသည်မသိပေ။ နှင်းများပိတ်ဆီးနေသောကြောင့်လည်း . . အတော်ဝေးဝေးကို မမြင်နိုင်ပေ။

သို့ကြောင့် မှန်းဆပြီးသာ လျှောက်ကြရမည်။ ထိုသို့လျှောက်နေကြသော်လည်း တော်တော်နှင့် ခရီးမပေါက်နိုင်ပဲ လွင်ပြင်ကြီးထဲမှာ ဝဲလည်နေသကဲ့သို့ ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သုန္ဒရီ မှာလိုက်တဲ့အတိုင်း အလင်းရောင်မလာ ဒီလွင်ပြင်ကြီးထဲက ထွက်နိုင်မှဖြစ်မယ်အဘ၊ မဟုတ်ရင် သူ လိုက်လာရင် ချက်ချင်းပြန်ဖမ်းမိသွားလိမ့်မယ်"

"ဒီလောက် နှင်းတွေပိတ်နေတော့လည်း လမ်းတို့မှ ဖို့ မလွယ်လှဘူး၊ ကျုပ်တို့သွားရမှာအရှေ့ဘက်စူးစူး မ လား"

"ဟုတ်ပါတယ်"

"အရုဏ်တတ်လာပြီး အရှေ့ဘက်ကအလင်းရေ လာတော့မှပဲ ခရီးတွင်တော့မှာပဲ"

ပြောရင်း မရပ်မနား သွားကြသော်လည်း အချိန် ကုန်သွားပေသည်။ သူတို့သွားလိုသော အရှေ့ဘက်၌ရှိ တောင်တန်းရှိရာသို့ မရောက်နိုင်ကြသေးပေ။

တဖြည်းဖြည်းနှင့် အချိန်ကုန်လာလေရာနောက်ဆုံး တော့ အရှေ့ဘက်မှ ရောင်နီများပျို့တတ်လာသည်ကို မြ တော့မှ အားရှိသွားပြီး ထိုဘက်သို့ဦးတည်ကာ ခပ်သုတ် သွားကြလေရာ အရုဏ်ဦးအချိန်လောက်တွင် အရှေ့ တောင်ခြေသို့ ရောက်သွားကြသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှလိုက်လာသော မြ သံများနှင့် လူသံများ ကြားရလေသည်။

"သူတို့ လိုက်လာကြပြီ တစ်နေရာမှာ ဝင်ပုန်းနေ မယ်"

ဟုပြောဆိုကာ တောင်ခြေတစ်နေရာမှာရှိ





ကျောက်ဂူတစ်ခုထဲမှာ ဝင်နေကြသည်။

နောက်မှလိုက်လာသော ရဲမက်များက သူတို့နဲ့ မနီး ဝေးမှ ရှေ့ဘက်သို့ ဖြတ်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ရဲမက်များ ဖြတ်သွားသော နေရာဘက်သို့ မှတ်သားထားလိုက်သည်။

"သူတို့ဦးတည်သွားတဲ့ဘက်က ထွက်ပေါက်ရှိတဲ့နေရာ ဖြစ်နိုင်တယ်၊ သူတို့ပြန်သွားတော့မှ အဲသည်ဘက်ကို သွားရှာ ကြတာပေါ့"

ဟု ပြောကာ အသံများကို နားစွင့်ကြည့်နေလေသည်။

အချိန်အတော်ကြာတော့ အသံများ တိတ်ဆိတ်သွား သောအခါမှ အခြေအနေကိုကြည့်ပြီး အပြင်ဘက် ပြန်ထွက်ကြ သည်။ ထို့နောက် ရဲမက်များသွားသော နေရာဘက်သို့ ဦးတည် သွားကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ သစ်ပင်၊ သစ်တောများ ဖုံးလွှမ်း နေသောနေရာဖြစ်သောကြောင့် သူတို့အတွက် အကာအကွယ် နေလေသည်။

ဤသို့ဖြင့် တစ်နေရာပြီး တစ်နေရာကို လိုက်လံရှာဖွေ သောအခါ နေ့လယ်ပိုင်းအချိန် ရောက်သောအခါ သုန္ဒရီလမ်း ညွှန်ပေးလိုက်သည့် အသူရာတွင်းနက်ကြီးဟု ယူဆရသော တွင်းနက်ကြီးတစ်ခုသို့ ရောက်သွားကြလေတော့သည်။

တွင်းနက်ကြီးမှာ ကျောက်တောင်တစ်နေရာ၌ ရှိနေပြီး ဝိုပ်ပေါက်ဝက အတော်ကျယ်ဝန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ငုံ့ကြည့်တော့ မမြင်ရပေ။

"သုန္ဒရီပြောလိုက်တဲ့ အသူရာတွင်းနက်ကြီးဆိုတာ ဒီတွင်းပဲ ဖြစ်မယ်ထင်တယ်"

"တွင်းက အတော်နက်မယ့်ပုံပဲ အောက်ခြေကိုတောင် မမြင်ရဘူး၊ ဘယ်လိုဆင်းမလဲ"

ဒေါက်တာမင်းထင်ကျော်က အခြေအနေငုံ့ကြည့်တော့လည်း . . အပြင်သို့ထွက်နေသော ကျောက်စွန်း၊ ကျောက်တုံးရှိနေသော်လည်း ထိုအရာများကို အားကိုးအားထားပြုပြီး ဆင်း၍ ရမည့် ပုံတော့မရှိပေ။

"သူပြောလိုက်တဲ့အတိုင်းဆိုရင် . . ဒီတွင်းနက်ကြီးရဲ့ အောက်ခြေရောက်အောင် ဆင်းနိုင်မှ ကျွန်တော်တို့ လွတ်မြောက်နိုင်မယ်၊ ဒီတော့ မရရတဲ့နည်းနဲ့တော့ ဆင်းကြရမှာပဲ"

ဟုပြောဆိုပြီး အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ ကြည့်သောအခါ သစ်ပင်ပေါ်မှ တွဲလောင်းကျနေသော နွယ်ကြိုးရှည်ကြီးများကို တွေ့ရလေသည်။

"ဒီနွယ်ကြိုးတွေနဲ့ အသုံးပြုပြီးဆင်းရင် ရနိုင်တယ်"

ဟုပြောဆိုကာ သူ့ဆီမှာပါလာသော ဓားမြှောင်ဖြင့် နွယ်ကြိုး အတော်များများကို ဖြတ်ယူလာပြီးနောက် အဖျားချင်း ဆက်ချည်လေသည်။

ပြီးနောက် သစ်ပင်တစ်ပင်မှာ နွယ်ကြိုးနှစ်စကို ပူးချည်ပြီးနောက် ကျန်နွယ်ကြိုးများကို တွင်းထဲသို့ လျှောချလိုက်လေသည်။





"သူတို့က ဒီနေရာတစ်ဝိုက်မှာ ရှိနေနိုင်သေးတယ် ဒီနေရာကို ရောက်ချင်ရောက်လာနိုင်တယ်၊ ဒီတော့ အချိန်ရှိတုန်း၊ နွယ်ကြိုးတစ်ချောင်းစီကိုင်ပြီး တွင်းထဲဆင်းကြရအောင်"

ဟုပြောဆိုပြီးနောက် နွယ်ကြိုးတစ်ချောင်းစီကိုင်ကာ တွင်းနက်ကြီးထဲသို့ လျှောဆင်းကြလေသည်။

တွင်းနက်ကြီး၏ နံရံများမှာ ပြောင်ချောနေပြီး အဖုအထစ် သိပ်မရှိပေ။

သို့ကြောင့် နွယ်ကြိုးအကူအညီမပါပဲနှင့် ဆင်းမည်ဆိုပါက ဘယ်နည်းနှင့်မှ ဆင်း၍ရမည်မဟုတ်ပေ။

နွယ်ကြိုးကိုအားပြုပြီး ခပ်သွက်သွက် လျှောဆင်းလာရာ အတော်ကြာတော့ အောက်ဘက်မှ ရေစီးသံများကြားရသဖြင့် ငုံ့ကြည့်လိုက်တော့ လိုဏ်ခေါင်းပေါက်ကြီး အောက်ခြေ၌ မြစ်တစ်စင်းကဲ့သို့ စီးဆင်းနေသော ချောင်းရေပြင်တစ်ခုကို မသဲမကွဲ မြင်ရလေသည်။

ထိုနေရာရောက်ဖို့ အတော်လိုနေသေးသည်။

ထိုအခိုက်မှာပင် အန္တရာယ်က ရောက်လာလေတော့သည်။

သူတို့နှစ်ယောက်ကို လိုက်ရှာနေသောရဲမက်များက တွင်းပေါက်ဝသို့ ရောက်လာကြသည်။

သူတို့ တွင်းထဲဆင်းသွားမှန်းသိသောအခါ အပေါ်မှ မြားနှင့်ပစ်၊ လှံဖြင့်ထိုးချသည်။

ထိုအခြေအနေကိုမြင်တော့ နှစ်ယောက်သား လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နံရံနံဘေးမှာ ကပ်နေရသည်။

အပေါ်မှ ပစ်ထိုးချနေသော မြားနှင့်လှံများက အနီးမှ ပွတ်ကာသီကာဖြင့် အောက်သို့ကျသွားကြသည်။

ထို့နောက်မှာတော့ အပေါ်မှာလူများက သူတို့ခိုထားသော နွယ်ကြိုးများကို ဖြတ်ချလိုက်လေတော့သည်။

နှစ်ယောက်စလုံး အရုပ်ကြိုးပြတ်ပြတ်ကာ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

ဘာမှမတတ်နိုင်တော့။ မျက်စိမှိတ်ပြီး ဘုရား၊ တရား အာရုံပြုရုံသာ ရှိတော့သည်။

အကယ်၍ အောက်မှာရှိနေသောရေက `မနက်ဘဲ ကျောက်တုံးကျောက်ဆောင်များရှိနေလျှင်တော့ အရိုးတခြား အသားတခြားဖြစ်ကာ အသက်ထွက်ဖို့သာ ရှိတော့သည်။

"ဝုန်း. . ဝုန်း. ."

ကံအားလျော်စွာ ရေထဲပြုတ်ကျသွားသော်လည်း ဘာနှင့်မှ မထိမိကြပေ။

ရေထဲရောက်သည်နှင့် ရေစီးအရှိန်ဖြင့် တွင်းပေါက်ဝနှင့် ဝေးနိုင်သမျှဝေးအောင် ကူးပြေးရသည်။

အတော်ဝေးဝေးရောက်တော့ လိုဏ်ခေါင်းတစ်ခုထဲ ဝင်ရောက်သွားသည်။

လိုဏ်ခေါင်းက သိပ်မကျယ်လှပေ။

ရေပြင်မှ ခေါင်းလွတ်ရုံနေရာတွင်. . ကျောက်စွန်းကျောက်ချွန်များ ထိုးထွက်နေသည်။





ထိုကျောက်ချွန်းများနှင့် တိုက်မိလျှင်လည်းသက်သာမည် မဟုတ်ပေ. . . အဘယ်ကြောင့်ဆိုသော် ရေစီးအရှိန်က ပြင်းသောကြောင့်ဖြစ်သည်။

အချို့နေရာများမှာ ဦးခေါင်းမလွတ်သဖြင့် ခေါင်းမဖော်ဝံ့ပဲ ရေထဲမှ ငုပ်သွားကြရသည်။

ရေမွန်းတော့မှ ခေါင်းဖော်ပြီး အသက်ရှူရသည်။

နောက်ဆုံးမှာတော့ ခေါင်းဖော်၍ မရတော့ဘဲ ရေများပြည့်နေသော လိုဏ်ခေါင်းအတွင်းသို့ ပါသွားကြလေတော့သည်။

ရေမွန်းသောဒဏ်ကြောင့် ခဏအကြာမှာပင် နှစ်ယောက်စလုံး သတိမေ့သွားကြပြီး ရေစီးနှင့် အတူပါသွားကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

# မြောက်ကျွန်းသူ သုန္ဒရီ

အချိန်မည်မျှကြာအောင်သတိမေ့မြောနေသည်မသိပေ။ သတိပြန်ရလာတော့ မျက်လုံးထဲသို့ စူးရှသောအလင်းရောင်အချို့ ဝင်လာလေသည်။

"ငါမသေသေးပါလား၊ ဘယ်နေရာ ရောက်နေတာပါလိမ့်"

သတိထားမိတာကတော့ အဆောက်အအုံတစ်ခုအတွင်းမှ ခုတင် သို့မဟုတ် အိပ်ရာတစ်ခုပေါ်သို့ ရောက်နေမှန်း



www.burmeseclassic.com

www.burmeseclassic.com



တော့ သိသည်။

တစ်ကိုယ်လုံးမှာတော့ ရေစီးဖြင့် မျောပါသွားစဉ် . . ကျောက်စွန်းကျောက်ချွန်များဖြင့် ခြစ်မိ၊ တိုက်မိသော ဒဏ်ရာများရနေကာ ထိုဒဏ်ရာများမှ နာကျင်ကိုက်ခဲလျက်ရှိသည်။

"ငါတော့ ကံကောင်းလို့ အသက်မသေသေးပဲ ဘယ်နေရာရောက်နေသလဲမသိဘူး၊ ဦးဇန်ကောင်းတစ်ယောက်တော့ သေသလား၊ ရှင်သလား မသိရသေးဘူး"

နေရာမှ ကြိုးစားထပြီး ကြည့်တော့ သူကိုယ်ပေါ်မှာ မူလအဝတ်အစားများမရှိတော့ပဲ ဝတ်ရုံရှည်တစ်ခု ဝတ်ဆင်ပေးထားသည်ကို တွေ့ရသည်။

လက်မှာဝတ်ထားသော ဒေါက်တာကျန်လီပေးလိုက်သော လက်စွပ်နှင့် လည်ပင်းမှာ ဆွဲထားသော လာစင်ပေးလိုက်သည့် ဆွဲပြားကတော့ မူလအတိုင်းပင် ရှိနေသေးသည်။

အတန်ကြာတော့ အပြင်ဘက်မှ ဝင်လာသော ခြေသံကြားသဖြင့် ကြည့်လိုက်ရာ ပန်းကန်တစ်ခုကို ကိုင်ကာဝင်လာသော တိဗက်အမျိုးသမီးတစ်ယောက်ကို မြင်ရသည်။

အနားရောက်လာပြီး မျက်နှာကို မြင်သောအခါ များစွာအံ့ဩသွားလေတော့သည်။

"ဟင် . . သုန္ဒရီ"

"ကျွန်မသုန္ဒရီ မဟုတ်ပါဘူးရှင်၊ ကျွန်မနာမည်က သီရိလို့ခေါ်ပါတယ်"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်နှင့် မနီးမဝေးမှာ





ဝင်ထိုင်လေသည်။

လက်ထဲမှာကိုင်လာသော ဆေးပန်းကန်ကိုတော့ စားပွဲပေါ်သို့ ချထားလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က မယုံကြည်သဖြင့် အနားမှာ ထိုင်နေသော သူမမျက်နှာကို အသေအချာကြည့်သည်။

ဘာမှ မမှားနိုင်ပေ။

မြောက်ကျွန်းသူ သုန္ဒရီမှ သုန္ဒရီပင်ဖြစ်သည်။

သို့ကြောင့် ထပ်မေးလိုက်သည်။

"မင်း . . မင်း . . မြောက်ကျွန်းသူ သုန္ဒရီမဟုတ်လားဟင်"

"ကျွန်မက သုန္ဒရီမဟုတ်ပါဘူး၊ သီရိလို့ခေါ်ပါတယ် အခု အစ်ကိုရောက်နေတဲ့နေရာကလည်း မြောက်ကျွန်း မဟုတ်ပါဘူး၊ တိဗက်နယ်အစွန်းက ရွာလေးတစ်ရွာမှာပါ"

"ဟင်"

"ဒီကိုဘယ်လိုရောက်လာတာလဲဟင်"

"အစ်ကိုနဲ့ နောက်တစ်ယောက်ကို မြစ်ကမ်းစပ်က အဘိုးက အိမ်ကိုခေါ်လာပြီး ပြုစုပေးနေတာပါ၊ အစ်ကို သတိမေ့နေတာ သုံးရက်ရှိပြီး ဒီကနေ့မှ သတိပြန်ရလာတာ"

ဟုပြောပြသည်။

"အခုလို ကယ်တင်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ဒါထက် အစ်ကိုတို့က ဘယ်လိုဖြစ်ပြီးတော့ ဒီနေရာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာလဲ”

“ပြောရရင်တော့ အများကြီးပါပဲ၊ နောက်တော့ ပြောပြပါ့မယ်”

“ဒါထက်အစ်ကို့ကို မေးစရာရှိတယ်”

“မေးပါ”

“အစ်ကို လည်ပင်းမှာ ဆွဲထားတဲ့ဆွဲကြိုးလေးက ဘယ်ကရခဲ့တာလဲဟင်”

“မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးလိုက်တာပါ”

“သူ့နာမည်က ဘယ်သူလဲဟင်”

“လာစင်လို့ခေါ်တယ် သူက တိဗက်လူမျိုးတစ်ယောက်ပါပဲ”

“အခုသူက ဘယ်မှာလဲဟင်”

“မဟာဂန္ဓာရီကျောင်းတော်ကြီးမှာ အစ်ကိုတို့နဲ့ အတူ ပညာသင်နေကြရာက အသက်ရှည်စေတဲ့သစ်သီး ရှာဖွေဖို့ ခရီးထွက်သွားကြတယ်၊ သူတို့ခရီးမသွားခင် ဒီဆွဲကြိုးလေး အမှတ်တရ ပေးသွားတာပါ”

ဒေါက်တာမင်းထင်ကျော်က လာစင်နှင့် ဒေါက်တာကျန်လီတို့နှစ်ယောက်အကြောင်းကို အပြည့်အစုံ မပြောတော့ပဲ သင့်သလောက်သာ ပြောပြလိုက်သည်။

“သူ့ကို သိလို့လားဟင်”

“သိပါတယ် အစ်ကိုနဲ့တွေ့ခဲ့တဲ့ လာစင်ဆိုတာ တခြား





သူ မဟုတ်ပါဘူး ကျွန်မအစ်ကိုတော်ပါတယ်၊ သူ ပညာသင်ဖို့ ခရီးထွက်သွားခဲ့တာ အတော်ကြာပါပြီ၊ အစ်ကိုလည်ပင်းမှာ ဒီဆွဲပြားလေးတွေ့ကတည်းက လာစင်နဲ့တွေ့ခဲ့ကြတာကို ကျွန်မတို့ သိပါတယ်”

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ မမျှော်လင့်ပဲ လာစင်၏ မိသားစုနှင့် တွေ့နေရပြီး သူ့အကြောင်းကို ပြန်တွေးမိသောကြောင့် စိတ်မကောင်း ဖြစ်နေမိသည်။

ထို့နောက် သီရိက ထပ်မေးသည်။

“အစ်ကို သုန္ဒရီဆိုတဲ့ အမျိုးသမီးနဲ့ ဘယ်နေရာမှာ တွေ့ခဲ့တာလဲ”

“မဟာဂန္ဓာရီ တက္ကသိုလ်မှာပါ”

“လူ့အနေနဲ့ တွေ့တာလား၊ အိပ်မက်အနေနဲ့ တွေ့တာလားဟင်”

“လိပ်ပြာခန္ဓာနဲ့ တွေ့ရတာပါ၊ အဲဒီလိုတွေ့တဲ့အချိန်မှာ သူ့မျက်နှာက သီရိရဲ့မျက်နှာနဲ့ တစ်ထေရာထဲပါပဲ၊ သီရိက သူ့ကို သိနေလို့လား”

“သိပါတယ်၊ သူ့ကိုလည်း သိပါတယ်၊ အစ်တို့ကိုလည်း ကျွန်မသိပါတယ်”

“ဟင် ဘယ်လိုသိနေတာလဲဟင်”

ထိုအခါမှ သီရိက အကြောင်းစုံ ရှင်းပြသည်။

“မြောက်ကျွန်းသူသုန္ဒရီက သူ့မျက်နှာက လေးထောင့် သဏ္ဍာန်မျိုးက သူကျောင်းတော်ကြီးမှာ ပညာသင်ဖို့သွားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်မျက်နှာကြီးနဲ့ မသွားသင့်တော့ ကျွန်မမျက်နှာကို အသုံးပြုခဲ့ပါတယ်”

ထိုစကားကြားတော့မှ မြောက်ကျွန်းသူ သုန္ဒရီပြော လိုက်သော တိဗက်ရွာလေးမှ အမျိုးသမီးတစ်ယောက် ဆိုသည် မှာ ယခုသူ့ရှေ့ ရောက်နေသည့် သီရိဆိုသော အမျိုးသမီး ဖြစ် နေသည်ကို သိရတော့သည်။

“သူ့မြောက်ကျွန်းမှာ အစ်ကိုနဲ့ တစ်လလုံး အတူတူ နေကြတော့လည်း ကျွန်မမျက်နှာကိုပဲ သုံးခဲ့တာပါပဲ၊ ဒါကြောင့် အစ်ကိုကိုမြင်တာနဲ့ ကျွန်မသိနေတာပါ”

သည်တော့မှ သဘောပေါက်သွားလေတော့သည်။

“အင်း အစ်ကိုတို့နှစ်ယောက် တွေ့ဆုံရပုံကလည်း ဆန်း ကြယ်လွန်းလှပါလား၊ ဘာပဲဖြစ်ဖြစ်လေ အစ်ကိုကတော့ ကိုယ် မြတ်နိုးတဲ့ မျက်နှာလေးကို ပြန်တွေ့ခွင့်ရတာကိုပဲ ဝမ်းသာနေ တယ် သီရိကရောဟင်”

“အို . . ကျွန်မက ဘာဆိုင်လို့လဲ မျက်နှာအငှားဘဝ သူများကို ပါရမီဖြည့်ပေးခဲ့ရတာများ”

“ဒါပေမယ့် သီရိစိတ်ထဲမှာတော့ အစ်ကို့ကို ရင်းရင်း နှီးနှီး သိနေတယ် မဟုတ်လား”

“တစ်လလုံး အတူတူနေခဲ့ရပြီးမှ မသိပဲရှိပါတော့ လား”

ဟု ချစ်စဖွယ် မျက်စောင်းထိုးကာ ပြောလေသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်





စိတ်ထဲမှာ ကျေနပ်ဝမ်းသာမှုများ ဖြစ်လာမိလေသည်။

“မမျှော်လင့်ပဲ သီရိနဲ့ အခုလိုပြန်တွေ့ရတာ အစ်ကို တော့ သိပ်ပြီး ဝမ်းသာတာပဲ၊ ပျောက်သွားတဲ့ ကိုယ်မြတ်နိုးတဲ့ မျက်နှာလေးကို ပြန်ရလိုက်သလိုပါပဲ”

“အစ်ကိုက ဒီလိုပြောမှတော့ ကျွန်မကလည်း မေးပါ စေ”

“ဘာမေးမှာလည်း မေးလေ”

“ကျွန်မကို မြောက်ကျွန်းသူ သုန္ဒရီအနေနဲ့ လက်ခံမှာ လား၊ ဒါမှမဟုတ် တောင်ကျွန်းက တိဗက်သူသီရိအနေနဲ့ လက် ခံမှာလား”

“မြောက်ကျွန်းက သုန္ဒရီကို နှစ်သက်မိခဲ့တာ သီရိရဲ့ မျက်နှာကြောင့်ဆိုတော့ တိဗက်သူ သီရိအနေနဲ့ပဲချစ်သွားမှာပါ သီရိကရော လက်ခံပေးမယ်မဟုတ်လား”

“ကျွန်မက မြင်သာမြင်ရပြီး မကြင်ရတဲ့ဘဝနဲ့ နေခဲ့ရတဲ့ သူပါ၊ အိပ်မက်ထဲမှာပဲ ဆုံစည်းခွင့်ရခဲ့တဲ့ချစ်သူကို အခုလို တကယ်ပြန်တွေ့ရတော့လည်း ဝမ်းသာပျော်ရွှင်ရတာပေါ့”

ဟု ပွင့်ပွင့်လင်းလင်းပင် ပြောလေရာ ဒေါက်တာမင်း ထင်ကျော်က သူမလက်ကလေးကို ဆွဲပြီး ရင်ခွင်ထဲထည့်ထား လိုက်လေရာ ရှက်ပြုံးကလေးဖြင့် . . .။

“အပြင်ဘက်မှာ အဘတို့ရှိနေတယ်၊ တော်ကြာ အထဲ ဝင်လာတော့မှ ခက်နေဦးမယ်”

ဟုပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ရှုန်းဖယ်ခြင်းမပြုပဲ ကျေနပ်စွာဖြင့် နေလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့ ယောက်မှာ ကံကောင်းထောက်မပြီး အသက်ဘေးအန္တရာယ် လွတ်မြောက်ခဲ့ကြသော်လည်း ဒဏ်ရာဒဏ်ချက်များ ရထ သောကြောင့် ထိုမှာပင် ရက်အတန်ကြာအောင်ဆက်နေ ဆေးကုကြရသေးသည်။

ဒဏ်ရာဒဏ်ချက်များ ပျောက်ကင်းသွားသောအ သီရိ၏ အဘထံမှာ ခွင့်တောင်းပြီး သူတို့နှစ်ယောက် လက်ထ လိုက်ကြလေသည်။

ထိုသို့လက်ထပ်ပြီး တိဗက်ပြည် ခတ္တမန္ဒူမြို့မှတစ်ဆ ရန်ကုန်မြို့သို့ရောက်အောင် ခရီးအဆင့်ဆင့် ပြန်ခဲ့ကြလေသည်

ရန်ကုန်ပြန်ရောက်ကြပြီး လအတန်ကြာသောအ တစ်ညတွင် အိပ်မက်ထဲ၌ မြောက်ကျွန်းသူသုန္ဒရီနှင့် ပြန်တွေ့ လေသည်။

သူမသည်သီရိမျက်နှာကို အသုံးမပြုတော့ပဲ မူလ သော လေးထောင့်မျက်နှာဖြင့်ပင် တွေ့ရလေသည်။

"မောင်တို့ အသက်ဘေးအန္တရာယ်က လွတ်မြောက် ကြပြီး ကိုယ့်ပြည်ကိုယ့်ရွာ ပြန်ရောက်ခဲ့ကြတဲ့ အတွက်ဝမ်းသ ပါတယ်၊ ဒါ့အပြင် မောင်နှစ်သက်ခဲ့တဲ့ မျက်နှာပိုင်ရှင် မိန်း လေးနဲ့ ဆုံစည်းခွင့်ရတာကိုလည်း ကျွန်မဝမ်းသာပါတယ်"

"ကိုယ်တို့ကို လွတ်မြောက်အောင် အကူအညီပေးခဲ့





အတွက် မင်းကိုအများကြီး ကျေးဇူးတင်ပါတယ် သုန္ဒရီ"

"မောင့်အနေနဲ့ ကျွန်မကို ကျေးဇူးတင်စရာလိုပါဘူး တကယ်ချစ်တဲ့ ချစ်သူတွေအဖို့ ရယူပိုင်ဆိုင်ခွင့်ရသည်ဖြစ်စေ နှင့်လွတ်ဆုံးရှုံးရသည်ဖြစ်စေ ကျေနပ်ကြရမှာ ချစ်သူတို့ ဝတ္တရား ပါတယ်၊

ဘာပဲဖြစ်ဖြစ် မောင့်အတွက် အခုလိုအကူအညီပေး ိုက်ရတာကိုပဲ ကျွန်မအနေနဲ့ ကျေနပ်ဝမ်းသာနေမိပါတယ်"

"ကိုယ် မင်းအတွက် တကယ်ပဲ စိတ်မကောင်းဖြစ်မိ တယ် သုန္ဒရီ"

"ကံတရားပေါ့မောင်ရယ် မြောက်ကျွန်းမှာနေသည်ဖြစ် စေ တောင်ကျွန်းမှာနေသည်ပဲဖြစ်စေ ဘဝပေးကံရဲ့စီမံရာကို တော့ ဘယ်သူမဆို လိုက်နာကြရမှာပါပဲ၊ ဒါပေမယ့် ကျွန်မအ က်တော့ အဆိုးထဲက အကောင်းတစ်ခု ရခဲ့ပါတယ်"

"ဘာများလဲဟင်"

"ကျွန်မမှာ မောင်ပေးခဲ့တဲ့ ရင်သွေးလေးကို လွယ်ထား ရပြီလေ၊ ဘယ်လောက်ဝမ်းသာဖို့ ကောင်းလိုက်သလဲ"

"ဟင်"

ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့သြတုန်လှုပ်သွား လေသည်။

"မြောက်ကျွန်းသူဆိုတာလည်း သဘာဝတရားကြောင့် ာ မျက်နှာပုံပန်းသဏ္ဌာန် ကွဲပြားနေကြရပေမယ့် သာမန်လူ ားတစ်ယောက်ဆိုတာ အခုတော့ မောင့်ရဲ့ကိုယ်စား မောင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပွားလေးကိုရလိုက်လို့ သိပ်ပြီး ဝမ်းသာပျော်ရွှင်နေမိပါတယ်"

"သုန္ဒရီရယ်"

"ကျွန်မစိတ်ထဲမှာ စိတ်ဝင်စားနေတာ တစ်ခုပဲရှိနေတယ်၊ အဲဒါက တခြားမဟုတ်ပါဘူး. . ကျွန်မတို့နှစ်ယောက်ရဲ့ ရင်သွေးလေးမွေးလာရင် မောင်မျက်နှာမျိုးနဲ့ မွေးလာမှာလား၊ ကျွန်မမျက်နှာမျိုးနဲ့ မွေးလာမှာလား ဆိုတာကို သိချင်နေတယ်၊ မောင်ရော ဝမ်းမသာဘူးလားဟင်"

"ဝမ်း. . . ဝမ်းသာပါတယ် သုန္ဒရီရယ်၊ မင်းအတွက်လည်း ကိုယ်တကယ်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်"

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ အမှန်ပင် ဆို့နစ်ကြေကွဲမှုများ ဖြစ်နေမိလေသည်။

"အခုမှတော့ ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ မောင်တို့ပျော်ရွှင်နေတယ်ဆိုရင် ကျွန်မအဝေးကနေပဲ ကျေနပ်နေပါ့မယ်၊ ကျွန်မသွားတော့မယ်နော်"

ဟု ပြောဆိုကာ အိပ်မက်မြင်ကွင်းမှ တဖြည်းဖြည်းနှင့် ဝေ့ဝါး ပျောက်ကွယ်သွားတော့သည်။

"သုန္ဒရီ. . သုန္ဒရီ"

အိပ်နေရာမှ ပြန်နိုးလာတော့ သုန္ဒရီကို မတွေ့ရတော့ပေ။ ယခုအချိန်ထိ ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ လှုပ်ရှားနေဆဲပင် ရှိသေးသည်။

"ကိုယ်တို့နှစ်ယောက်ရဲ့ ကံကြမ္မာက ဒီလိုမျိုးနဲ့ အဆုံး





သတ်ခဲ့ရတာကိုတော့ တကယ်ပဲ စိတ်မကောင်း ဖြစ်နေရပါတယ်၊ နောင်ဘဝတွေမှာ ထပ်မံဆုံစည်းခွင့်ရခဲ့ရင် ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့မကြုံတွေ့ရပါစေနဲ့လို့ ကိုယ်ဆုတောင်းပေးလိုက်ပါတယ် ချစ်သောသုန္ဒရီ. . မြောက်ကျွန်းသူ သုန္ဒရီရယ်"

ထိုသို့ ရေရွတ်နေမိရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်တော့ပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မြောက်ကျွန်းသူ သုန္ဒရီ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စ ယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

ကျိုးဆိုင်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ (၂၈) ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၄) နာရီ။